နာဂတောင်တန်း မောင်ကြည်ဇင်

# ဖျောက်ဆိပ်ပင်ကို
# သက်သေတည်သည်





# ဖျောက်ဆိပ်ပင်ကို သက်သေတည်သည်

## နာဂတောင်တန်းမောင်ကြည်ဇင်

" ငါပြောတာများ နင်က စိတ်ဆိုးပြီး *ဖျောက်ဆိပ်ပင်* ကြီးကို တိုင်တည်တော့မယ်လေးနဲ့ ပြောတာ မကောင်းပါဘူးဟယ်။ နင့်စကား ကြားရတော့ ငါ့စိတ်ထဲ ဘယ်လိုဖြစ်သွားမှန်း မသိဘူး။ အဲလေ၊ ငါမေးတဲ့ စကားမှ နင်ကမှ ပြတ်ပြတ်သားသား မပြောဘူးဆိုရင် ငါ့ဘက်က အရှုံးနဲ့ပဲ ရင်ဆိုင်ရတော့မယ် ဆိုတာ ငါ နားလည်ပါတယ်၊ အေးပါလေ…နင်က တန်ကွန်နာဂအမျိုးသမီး၊ ငါကတော့ ခန္တီးရှမ်းအမျိုးသား။ တို့နှစ်ယောက် ချစ်ကြတာလည်း ခပ်ဆန်းဆန်း ဆိုတော့…အင်း"

YP456

2500Ks

## နာဂတောင်တန်း မောင်ကြည်ဇင် [၁၉၃၁–၁၉၇၈]

နာဂတောင်တန်းခရိုင် ဟုမ္မလင်းမြို့နယ် မောင်းခန်းရွာ၌ အဖ တိုင်းလိုင် (ရှမ်းနီ) တိုင်းရင်းသား တောင်သူကြီး ဦးစိုးပိုင်၊ အမိ ဒေါ်စောခင်တို့က ၁၉၃၁ ခုတွင် မွေးဖွားခဲ့သည်။ အမည်ရင်းမှာ ဦးကြည်ဇင် ဖြစ်သည်။

လောကုတ္တရာစာပေနှင့် မြန်မာစာပေ အဆီအနှစ်များကို ဇာတိ မောင်းခန်းရွာ ရွှေတစ်ဆယ့်ကိုးရွာ ဂိုဏ်းချုပ်ဆရာတော် ဦးဇယန္တ ထံတွင် လည်းကောင်း၊ စာပေအခြေခံ ပညာကို ဦးဘိုးထွေး၊ ဦးကိုကြီး၊ ဦးဘဆန်း စသော လက်ဦးဆရာများထံတွင် လည်းကောင်း၊ ဒုတိယ ကမ္ဘာစစ်ကြီးအတွင်း စစ်ဘေးအန္တရာယ်ကို ပြေးလွှားရှောင်ရှားရင်း စာပေနှင့် လူ့လောက ဗဟုသုတများကို မိခင်ကြီး ဒေါ်စောခင် ထံတွင် လည်းကောင်း သင်ယူခဲ့သည်။ ၆ နှစ်ခန့်မျှ သင်္ကန်းဝတ်ခဲ့ ဖူးရာ၊ ဦးပဥ္စင်း သုံးဝါရခဲ့သည်။ ကျောင်းဆရာ၊ ပြည်သူ့ဆက်ဆံရေး အရာရှိ၊ ထွန်းနေ့စဉ်သတင်းစာ အယ်ဒီတာ စသည် လုပ်ကိုင်ခဲ့သည်။

၁၉၅၆–၅၇ မှ စပြီး ကြေးမုံရွာနယ်၊ ဟံသာဝတီ၊ ပြည်ထောင်စု၊ မဏ္ဍိုင် သတင်းစာ များတွင် နယ်သတင်းထောက်အဖြစ် လုပ်ကိုင်ရင်း ဝတ္ထုတိုနှင့် ဆောင်းပါးများ ရေးသားခဲ့သည်။ မြဝတီ (မေ ၁၉၅၇) တွင် ပါဝင်ခဲ့သော 'နာဂတောင်တန်းမှ ထူးဆန်းသော ကြေကွဲမှု' ဝတ္ထုတို ကို "နာဂတောင်တန်း မောင်ကြည်ဇင်" အမည်နှင့် ရေးသားပြီး မဂ္ဂဇင်း လောကထဲသို့ ဝင်ခဲ့သည်။ 'တောင်ပေါ်မြေနှင့် မြေပြန့်ပန်း' သည် ပထမဆုံး လုံးချင်းဝတ္ထု ဖြစ်သည်။

**တောင်ပေါ်မြေနှင့် မြေပြန့်ပန်း** (၁၉၆၄ ခုနှစ် အနုပညာ စာပေဆိုင်ရာဆု ဝတ္ထုရှည် ပထမဆု)၊ **ပြေစေချင်သည့် သည်ချစ်ကြိုး** (၁၉၆၄)၊ **အကယ်ဒမီ ကိုလွန်းမွေ** (၁၉၆၅)၊ **နော်** (၁၉၆၆)၊ **မချစ် သော်လည်း မမုန်းပါ** (၁၉၆၇)၊ **အောင်ပွဲမြိန်မြိန် ရင်သိမ့်သိမ့်** (၁၉၆၈ ခုနှစ် အမျိုးသားစာပေဆု ဝတ္ထုရှည် တတိယဆု)၊ **ဖျောက်ဆိပ်ပင်ကို သက်သေတည်** (၁၉၇၀)၊ **မုန်းစေချင်ဘိသည်** (၁၉၇၀) နှင့် **ချင်းတွင်း ရေးသည်နှစ်ဦး** (?) တို့မှာ ထင်ရှားသည်။ စာပေလောကသို့ ဝင်လာ ခြင်းမှာ တိုင်းရင်းသားလူမျိုးများ ညီညွတ်ရေးနှင့် မဖွံ့ဖြိုးသေးသော ဒေသများအတွက် ပြုပြင်ရေး လုပ်ငန်းများကို ထုတ်ဖော်လိုသော ဆန္ဒ ကြောင့် ဖြစ်သည်ဟု ဆိုခဲ့သည်။

၁ ဇွန် ၁၉၇၈၊ အသက် ၄၇ နှစ်တွင် ခန္တီးမြို့မှာ ကွယ်လွန် ခဲ့သည်။

**၂၀၁၅–၂၀၁၈ ထုတ်**
**ရာပြည့်စာအုပ်များ**

၄၂၅။ ညိုမြ ၏ အိုးဝေ လက်ဖက်ရည်ကြမ်းဝိုင်း [ဒုတိယအုပ်]
၄၂၆။ မောင်အောင်မွန် (မြန်မာပြန်) ၏ ခရမ်းရောင်လွင်ပြင်
၄၂၇။ ဒေါက်တာလှသော ၏ မြန်မာစာပေ ညွှန်ခံစာတမ်းများ
၄၂၈။ ကျော်ထက်ထွန်း ၏ ဂျော့ဆိုရော့စ် (သို့မဟုတ်) မေတ္တာရှင် သန်းကြွယ်သူဌေးကြီး
၄၂၉။ တင်မောင်မြင့် (မြန်မာပြန်) ၏ တစ်ကမ္ဘာဆီ ဝေး
၄၃၀။ မြင့်သန်း (မြန်မာပြန်၊ တည်းဖြတ်) ၏ ဘော(လ)ဇက်နှင့် အပ်ချုပ်သမကလေး
၄၃၁။ ရဲထွန်းလင်း ၏ အရေးတော်ပုံတပ်သား
၄၃၂။ လယ်တီပဏ္ဍိတ ဦးမောင်ကြီး ၏ ထေရီဘာသာပြန် [ငါးတွဲ၊ ပေါင်းချုပ်]
၄၃၃။ မောင်ခင်မင် (ဓနုဖြူ) ၏ မြန်မာ ဓလေ့သုံးစကားများ
၄၃၄။ နိုင်ဝင်းဆွေ ဝတ္ထုတိုပေါင်းချုပ်
၄၃၅။ တက္ကသိုလ်ဝင်းမွန် ၏ ခေတ်သစ်ကဗျာ မိတ်ဖွဲ့
၄၃၆။ ကိုပညာ (အမရပူရ) ၏ တောင်သမန် အလွမ်းစာများ
၄၃၇။ မောင်ပေါ်ထွန်း ၏ အကြီးအကဲ [THE HAJ by Leon Uris]
၄၃၈။ လယ်တီပဏ္ဍိတ ဦးမောင်ကြီး ၏ ခင်မြင့်ကြီး [ပေါင်းချုပ်]
၄၃၉။ ငွေလင်း ၏ ဤယမုန်
၄၄၀။ ညိုမြ ၏ တစ်ကိုယ်တော် [Shane by Jack Schaefer]
၄၄၁။ စိန်စိန် ၏ လွမ်းသစ္စာတိုင်
၄၄၂။ လင်းယုန်နီ ၏ မချော
၄၄၃။ နာဂတောင်တန်း မောင်ကြည်ဇင် ၏ တောင်ပေါ်မြေနှင့် မြေပြန့်ပန်း
၄၄၄။ ကျော်အောင် ၏ လူ့သမိုင်း
၄၄၅။ ရွှေကိုင်းသား ၏ ရှေးခေတ်ပုဂံပြည်နှင့် သမိုင်း စာပေ၊ ယဉ်ကျေးမှု အထွေထွေ
၄၄၆။ မစ္စတာ အိုးနိုတိုးရှ (မြန်မာပြန်) ၏ ဂျပန် စစ်အုပ်ချုပ်ရေးခေတ် မြန်မာနိုင်ငံ
၄၄၇။ လယ်တီပဏ္ဍိတ ဦးမောင်ကြီး ၏ ထေရာဘာသာပြန် [သုံးတွဲ၊ ပေါင်းချုပ်]
၄၄၈။ ပါမောက္ခဦးတင်ရွှေ ၏ စာပေနှင့် စာပေသဘောတရား အဖွင့်
၄၄၉။ မောင်ခင်မင် (ဓနုဖြူ) ၏ အမိတက္ကသိုလ်၏ ရင်ခွင်မှာ
၄၅၀။ မာန်မြင့် ဝတ္ထုတိုပေါင်းချုပ်
၄၅၁။ ဟန်ဝင်းအောင် ၏ ၁၄/၁၅/၁၆
၄၅၂။ သခင်ဘသောင်း ၏ ခြေလေးချောင်း တော်လှန်ရေး
၁၇(ဒု)။ မောင်ထင် ၏ မိုပါဆွန်း ဝတ္ထုတိုများ
၄၅၃။ လယ်တီပဏ္ဍိတ ဦးမောင်ကြီး ၏ စာဏကျနီတိကျမ်း [သုံးတွဲ၊ ပေါင်းချုပ်]
၄၅၄။ ထွန်းသစ် (ပြုစုသည်) တိုက်ပွဲ ၁၀၀ အောင်ပွဲ ၁၀၀ [ပထမအုပ်]
၄၅၅။ သိန်းသန်းထွန်း ၏ ဘယ်ပန်းချီ ရေးလို့မှ မမှီ

**၂၀၁၈ ခုနှစ်တွင် ထုတ်ဝေသည့် စာအုပ်များ**

၄၅၇။ ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ) ၏ ပျူသုတေသန
၄၅၈။ ငွေလင်း ၏ ပင်းမြို့သူ
၄၅၉။ ဒေါက်တာလှသော ၏ ပညာပါရမီနှင့် အတွေးအမြင်စာစု
၄၆၀။ ဦးတင်မောင်ရင် (မဟာဝိဇ္ဇာ) ၏ ရှေးခေတ်ဟောင်း ကမ္ဘာ့သမိုင်း [သုံးတွဲ၊ ပေါင်းချုပ်]
၄၆၁။ ဒဂုန်ဦးထွန်းမြင့် ၏ ဗုဒ္ဓတရား
၄၆၂။ သခ်ီ ၏ သူတော်ကောင်းကြီး
၄၆၃။ မာဃ ၏ ပုသိမ်ရာဇဝင်

ရာပြည့်စာအုပ် ၄၅၆

# ဖျောက်ဆိပ်ပင်ကို သက်သေတည်သည်

## နာဂတောင်တန်း မောင်ကြည်ဇင်

ရာပြည့်စာအုပ်တိုက်

www.yarpyae.com

တစ်ပြည်လုံးဖြန့်ချိရေး–ရာပြည့်စာအုပ်ဆိုင်

ပန်းဆိုးတန်း (ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် အနော်ရထာလမ်း အကြား)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း။ ၀၉၇၃ ၂၄၅ ၂၈၉ (ဆိုင်)၊ ၀၁ – ၃၇၅၉၅၂ (နယ်/ဖြန့်ချိရေး)

**ပုံနှိပ်ခြင်း**
ပထမအကြိမ် –(၁၉၇၀) ကျော်ဦးစာပေထုတ်ဝေရေး
ဒုတိယအကြိမ် –(၂၀၁၈) ရာပြည့်စာအုပ်တိုက်
(မတ် ၂၀၁၈)
အုပ်ရေ [၈၀၀]

❑

**ထုတ်ဝေသူ**
ဒေါ်ခင်အေးမြင့်၊ ရာပြည့်စာပေ [၀၀၆၆၀]
၂၀၆၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

**ပုံနှိပ်သူ**
ဦးလင်းဇာနည်၊ သီရိဂုဏ်ဝေ ပုံနှိပ်တိုက် [၀၁၄၃၇]
၃၂၊ ၅၃ လမ်း၊ ၂ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

**အတွင်းဖလင်**
အီးဂဲလ်

❑

**မျက်နှာဖုံး ဝန်းရံ**
ဝသုန် နှင့် လင်းဝဏ္ဏ

❑

**တန်ဖိုး**
၂၅၀၀ ကျပ်

**သတိပေးပါသည်**

ဤစာအုပ် ထုတ်လုပ်ဖွဲ့စည်းမှု ပုံစံသည် ရာပြည့်စာအုပ်တိုက်၏ မူပိုင် ဖြစ်သည်။ စာအုပ်အညွှန်း၊ စာအုပ်ဝေဖန်ချက် ရေးခြင်းမှ လွဲ၍ ယခု ပုံစံအတိုင်း စာတစ်အုပ်လုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကို ဖြစ်စေ အခြားသော မည်သည့်ပုံစံသို့မျှ ပြုပြင် ပြောင်းလဲ သုံးစွဲခွင့် မပြု။

## အခန်း ၁

မိုးကုန်၍ ဆောင်းဦးရာသီကို ပိုင်စိုးလေပြီဖြစ်သော တန်ဆောင်မုန်းလ၏ လဆုတ်ရက်ပိုင်းတွင် တိမ်ခိုးမြူလွှာတို့သည် ချင်းတွင်းမြစ်ဖျားဒေသ တစ်ခုလုံးကို စိုးမိုးမင်းမူနေသည်။

ဟုန်းမလင်းမြို့၏ အထက် ၂၄ မိုင်ကွာ ချင်းတွင်းမြစ်အနောက်ဘက်ကမ်းတွင် တည်ရှိသော ဖာဖုတ်*ရွာကလေးသည် တိမ်ခိုးမြူလွှာတို့ သယ်ယူလာသော အအေးဒဏ်ကို ကြံ့ကြံ့ခံလျက် ရှိသည်။

ဖာဖုတ်ရွာကလေးသည် မြန်မာနိုင်ငံ၏ အနောက်မြောက်ပိုင်းဒေသတွင် တည်ရှိသော ရွာကလေးတစ်ရွာ ဖြစ်ရကား သည်ရာသီ၊ သည်အချိန်ရောက်လျှင် ညနေ ၄ နာရီမှ နောက်တစ်နေ့ နံနက် ၁၀ နာရီထိ ငွေနှင်းမြူတို့ ပက်ဖျန်းသော အအေးဒဏ်ကို ခံရမြဲဖြစ်သည်။

ထိုအချိန်တွင် ဖာဖုတ်ရွာတွင်းရှိ သက်ကြီး ရွယ်အိုများသည် ဆောင်းဦး၏ အအေးဒဏ်ကို ခံနိုင်စိမ့်သောငှာ ကျောပြင်ဘက်၌ ဓွမ်းစောင်ကို လွှမ်းထားရင်း၊ ရင်ပြင်ကျယ်ကြီးများကို မီးရှိန်ဖြင့် နွေးထွေးစေရန် မီးတင်းကုပ်ထဲ၌ ကျုံ့ယုံ့စွာ နေထိုင်ကြရင်း အအေးဒဏ်ကို ကြံ့ကြံ့ခံလျက် ရှိသည်။

သို့တစ်မှုလည်း သဘာဝ ရာသီဥတု၏ဒဏ်ထက် ပြင်းထန်သော

---

* ဖာ = ကမ်းပါး။ ဖုတ် = ဖြူသည်။
ဖာဖုတ်ရွာ = ကမ်းပါးဖြူရွာ။
(ချင်းတွင်းရှမ်းများ မှည့်ခေါ်ထားသော အမည်ဖြစ်သည်။)

ဝေဒနာကို ခံစားနေကြရဟန်တူသည့် အသက် ၁၈ နှစ်၊ ၂၀ ဝန်းကျင်ရှိသော လုလင်ပျိုနှင့် လုံမပျိုတို့ နှစ်ဦးသည် တစ်ဦးကမူ ရွာတောင်ဘက် တံခါးဆီမှလည်းကောင်း၊ တစ်ဦးကမူ ရွာမြောက်ဘက် တံခါးဆီမှလည်းကောင်း ဖာဖုတ်ရွာကလေးကို ကျောခိုင်းရင်း ရွာနှင့် တစ်ဖာလုံကျော်ခန့်ရှိ ဖျောက်ဆိပ်ပင်ဆီသို့ ဦးတည်ကာ လာကြလေသည်။

လူရွယ်သည် ရှမ်းဘောင်းဘီ၊ ရှမ်းအင်္ကျီ၊ ရှမ်းခေါင်းပေါင်း၊ သားရေစိမ်း လွှာဖိနပ်ကို တဖျပ်ဖျပ်အသံပေးလျက် ဖျောက်ဆိပ်ပင်* ရှိရာဘက်ဆီသို့ တန်းတန်းမတ်မတ် လျှောက်လာသကဲ့သို့ နာဂအမျိုးသမီးတစ်ဦးကလည်း ခါးစည်းနံငယ်ကို အကူအညီပေးရန် ငွမ်းစောင်နှမ်းတစ်ထည်ကို သူ့ခန္ဓာ တစ်ကိုယ်လုံးအား ဖုံးလွှမ်းရစ်ပတ်ထားရင်း ဖျောက်ဆိပ်ပင်ရှိရာသို့ ဦးတည်လာနေသည်။

ဖျောက်ဆိပ်ပင်ဆိုသည်မှာ အလွန်ရှားပါးသော သစ်ပင်မျိုးဖြစ်သည်။ ဟုန်းမလင်းမြို့နယ်နှင့် ခန္တီးမြို့နယ် ချင်းတွင်းမြစ်ကမ်းဝဲယာတွင် ဖျောက်ဆိပ်ပင် နှစ်ပင်သာ တွေ့ဖူးသည်။ တစ်ပင်မှာ ခန္တီးမြို့နယ် နန့်ဖြီးလင်းချောင်းထဲတွင် ရှိပြီး တစ်ပင်မှာမူ ဟုန်းမလင်းမြို့နယ် ဖာဖုတ်ရွာအနီးတွင် ရှိသည်။ (ထိုအပင်သည် ယခုအချိန်တွင် နာဂများ တောင်ယာခုတ် မီးရှို့ရာတွင် ပါသွားလေသလား မသိပေ။)

ထို့ပြင် ဖျောက်ဆိပ်ပင်သည် မျိုးဆက် ပြန့်ပွားမှုလည်း လွန်စွာမှ နည်းပါးလှပေသည်။ စင်စစ်တော့လည်း ဖျောက်ဆိပ်ပင်သည် ကြတ္တိကာ နက္ခတ် မွန်းတည့်သည့် တစ်နှစ်တစ်ကြိမ်တစ်ခါ၊ တစ်ရာသီတွင် မိနစ်ပိုင်း၊ နာရီပိုင်းအတွင်း ဖူး ပွင့် သီးကာ ချက်ချင်းပင် ကြွေကျကုန်သည်။

သို့မို့ကြောင့်လည်း ရှမ်းသမားတော်ကြီးများသည် သင်္ကြန်စာကို ဖတ်လျက် မည်သည့်လ မည်သည့်အချိန် ဖျောက်ဆိပ်မွန်းတည့်မည်၊ မည်သည့် အချိန်နာရီ ဖျောက်ဆိပ်မြေလူးမည်ဟူသော အချိန်ကို ဖျောက်ဆိပ်ပင်မှ အကိုင်းကို ခုတ်ပြီး လက်လှမ်းမီစေရန် ဖျောက်ဆိပ်ပင် အောက်တွင်ပင် အကိုင်းကို စိုက်လျက် စောင့်စားနေတတ်ကြသည်။

---

* ဖျောက်ဆိပ်ပင် = ကြတ္တိကာနက္ခတ် မွန်းတည့်ချိန်၌ တစ်မုဟုတ်ချင်း ပွင့် သီး ကြွေကျသော အပင်တစ်မျိုး

ဖျောက်ဆိပ်မွှန်းတည့်ချိန်မှ ပေတစ်ရာနီးပါးမျှရှိသော ဖျောက်ဆိပ်ပင်ပေါ် တက်၍ အဖူး အပွင့် အကင်းခူးရန် အချိန်မရသဖြင့် ဖျောက်ဆိပ်ကိုင်းကို ဖျောက်ဆိပ်ပင်အောက်တွင် စိုက်လျက် စောင့်စားကြခြင်း ဖြစ်သည်။

သို့မှသာ ဖျောက်ဆိပ်ပင်ကြီး ဖူးသည်နှင့်တစ်ပြိုင်နက် ဖျောက်ဆိပ်ပင်အောက်တွင် နာရီပိုင်းအတွင်း စိုက်ထားသော ဖျောက်ဆိပ်ကိုင်းကလည်း ဖူးလာလေသည်။ ထို့နောက် ပွင့်လာသည်။ ထို့နောက် သီးလာသည်။ ထို့နောက် ကြွေကျကုန်သည်။ ဤသို့ ဖျောက်ဆိပ်သီးများ မြေခချိန်ကို သင်္ကြန်စာထဲတွင် ဖျောက်ဆိပ်မြေလူးဟု ခေါ်သည်။

မြန်မာ့ဆေးကျမ်း၊ ရှမ်းဆေးကျမ်းတို့တွင် ဖျောက်ဆိပ်ပွင့်၊ ဖျောက်ဆိပ်သီးများသည် ဆေးဝါးဖော်စပ်ရာတွင် အသုံးဝင်သဖြင့် တစ်နှစ်မှ တစ်ကြိမ်၊ နာရီပိုင်း မိနစ်ပိုင်းအတွင်း ပွင့်သီးသော ဖျောက်ဆိပ်ပွင့်သီးများကို ဘယဆေးအတွက် ဂရုတစိုက် ရယူ သိမ်းဆည်းထားကြရသည်။

ဒါကြောင့်မို့လည်း သည်ရပ်သူရွာသားများမှာ သည်ဖျောက်ဆိပ်ပင်ကို သစ်ပင်ထူး သစ်ပင်ဆန်းတစ်ခု အနေဖြင့် သတ်မှတ်ထားကြသည်။ ဒေသသားသမားအိုကြီးများက ဖျောက်ဆိပ်ပင်ကို ဆေးပင်တစ်ပင်အနေနှင့် မြတ်နိုးမှုထားဘိသကဲ့သို့ ကျေးရွာရှိ လုလင်ပျို လုံမပျိုတို့ကလည်း တစ်ဦးနှင့် တစ်ဦး ချစ်သစ္စာဆိုရာ၌ သည်ဖျောက်ဆိပ်ပင်ခြေရင်းအောက်၌ သွားရောက်၍ သစ္စာတူပြိုင် ဆိုကြခြင်းအားဖြင့် မိမိတို့ ချစ်ရေးရာ ခိုင်မြဲစိတ်ချရသည်ဟု အစွဲအလမ်းထားကြသည်။

ယခုနှံနက်ခင်းတွင် ဖျောက်ဆိပ်ပင်ရှိရာသို့ ဦးတည်လာကြသော လုလင်ပျိုနှင့် လုံမပျိုတို့မှာ ရှေးယခင်တစ်ကြိမ်ကလည်း သည်ဖျောက်ဆိပ်ပင် အောက်၌ပင် တစ်ဦးနှင့်တစ်ဦး ရာသက်ပန် ချစ်ကြမည့်အကြောင်း ဖျောက်ဆိပ်ပင်ကို သက်သေတည်၍ သစ္စာပြုသွားကြပြီးသူများ ဖြစ်သည်။ ယခုလည်း သည်ဖျောက်ဆိပ်ပင်အောက်၌ အချိန်းအချက်ပြု၍ လာကြပြန်ချေပြီ တည်း။

## အခန်း ၂

ဖျောက်ဆိပ်ပင်အောက်သို့ ဦးစွာရောက်နှင့်သော လုလင်ပျိုသည် တောင်မြောက်လေးပါးကို မျက်လုံးကစားလိုက်ပြီး သက်ပြင်းတစ်ချက်ချကာ မြောက်ပိုင်းဒေသ၏ ဆောင်းအအေးဒဏ်ကိုပင် ဂရုမပြုနိုင်အားဘဲ နဖူးမှ သီးထွက်နေသော ချွေးများကို ခေါင်းတွင် ပေါင်းထားသည့် ခေါင်းပေါင်း ဖြေယူကာ တအားသုတ်လိုက်သည်။

လူရွယ်သည် သစ်ကိုင်းခြောက်အတိုတစ်ခုကို ဆွဲယူ၍ ထိုင်တုံးပြုလုပ်ကာ ဖျောက်ဆိပ်ပင်ကိုကျောမှီ၍ ထိုင်လိုက်ပြီး သက်ပြင်းတစ်ချက်မှုတ်ထုတ်လိုက်သည်။ လူရွယ်၏ စိတ်ထဲတွင် ထီပေါက်၍ လက်မှတ်အထားများမိသူကဲ့သို့ စိုးရိမ်ကြောင့်ကြစိတ်များ ရင်ထဲတွင် ဆို့နင့်နေလေသဖြင့် ဖြူဝါသော သူ့မျက်နှာပြင်သည်ပင် တွတ်တွတ်ရဲလျက် ရှိသည်။

ထိုအချိန်တွင် ငွေနှင်းမြူများသည် လောကကြီးတစ်ခုလုံးကို သဲသဲမဲမဲပိတ်ဖုံးနေဆဲဖြစ်သဖြင့် နွေးထွေးသော နေရောင်ခြည်ကို မမြင်ရလေသေး။ ညနေဆည်းဆာနှင့် နံနက်ဆည်းဆာချိန်တွင် အော်မြည်တွန်ကျူးလေ့ရှိသော "ပြိုဦးရေးစစ်"* ငှက်ငယ်သည်ပင် ဖျောက်ဆိပ်ပင် ထိပ်ဖျား၌ တစာစာအော်မြည်လျက် ရှိပေသေးသည်။

လူရွယ်သည် ငှက်ငယ်၏အော်သံ ဆက်ကာဆက်ကာ ကြားနေပြန်တော့

* ပြိုဦး = အစ်ကို။ ရေး = ရယ်။ စစ် = နာတယ်။
ပြိုဦးရေးစစ် = 'အစ်ကိုရယ် နာတယ်' ဟူ၍ အော်သောငှက်။

လည်း သူ၏ရင်ထဲ တောက်လောင်နေသော သောကမီးများကို တဒင်္ဂမေ့လျော့ကာ သူလယ်ကွင်းထဲဆင်း၍ ကောက်ရိတ်ရမည့်အရေးကို တွေးမိလာပြန်သည်။

ထို "ပြီဦးရေးစစ်" ငှက်ငယ်ဆိုသည်မှာလည်း ဥတ္တရယဉ်စွန်းတန်း၏ မြောက်ဘက်ကျသော မြန်မာ့မြောက်စွန်းဒေသ၌သာ ရှိသောငှက်မျိုး ဖြစ်သည်။

သည်ငှက် အော်မြည်သံ ကြားပြီဆိုလျှင် ဖျောက်ဆိပ်ပင်ရင်း၌ ထိုင်နေသော ချင်းတွင်းရှမ်းလူရွယ်တစ်ဦးတည်းသာမဟုတ်၊ ချင်းတွင်းမြစ်ဝှမ်း ဝဲ ယာတွင် နေထိုင်ကြသော အာဟုန်ရှမ်း၊ ခန္တီးရှမ်း၊ ကလီရှမ်း (ယခုအခေါ် ကလေးရှမ်း)၊ ထမံသီရှမ်း၊ မန်ယူရှမ်း၊ နန်းတပ်ရှမ်း၊ မန်နွဲရှမ်း၊ ဟဲနုရှမ်း၊ လိပ်စောရှမ်းစသည့် ရှမ်းအမျိုးသားထု တစ်ရပ်လုံးက လယ်ယာလုပ်ငန်းခွင်ကို အားကြိုးမာန်တက် လုပ်ကိုင်ရန်ကို သတိရလာကြသည်။

ချင်းတွင်းမြစ်ဝှမ်းဒေသ၌ ရှားရှားပါးပါး ဖျောက်ဆိပ်ပင် ပေါက်ရောက်သကဲ့သို့ မြန်မာပြည်အလယ်ပိုင်းနှင့် မြန်မာပြည်အောက်ပိုင်းတွင် ရှားပါးသောထိုငှက်မျိုးသည် ရာဇဝင်ပုပြင်နှင့် အထက်ချင်းတွင်းဒေသတွင် နေထိုင်ကျက်စားသည်။

ငှက်ငယ်၏ ရာဇဝင်ပုံပြင်ကိုလည်း ကြည့်ပါဦး။ ဗုဒ္ဓ မပွင့်တော်မီက အဟုန်ရှမ်းတို့သည် အာရှတိုက်အလယ်ပိုင်း တာရင်းမြစ်ဝှမ်းတွင် ပေါက်ဖွားလာကြသည်ဆိုသည်။ လူဦးရေ အဆမတန် တိုးပွားလာမှုကြောင့် တာရင်းမြစ်ဝှမ်းတွင် နေရာမဆံ့တော့ဘဲ နေရာသစ်များ ရှာဖွေကြသည်။

သို့နှင့် တယီးတို့သည် ဗြဟ္မပုတ္တရမြစ်ဝှမ်း ဒေသထိလည်းကောင်း၊ အာသံပြည်ကို ဝေသာလီနိုင်ငံ ဟူ၍လည်းကောင်း၊ မြန်မာနိုင်ငံ၏ အရှေ့မြောက်ဖျားရှိ ကောသမ္ဗီနိုင်ငံကိုလည်းကောင်း ချဲ့ထွင်ထူထောင်ကြသည်။

ထိုမျှမကသေး၊ တချို့သော တယီးများသည် တယီးဘာသာစကားဖြင့် နန့်ခေါင်မြစ် (ယွန်ယိုမြစ်) ဘေးတစ်လျှောက်တွင် ရောက်ရှိလာကြသည်။ ထိုမှတစ်ဆင့် နန့်ခေါင်မြစ်၏ အထက်ပိုင်း၊ မြစ်ဝါမြစ်၏ အောက်ပိုင်းတွင် မိုင်းပါဟူ၍ ပြည်ကြီးတစ်ပြည် တည်ထောင်ကာ နေထိုင်ကြသည်။

ထိုစဉ်အခါက ဗုဒ္ဓသည်လည်း မပွင့်တော်မူသေးသဖြင့် မဂဓတိုင်းမှ ဝေသာလီ တယီးများ ရရှိလိုက်သော သက္ကတအက္ခရာများကို မှီး၍ တယီးတို့တွင် စာပေထွန်းကားနေပြီ ဖြစ်သည်။

တယီးတို့သည် စာပေသာမကသေး၊ ဇာတိသွေး ဇာတိမာန်အရာ၌လည်းကောင်း၊ အုပ်ချုပ်ရေးအရာ၌လည်းကောင်း၊ အက အဆို အသီ အကုံး အရာ၌လည်းကောင်း၊ တရားဥပဒေ အရာ၌လည်းကောင်း၊ အပျော်အပါး လွန်ကြူးမှု အရာ၌ လည်းကောင်း ကမ္ဘာ့ထိပ်တန်းက ပြေးနေသောကာလ ဖြစ်သည်။

ထိုစဉ်ကာလကမူ ကောသမ္ဗီနိုင်ငံထက် အုပ်ချုပ်ရေးအဆင့်အတန်း မြင့်သော ဝေသာလီနိုင်ငံတွင် ဂဏလွှတ်တော်ပင် ပေါ်ပေါက်လျက်ရှိချေပြီ။ ဂဏလွှတ်တော်မှ ဆုံးဖြတ်ချက်အားလုံးကို ဝေသာလီသားတို့ မြေဝယ်မကျ စောင့်သိကြရသည်။ သည်အချိန်တုန်းကမူ ဝေသာလီနိုင်ငံသားတို့သည် ဂဏလွှတ်တော်၏အမိန့်နှင့် အမျိုးသားကာကွယ်ရေးအတွက် စစ်တိုက်ရန်မှတစ်ပါး ဘာမျှ ဂရုမထားကြလေချေ။

ဝေသာလီရှမ်း ခေါ် (လိစ္ဆဝီ)လုလင်ပျိုများသည် အားလပ်သည့်အချိန်တိုင်း နိုင်ငံတော် ကချေသည်ခေါ် ပြည့်တန်ဆာများ ၄ွားရမ်း၍ အရပ်ရပ်အနယ်နယ်၌ရှိသော သေတင်းကုပ်များတွင်သာ အချိန်ဖြုန်းလျက် ရှိကြသည်။ ဤသို့ အချိန်ဖြုန်းမှု၊ ပျော်ပါးမှုများကို ဝေသာလီရှမ်းခေါ် (လိစ္ဆဝီ) တို့၏ ဂဏလွှတ်တော်မှ အမိန့်တစ်စုံတစ်ရာ ထုတ်ပြန်တားမြစ်ခြင်း မရှိချေ။

ဝေသာလီတို့၏ ဂဏလွှတ်တော်မှ ၎င်းတို့၏ တရားဥပဒေအရ ချမှတ်သော အမိန့်မှာလည်း ပြင်းထန်လှသည်။

ဥပမာ။ ။ အကယ်၍ ဝေသာလီ အမျိုးသမီးတစ်ဦးသည် ဝေသာလီ အမျိုးသားအချင်းချင်း စိတ်ဝမ်းကွဲပြားလောက်အောင် လှပခဲ့ငြားအံ့။ ထိုအမျိုးသမီးကို ဂဏလွှတ်တော်သို့ တင်ပြရမည်။ ဂဏလွှတ်တော်က ထိုအမျိုးသမီး၏ အရည်အသွေးကိုကြည့်ရှုပြီး စွပ်စွဲချက်အတိုင်း မှန်ကန်ပါက ထိုအမျိုးသမီး အနေနှင့် အိမ်ထောင်ဖက် မရှာရ၊ (ဝါ) အိမ်ထောင်ပြုခွင့် မရှိ။ နိုင်ငံတော် ကချေသည် အမည်ခံ ပြည့်တန်ဆာအဖြစ် ထားရှိရလေသည်။

သို့ကြောင့်ပင် မဟုတ်ပါလော။ ဗုဒ္ဓဝင်တွင် နာမည်ကျော် အမ္ဗပါလီထေရီမသည် ဗုဒ္ဓနှင့် မတွေ့မီက ဝေသာလီနိုင်ငံတွင် နိုင်ငံတော်ကချေသည် အဖြစ် ဖြစ်ခဲ့ရသည်။

ဗုဒ္ဓနှင့် တွေ့ဆုံပြီး၊ တရားတော် နာကြားပြီးပါမှ အမ္ဗပါလီသည် ရဟန္တာမ ဖြစ်သွားရသည်။

ဝေသာလီရှမ်းတို့၏ အပျော်ကြူးမှုသည် ရှမ်းမျိုးချင်းတူသော ကောသမ္ဗီနိုင်ငံသို့လည်းကောင်း၊ မိုင်းပါနိုင်ငံသို့လည်းကောင်း ကူးစက်ပျံ့နှံ့သွားရကား တယီးရှမ်းအမျိုးသား အားလုံးသည် မိမိတို့ စားဝတ်နေရေးထက် ပျော်ရေးပါးရေး၊ သေတင်းကုပ်၌ အချိန်ဖြုန်းနိုင်ရေးကိုသာ အသားပေးလာကြသည်။

သို့နှင့် လူသားတို့၏ ဝမ်းဗိုက်ဖြစ်သော လယ်ယာကိုင်းကျွန်းတို့သည်လည်း မစည်ပင် မဝပြောတော့။ တစ်စတစ်စနှင့် ဆုတ်ယုတ်လာလေသည်။

တစ်နှစ်တွင် ရာသီဥတုက အလွန်ဆိုးရွားလာသည်။ မိုးရွာချိန်၌လည်း မိုးမရွာဘဲ ကောက်ပဲသီးနှံများ ပျက်စီးကြသဖြင့် တယီးတစ်မျိုးလုံး အငတ်ဘေးပြဿနာနှင့် ရင်ဆိုင်ကြရလေတော့သည်။

ဤသို့ အငတ်ဘေးနှင့် ရင်ဆိုင်လာရသောအခါ တယီးများသည် သူ့အုပ်စု၊ ငါ့အုပ်စုဖွဲ့ကာ အချို့သော အုပ်စုများသည် ထိုင်းနိုင်ငံသို့လည်းကောင်း၊ အချို့သော အုပ်စုများသည် ကမ္ဘောဒီးယားနိုင်ငံသို့လည်းကောင်း၊ အချို့သော အုပ်စုများသည် လောနိုင်ငံသို့လည်းကောင်း နယ်သစ်ပယ်သစ် ရှာဖွေကာ နေရင်းဒေသကို စွန့်လွှတ် ထွက်ခွာသွားကြလေသည်။

ဤသို့ ဆွေကြီးမျိုးကြီး အုပ်စုကြီးများသည် အသင်းအပင်း ဖွဲ့စည်းလျက် နေရင်းဒေသကို စွန့်ခွာသွားချိန်တွင် မိုင်းပါတစ်မြို့လုံး၌ မိဘမဲ့ ညီအစ်ကို နှစ်ဦးသာ ကျန်ရစ်သည် ဆိုသည်။

အုပ်စုဖွဲ့၍ ရေကြည်ရာ မြက်နုရာသို့ ရွှေ့ပြောင်းသွားကြကုန်သော တယီး အမျိုးသားတို့သည်လည်း ထိုမိဘမဲ့ ညီအစ်ကိုနှစ်ဦးကို ဆေးဖော် ကြောဘက် လုပ်၍ မခေါ်ဆောင်ကြလေချေ။

ထိုမိဘမဲ့ညီအစ်ကိုနှစ်ဦးသည် မိုင်းပါမြို့ နီးနားဝန်းကျင်ရှိ ချုံနွယ်သစ်တောများမှ ရရာ သစ်ဥသစ်ဖုတို့ကို ရှာဖွေစားသောက် နေထိုင်ကြသည်။

ကာလကြာသော် မိမိတို့ အမိဝမ်းတွင်း ကျွတ်သည်မှစ၍ စားသောက်ကြီးပြင်းလာရသော ထမင်းကို တတမ်းတတနှင့် ချင်ခြင်းတပ်လာကြသည်။

သို့နှင့် ညီအစ်ကိုနှစ်ဦးသည် ဆန်စပါး မြင်ရတွေ့ရ၊ စားရသောက်ရစိမ့်သောငှာ နှစ်ဦးသဘောတူ တိုင်ပင်လျက် ခရီးထွက်လာခဲ့ကြသည်။

ခရီးလမ်းအကြားတွင်း ပုရွက်တွင်းတစ်တွင်း၌ ပုရွက်ဆိတ်များ ဆန်စပါး

စေ့များကို သယ်ယူနေသည်ကို မြင်ရသဖြင့် ထိုညီအစ်ကိုနှစ်ယောက်သည် ပုရွက်တွင်းကို တူးဖော်ကြလေတော့သည်။

ပုရွက်ဆိတ်တွင်း၌ ဆန်စေ့၊ စပါးစေ့များကို သိုလှောင်ထားသည်ကို တော်လာသော ညီအစ်ကိုနှစ်ဦး တွေ့မြင်ကြရသဖြင့် ဝမ်းသာအားရဖြစ်ကာ ပုရွက်ဆိတ်တွင်းထဲမှ ဆန်စေ့တစ်စေ့ကို ယူလျက် ညီအစ်ကိုနှစ်ယောက် တစ်ယောက်တစ်လှည့်စီ စုပ်ကြသည်။

ညီတစ်လှည့်၊ အစ်ကိုတစ်လှည့် စုပ်ဖန်များသောအခါ ဆန်စေ့သည် တဖြည်းဖြည်း သိမ်လာကာ ညီ၏ ဝမ်းတွင်းထဲသို့ အမှတ်မထင် ဝင်သွားလေသည်။

ထိုစဉ် အစ်ကိုဖြစ်သူက ငါ့ညီသည် ငါ့ကို မညှာမတာဘဲ ဆန်စေ့ကို မျိုချသည် ဟူ၍ အမျက်ထွက်သည်။ ညီဖြစ်သူကလည်း မတော်တဆ အမှတ်မထင် ဖြစ်မိကြောင်း တောင်းပန်သည်။ သို့သော်လည်း အစ်ကိုဖြစ်သူ၏ ဒေါသကား မပြေလေချေ။

သို့နှင့်ညီဖြစ်သူက 'အစ်ကို သည်မျှမကျေချမ်းပါလျှင် ကျွန်တော်၏ ဝမ်းတွင်း၌ ရှိနေမည်ဖြစ်သော ဆန်စေ့ကို အစ်ကိုပြန်လည်ရယူနိုင်ရေးအတွက် ကျွန်တော်၏ဝမ်းဗိုက်ကို ခွဲယူပါတော့'ဟု အနူးအညွတ် ခွင့်ပြုလိုက်သည်။

ဒေါသရှိန်ပြင်းထန်လျက်ရှိသော အစ်ကိုဖြစ်သူကလည်း လောကကြောင်း၊ ဓမ္မကြောင်းတို့ကို မထောက်ထားတော့ဘဲ ဆန်တစ်စေ့ ပြန်လည်ရရှိရေးအတွက် ညီဖြစ်သူ၏ ဝမ်းဗိုက်ကို ခွဲလေတော့သည်။

ညီဖြစ်သူကား အစ်ကိုကြီး အဖအရာဟူသော ဆိုရိုးစကားအတိုင်း အစ်ကိုဖြစ်သူအား ပြန်လည်မခုခံလိုဘဲ အသာတကြည်ပင် ဗိုက်ခွဲခံလိုက်သည်။ သို့တစ်မူလည်း ဝမ်းဗိုက်ကို ဓားနှင့် အခွဲခံရသူပီပီ အော်ဟစ်ညည်းညူမိလေသည်။

၎င်း၏ ညည်းညူသံကား ''ပြီဦးရေးစစ်''၊ ''အစ်ကိုရယ် နာလှပါတယ်''ဟူသတည်း။

ဗိုက်ခွဲခံရသောအခါ ထိုညီငယ် သေဆုံးပြီး ငှက်ငယ်ဖြစ်လျက် ''ပြီဦး ရေးစစ်'' ဟူသော အသံဖြင့် အော်မြည်နေသည် ဆိုသည်။

ထိုငှက်ငယ်သည် သပိတ်လွယ် ငှက်ငယ်လောက်သာ ရှိပြီး နံနက် ဆည်းဆာနှင့် ညနေခင်းဆည်းဆာများ၌ အော်မြည်တတ်သည်။

ငှက်ငယ်၏ အော်မြည်သံကြားတိုင်း တယီးအဆက်အနွယ်ဖြစ်သော ချင်းတွင်းရှမ်းတို့သည် ငါတို့ လယ်ယာကိုင်းကျွန်းကို ဘဇာကြောင့် အားမာန်နှင့် မလုပ်ကိုင်နိုင်ကြဘိသနည်းဟူသော နှိုးဆော်စိတ်က အလိုလိုဝင်လာသည်။

"အင်း ငါ ကောက်လှိုင်းတွေ သယ်ရဦးမှာပါလား"

ရှမ်းဘောင်းဘီ ဝတ်ထားသော လူရွယ်သည် သူ၏ နဖူးပြင်တွင် စိမ့်ထွက်လာသော ချွေးတို့ကို ခေါင်းပေါင်းအဝတ်ဖြင့် တစ်ဖန် ထပ်သုတ်ရင်း တောင် မြောက် ဝဲယာကို ကြည့်လိုက်သည်။

ထိုစဉ်တွင် နှင်းရည်များဖြင့် နူးနေသော သစ်ရွက်ခြောက်များပေါ် နင်းလာသဖြင့် ခြေသံမကြားရဘဲ ဖျောက်ဆိပ်ပင်သို့ ဦးတည်လာသော နာဂ အမျိုးသမီးသည် ရှမ်းအမျိုးသားလေး၏ ရှေ့တွင် ဘွားခနဲ ပေါ်လာသည်။

'ဟင် ပရီဝီ၊ နင် လာမှ လာပါ့မလားလို့ ဟယ်'

ရှမ်းအမျိုးသား လူရွယ်သည် ထိုင်ရာမှဖြုတ်ခြည်းထကာ မိမိရှေ့တွင် မတ်မတ်ရပ်နေသော နာဂအမျိုးသမီး၏ လက်ကို ဖမ်းကိုင်ကာ ဖျစ်ညှစ် ဆုပ်နယ်ရင်း ပြောလိုက်သည်။

'လာမှာပေါ့ မောင်ညီမိရယ်၊ လာမယ်ဆိုရင် လာမှာပေါ့။ ပြီးတော့ မောင်ညီမိကလဲ ငါ့ကို တွေ့ချင်သလို ငါကလဲ မောင်ညီမိကို တွေ့ချင်တဲ့ ဉစ္စာပဲ၊ မလာဘဲ နေပါ့မလား ဟယ်'

နာဂအမျိုးသမီးသည် ဖျစ်ညှစ်ဆုပ်နယ်ခြင်း ခံနေရသော သူ့လက်ကို ပြန်လည်ရုပ်သိမ်းရန်လည်း မကြိုးစား၊ အမျိုးသားလေး စိတ်ရှိသလို ဖျစ်ညှစ် ပါစေတော့ဟူသော သဘောဖြင့်သာ အလိုက်သင့် ပြုပြင်ပေးရင်း ငြိမ်နေသည်။

လုလင်ပျိုသည် နာဂအမျိုးသမီး၏လက်ကို ဖျစ်ညှစ်ပြီးသည့်တိုင် အားရနိုင်ဟန် မတူသေး။ အမျိုးသမီး ဝတ်ထားသော ကြေးဝါလက်ကောက် ပေါ်ကို တအားဖျစ်ညှစ်၍ အမျိုးသမီး၏ လက်ကောက်ကို တင်းကျပ်နာကျင် စေသည့်တိုင်အောင် အမျိုးသမီးက မရှုံ့မမဲ့၊ လုလင်ပျိုပြုသမျှ ခွင့်လွှတ်နေသည်။

'လာ ဒီနားမှာထိုင်စမ်း၊ ငါထိုင်တဲ့အနားမှာ ထိုင်စမ်း၊ ပြီးတော့ မင့်ကို ငါ ဆုံးဖြတ်ခိုင်းတာ ဆုံးဖြတ်စမ်း'

ယောကျ်ားပျိုသည် အမျိုးသမီး၏လက်ကိုဆွဲပြီး ဖျောက်ဆိပ်ပင်ရင်း ရှိ သစ်တုံးငယ်ပေါ်တွင် ထိုင်ခိုင်းသည်။ လုလင်ပျို၏ စကားသံများသည် အသံပင်

တိုးသော်လည်း တစ်စုံတစ်ခုကို စိုးရိမ်နေသယောင်၊ တစ်စုံတစ်ခုကို မချင့်မရဲ ဖြစ်နေသယောင်ဖြင့် တုန်ရီသံ ပြွမ်းနေသည်။

အမျိုးသမီးသည် လုလင်ပျို့ အမိန့်အတိုင်း မငြင်းဆန်ဘဲ ထိုင်ချလိုက်သည်။ သို့သော် လုလင်ပျိုကို ကြောက်ရွံ့၍နေသော အသွင်အပြင်လည်း သူ့မျက်နှာ၌ မပေါ်လွင်၊ ပြုချင်ရာပြု ငါနေမည် ဟူသော ခွင့်လွှတ်သည့် အသွင်အပြင်သာ သူ့မျက်နှာ၌ ပေါ်လွင်နေသည်။

'ငါပြောသလို နင် နေခဲ့မယ် မဟုတ်လား ဟင်'

လူရွယ်သည် မချင့်မရဲဖြစ်နေသော သူ့စိတ်ကို သတိချုန်းဖြင့် မအုပ်နိုင်တော့သည့်အလား၊ ကြေးဝါလက်ကောက်ဝတ်ထားသော အမျိုးသမီး၏လက်ကို ဆွဲကိုင်ခါယမ်းပြီး မေးလိုက်သည်။ အမျိုးသမီး၏ ကြေးဝါလက်ကောက် တစ်ခုနှင့်တစ်ခု ခတ်သံများသည် တိတ်ဆိတ်နေသော ဖျောက်ဆိပ်ပင်ဝန်းကျင်ကို လွှမ်းမိုးသွားလေသည်။

ယောကျ်ားပျို မချင့်မရဲသံနှင့် မေးနေသလောက် အမျိုးသမီးကား ဘာမှ အဖြေမပေး။ သို့ပေမင့်လည်း သူ့နှုတ်ဖျားများက တဆတ်ဆတ် တုန်နေသည်။

'ငါမေးတာ နင် ပြောပါတော့လား ဟယ်'

ယောကျ်ားပျိုသည် သူ့ဘေးနားတွင် တုဏှိဘာဝေ ထိုင်နေသော အမျိုးသမီးကို စိတ်ပျက်အားလျှော့သံနှင့် မေးလိုက်ပြန်သည်။

'ငါ မပြောချင်လို့ မပြောတာမဟုတ်ဘူး။ ငါ ဘာပြောရမှန်းမသိလို့ မပြောတာ။ ငါ့ရင်ထဲမှာ ဘယ်အထိ ပူနေတယ်ဆိုတာ နင်သိရင် နင် ငါ့ကို ဘယ်အထိ သနားမလဲ။ ငါ့ရင်ထဲမှာ ပူနေတာကို နင်မသိလို့ ခုလို ငါ့ကို မေးနေတာပါ။ အဲ့ဒါလဲ ငါသိတယ်။ နင့်ကို ငါ ဘယ်လိုပြောရမှာလဲ မောင်ညိမ်ရယ်'

မိန်းမပျိုသည် အံတင်းလျက် ငိုသံပြွမ်း၍ ပြောလိုက်သဖြင့် ယောကျ်ားပျိုသည် သက်ပြင်းတစ်ချက် မှုတ်ထုတ်ကာ ထောင်ထားသော သူ့ဒူးနှစ်ဖက်ကို သူ့လက်နှစ်ဖက်ဖြင့် ဖက်သိုင်း၍ အဝေးတစ်နေရာသို့ အာရုံ စူးစိုက်ခြင်း မရှိသော အကြည့်ဖြင့် ငေးမောနေလေသည်။

သည်တော့လည်း မိန်းမပျိုသည် လုလင်ပျို၏ မျက်နှာကို စေ့စေ့ကြည့်ရင်း ဝမ်းတွင်းထဲမှ ညစ်ထုတ်လာသံနှင့် ပြောလိုက်ပြန်သည်။

'မောင်ညိမ်နော်-မောင်ညိမ်၊ နင် ငါ ပိုပိုပြီး စိတ်မကောင်းအောင် လုပ်နေတာပဲ။ နင်မေးတဲ့စကား ငါပြောချင်လိုက်တာ မောင်ညိမ်ရယ်။ ဒါပေမဲ့ ငါ့ပါးစပ်က ပြောလို့မထွက်ဘူး။ အဲလေ ဒါတွေကို နင်နားလည်မှာ မဟုတ်ပါဘူး'

'နားလည်တယ်-နားလည်တယ်၊ နင့်လို စကားပြောရင်း မျက်ရည် မဝဲတတ်ပေမဲ့ ငါ့ရင်ထဲ အမြဲတမ်း မျက်ရည်ဝဲနေတယ်ဆိုတာ နင် နားလည် ထားစမ်းပါ ပရိုဝီရယ်'

လုလင်ပျိုသည် ပြောပြောဆိုဆိုနှင့် လက်သီးနှစ်ဖက် ကျစ်ကျစ်ဆုပ်ကာ ထိုင်ရာမှ ထ လိုက်သည်။

'မောင်ညိမ်နော်၊ နင် ငါ စကားမပြောနိုင်တိုင်း နင် အဲသလို စိတ်တို ရင် ဒီအပင်ကြီးက နင့်ကို ကြည့်နေမှာမဟုတ်ဘူး။ နင်ပဲ ပြောတာပဲလေ၊ ဒီအပင်ကြီးဟာ တစ်နှစ်မှတစ်ကြိမ်ပွင့်တယ်။ ပွင့်ပွင့်ချင်း ဖူးတယ်။ ဖူးပြီး ပွင့်တယ်။ ပွင့်ပြီး သီးတယ်။ ဒါကြောင့် ဒီအပင်ဟာ ထူးဆန်းတယ်။ ဒါကြောင့် ဒီလိုထူးဆန်းတဲ့အပင်အောက်မှာ မင်းနဲ့ငါနဲ့ စ,ချစ်လာကြတယ်။ တစ်ယောက်နဲ့ တစ်ယောက် ကတိထားလာကြတယ်။ ငါစကားမပြောနိုင်အောင် ဖြစ်နေတိုင်း နင်အခုလို စိတ်ဆိုးသွားမယ်ဆိုရင် နင် ကတိပျက်တာလို့ ငါကပြောရမှာပေါ့။ နင် ငါ့ကို တစ်သက်လုံး ချစ်သွားပါမယ်ဆိုပြီး ဒီ ဖျောက်ဆိပ်ပင်ကို သက်သေ ထားလို့ နင်နဲ့ငါ ကတိထားခဲ့ကြတယ်လေ။ မောင်ညိမ်တစ်ယောက် ကတိ မတည်တော့ပါဘူးဆိုပြီး ဒီဖျောက်ဆိပ်ပင်ကို ငါ တိုင်တည်လိုက်ရတော့မလား'

အမျိုးသမီးသည် ပြောရင်း ပြောရင်း သူ့အသံများ ဆို့နင့်သံ ပြမ်းလာ သဖြင့် သူ့စကားကို ရပ်လိုက်သည်။ တစ်ဖန် သူ၏နှုတ်ခမ်းကို တင်းတင်း စေ့ထားပြီး လူရွယ်ကိုလည်းမကြည့်၊ အခြားအရာဝတ္ထုကိုလည်း အာရုံစူးစိုက်မှု မရှိသော မျက်လုံးကြီးနှင့် ငေးမောသွားပြီး သက်ပြင်းရှည်ကြီးကို တအား မှုတ်ထုတ်လိုက်သည်။

လူရွယ်သည် ဖျောက်ဆိပ်ပင်ကို တစ်လှည့်၊ ငေးမောနေသော အမျိုးသမီး ၏ မျက်နှာကို တစ်လှည့်ကြည့်ကာ ခေါင်းခါယမ်းပြီး မတ်မတ် ရပ်နေရာမှ အမျိုးသမီး၏ဘေးသို့ သွားထိုင်လိုက်သည်။

'ငါ မင်းမေးတာကို မပြောချင်လို့ မပြောတာ မဟုတ်ပါဘူး။ ငါ ဘာပြောရမှန်း မသိတော့လို့ ဆိုတာ နင် ယုံစမ်းပါ မောင်ညိမ်ရာ'

သည်တစ်ချီတော့မူ အမျိုးသမီး၏မျက်လုံးသည် သူ့ဘေးနား လာပြန်ထိုင်သည့် လူရွယ်ကို စေ့စေ့ကြည့်ကာ တီးတိုးသံနှင့် ပြောလိုက်ပြန်သည်။

'ကိုင်းလေ အချိန်နည်းနည်းရှိပါသေးတယ်။ ဒီတော့ ပရီဝီ၊ ငါမေးတဲ့အမေးကို ဖြေနိုင်အောင် ကြိုးစားဦးပေါ့။ ပထမတော့ တို့များ ရွာသားတွေက မင်းတို့အုပ်စုကို နှုတ်ဆက်ဧည့်ခံပွဲ လုပ်လိမ့်မယ်။ နောက် မင်းတို့က တို့များ ရွာသားတွေကို နှုတ်ဆက်ဧည့်ခံပွဲလုပ်မယ်။ ဒီအချိန်အထိ မင်းဆုံးဖြတ်ချက်ကို ချနိုင်ပါစေကွယ်။ ခုလို ငါပြောနေရတာလဲ မင်းသာ ငါနဲ့အတူ ရှိမနေရင် ငါ ဘယ်လိုလုပ်ပြီး နေရမလဲဆိုတာကို ငါ မစဉ်းစားတတ်တော့တာမို့ မင်းကို ခုလို ပြောတာပါ ပရီဝီရယ်။ ငါပြောတာများ နင်က စိတ်ဆိုးပြီး ''ဖျောက်ဆိပ်ပင်'' ကြီးကို တိုင်တည်တော့မယ်လေးနဲ့ ပြောတာ မကောင်းပါဘူးဟယ်။ နင့်စကား ကြားရတော့ ငါ့စိတ်ထဲ ဘယ်လိုဖြစ်သွားမှန်း မသိဘူး။ အဲလေ၊ ငါမေးတဲ့စကားမှ နင်ကမှ ပြတ်ပြတ်သားသား မပြောဘူးဆိုရင် ငါ့ဘက်က အရှုံးနဲ့ပဲ ရင်ဆိုင်ရတော့မယ်ဆိုတာ ငါနားလည်ပါတယ်။ အေးပါလေ နင်က တန်ကွန်နာဂ အမျိုးသမီး၊ ငါကတော့ ခန္တီးရှမ်းအမျိုးသား၊ တို့နှစ်ယောက် ချစ်ကြတာလဲ ခပ်ဆန်းဆန်းဆိုတော့... အင်း'

လူရွယ်သည် သူ့စကားကို အဆုံးမသတ်ဘဲ ရပ်ထားလိုက်ပြီး သူ့ရှေ့တွင် ကျနေသော သစ်ကိုင်းခြောက်တစ်ခုကိုဆွဲယူလျက် ဘယ်ဘက်လက်က မြဲမြဲကိုင်၍ ညာဘက်လက်နှင့် တဖျပ်ဖျပ် ချိုးနေလေသည်။

'အဲလေ ဘာပဲဖြစ်ဖြစ် ငါလဲ နင့်ကို ချစ်ခဲ့ပြီ။ နင်ကလဲ ငါ့ကို ချစ်တယ်ဆိုတာ ငါယုံပါတယ်လေ။ တန်ကွန်နာဂရယ်၊ ခန္တီးရှမ်းရယ်ဆိုတာတွေဟာလဲ တစ်မြေထဲနေ တစ်ရေထဲသောက်တွေပါ။ တို့နှုတ်ဆက်ဧည့်ခံပွဲကျရင် နင် ဒါတွေ အကုန်သိရမှာပါ။ ကိုင်း မောင်ညီမ်၊ နင်လဲ လယ်တောဆင်းရဦးမယ် မဟုတ်လား။ ငါလဲ တောင်ယာ တောထဲကို သွားရဦးမယ်'

လူရွယ်သည် အမျိုးသမီး၏မျက်နှာကို တစ်ချက် လှည့်ကြည့်ပြီး ထိုင်ရာမှ ထ၍ ခေါင်းငိုက်စိုက်နှင့် ရွာဘက်သို့ ဦးတည်ကာ ပြန်လာခဲ့လေသည်။ အမျိုးသမီးကလည်း သူ့ကို ကျောခိုင်း၍ သွားနေသော လူရွယ်၏ ကျောပြင်ကျယ်ကြီးကို စိုက်ကြည့်ရင်း သက်ပြင်းတစ်ချက် ချကာ တောင်ယာခင်းဘက်သို့ ဦးတည်ထွက်လာလေတော့သည်။

## အခန်း ၃

မောင်ညိမ်သည် ဖျောက်ဆိပ်ပင်အောက်ဆီမှ ရွာဘက်သို့ ပြန်လာသည့်တိုင် အိမ်ကိုမဝင်တော့။ အစ်မဖြစ်သူ မနန်းမူနှင့် လမ်းတွင် တွေ့ဆုံသဖြင့် လယ်တဲထဲသို့ တစ်ယောက်ယောက်ကို လာရောက်ထမင်းပို့ရန် မှာကြားထားခဲ့ပြီး လယ်တဲရှိရာသို့သာ ဦးတည်လာခဲ့လေသည်။

ဖျောက်ဆိပ်ပင်ရင်းအောက်တွင် ထိုင်နေစဉ်ကမူ ပြီဦးရေးငှက် အော်သံကြောင့် သူ့လယ်ယာလုပ်ငန်းခွင်ကို စိတ်အားထက်သန်ခဲ့ပေမင့်လည်း သူ့ချစ်သူ ပရိုဝိနှင့် ဆွေးနွေး၍ စိတ်တိုင်းကျ ဖြစ်မလာသောအခါ ယခု လယ်တောသို့ ဆင်းလာရသည့်တိုင် သူ၏ အသိစိတ်ဓာတ်များသည် အဘယ်အရပ်သို့ ပျောက်လွင့်သွားလေသည် မသိ။ မောင်ညိမ်သည် နွေးကွေးသော ခြေလှမ်းများဖြင့်သာ လယ်တောဘက်ဆီသို့ ဦးတည်လာခဲ့လေသည်။

မောင်ညိမ်သည် သူ ဦးစီးလုပ်ကိုင်ထားသော လယ်ကွင်းကိုကြည့်ရင်း ယနေ့လုပ်ရမည့် လုပ်ငန်းဆောင်တာများကို စိတ်မဝင်စားနိုင်တော့။ သူ၏ စိတ်အစဉ်တွင် ပရိုဝိတည်းဟူသော သူ့ချစ်သူ တန်ကွန်နာဂ အမျိုးသမီး၏ အကြောင်းသာလျှင် ဦးစီးမင်းမူ နေလေတော့သည်။

ဝါဝင်းစ ပြုနေပြီဖြစ်သော စပါးပင်များသည် ဆောင်းလေရှူးကြောင့် ယိမ်းထိုးပြီး မောင်ညိမ်ကို ကြိုဆိုကြပေမင့်လည်း မောင်ညိမ်၏ စိတ်ထဲဝယ် ရွှင်လန်းခြင်း မရှိတော့။ ခါတိုင်းဆိုလျှင် သူ့စပါးပင်လေးများ ယိမ်းက လာတိုင်း နောင်နှစ် ငါ့လယ်ယာ ဘယ်လိုတိုးချဲ့မည်ဟူသော စိတ်ကူးစိတ်သန်းနှင့်

သူ့စိတ် အမြဲလန်းဆန်းခဲ့သည်။ ယခုမူ ထိုစိတ်ကူးစိတ်သန်းထက် စိတ်ကူး တစ်မျိုးက သူ့ကို စိုးမိုးနေသည်။

"ငါ ဘယ်လိုလုပ်ပြီး ပရိုဝီကို အရ ခေါ်ထားရမှာလဲ"

ဤမေးခွန်းသည်သာ သူ့ဘာသာသူ မေးလိုက်၊ သူ့ဘာသာသူ အဖြေရှာ မရလိုက်နှင့် လယ်တဲဆီသို့သာ အရောက်လာခဲ့သည်။

'ဒီနေ့ နောက်ကျလှချည်လား'

လယ်တဲတွင် ဒိုင်အိပ်ဒိုင်စား သူရင်းငှားကြီး ကိုမောင်ညွန့်က ခေါင်းပေါင်း ပြုတ်ကျလုမတတ် ခေါင်းငိုက်စိုက်နှင့် လယ်တဲထဲသို့ ဝင်လာသော မောင်ညိမ် ကို လှမ်းပြောလိုက်ရင်း မောင်ညိမ်၏ မျက်နှာရိပ် မျက်နှာကဲကို အကဲခတ် နေသည်။

'နောက်ကျတာ တခြားမဟုတ်ပါဘူး။ အဖေက စကားကြော ရှည်နေ လို့ပါ'

ကိုမောင်ညွန့်သည် သူရင်းတိုင်လည်းဖြစ်၊ ကျောင်းနေဖက်လည်း ဖြစ်သော မောင်ညိမ်၏အဖြေစကားကို ကြားသည်နှင့်တစ်ပြိုင်နက် မောင်ညိမ် ကို ခြေဆုံးခေါင်းဆုံး နှစ်ပြန်လောက်ကြည့်လိုက်ပြီး ပြုံးလိုက်သည်။

'ခင်ဗျား ဘာပြုံးတာလဲဗျ'

မောင်ညိမ်သည် ကိုမောင်ညွန့်ကို အရောင်ဝင်းသော မျက်လုံးကြီးနှင့် လှမ်းကြည့်ရင်း မေးလိုက်သည်။ သူ့အသံမှာလည်း နာလို ခံခက်သံကြီး ပြွမ်းနေသည်။

'ငါပြုံးတာက တခြားမဟုတ်ပါဘူး။ လူတွေဟာ တခြားကိစ္စမှာ မုသား စကား ရှောင်နိုင်ကြပေမဲ့ အချစ်ကိစ္စနဲ့ ပတ်သက်လာရင် မုသားစကား သုံးရ မှာကို ဝန်မလေးကြဘူး။ အဲဒါကို တွေးလို့ ပြုံးမိတာပါကွာ'

'အဲဒါ ကျွန်တော်နဲ့ ဘာဆိုင်သလဲဗျ'

မောင်ညိမ်သည် လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါ ဆုပ်ရင်း ကိုမောင်ညွန့် ကို အော်ဟစ်ပြောဆိုလိုက်ကာ ကောက်လှိုင်းထမ်းပိုးများ ထောင်ထားသော တဲထောင့်ကို လှမ်းကြည့်လိုက်သည်။

'မောင်ညိမ်ရာ ငါမှန်တာ ပြောတာဘဲ၊ မင်းက ဘာပြုလို့ ဒါလောက် တောင် ဒေါသကြီးရတာလဲ။ ကိုင်းပါကွာ၊ တို့လယ်ထဲဆင်းပြီး လုပ်စရာရှိတာ

လုပ်ကြရအောင်၊ မင်းကလဲကွာ ကောက်လှိုင်းထမ်းပိုး အားကိုးနဲ့ ငါ့ကို မစမ်း ပါနဲ့ဟာ၊ မင်းခေါင်းပေါင်း ချွတ်ကြည့်စမ်း၊ ငါပြောတာပဲ လွန်သလား၊ မင်းကပဲ လွန်သလားဆိုတာ သိရအောင်'

ကိုမောင်ညွန့်စကား ဆုံးသည်နှင့် တစ်ပြိုင်နက် မောင်ညိမ်သည် သူ့ခေါင်းပေါင်းကို ဒေါသတကြီးနှင့် ချွတ်ချလိုက်သည်။

မောင်ညိမ်၏ ခေါင်းပေါင်းပေါ်တွင် ခေါင်းပေါင်းကြားထဲ ကြားညပ် ပါလာသော ဖျောက်ဆိပ်ရွက်ခြောက် တစ်ခုက ပျံ့ဝဲကျလာသည်။

'ဒီမှာ မောင်ညိမ်၊ မင်းနဲ့ငါ ဘုန်းကြီးကျောင်းမှာ အတူနေခဲ့တဲ့ အချိန်က စပြီး တစ်ယောက်နဲ့တစ်ယောက် ညီရင်းအစ်ကိုလို ချစ်ခဲ့ကြတယ်။ ဒါကြောင့် မို့လဲ တို့ချင်းတွင်းရှမ်းတွေရဲ့ ရိုးရာကိုယ်ခံ သိုင်းပညာကို ငါ တပင်တပန်း သင်ပေးခဲ့တယ်။ ခုမှ ငါ စကားတစ်ခွန်းပြောတာနဲ့ ကောက်လှိုင်းထမ်းပိုးတွေ ဘာတွေကြည့်နဲ့၊ မင်းကို အချိန်နှောက်ကျလှချည်လား မေးတော့ မင်းက အဖေ စကားကြော ရှည်လွန်းလို့ပါလို့ ပြောတယ်။ မင်းအဖေနဲ့မင်းက ဖျောက်ဆိပ်ပင် အောက် သွားပြီး စကားကြော ရှည်ကြသလား။ မင်း အခု ဖျောက်ဆိပ်ပင် အောက်က လာတယ်ဆိုတာ မင်းရဲ့ ခေါင်းပေါင်းကြားထဲ ညပ်ပါလာတဲ့ ဖျောက်ဆိပ်ရွက်ခြောက်က သက်သေခံနေပြီ မဟုတ်လား။ ဒီမှာ မောင်ညိမ်၊ ငါဟာ မင်းတို့ရဲ့ သူရင်းငှားပေမဲ့ ငါ့ကိုတော့ ကောက်လှိုင်းထမ်းပိုးတွေ ကြည့်လား၊ ဘာလားတော့ မလုပ်ပါနဲ့။ ဒီသိုင်းကိုယ်ခံပညာကို ငါက မင်းကို တတ်အောင် သင်လာတဲ့ လူပါကွာ'

ဟုတ်လည်း ဟုတ်သည်။ ကိုမောင်ညွန့်သည် ကိုယ်ခံသိုင်းပညာကို အလွန် ကျွမ်းကျင်နှံ့စပ်သူလည်း ဖြစ်သည်။

သို့မို့ကြောင့်လည်း ဘုန်းတော်ကြီးကျောင်းတွင် မောင်ညွန့်ဟေ့ဟု ဆိုလိုက်လျှင် ယှဉ်ပြိုင်သူ မရှိလောက်အောင် လူကြောက်များသူ ဖြစ်သည်။ တစ်ကျောင်းလုံးရှိ ကျောင်းသားများကလည်း ရှမ်းတို့၏ ရိုးရာကိုယ်ခံသိုင်းပညာ ကို ကိုမောင်ညွန့်ထံမှ သင်ယူကြရသည် မဟုတ်ပါလော။

ကိုမောင်ညွန့် သည်ကဲ့သို့ ပြောလိုက်ပြန်တော့လည်း မောင်ညိမ်မှာ ဘာမျှ ခွန်းတုံ့ပြန်မနေတော့ဘဲ ကိုမောင်ညွန့် အိပ်ရာထဲသို့ ပြေးဝင်ကာ စောင် တစ်ထည်ဆွဲ၍ သူ့ကိုယ် တစ်ကိုယ်လုံးကို လွှမ်းခြုံကာ ကွေးနေလိုက်သည်။

'အေးဗျာ ကျွန်တော် မှားသွားတယ်။ ကျွန်တော့်စိတ်ထဲ ဘယ်လိုဖြစ်နေမှန်း မသိဘူး။ သည်းခံပါဗျာနော်၊ ကျွန်တော် တောင်းပန်ပါတယ်'

မောင်ညိမ်သည် စောင်ခြုံထဲမှနေ၍ ကိုမောင်ညွှန့်ကို တောင်းပန်လိုက်သည်။

'အေးပါဟာ၊ မင်း စောင်ခြုံထဲကွေးပြီးတော့ မင်းရဲ့ရည်းစား ပရိုဝီ အကြောင်းကို တွေးနေဆွေးနေဦးပေါ့ကွာ။ ငါတော့ လယ်တောထဲ ဆင်းလိုက်ဦးမယ် ကွ၊ ငါကတော့ သူရင်းငှား မဟုတ်လားကွာ'

ကိုမောင်ညွှန့်သည် မောင်ညိမ်ကို ငေါ့ပြော ပြောရင်း တံစဉ်ဆွဲ၍ လယ်ကွင်းထဲ ဆင်းသွားလေသည်။

မောင်ညိမ်ကမူ ကိုမောင်ညွှန့်၏ အိပ်ရာထဲတွင် စောင် ခေါင်းမြီးခြုံကွေးရင်း သူနှင့်သူ့ချစ်သူ ပရိုဝီတို့၏ ရှေ့ရေးနောက်ရေးကို တွေးနေမိလေသည်။

စင်စစ်တော့လည်း မောင်ညိမ်သည် ရုတ်တရက် ကိုမောင်ညွှန့်အပေါ် စိတ်ကွက်မိပေမင့် ကိုမောင်ညွှန့်အား လွန်ဆန်ရဲသူ မဟုတ်။ အမှန်ဆိုရပါမူ ပရိုဝီနှင့် ချစ်ကြိုးသွယ်ကြရာ၌လည်း ကိုမောင်ညွှန့်၏ အကူအညီ များစွာဖြင့်သာ အောင်မြင်ခဲ့သူ မဟုတ်ပါလော။

ကိုမောင်ညွှန့်သည် မိဘရှိသူ မဟုတ်လေချေ။ ငယ်စဉ်ကစပြီး မိဘကွယ်လွန်ခဲ့သဖြင့် ကျောင်းထိုင်ဆရာတော်ကြီး ဦးကုသလက သားတပည့်အဖြစ် ကောက်ယူမွေးစားခဲ့သူ ဖြစ်သည်။ တစ်ဖန် ဦးကုသလ၏ဆွမ်းတကာ ကွမ်းတကာလည်းဖြစ်၊ ရွာသူကြီးလည်းဖြစ်သော ဦးအိုက်မွှန်သည် ဆရာတော် ဦးကုသလ၏ တာဝန်များကို ဝင်ရောက်ထမ်းဆောင်ရင်း ကိုမောင်ညွှန့်၏ ဝတ်ရေး စားရေးကိုပါ တွဲဖက်တာဝန်ယူခဲ့ရသည်။

ဆရာတော် ဦးကုသလ ပျံလွန်တော်မူပြီးသော အချိန်တွင် ကိုမောင်ညွှန့်သည် ကျောင်းမှ အိမ်သို့ ပြောင်းလာပြီး နေထိုင်သည်။ ထိုအချိန်မှစပြီး ကိုမောင်ညွှန့်သည် လယ်ယာလုပ်ငန်းကို စတင်သင်ကြား လုပ်ကိုင်ခဲ့သည်။ နှစ်မိုးလောက် လယ်ယာလုပ်ကိုင်ပြီးသောအခါ ကိုမောင်ညွှန့်သည် လယ်သမားဝါရင့်တစ်ဦးကဲ့သို့ ကျွမ်းကျင်လာသည်။

ကိုမောင်ညွှန့်၏ အရည်အချင်းကို တွေ့မြင်ရသော ရွာသူကြီး ဦးအိုက်မွှန်သည် သူ၏ လယ်လုပ်ငန်းအားလုံးကို ကိုမောင်ညွှန့်ကိုသာ လွှဲထားသည်။

သူ၏သား မောင်ညိမ်ကိုလည်း ကိုမောင်ညွှန့်အား လယ်ယာနှင့် ပတ်သက်သည့် လုပ်ငန်းအားလုံး သင်ကြားပေးရန် အပ်နှံထားသည်။

သို့ပေမင့်လည်း ကိုမောင်ညွှန့်ကား မပိုင်ဝက်မွေးဘဝ ဖြစ်သဖြင့် မောင်ညိမ့် အပေါ် အစစအရာရာ ဦးစားပေးရသည်။ မောင်ညိမ်သည်လည်း ဖာဖုတ်ရွာမှ သူကြီးတစ်ဦး၏ တစ်ဦးတည်းသောသား မဟုတ်ပါလော။

သူကြီးဦးအိုက်မွန်ကလည်း ကိုမောင်ညွှန့်အပေါ်၌ သူ့သားနှင့် တစ်တန်း တစ်စားတည်းထားကာ ချစ်ခင်ယုယသဖြင့် မနာလို မရှုဆိတ်ကြသူများက ကိုမောင်ညွှန့်ကို ရာသက်ပန်ကျွန်၊ ရာသက်ပန် သူရင်းငှား ဟူ၍ပင် ခေါ်ဝေါ် သမုတ်ကြသည်။

မည်သူများက မည်သို့ပင် ပြောဆို သမုတ်ကြစေခါမူ၊ ကိုမောင်ညွှန့် ကလည်း ဦးအိုက်မွန်အပေါ် မွေးသဖခင် မဟုတ်စေခါမူ ကျွေးသဖခင် ဟူသော အသိဖြင့် ဦးအိုက်မွန် တာဝန်ပေးသမျှကို ကျေပွန်စွာ လုပ်ကိုင်လျက် ရှိသည်။

ကြည့်ပါဦး၊ ဦးအိုက်မွန်က လယ်ထဲ တဲထိုး၍ မအိပ်ရန် တားမြစ်သည် ကိုပင် ဦးအိုက်မွန် မရှိခိုက် လယ်ထဲ တဲထိုးဖြစ်အောင် ထိုး၍ လယ်စောင့်ရင်း အိပ်သည်။

သည်ကိစ္စကို ဦးအိုက်မွန် သိသောအခါ ကိုမောင်ညွှန့်ကို ဆူသည်။

ဒါပေမင့်လည်း ကိုမောင်ညွှန့်၏ စေတနာနှင့် စိတ်ထားကို နားလည် ထားပြီးဖြစ်သော ဦးအိုက်မွန်သည် ကိုမောင်ညွှန့်ကို သူ၏သား မောင်ညိမ်နှင့် တန်းတူထား၍ အခွင့်အရေးပေးခြင်း ဖြစ်သည်။

ထို့ကြောင့်မို့ မောင်ညိမ်သည် ကိုမောင်ညွှန့်အပေါ် မည်သို့ပင် စိတ်ကွက် မိပေမင့် ကာယကံမြောက် အန်တုဖက်ပြိုင်ရန် မဝံ့ရဲလေချေ။

ကိုမောင်ညွှန့် လယ်တဲ အပြင်ဘက်သို့ ရောက်သွားသည်နှင့် တစ်ပြိုင်နက် မောင်ညိမ်သည် ခေါင်းမြီးခြုံထားသော စောင်ကို ခေါင်းဖော်လိုက်ပြီး တဲခေါင်မိုး ကိုသာ စေ့စေ့ကြည့်နေသည်။

တဲပေါ်တွင် မိုးထားသော ရုံးရွက်များသည် တဖြည်းဖြည်း မှုန်ဝါး လာကာ သူနှင့်ကိုမောင်ညွှန့် ကျွဲရိုင်း လိုက်ဖမ်းကြစဉ်က အဖြစ်အပျက် ပန်းချီ ကားချပ်များ တရေးရေး ပေါ်လာလေတော့သည်။

# အခန်း ၄

မောင်ညိမ်သည် စောင်ခြုံ၍ ကွေးနေပေမင့်လည်း အိပ်၍ကား မပျော်။ သူ့မျက်လုံး မှိတ်ထားပေမင့်လည်း ပရှိဝီနှင့် စတင်တွေ့ဆုံကြပုံကို တရေးရေး မြင်ယောင်နေမိလေသည်။

ပရှိဝီတို့မိသားစု သူတို့ရွာသို့ စတင်ပြောင်းရွှေ့လာစဉ်အခါက ပရှိဝီသည် အပျိုဖော်ဝင်စ အသက်ဆယ့်သုံးလေးနှစ် အရွယ်သာရှိသေးသည်။ ထိုစဉ်အခါကဆိုလျှင် မောင်ညိမ်သည်လည်း ကိုရင်ဘဝဖြင့် ဘုန်းကြီးကျောင်းတွင် နေထိုင်နေရသေးသော ကာလဖြစ်သည်။

တန်ကွန်နာဂတွေ သူတို့ရွာသို့ ပြောင်းလာပြီ ဟူသော သတင်းကို နံနက်တိုင်း ကျောင်းသို့ လာရောက်ဆွမ်းပို့ကြသော သူများထံမှတစ်ဆင့် ကြားလိုက်ရသဖြင့် မောင်ညိမ်က မနေနိုင်မထိုင်နိုင် ဖြစ်ခဲ့သည်။

'သူတို့ ဘယ်က ပြောင်းလာကြတာတဲ့ လဲ'

မောင်ညိမ်သည် သူတို့ရွာတွင် လာရောက်နေထိုင်ကြမည် ဆိုသော တန်ကွန်နာဂ အမျိုးသားများ အကြောင်းကို စိတ်ဝင်စားစွာဖြင့် ဆွမ်းပို့လာသူ တစ်ဦးကို မေးလိုက်သည်။

'မောင်းခမ်းရွာ အထက်နားဆီက ပြောင်းလာတာ။ သူတို့က ဒီလိုပါပဲ၊ ပထမဆုံး သူတို့နေတာက နန်းမောင်ခမ်းမှာ။ ပြီးတော့ စကုစွယ် ဆိုတဲ့နေရာကို တစ်ခါ ပြောင်းခဲ့ကြတယ်။ နောက်ပြီး မောင်းခမ်းရွာကို ပြောင်းကြပြန်ရော၊ ခုတော့ တို့ ဖာဖုတ်ရွာကို ပြောင်းလာပြန်ပြီ။ သူတို့ နာဂတွေကတော့ ရွာပြောင်းတဲ့အလေ့ကြီး စွဲနေပြီလေ'

ဆွမ်းပို့လာသူက ရှင်းပြသဖြင့် မောင်ညိမ်သည် သူတို့ရွာတွင် မှီခို နေကြမည့် လူမျိုးသစ်များဖြစ်ကြသော တန်ကွန်နာဂများအား မြင်တွေ့လိုစိတ် တဖွားဖွား ဖြစ်လာသည်။

နံနက်ဆွမ်းစားပြီး စာအံပြီးချိန်တွင် မောင်ညိမ်သည် ကျောင်းတွင် မနေနိုင်တော့။ သူတို့ရွာဆီသို့ ပြောင်းရွှေ့လာကြသော သူများကို ကြည့်ရှု ရန် ဘုန်းကြီးကို ခွင့်မပန်ဘဲ ရွာထဲသို့ လာခဲ့သည်။

အိမ်ထောင်ဦးရေ နှစ်ဆယ်ကျော်ခန့် ရှိမည်ဖြစ်သော တန်ကွန်နာဂ အမျိုးသား၊ အမျိုးသမီးများနှင့် ဘုစုခရု ကလေးသူငယ်များနှင့် သက်ကြီးရွယ်အို များသည် မောင်ညိမ်တို့ အိမ်ဘေးရှိ ဇရပ်ပေါ်တွင် ငါးပိသိပ် ငါးချဉ်သိပ်နှင့် စခန်းချနေကြသည်။

မောင်ညိမ်သည် သင်္ကန်းဝတ်ကြီးနှင့် ထိုဇရပ်ပေါ် ရှိသူများကို တစ်နာရီနီးပါးမျှ အားပါးတရ ကြည့်ပြီး သူတို့အိမ်ဘက်ဆီသို့ လာခဲ့သည်။

မောင်ညိမ် အိမ်ပေါ်သို့ တက်သွားသည်နှင့်တစ်ပြိုင်နက် သူ့မိခင်က အိမ်ဦးခန်းတွင် သင်ဖြူးဖျာခင်း၍ 'ကိုရင် ကြွပါ'ဟု ဖိတ်ကြားသည်။

အိမ်ဦးခန်းပေါ်တွင် ထိုင်မိပြီးသော ကိုရင်မောင်ညိမ်သည် ဆရာတော် သင်ကြားထားသည့်အတိုင်း စက္ခုန္ဒြေ မချနိုင်တော့။ ကိုရင်မောင်ညိမ်၏ မျက်လုံး အစုံတို့သည် သူ့ဖခင် သူကြီးဦးအိုက်မွန်၏ စကားဝိုင်းတွင်သာ မျက်လုံးရောက် နေလေသည်။

ဦးအိုက်မွန်သည် ရွာ၏ ခေါင်းဆောင်လည်းဖြစ်၊ ရွာသူကြီးလည်း ဖြစ်သဖြင့် သူ၏ကျေးရွာ ပိုင်နက်ထဲ၌ ထိုတန်ကွန်နာဂလူမျိုးစုများကို ထားသင့် မထားသင့်၊ ရွာသစ်တည်ထောင်ခွင့် ပြုသင့် မပြုသင့်ကို သူ၏ ကျေးရွာလူကြီး များနှင့် ရှမ်းဘာသာစကားဖြင့် ဆွေးနွေးလျက် ရှိသည်။

ရွာပြောင်းလာသော တန်ကွန်နာဂ ခေါင်းဆောင်ကမူ ရှမ်းဘာသာ စကားကို နားမလည်ရှာသဖြင့် ဦးအိုက်မွန်နှင့် ကျေးရွာလူကြီးများ၏ မျက်နှာ ကို တစ်လှည့်စီ ကြည့်နေသည်။

ထိုတန်ကွန်နာဂ ခေါင်းဆောင်ကြီး၏ အနားတွင်မူ ဖြူဖွေးသောအသား၊ နီထွေးသောပါးပြင်ပိုင်ရှင် အသက်ဆယ့်သုံးနှစ်အရွယ် နာဂမယ်လေးကလည်း ကျုံ့ကျုံ့ထိုင်လျက် ရှိသည်။

နာဂမယ်ကလေးသည် သူတို့လူမျိုး၏ စရိုက်ဘာဝအတိုင်း ခါးစည်းလုံချည်လေး ပတ်ထားရုံမျှအပ အပေါ်အင်္ကျီ ဗလာနတ္ထိဖြင့် ဖွံ့ထွားစ သားမြတ်ကလေးကို မိမွေးတိုင်း ဖမွေးတိုင်း အထင်းသား မြင်နေရသဖြင့် ကိုရင်မောင်ညိမ်၏ မျက်လုံးအစုံတို့သည် ထိုနေရာ၌သာ အာရုံကျက်စားနေတော့သည်။

ဦးအိုက်မွန်သည် ရွာသူကြီးဆိုပေမင့်လည်း သူထင်ရာ သူ့သဘောနှင့် လုပ်တတ်သူ မဟုတ်သဖြင့် သူ့ရွာလူကြီးများနှင့် အစစအရာရာ ညှိနှိုင်းတတ်သူ ဖြစ်သဖြင့်လည်း သူတို့၏ စကားဝိုင်းမှာ ကြာရှည်လှသည်။

အချို့သော ရွာလူကြီးများကလည်း ဖာဖုတ်ရွာ၏ နယ်နိမိတ်အတွင်း နာဂများကို မထားချင်ကြ။ အဘယ့်ကြောင့်ဆိုသော် တန်ကွန်နာဂတို့သည် လယ်ယာလုပ်ငန်းကို လုပ်ကိုင်တတ်သူများ မဟုတ်ကြဘဲ တောင်ယာလုပ်ငန်းသာ လုပ်ကိုင်တတ်ကြသူများ ဖြစ်သည်။

တောင်ယာလုပ်ငန်း လုပ်ကိုင်သည် ဆိုရာ၌လည်း သစ်တောများ ခုတ်ထွင်ပြီး မီးရှို့၊ စူးထိုးစိုက်ပျိုးသဖြင့် ဖာဖုတ်ရွာသူရွာသားများ မှီခိုအားထားနေသော သစ်တောထွက် ပစ္စည်းဖြစ်သည့် ကြိမ်၊ သစ်၊ ဝါး စသည်တို့ ပြုန်းတီးသည်။

ဤကိစ္စနှင့် ပတ်သက်၍ အချို့သော ရွာလူကြီးများကလည်း ဘာပဲဖြစ်ဖြစ် လူလူချင်း ငဲ့ညှာသောအားဖြင့် ရွာပြောင်းလာကြသူများအား သည်ရွာနယ်နိမိတ်အတွင်း နေရာချထားချင်ကြသည်။

ထိုဆွေးနွေးပွဲ မပြီးမချင်း ကိုရင်မောင်ညိမ်၏ မျက်လုံးအစုံတို့သည် ပရိုဝီထံသို့သာ လွှမ်းခြုံထားလေသည်။

နောက်ဆုံး၌ ထိုရွာတွင် တန်ကွန်နာဂများအား နေထိုင်ခွင့်ပြုရန် ဆုံးဖြတ်လိုက်သော အခါတွင်မှ ကိုရင်မောင်ညိမ်၏ စိတ်ထဲ ဟင်းခနဲ သက်ပြင်းချလိုက်သည်။

"ငါ သင်္ကန်းငါးဝါ မဝတ်တော့ဘူး၊ ငါ လူထွက်တော့မယ်၊ ဒီကိစ္စ ငါ အဖေ့ကို ဘယ်လိုလုပ်ပြီး ပြောမလဲ"

ရှင်ပြုပြီးစတွင်မူ မောင်ညိမ်သည် အနန္တော အနန္တ ငါးပါးနှင့် ကိုက်ညီအောင် ကိုရင် ငါးဝါဝတ်မည်ဟု အဓိဋ္ဌာန်ပြုခဲ့သော်လည်း ယခု ကိုရင်သုံးဝါ အရ၌ သူတို့ရွာတွင် ရွာသစ်တည်ထောင် နေထိုင်ရာတွင်

ပါလာသည့် ပရိုဝီတည်းဟူသော နာဂမယ် အလှခေါင်ဖူးကလေးကို စတင် တွေ့မြင်ရသည်နှင့် တစ်ပြိုင်နက် သူ့ရည်ရွယ်ချက်များ တစ်မျိုးတစ်ဖုံ ပြောင်းလွဲသွားသည်။

"ဘာပဲဖြစ်ဖြစ် ငါ သက်နိုးဝတ်ရာက လူဝတ်လဲတော့မယ်"

မောင်ညိမ်သည် ဤဆုံးဖြတ်ချက် ချပြီးသည်နှင့် တစ်ပြိုင်နက် သူ၏ အိမ်သားများကိုပင် နှုတ်မဆက်တော့ဘဲ ကျောင်းသို့ ပြန်လာသည်။

ကျောင်းသို့ ရောက်ရောက်ချင်း ကိုမောင်ညွန့်ကို အပူတပြင်း လိုက်ရှာသည်။ ကိုမောင်ညွန့်ကမူ ကျောင်းနောက်ဖေး သရက်ပင်ရိပ်အောက်၌ စာဝါတက်ရန် စာကျက်နေသည်။

မောင်ညိမ်သည် ကိုမောင်ညွန့်ကို တွေ့သည်နှင့် တစ်ပြိုင်နက် စပ်ဖြဲဖြဲ မျက်နှာထားနှင့် ကိုမောင်ညွန့်ကို ခေါ်လိုက်သည်။

'ဗျို့… ဆရာကြီး ကိုမောင်ညွန့်'

ကိုမောင်ညွန့်ကား မထူးသေး၊ မဆုံးသေးသော သူ့စာပိုဒ်ကိုသာ ဆက်၍ဖတ်နေသည်။

'ဗျို့… ဆရာကြီး ကိုမောင်ညွန့်'

ကိုမောင်ညွန့်က သူ ကျက်နေသောစာပိုဒ် ဆုံးသွားမှ ခေါင်းမော်ကြည့်လိုက်သည်။

'ဘာလဲကွ၊ စာဝါလိုက်လို့ မမီမကမ်း ဖြစ်ရတဲ့အထဲ လာပြီး ရှုပ်တယ်'

'လာရှုပ်တာ မဟုတ်ပါဘူးဗျာ၊ အရေးကြီးတဲ့ ကိစ္စလေး ရှိလို့'

မောင်ညိမ်သည် ကိုမောင်ညွန့်ကို မချိမချည် မျက်နှာနှင့် ပြောလိုက်သည်။

'ဘာများ အရေးကြီးတာတုံးကွ၊ မင်းကော စာမကျက်ဘူးလား။ ဒီညနေ စာဝါတက်ရမယ်လေကွာ'

ကိုမောင်ညွန့်က မောင်ညိမ်ကို ပြောပြီး သူ့စာ ထပ်ကျက်ရန် စာအုပ်ဆီသို့ မျက်နှာမူလိုက်သည်။

'ကိုမောင်ညွန့် အဲသလို မလုပ်ပါနဲ့ဦးဗျာ၊ ကျွန်တော် တကယ့်ကို အရေးကြီးတဲ့ကိစ္စ ရှိလို့ပါ'

သည်တချီတော့မူ ကိုရင်မောင်ညိမ်သည် သူ့မျက်နှာ စပ်ဖြဲဖြဲ မထားနိုင်တော့ဘဲ တောင်းပန်ဝပ်လျှိုးသံနှင့် ပြောနေလေသည်။

'ဟေ့၊ စာဝါတက်ဖို့ ကိစ္စကလွဲပြီး တို့များအဖို့ ဘာအရေးကြီးစရာ ရှိသေးသလဲ'

ကိုမောင်ညွှန့်သည် စာအုပ်နှင့်မျက်နှာ အပ်ထားရာမှ ခွာကာ သူ့ဘေးတွင် မတ်တတ်ရပ်နေသည့် မောင်ညိမ်ကို မေးလိုက်သည်။

'အရေးကြီးတယ်ဗျ… ဆရာကိုမောင်ညွှန့်ရဲ့၊ ကျွန်တော် ကနေ့ အထူးအဆန်း တွေ့လာတယ်။ ဒါ့ကြောင့်မို့ ကျွန်တော် သင်္ကန်းငါးဝါ ဝတ်ပါ့မယ် ဆိုပြီး ကျွန်တော့်အဖေကို ပြောခဲ့တာရော၊ ဆရာတော်ကို လျှောက်ခဲ့တာရော ကျွန်တော် ဖျက်ပစ်ချင်တယ်'

'အေးလေ… မင်း သင်္ကန်းဆက်မဝတ်နိုင်လဲ မဝတ်နဲ့ပေါ့၊ ပြီးတော့ မင်းဘာသာမင်း ဆရာတော်ဘုရားကိုရော မင်းအဖေကိုပါ လျှောက်ထားပေါ့ကွ။ ဒါများ အရေးတကြီး လုပ်နေရသေးသလား။ သွားစမ်းကွာ၊ ငါ စာကျက်ပျက်တယ်'

ကိုမောင်ညွှန့်သည် မောင်ညိမ်ကို နှင်ထုတ်ရင်း သူစာပြန်ကျက်ရန် ဟန်ပြင်လိုက်သည်။

မောင်ညိမ်ကမူ ကိုမောင်ညွှန့် မည်သို့ နှင်ထုတ်စေခါမူ သူ ရပ်နေသော နေရာမှ တစ်လက်မမျှ မရွေ့လေချေ။

'လုပ်ပါဗျာ ဆရာကိုမောင်ညွှန့်ရယ်၊ ကျွန်တော့်ကို ဒီဘဝ ဒီတစ်ခါ တော့ အကူအညီပေးစမ်းပါ၊ ဆရာတော်ကိုလဲ ကျွန်တော် မလျှောက်ထားရဲဘူးဗျ။ ကျွန်တော့်အဖေကိုလဲ ကျွန်တော်မပြောရဲဘူးဗျ။ ဒါ့ကြောင့်မို့ အဖေ့ကိုရော၊ ဆရာတော်ကိုပါ ကိုမောင်ညွှန့် ပြောပေးစေချင်လို့ပါ'

မောင်ညိမ်က တတွတ်တွတ်ပြောနေသဖြင့် ကိုမောင်ညွှန့်က စာကျက်ရန် ဟန်ပြင်နေရာမှ သက်ပြင်းတစ်ချက်ချလိုက်ပြီး စာအုပ်ကိုပစ်ချလိုက်သည်။

'ရှီး … တော်တော်ရှုပ်တဲ့ အကောင်'

'ဆရာကိုမောင်ညွှန့်ရယ် ကျွန်တော် ရှုပ်တာ မဟုတ်ပါဘူး။ တကယ်တမ်း အရေးကြီးလို့ပါ။ ကျွန်တော် ဒီနေ့ အိမ်ကိုသွားတယ်ဗျ။ ကျွန်တော်တို့ရွာကို ပြောင်းလာကြတယ်ဆိုတဲ့ နာဂအကြီးအကဲရဲ့ သမီးလေးဟာ သိပ်ချောဗျာ။ ကျွန်တော်တော့ သူ့ကို မြင်မြင်ချင်း စိတ်ထဲ ဘယ်လို ဖြစ်သွားမှန်း မသိဘူး။ ကျွန်တော် သင်္ကန်း မဝတ်ချင်တော့ဘူးဗျာ။ ကိုရင် လူထွက်ပြီး မိဘရဲ့ လက်ငုတ် လက်ရင်း လယ်ယာအလုပ်ကိုသာ လုပ်ချင်တယ်'

မောင်ညိမ်သည် ကိုမောင်ညွန့်ကို သနားစဖွယ် တောင်းပန်နေသည်။ တကယ်ဆိုတော့လည်း ကိုမောင်ညွန့်သည် ကျောင်းထိုင်ဆရာတော်ဘုရား၏ သားတပည့်လည်းဖြစ်၊ ကျောင်းသားများ၏ သိုင်းဆရာလည်းဖြစ်ပြီး ရပ်ရွာက လည်း ကြည်ညိုသော ကိုရင်ကြီးဖြစ်သည်။

အမှန်ဆိုရလျှင် ကိုမောင်ညွန့်သည် ကျောင်းနှင့် ရပ်ရွာအပေါ် ခတ်တိုင်း ငန်သောဆား ဖြစ်နေချေသည်။ ရပ်ထဲရွာထဲမှ လူကြီးလူကောင်းများသည် အကြောင်းကိစ္စ တစ်ခုခုရှိ၍ ဆရာတော်ကို လျှောက်ထားချင်ဘိမူ ကိုမောင်ညွန့် ကို ဦးစွာ မေးမြန်းစုံစမ်းရသည်။

အချို့အချို့သော ဒကာ ဒကာမများသည် ဆရာတော် ကျိန်းစက်နေ သည် ဆိုလျှင် ဆရာတော့်အခန်းထဲ ဝင်ပြီး မနှိုးရဲကြ။

သည်တော့လည်း ကိုမောင်ညွန့်ကိုသာ အားထားလျက် အကူအညီ တောင်းကြရသည်။

ထိုအထာကို သိနေသော မောင်ညိမ်သည် သူ ကိုရင်ဘဝမှ လူဝတ် လဲနိုင်ရေး ကိစ္စအတွက် ကိုမောင်ညွန့်ကို အပူတပြင်း အကူအညီတောင်းခြင်း ဖြစ်သည်။

ကိုမောင်ညွန့်သည် ဆရာတော်၏ သားတပည့်လည်းဖြစ်၊ သူ့အား ကိုယ်ခံသိုင်းပညာကို သင်ပေးသော ဆရာလည်းဖြစ်သည် မဟုတ်ပါလား။

'အေးပေါ့ကွာ၊ ငါ… မင်းအဖေကိုလဲ ပြောပေးမယ်၊ ဆရာတော်ကိုလဲ လျှောက်ထားပေးပါ့မယ်ကွာ။ ကိုင်း… ငါ စာဝါတက်နိုင်အောင် စာကျက် ဦးမယ်'

ကိုမောင်ညွန့်သည် သူ့စာသူပြန်ကျက်ရန် ဟန်ပြင်လိုက်ပြန်သည်။

'နေပါဦး ကိုမောင်ညွန့်ရယ်၊ ကျွန်တော် ခင်ဗျားကို ပြောစရာ ရှိလို့ပါ။ အခု ကျွန်တော်တို့ရွာကို ပြောင်းလာကြတဲ့ တန်ကွန်နာဂ အကြီးအကဲရဲ့ သမီးလား၊ တူမလား၊ မြေးမလားတော့ မသိဘူးဗျ။ သူ့ကို မြင်ရတာ ရင်ထဲကို တစ်ခါတည်း အေးသွားတာဘဲ။ ချစ်စရာ ကောင်းလိုက်တာဗျာ။ ကျွန်တော်လေ သူ့ရဲ့အချစ်ကို မဦး ဦးအောင်၊ မရ ရအောင် ကြိုးစားချင်လို့ ကိုရင်ဘဝကနေ လူဝတ်လဲချင်တာ။ ဒါကြောင့်မို့လဲ ဆရာတော်ကိုရော အဖေ့ကိုပါ ကိုမောင်ညွန့် ပြောပေးပါလို့ ကျွန်တော် ပြောတာ။ ကိုမောင်ညွန့်ကြီး တကယ်ပြောပေးမယ် မဟုတ်လားဟင်'

မောင်ညိမ်သည် ကိုမောင်ညွန့် ပေးသော ကတိကို စိတ်မချနိုင်သေးသဖြင့် ထပ်တလဲလဲ ပြောနေပြန်သည်။

'ပြောပေးမယ် ဆိုပါမှပဲကွာ...'

ကိုမောင်ညွန့်က စိတ်မရှည်သံနှင့် ပြန်ပြောပြီး သူ့စာကိုသာ သူ မဲကျက်နေသည်။

'ကိုမောင်ညွန့်၊ ဆရာတော်ဘုရား ခေါ်နေတယ်'

ကျောင်းသားငယ်တစ်ဦးသည် ကိုရင်မောင်ညိမ်နှင့် ကိုမောင်ညွန့်တို့ အချီအချ စကားပြောနေရာသို့ ကမန်းကတန်းလာ၍ခေါ်သဖြင့် ကိုမောင်ညွန့်မှာ ဘုန်းကြီး အမြဲတမ်း နေထိုင်လေ့ရှိသော ကျောင်းခန်းမဆောင်ဆီသို့ အပြေးအလွှား သွားလေသည်။

ကျောင်းခန်းမဆောင်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ဆရာတော်သည် အော်ဟစ်ညည်းညူရင်း ကိုမောင်ညွန့်၏ နာမည်ကို တတွတ်တွတ် ခေါ်နေလေသည်။

'မောင်ညွန့်... မောင်ညွန့်'

'ဘုရား'

ကိုမောင်ညွန့်သည် ဆရာတော်အနီး ကပ်သွားပြီး လက်အုပ်ချီရင်း ထူးလိုက်သည်။ ဆရာတော်သည် သလွန်ထက်ပေါ်မှာ လူးလိမ့်ကာ၊ သူ့ဗိုက်ကို လက်နှစ်ဖက်ဖြင့် စုံနှိပ်ထားကာ ကိုမောင်ညွန့်ကိုသာ အော်ခေါ်နေသည်။

ဆရာတော်သည် အတက်ရောဂါကြီးသူ ဖြစ်သည်။ တစ်လလျှင် တစ်ကြိမ်ကျဆိုသလို (ကျွန်တော်တို့ ဒေသသားများ နာမည်ပေးထားသော ကြွက်တက်အူလိမ်ရောဂါ) ထိုရောဂါ ဖြစ်တတ်သည်။ တစ်ခါတစ်ခါ တက်လာပြီဆိုလျှင် လူသုံးလေးယောက် ဝိုင်းဝန်းနှိပ်နင်း၍လည်း မရလေချေ။

သည်တချီ ဖြစ်လာချိန်တွင် ဆရာတော်အနေနှင့် အတော်ပင် မခံချိဟန် ဖြစ်နေသည်။

'မောင်ညွန့်၊ ဆေးဆရာ ဦးသံကျောက်နဲ့ သူကြီးအိုက်မွန်ကို သွားခေါ်စမ်း'

'တင်ပါ့ဘုရား'

ကိုမောင်ညွန့်သည် ဆရာတော်ကို ပြန်လျှောက်ထားပြီး ဆေးဆရာ

ဦးသံကျောက်အိမ်ဘက်ဆီသို့ သုတ်ခြေတင်လေတော့သည်။ ဆေးဆရာကြီး ဦးသံကျောက်မှာ ဆရာတော်၏ လက်စွဲဆေးဆရာသာမက တစ်ရွာလုံး အားထားရာ ဆေးဆရာဖြစ်သည်။ ဆရာကြီးဦးသံကျောက်သည် နိုင်ငံခြားမှ ဘယဆေးအဟောင်းအနွမ်းများကို ဘယ်သောအခါမှ ဆေးဝါးဖော်စပ်၍ သုံးသူ မဟုတ်။ ထိုဒေသရှိ ဆေးပင်ဝါးပင်များကိုသာ မြေအိုးလေးနှင့်ပြုတ်ကာ လူနာများကို ကုသလေ့ရှိသော ဆေးဆရာဖြစ်သည်။

သို့မို့ကြောင့်လည်း ဆေးဆရာကြီးဦးသံကျောက်ကို နာမည်ကျော် ဗိန္ဓောဆရာကြီးအဖြစ် တစ်နယ်လုံးက အားကိုးအားထားပြုထားခြင်းခံရသော ဆေးဆရာကြီးအဖြစ် တစ်နယ်လုံး ဟိုးဟိုးကျော်နေသူ ဖြစ်သည်။

ဆရာတော်ကလည်း သူ့ဝေဒနာ ထ လာပြီဆိုလျှင် ဆရာကြီး ဦးသံကျောက်ကိုသာ အခေါ်လွှတ်ပြီး ဆရာကြီးဦးသံကျောက်၏ ဆေးဝါး ကိုသာ ဘုဉ်းပေး၍ သက်သာရာ ရယူသည်ချည်းပင် ဖြစ်သည်။

ခါတိုင်းလည်း သည်ရောဂါဝေဒနာ ထလာပြီဆိုလျှင် ကိုမောင်ညွန့် အား ဆရာဦးသံကျောက်ကို အခေါ်ခိုင်းမြဲ ဖြစ်သည်။ သည်တချီတော့မှ ဆရာတော်သည် ဆရာဦးသံကျောက်ကိုသာ မဟုတ်၊ သူကြီးဦးအိုက်မွန်ကိုပါ အခေါ်ခိုင်းသဖြင့် ကိုမောင်ညွန့်၏ စိတ်ထဲတွင် တစ်မျိုးကြီး ခံစားလိုက်ရသည်။

ကိုမောင်ညွန့်သည် ဦးစွာ ဆရာသံကျောက်အိမ်ဆီသို့ သုတ်ခြေတင် သွားသည်။

ဆရာသံကျောက်သည် ပြုတ်ဆေးမြစ်များကို ခုတ်စဉ်းနေရာမှ ဆရာတော် အမိန့်ရှိလိုက်သည် ဆိုသဖြင့် ကမန်းကတန်းပင် ကျောင်းဘက် ဆီသို့ လျှောက်သွားသည်။

ကိုမောင်ညွန့်ကမူ ဆရာသံကျောက်အိမ်မှတစ်ဆင့် သူကြီးဦးအိုက်မွန် အိမ်ဘက်ဆီသို့ လာခဲ့ပြန်သည်။

အမဲလည်ထွက်ရန် သုံးခွေစွပ် တူမီးသေနတ်ကြီးကို ပခုံးပေါ်လွယ်၍ ခြံအပြင်ဘက်သို့ ထွက်လာသော သူကြီးဦးအိုက်မွန်နှင့် ပက်ပင်းတိုးမိလေသည်။

'ဘာကိစ္စလဲဟဲ့ မောင်ညွန့်'

'ဆရာတော် ရောဂါထလာလို့ သူကြီးမင်းကိုပါ အခေါ်ခိုင်းလို့ပါ။ ဆရာကြီးဦးသံကျောက်ကတော့ ကျောင်းကို သွားပြီ'

သူကြီးဦးအိုက်မွန်သည် သူ၏လက်စွဲတော် သုံးခွေစွပ် သေနတ်ကြီးကို ပခုံးမှဖြုတ်ကာ အိမ်ပေါ်တွင် ကွမ်းဝါးနေသော သူကြီးကတော်ကို လှမ်းပေးရင်း ပြောလိုက်သည်။

'ဟဲ့ နန်းပေါ၊ ငါ့သေနတ်ကြီး လှမ်းယူပြီး သူ့နေရာသူ ထားစမ်း။ ငါ့ကို ဆရာတော် အခေါ်လွှတ်လိုက်လို့ ကျောင်းကို သွားလိုက်ဦးမယ်'

သူကြီးကတော်သည် ဦးအိုက်မွန်၏လက်ထဲမှ သေနတ်ကို ပြတင်းဝမှ ဆွဲယူ မ တင်လိုက်ပြီး ဆတ်ချိုတပ်ထားသော လက်ခံတိုင်ပေါ်ရှိ ချိုခွပေါ်သို့ ကန့်လန့်တင်ထားလိုက်သည်။

သူကြီး ဦးအိုက်မွန်နှင့် ကိုမောင်ညွှန့်တို့ ကျောင်းသို့ ပြန်ရောက်ချိန်တွင် ဆရာတော်၏ အခြေအနေ အတော်ပင် ဆိုးနေကြောင်း ဆရာကြီး ဦးသံကျောက်၏ မျက်နှာရိပ် မျက်နှာကဲအရ သိရလေသည်။

'အိုက်မွန်… အိုက်မွန်'

ဆရာတော်သည် မချိမဆံ့ ဝေဒနာခံစားနေရာမှ ထိုင်ပင် မထိုင်ရသေးသော သူကြီးဦးအိုက်မွန်၏ အမည်ကို တကြော်ကြော်ခေါ်နေသည်။

'ဘုရား၊ တပည့်တော် ရောက်ပါပြီ'

'အိုက်မွန်၊ မောင်ညွှန့်ကို နင်ဆက်ပြီး စောင့်ရှောက်၊ ငါ ဒီတစ်ခါ ရောဂါထတာ ခါတိုင်း ရောဂါထတာနဲ့ မတူဘူးဟ။ သည်တစ်ခါ သိပ်ပြီး အနေရကျပ်တယ်။ တကယ်လို့ ငါပျံလွန်သွားရင် မောင်ညွှန့်ကို မင့်အိမ်ကို ခေါ်ထားပြီး မင့်မွေးစားသားအဖြစ် အသိအမှတ်ပြုထား'

ဆရာတော်သည် ပြောရင်းပြောရင်း အမောဆို့လာသည်။ သူကြီးဦးအိုက်မွန်သည် ဆရာတော်ဘုရားကို လက်အုပ်ချီကာ ပြန်လည်လျှောက်ထားလိုက်သည်။

'တင်ပါ့ဘုရား၊ ဆရာတော်ရဲ့ ဆန္ဒအတိုင်း တပည့်တော် ဆောင်ရွက်ပါ့မယ် ဘုရား'

ထို့နောက်ပိုင်းတွင်မူ ဆရာတော်သည် စကားဆက်၍ မပြောနိုင်တော့။ သူ၏ ဝေဒနာက လူ့လောကမှ ဆွဲထုတ်သွားရန် မင်းမူနေလေပြီ။

တစ်ကျောင်းလုံးတွင်ရှိသော ဦးပဉ္ဇင်း၊ ကိုရင်၊ ကျောင်းသားကြီးများ အားလုံး ဆရာတော်၏ ရောဂါဝေဒနာသတင်းကို ကြားသိလိုက်သော တစ်ခဏတွင် ဝိုင်းဝန်းလာကြသည်။

သို့ပေမင့်လည်း ဆရာတော်အနေနှင့် မည်သည့်တပည့်တပန်းကိုမျှ ဆုံးမစကား မပြောနိုင်တော့ဘဲ ဝေဒနာ၏ ရန်အန္တရာယ်နှင့်သာ အပြင်းအထန် ရင်ဆိုင်နေရလေသည်။

ကိုရင်မောင်ညိမ်ကမူ ဆရာတော်၏ခြေရင်းတွင် ကျုံ့ကျုံ့ထိုင်ရင်း တရှုပ်ရှုပ်နှင့် ငိုနေလေသည်။

ဆရာတော်၏ ကျန်းမာရေးအခြေအနေကို တစ်ဆင့်စကား တစ်ဆင့်နား ကြားကြရကုန်သော ရပ်ရွာတွင်းရှိ လူကြီးသူမများကလည်း ဆရာတော်ကျောင်းသို့ စုပြုံရောက်ရှိကာ လာရောက်ပြုစုကြသည်။

ဆရာကြီးဦးသံကျောက် အနေနှင့်လည်း သူ၏ လက်သုံးတော် အစွမ်းထက်လှသော ပြုတ်ဆေးမျိုးစုံဖြင့် ဆရာတော်၏ဝေဒနာ သက်သာရာ သက်သာကြောင်းကို အစွမ်းကုန် ကြိုးစားကုသသည်။

သို့ပေမင့်လည်း ဆရာတော်၏ ဝေဒနာကား သက်သာမလာတော့ဘဲ ထိုနေ့ည သန်းခေါင်ယံအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

ဦးအိုက်မွန်သည် ဆရာတော်၏ ဈာပနကိစ္စ ဆောင်ရွက်သင့်သည်တို့ကို ရပ်သူရွာသားများအား ဆော်ဩဆောင်ရွက်ပြီးနောက် ကိုမောင်ညွှန့်ကို အိမ်သို့ တစ်ပါတည်းခေါ်လာပြီး မွေးစားသားအဖြစ် အသိအမှတ် ပြုလိုက်လေသည်။ တစ်ဖန် ကိုရင်ဝတ်နေသော သူ၏သားရင်း မောင်ညိမ်ကိုလည်း ကိုရင်ဘဝမှ လူဝတ်လဲစေကာ ကျောင်းမှ အပြီးအပိုင် ထွက်လိုက်စေသည်။

မောင်ညိမ်ကမူ သူ၏ဆန္ဒအလိုကို ပြည့်ဝသွားရာ ရောက်သွားသဖြင့် ဝမ်းသာမဆုံးဖြစ်ကာ မိုးမမြင် လေမမြင် ဖြစ်နေလေတော့သည်။

# ၄

## အခန်း ၅

မောင်ညီမ်သည် ကိုမောင်ညွန့်၏ အိပ်ရာထဲတွင် စောင်ခေါင်းမြီးခြုံ ကွေးနေရာမှ ကိုမောင်ညွန့်အကြောင်းရော သူ့အကြောင်းပါ တွေးမိတွေးရာ တွေးနေမိလေသည်။

ကိုမောင်ညွန့် မောင်ညီမ်တို့အိမ် ရောက်ပြီးသည့်နောက် ဦးအိုက်မွန်သည် ကိုမောင်ညွန့်နှင့် ကိုရင်လူထွက်စ မောင်ညီမ်ကိုပါ ခေါ်ယူပြီး ပြောပြသည်။

'ကိုင်း မောင်ညွန့်၊ မင်းကို ဒီကနေ့ကစပြီး ငါ့သားကြီးရယ်လို့ သဘောထားတယ်။ မောင်ညီမ် မတော်တာတွေ တွေ့ရင်လဲ မင်းပဲ ဆုံးမ။ အစစအရာရာ မင့်းတာဝန်ပဲ။ နောင်တစ်နေ့ ငါကွယ်လွန်သွားခဲ့ရင် ငါပိုင်တဲ့ ပစ္စည်းမှန်သမျှ မင်းရယ်၊ မောင်ညီမ်ရယ်၊ နန်းမူရယ် ညီတူညီမျှ အကျိုးခံစားခွင့် ရှိရမယ်။ အဲ အခုအချိန်ကစပြီး ဒီအိမ်ရဲ့ လုပ်ငန်းဆောင်တာ မှန်သမျှ မင်းပဲ ဦးစီးပေတော့'

'ကောင်းပါပြီ အဖေ'

ကိုမောင်ညွန့်သည် သူ၏ ကျေးသဖခင် ဖြစ်လာသော သူကြီးဦးအိုက်မွန်နှင့် သူ့ဇနီးကိုပါ ဦးသုံးကြိမ် ချလိုက်သည်။

စင်စစ်တော့လည်း ငယ်စဉ်တောင်ကျေး ကလေးဘဝမှစ၍ မိဘ၏ ရင်ငွေ့၌ မခိုလှုံရဘဲ ဆရာတော်၏ရင်ငွေ့၌သာ ခိုလှုံခဲ့ရသော ကိုမောင်ညွန့်၏ ရင်ထဲဝယ် တစ်သက်တစ်ခါ မဖြစ်ပေါ်ဖူးသေးသော ပီတိအရှိန်အဟုန်များ

ထွက်ပေါ်လာသဖြင့် မျက်ရည်ပေါက်တို့ပင်လျှင် သူ့မျက်လုံးအိမ်မှ တစ်လုံးချင်း လျှောကျလာပါသည်။

ကိုမောင်ညွန့်သည် ထိုအချိန်မှစ၍ ဦးအိုက်မွန်၏ လယ်ယာလုပ်ငန်း၌ ဦးစီးဦးကိုင်ဖြစ်လာသည်။ ကိုမောင်ညွန့်သည်လည်း ဦးအိုက်မွန်အပေါ် မိဖရင်း သဖွယ် သဘောထားကာ အစစအရာရာ ကြိုးစား လုပ်ကိုင်လာသဖြင့် လယ်ယာ လုပ်ငန်း၌ တတ်ကျွမ်းနားလည်သူတစ်ဦး ဖြစ်လာသည်။

ပြီးတော့လည်း ကိုမောင်ညွန့်သည် လယ်ယာလုပ်ငန်းခွင်ကို အစဉ် တစိုက် လုပ်ကိုင်နိုင်ရေးအတွက် လယ်တဲထဲတွင် အမြဲတမ်းနေထိုင်သည်။

ကြာတော့လည်း ကိုမောင်ညွန့်၏ လုပ်ရည်ကိုင်ရည်ကို မြင်လာကြ သော လယ်ပိုင်ရှင်များအနေနှင့် ကိုမောင်ညွန့်ကို မျက်စိကျလာကြပြီး သူတို့ လယ်ထဲ သူရင်းငှားဝင်လုပ်ရန် မြှူဆွယ်ကြသည်။ ကိုမောင်ညွန့် အနေနှင့်လည်း ဦးအိုက်မွန်အပေါ် မိဘရင်းသဖွယ် သဘောထားပြီး ဖြစ်၍ မည်သူ၏ သွေး ဆောင်မှုကိုမှ နားမယောင်ခဲ့လေချေ။

မိမိတို့ ဆွယ်ခေါ်မှုကို နားမယောင်မှန်း သိလာသော ကိုမောင်ညွန့် အား မရှုဆိတ်ကြသူများက ဦးအိုက်မွန်၏ သံသရာကျွန် ဟူ၍လည်းကောင်း၊ ရာသက်ပန် သူရင်းငှား ဟူ၍လည်းကောင်း စကားတင်းပြောလာကြသည်။

သို့ပေမင့်လည်း ကိုမောင်ညွန့် အနေနှင့် ဂရုလည်း မစိုက်ဘဲ သူ့ လယ်လုပ်ငန်းကိုသာ ဦးစိုက်လုပ်ကိုင်နေလေသည်။

မောင်ညီမိသည် ကိုမောင်ညွန့်အကြောင်းကို ပြန်တွေးရာမှ သူ့ အကြောင်းပါ တရေးရေး ပေါ်လာပြန်သည်။

သူတို့နှစ်ယောက် လယ်လုပ်ငန်း စတင်လုပ်ကိုင်ပြီးနောက် နှစ်နှစ် အကြာတွင်ဖြစ်သည်။ သူတို့၏ ခြံပေါက်ကျွဲရိုင်းကြီးကို ကိုမောင်ညွန့်နှင့်သူ နှစ်ယောက်သား တိုင်ပင်ပြီး လိုက်လံဖမ်းဆီးကြသည်။

စင်စစ်တော့လည်း ထိုကျွဲရိုင်းကြီးကို ဦးအိုက်မွန်အနေနှင့် ဘေးမဲ့ထား ပြီးသား ဖြစ်သည်။ ကိုမောင်ညွန့်နှင့် မောင်ညီမိကမူ သည်ကဲ့သို့ အလဟဿ ဖြစ်နေသော ကျွဲရိုင်းကိုဖမ်းဆီးပြီး လယ်ယာလုပ်ငန်းအတွက် အသုံးချမည်ဟု တိုင်ပင်ကာ ကျွဲရိုင်းကြီးကို လိုက်ဖမ်းကြသည်။

ထိုကာလက မိုးဦးကျစဖြစ်သဖြင့် ဥတ္တရယဉ်စွန်းတန်း၏ မြောက်ဘက် ကျသော ဒေသများတွင် မှိုပင်မျှစ်ပင်များ ပေါများသောကာလ ဖြစ်သည်။

ခြတောင်ပို့များရှိပြီဆိုလျှင် တောင်ပို့မှိုများ အစီအရီပေါက်တတ်ပေသည်။ တစ်နှစ်တွင် တစ်ရာသီသာ စားရသော မှိုများကို ထိုဒေသသားများ အထူးနှစ်ခြိုက်တတ်ကြသဖြင့် တောထဲတောင်ထဲ မှိုရှာထွက်တတ်ကြလေသည်။

ဖာဖုတ်ရွာတွင် အနေအထိုင် အထာကျလာပြီဖြစ်သော ပရီဝီသည် ရှမ်းအမျိုးသမီးတို့၏ ဓလေ့စရိုက် ယဉ်ပါးလာရကား သူကလည်း တစ်ယောက်ထီးတည်း မှိုရှာရန် ရွာမှ ထွက်လာသည်။

ပရီဝီသည် ဖျောက်ဆိပ်ပင်အောက်၌ ရှိနေသော တောင်ပို့တစ်ခုမှ အစီအရီ ပေါက်လျက်ရှိသော တောင်ပို့မှိုများကို တွေ့ရှိသဖြင့် တစ်ယောက်ထီးတည်း လောဘတကြီးနှင့် နှုတ်ယူနေစဉ် ကျွဲရိုင်းဖမ်းရာမှ ပြန်လာသော ကိုမောင်ညွှန့်၊ မောင်ညိမ်တို့နှင့် ပက်ပင်းပါ တိုးမိလေသည်။

မောင်ညိမ်သည် ပရီဝီကို မြင်ကတည်းက စိတ်ညှတ်ခဲ့သူပီပီ ပရီဝီကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ပရီဝီ မှိုကျင်းကိုတွေ့၍ ဝမ်းသာနေ သကဲ့သို့ သူကလည်း ဝမ်းသာသွားသည်။

'ကိုမောင်ညွှန့်၊ ဒီကျွဲကြီးကို ခင်ဗျားတစ်ယောက်တည်း ထိန်းသွားနိုင်မလားဗျ'

မောင်ညိမ်က ကျွဲရှေ့ကြိုးမှနေ၍ဆွဲနေသော ကိုမောင်ညွှန့်ကို လှမ်း၍ မေးလိုက်သည်။

ကျွဲရိုင်းဖမ်းသည်ဆိုရာ၌ လွယ်ကူသောကိစ္စမဟုတ်လေချေ။ ကျွဲရိုင်းကို ဖမ်းမိသည်နှင့် တစ်ပြိုင်နက် အသင့်ယူလာသော နဖားကြိုးကို ချက်ချင်း ထိုးရသည်။ ထို့နောက် နီးရာသစ်ပင်တွင် ချည်နှောင်ထားပြီး ဝါးအရှည်တစ်လုံးကို ခုတ်ယူ၍ ဝါးရင်းဝါးဖျား နဖားဖောက်၍ ကြိုးလျှိုကာ ရှေ့သွင်းလိုက်ရသည်။

ဤကဲ့သို့ လုပ်ရသည်မှာလည်း ကျွဲရိုင်းအနေဖြင့် ရှေ့မှကြိုးဆွဲသူကို လိုက်လံတိုက်ခိုက်တော့မည့် အန္တရာယ်မှ ကာကွယ်နိုင်စိမ့်သောငှာ ပြုလုပ်ခြင်း ဖြစ်သည်။

ကိုမောင်ညွှန့်သည် ဝါးထောက်ဖြင့် ရှေ့ကြိုးကို ကိုင်လာသူဖြစ်သည်။

မောင်ညိမ်ကမူ ရှေ့မှကြိုးဆွဲသူကို ရန်မူမည့်ဘေးမှ ထိန်းချုပ်နိုင်ရန် အတွက် နောက်ကြိုးတစ်ချောင်းနှင့် ထိန်းလာသူ ဖြစ်သည်။

'ဘာပြုလို့ မနိုင်ရမှာလဲကွ'

ကိုမောင်ညွှန့်သည် ကျွဲရိုင်းကို ကြိုးကွင်းပစ်ကာ အမိဖမ်းပြီး နဖားကြိုး ထိုးလာရသူဖြစ်၍ မောပန်းလာသူပီပီ စိတ်တိုတိုနှင့် မောင်ညိမ်၏ အမေးကို ငေါက်ဆတ်ဆတ်နှင့် ဖြေလိုက်သည်။

'နိုင်ရင် ဒီကျွဲကြီး ခင်ဗျားဘာသာ ခင်ဗျား ဆွဲသွား၊ ကျွန်တော် ကိစ္စရှိလို့'

မောင်ညိမ်ကလည်း ကိုမောင်ညွှန့် စိတ်တိုနေသော လေသံကဲ့သို့ ဘုဆတ်ဆတ်နှင့် ပြောရင်း ကျွဲရိုင်း၏ နောက်သိုင်းကြိုးကို လက်မှ လွှတ်လိုက်လေသည်။

ထိုစဉ် နဖားတစ်ချက်စီ ရှေ့နောက် ကြိုးဆွဲခြင်းခံနေရသော ကျွဲရိုင်းသည် ရှေ့မှလူကို မဲ၍ ခတ်သတ်ရန် တအားခဲပြီး ရှေ့သို့ဆောင့်သွားသည်။

သည်ကဲ့သို့ ဖြစ်လာပြန်တော့လည်း မောင်ညိမ်မှာ မနေနိုင်တော့။ သူထိန်းလာခဲ့သော နောက်ကြိုးကို တအားလိုက်၍ ခြေဖြင့် နင်းထားလိုက်သည်။

ကိုမောင်ညွှန့် အနေနှင့်လည်း ကျွဲဆွဲကြိုးကို လျှိုသတ်ထားသော ထောက်ဝါးကြောင့် ကျွဲရိုင်း၏ အကြံအစည်ကို ကာကွယ်နိုင်လိုက်ခြင်း ဖြစ်သည်။

'ခင်ဗျားတစ်ယောက်တည်း ဒီကျွဲကြီးကို မနိုင်ပါဘူး ကိုမောင်ညွှန့်ရာ၊ ဒီတော့ သစ်ပင်တစ်ပင်မှာ ခဏ ချည်ထားကြရအောင်၊ ကျွန်တော် ကိစ္စရှိနေပါတယ်ဆိုမှ ဗျာ'

'ရှီး ... အလုပ်တစ်ခုလုပ်ရင် မင်းကိစ္စချည်းထဲပဲ'

ကိုမောင်ညွှန့်သည် ပြောပြောဆိုဆိုနှင့် နီးရာ လက်ထုတ်ပင်ရင်း၌ ကျွဲချည်ကြိုးအစကို ဆွဲ၍ချည်လိုက်သည်။

'မင်းကိစ္စက ဘာကိစ္စမို့လို့လဲ'

ကြိုးစကို သစ်ပင်တွင် အသေချည်နှောင်ပြီးဖြစ်သော ကိုမောင်ညွှန့်က မောင်ညိမ်ကို လှမ်းမေးလိုက်သည်။

'ဟိုမှာဗျ... ဟိုမှာ ဟိုမှာ...'

'ဘာ ဟိုမှာလဲကွ'

'ပရှိဝီလေဗျာ...'

'ဘာ ပရီဝီလဲ'

'ဩော်… ခက်ပါဘိဗျာ၊ ကျွန်တော်တို့ရွာကို ပြောင်းလာကြတဲ့ တန်ကွန်နာဂ အမျိုးသားတွေရဲ့ အဖုးအညွန့်လေဗျာ၊ ဟိုနားက ဖျောက်ဆိပ်ပင် အောက်မှာ တောင်ပို့မှိုတွေ နှုတ်နေတာ ခင်ဗျား မမြင်မိဘူးလား'

မောင်ညိမ်သည် သူ့ကို ခါးထောက်၍ ကြည့်နေသော ကိုမောင်ညွန့် ကို ရှင်းပြလိုက်သည်။ ကျွဲရိုင်းကြီးကမူ နှစ်ပေါင်းများစွာ နဖားကြိုးနှင့်ရော ချည်ကြိုးပါ ကင်းကွာနေသော သတ္တဝါဖြစ်သဖြင့် တရှူးရှူးနှင့် ဒေါသကြီး နေသည်။

'မြင်တော့ မြင်တာပေါ့ကွ၊ အဲဒါ… တို့ အခု ကျွဲရိုင်းဖမ်းပြီး ပြန်လာ တာနဲ့ မင်းကိစ္စရှိတာနဲ့ ဘာဆိုင်လို့ ကျွဲရိုင်းဆွဲသွားမယ့်အရေး ရပ်ဆိုင်း ခိုင်းထားရတာလဲ'

ကိုမောင်ညွန့်သည် မောင်ညိမ်ကို မကျေမချမ်းနှင့် မေးလိုက်သည်။

'ကျွန်တော်… အဲဒီ နာဂမကလေးကို မြင်မြင်ချင်း စွဲလမ်းတယ် ကိုမောင်ညွန့်ရာ၊ ကျွန်တော် သူ့ဆီသွားပြီး ချစ်ရေးကြိုက်ရေး သွားပြောချင် လို့ပါ'

မောင်ညိမ်သည် ကိုမောင်ညွန့်ကို မျက်နှာ ချိုချိုထားကာ ပြော လိုက်သည်။

'ရှီး … သွားပြောကွာ၊ ငါ စောင့်နေမယ်'

ကိုမောင်ညွန့်သည် မောင်ညိမ်ကို သံပြတ်နှင့်ပြောပြီး သစ်တုံးဆွေး တစ်ခုကိုဆွဲ၍ ထိုင်ချလိုက်ကာ၊ သူ့ခါးကြားထဲတွင် ပါလာသော ဆေးဘူးထဲမှ ဆေးရွက်များကို ထုတ်ကာ ပါးစောင်ထဲသို့ သွတ်ထည့်လိုက်သည်။

ကိုမောင်ညွန့်က သည်ကဲ့သို့ ခွင့်ပြုလိုက်ပြန်တော့လည်း မောင်ညိမ် သည် မှိုရသော မျက်နှာကြီးကဲ့သို့ ဝမ်းသာအားရနှင့် ပရီဝီ မှိုနှုတ်နေရာသို့ တစ်ရှိန်ထိုး သွားလေသည်။

မောင်ညိမ်အနေနှင့် ပရီဝီ၏ဘေးနားတွင် ရောက်သွားပေမင့်လည်း ရဲရဲတင်းတင်း အနားသို့ မကပ်ရဲလေသေးချေ။

'အို… လန့်လိုက်တာ'

ပရီဝီသည် အမှတ်မထင် သူ့ဘေးနားတွင် ရောက်လာသော မောင်ညိမ် ကို မှိုနှုတ်နေရာမှ မော့ကြည့်ရင်း ပြောလိုက်သည်။

'နင်တစ်ယောက်တည်း လာပြီး မှိုနှုတ်နေတာလား'

မောင်ညိမ်သည် လည်ချောင်းထဲ ခြောက်ကပ်နေသော အသံကြီးဖြင့် မေးလိုက်သည်။

'နင်ကော ... ဘာလာလုပ်တာလဲ၊ နင်တို့ ကျွဲရိုင်းဖမ်းလာကြတာ မဟုတ်လား။ သွားပေါ့'

ပရိုဝီသည် မှိုပင်ကလေးများကို နှုတ်နေရာမှ မောင်ညိမ်ကိုမကြည့်ဘဲ ပြောလိုက်သည်။

'အေး... ဟုတ်တယ်၊ ကျွဲရိုင်း လာဖမ်းတာပဲ။ ဒါပေမဲ့ ဒီကျွဲရိုင်းကြီး ကို ခြံထဲအရောက် ဆွဲမသွားနိုင်သေးလောက်အောင် ငါ့စိတ်ထဲ ဖြစ်နေလို့ ကျွဲရိုင်းကို တွေ့ရာသစ်ပင်မှာ ထားခဲ့ပြီး မင်းဆီ လာတာ'

မောင်ညိမ်သည် မှိုထိုင်နှုတ်နေသော ပရိုဝီကို စေ့စေ့ငုံ့ကြည့်ကာ ပြောလိုက်သည်။

ပရိုဝီ၏ ရင်သားအစုံတို့သည် မောင်ညိမ်၏ မျက်လုံးအစုံကို ဖိတ်ခေါ် နေသယောင် ရှိတော့သည်။

'နင့်နာမည် ဘယ်လိုခေါ်သလဲ ဟေ့'

မောင်ညိမ်သည် သူ သိပြီးသားဖြစ်သော အမျိုးသမီး၏ အမည်ကို စကားမရှိ စကားရှာကာ မေးလိုက်သည်။

'ငါ့နာမည်... ပရိုဝီ။

'ကဲ သွားပါတော့၊ နင်နဲ့ နင့်အဖော်တစ်ယောက် ကျွဲဖမ်းလာကြတာ မဟုတ်လား'

ပရိုဝီသည် မောင်ညိမ်ကို လှမ်းမကြည့်ဘဲ ပြောလိုက်သည်။

'အဲ့ဒီ ငါ့ရဲ့အဖော် ဆိုတာ ငါ့ရဲ့ သူငယ်ချင်းလဲ ဖြစ်ပြီးတော့ ငါ့ရဲ့ ဆရာလဲဖြစ်တဲ့ ကိုမောင်ညွန့်ပါ'

'အေးလေ ... နင် ငါမှိုနှုတ်နေတဲ့နေရာ ဘာပြုလို့ လာတာလဲ'

ပရိုဝီသည် ငုံ့၍ မှိုနှုတ်နေရာမှ လှမ်းပြောလိုက်သည်။ ထိုစဉ်ကမူ ပရိုဝီ၏ရင်ထဲတွင် ပူသလို အေးသလို နွေးသလို ခံစားနေရသည်။ ဤအရသာ ကို တစ်သက်တစ်ခါဆိုသလို အစအဦး ခံစားရသဖြင့် ထူးခြားလှဘိခြင်းဟု တတမ်းတတ ဖြစ်ချင်လာသည်။

'နင် သွားတော့ပဲ ...'

ပရိုဝီသည် မောင်ညိမ်ကို သည်မျှလောက်သာ ပြောနိုင်လေသည်။

'ပရိုဝီ၊ ငါ ဘာပြုလို့ နင့်နား လာတယ်ဆိုတာ နင် တကယ် မသိလို့လား'

'ဘာသိရမှာတုံး'

ပရိုဝီကလည်း တုံးတိတိနှင့် ပြောလိုက်သည်။

'နင့်ကို ငါချစ်လို့ ဟ'

မောင်ညိမ်သည် သူ့ရင်ထဲ ကိန်းအောင်းနေသော စကားလုံးများ ပွင့်ထွက်သွားသည်။

'အို...'

ပရိုဝီသည် မှိုပွင့်တစ်ပွင့်ကို စိတ်ရှည်လက်ရှည် နှုတ်နေရာမှ ယောင်ယမ်းပြီး အော်လိုက်သည်။

'ပရိုဝီရယ် နင်တို့သားအဖ တို့ရွာကိုလာနေဖို့ ငါ့အဖေနဲ့ ဆွေးနွေးနေတဲ့အချိန် ငါ ကိုရင်ဝတ်နဲ့ဟယ်၊ အဲဒီအချိန်က စမြင်ကတည်းက ငါ မင်းကို ဘယ်လိုစွဲလမ်းပြီး ဘယ်လိုချစ်မှန်း မသိပါဘူး ဟယ်'

မောင်ညိမ်၏အသံသည် တိုးတိုးပြောရာမှ တစ်စတစ်စကျယ်လာသည်။ မောင်ညိမ့် စိတ်ထဲတွင်လည်း နာဂလူမျိုးစုတို့၏ ဓလေ့အရ သားမြတ်ဖော်ထားသော ပရိုဝီကို ငုံ့ကြည့်ရင်း မချင့်မရဲ ဖြစ်လာဟန်တူသည်။

'ပရိုဝီ...'

'ရှင်...'

မောင်ညိမ်သည် ရှေ့ဆက်ပြောရန် ကြိုးစားသော်လည်း ဘယ်ကဲ့သို့ ဆက်ပြောရမည်ကို စဉ်းစား၍မရတော့သဖြင့် အဆွံ့ကြီးလို ဖြစ်နေလေသည်။

ထိုစဉ်တွင် ကိုမောင်ညွန့်က သူတို့အနားသို့ ရောက်လာပြီး ပရိုဝီနှင့် မောင်ညိမ်တို့ကို တစ်ယောက်တစ်လှည့်စီ အကဲခတ်နေလေသည်။

'ဘယ့်နှယ်လဲ ဟေ့'

ကိုမောင်ညွန့်သည် မောင်ညိမ်ကို မေးလိုက်သည်။ မောင်ညိမ်သည် ကိုမောင်ညွန့်ကို မျက်စိတစ်ဖက်မှိတ်၍ ပြလိုက်သည်။

'ရည်းစားစကား ပြောတာများ ဒါလောက်ကြာရသလားကွ။ ဟေ့ ပရိုဝီ၊

မင်းကို မောင်ညိမ်က ကြိုက်နေသတဲ့ကွာ။ အဲဒီတော့ မင်းကလဲ မောင်ညိမ်ကို ကြိုက်နိုင်ရန် ကြိုက်နိုင်ပါတယ်လို့ ပြောလိုက်ပေါ့ကွ'

ပရိုဝီသည် ကိုမောင်ညွန့်၏ စကားကြောင့် သူ့ခေါင်းကို ပို၍ ငုံ့ထားလိုက်သည်။

'ခေါင်းငုံ့မနေပါနဲ့လေ၊ မင်း မောင်ညိမ်ကို ကြိုက်နိုင်၊ မကြိုက်နိုင် ပြောရုံဟာပဲ'

ကိုမောင်ညွန့်၏ စကားကြောင့် မောင်ညိမ်မှာ ကြောင်အမ်းအမ်း ဖြစ်နေသည်။

'နင်တို့ ငါ့ကို ဘာလာပြောနေကြတာလဲ။ ငါ ရှက်တယ်။ သွား… သွား၊ နင်တို့ သွားကြစမ်း'

ပရိုဝီသည် စိတ်ဆိုးဝမ်းသာ ဖြစ်နေသူပီပီ အော်မိအော်ရာ အော်လိုက်သည်။

'အေး … ငါသိပါတယ်ဟယ်။ ငါရှိနေလို့ နင်တို့ လွတ်လွတ်လပ်လပ် မပြောကြရဘူး ဆိုတာရယ်၊ ပြီးတော့ နင်ပြောချင်တဲ့စကား ပြောမထွက်ဘူး ဆိုတာရယ်။ အေး အေး၊ ပြီးပြတ်အောင် ပြောကြလကွာ။ ငါတော့ ကျွဲကြီး လွတ်သွားမှာ စိုးရိမ်ရသေးတယ်'

ကိုမောင်ညွန့်သည် ပြောပြောဆိုဆိုနှင့် သူ ကျွဲချည်ထားရာဆီသို့ ထွက်သွားပြန်သည်။

သည်တော့မှလည်း မောင်ညိမ်သည် အတင့်ရဲလာကာ ပရိုဝီအနီးသို့ ကပ်ပြီး ထိုင်ချလိုက်သည်။

'ဟင်းနော်…'

ပရိုဝီသည် မောင်ညိမ် သူ့အနားသို့ကပ်၍ လာထိုင်လိုက်သည်နှင့် တစ်ပြိုင်နက် သူ၏လက်ကို မြှောက်လိုက်ပြီး ရန်ပြုရန် ဟန်ပြင်လိုက်သည်။

နာဂမယ်ကလေးတို့သည် အန္တရာယ်တစ်ခုကို ကာကွယ်ရန် သူတို့လက်ကို အလွန်အားထားကြသည်။ အဘယ့်ကြောင့်ဆိုသော် သူတို့လက်တွင် ဝတ်ဆင်ထားသော ကြေးလက်ကောက်ကြီးများဖြင့် လူတစ်ဦးတစ်ယောက်၏ မျက်နှာကိုသော် လည်းကောင်း ရိုက်နှက်လိုက်၍ ချက်ကောင်းမိသွားပါက တစ်ခါတည်း မေ့မြောသွားနိုင်စေလေသည်။

'ငါ နင့်ကို အနှောရာယ်မလုပ်ပါဘူး ပရိုဝီရယ်။ နင့်ကို ငါ ချစ်နေပါတယ်။ နင် ငါ့ကို ချစ်နိုင် မချစ်နိုင် ဆိုတာကို မေးချင်လို့ပါဟာ'

မောင်ညိမ်သည် ပရိုဝီကို တောင်းပန်တိုးလျှိုးသံနှင့် ပြောလိုက်သည်။ သည်လိုဆိုပြန်တော့လည်း ပရိုဝီသည် မောင်ညိမ်ကို မျက်စောင်းတစ်ချက်ခဲလိုက်ကာ သူ ရန်မူရန် ဟန်ပြင်ထားသောလက်ကို ရုပ်သိမ်းလိုက်သည်။

'နင်ပြန်ပါတော့လား။ နင်တို့ဖမ်းလာတဲ့ကျွဲကြီး လွတ်သွားဦးမယ်' ပရိုဝီသည် မောင်ညိမ်၏မျက်နှာကို မကြည့်ဘဲ ပြောလိုက်သည်။

'ကျွဲကြီး လွတ်ချင် လွတ်သွားပါစေ။ မင်းရဲ့အချစ် ငါ့ဝမ်းထဲ၊ ငါ့အသည်းနှလုံးထဲက လွတ်မသွားဖို့ဘဲ အရေးကြီးတယ်။ ဒီမှာ ပရိုဝီရယ်၊ ငါ မင်းကို ချစ်တယ်ဟယ်၊ တကယ်ချစ်လို့ မင်းကို စ မြင်ဖူးကတည်းက ငါ သင်္ကန်းဆက်မဝတ်တော့ဘူးဆိုပြီး ဆုံးဖြတ်ခဲ့တာ။ အဲဒါတွေ မင်းသိမှာ မဟုတ်ဘူး။ ငါမင်းကို မြင်ဖူးတဲ့နေ့ကဆို ဟော ခုတင်ကလာတဲ့ ကိုမောင်ညွန့်ကို သွားပြီး အကူအညီတောင်းတယ်။ တို့များ ချင်းတွင်းရှမ်းတွေရဲ့ ဓလေ့ထုံးစံရှိတယ်။ အနန္တောအနန္တ ငါးပါးကို ရည်ရွယ်ပြီး သင်္ကန်းငါးဝါ ဝတ်ရတယ်'

'အဲဒါ ငါနဲ့ ဘာဆိုင်လို့လဲ'

ပရိုဝီသည် သည်တစ်ချီတော့မှ ပြုံးတော့မည့် မျက်နှာထားကို အတင်းထိန်းချုပ်ကာ မောင်ညိမ်ကို မေးလိုက်သည်။

'ဆိုင်တာပေါ့၊ အများကြီး ဆိုင်တာပေါ့။ မင်းကို ခုလို ချစ်တယ်ဆိုပြီး ပြောချင်လို့။ တို့များရဲ့ထုံးစံက ကိုရင်ဝတ်ကြီးနဲ့ သမီးရည်းစားစကား မပြောရဘူး။ ပြီးတော့ ငါးဝါပြည့်အောင် သင်္ကန်းဝတ်နေရင် မင်းနဲ့ လွဲသွားမှာ စိုးရိမ်လို့'

မောင်ညိမ်သည် ပြောရင်း ပြောရင်း သူ့အသံမှာ တုန်လာသည်။ ပရိုဝီကလည်း မှိုပင်နှင့်သူ့လက် အလွဲလွဲအချော်ချော်ဖြစ်နေရာမှ သူ့ဘေးနား ပို၍ပို၍ ကပ်လာသော မောင်ညိမ်ကို မျက်လုံးလေးစွေကာ ကြည့်လိုက်သည်။

'သွားပါ မောင်ညိမ်ရယ်...'

ပရိုဝီသည် မောင်ညိမ်ကို ပြောလိုက်ပေမယ့်လည်း သူ့စိတ်ထဲက မပါလေချေ။ မောင်ညိမ် သူ့ဘေးနားတွင် ကပ်ရုံမျှမက သူ့အနားသို့ လာရောက်ပူးကပ်စေချင်သော ဆန္ဒက ရင်ထဲမှ ဘွားခနဲ ပေါ်လာသည်။

'ငါမသွားဘူး။ မင်းဆီက ငါ့ကိုချစ်ပါတယ် ဆိုတဲ့စကား မင့်း နှုတ်ဖျား က မထွက်မချင်း ငါ မသွားဘူး'

မောင်ညိမ်ကလည်း ဣန္ဒြေပျက်လာသော ပရိုဝီ၏ အရိပ်အကဲကို ရိပ်စားမိလာသဖြင့် တစ်စ တစ်စနှင့် အတင့်ရဲလာကာ ပရိုဝီ၏လက်ကို လှမ်းဆွဲလိုက်သည်။

'အို… မလုပ်ပါနဲ့ ဆိုမှ'

ပရိုဝီသည် သူ့နှုတ်ဖျားမှ သည်စကား ထွက်သွားပေမဲ့လည်း မောင်ညိမ် ဆွဲကိုင်ထားသော သူ့လက်ကို ပြန်လည်ဆွဲရုန်းခြင်းလည်း မရှိလေချေ။

'ကိုင်း… ပြောလေ၊ ငါ့ကို ချစ်နိုင်ရဲ့လား လို့'

ပရိုဝီသည် မောင်ညိမ်၏ အမေးကိုလည်းမဖြေ၊ မောင်ညိမ်လက်တွင်း သို့ ရောက်နေသော သူ့လက်ကိုလည်း ပြန်လည်ရုန်းကန်ခြင်းလည်း မပြု၊ စကားပြောရန်လည်း မတတ်စွမ်းနိုင်သလို ဖြစ်နေသည်။

'ပြောလေ… ငါမေးတာ မပြောရင် မင်းရဲ့လက်ကို ငါမလွှတ်ဘူး'

မောင်ညိမ် အငမ်းမရ မေးနေပေမင့်လည်း ပရိုဝီက အဖြေမပေးနိုင် လောက်အောင်ပင် သူ့ရင်ထဲ လှုပ်ရှားနေသည်။

'ပြောလေ… ပြောပါ ဆိုမှ'

'ငါ ဘာပြောရမလဲ မောင်ညိမ်ရယ်'

သည်တစ်ချီကျတော့မှ ပရိုဝီက ဖျစ်ညှစ်ပြီး ပြောလိုက်သည်။

'နင် မပြော ပြောအောင်တော့ ငါ လုပ်ရလိမ့်မယ်'

မောင်ညိမ်သည် ပြောပြောဆိုဆိုနှင့် ပရိုဝီ၏ တစ်ကိုယ်လုံးကို သိမ်းကျုံး ဆွဲယူ ပွေ့ပိုက်လိုက်သည်။

'မောင်ညိမ်… မောင်ညိမ်၊ မလုပ်နဲ့နော်'

မောင်ညိမ်၏ ရင်ခွင်ထဲရောက်နေသော ပရိုဝီသည် ပါးစပ်က ပြောနေ ပေမင့်လည်း မောင်ညိမ့်ရင်ခွင်ထဲ အလိုက်သင့် ဖြစ်စေရန် သူ့ ကိုယ်အနေ အထားကိုပင် ပြင်ပေးလိုက်ချေသေးသည်။

စိတ်ထိန်းရန် မစွမ်းသာတော့သော မောင်ညိမ်သည် သူ့မျက်နှာ အောက်သို့ မော့မော့လေးနှင့် ဖြူဖွေးဝင်းပစွာ မျက်လုံးစုံမှိတ်နေသော ပရိုဝီ၏ နီရောင်သမ်းနေသည့် ပါးပြင်နှစ်ဖက်လုံးကို ဘယ်ပြောင်းညာပြန် နမ်းရှုပ် လိုက်လေသည်။

ဘဝတစ်လျှောက်လုံး သည်အသက်သည်အရွယ်ထိ သည်တစ်ကြိမ်သာ ယောကျာ်းတို့၏ အနမ်းအရှုပ်ကို ခံစားဖူးသော ပရှိဝီသည် စကားလည်း မပြောနိုင်၊ တားမြစ်ရန်လည်း မလိုလား၊ မောင်ညိမ်၏ နှာခေါင်းကြီးသာ သူ့ပါးပြင်ပေါ်သို့ ဆက်ကာဆက်ကာ ကျလာစေရန် သူ့ဝမ်းထဲကျိတ်၍ တမ်းတ နေသည်။

မောင်ညိမ်သည် သူ့ရင်ခွင်တွင် အလိုက်သင့်ရောက်နေသော ပရှိဝီ၏ ပါးပြင်ကို အားပါးတရ နမ်းရှုပ်ပြီးသွားသည့်တိုင် သူ့ရင်ထဲက အားမရသေး။ ပရှိဝီ၏ နှုတ်ဖျားမှ သူ့ကို ချစ်ပါသည်ဟူသော ကတိစကား မကြားရသေး သဖြင့် သူ့ရင်ထဲ မပြည့်မစုံ ဖြစ်နေသည်။

'ပြောလေ ပရှိဝီ၊ ငါ မင်းကို မေးနေတယ်လေ၊ ပြောစမ်း··· မင်း ငါ့ကို ချစ်ရဲ့လားလို့'

မောင်ညိမ် အငမ်းမရ မေးနေသလောက် ပရှိဝီကမူ သူ၏မျက်လုံးကို တအားမှိတ်ထားပြီး မောင်ညိမ့်ကိုယ်လုံးကို လွတ်ထွက်သွားမည်ကို စိုးရိမ်ဘိ သို့ တအားဖက်ထားမိသည်။

'ပြောလေ··· ငါမေးတာ ပြောစမ်း'

မောင်ညိမ်သည် သူ၏ရင်ထဲ ဖြစ်ပေါ်နေသော စိတ်ကို မထိန်းနိုင် မသိမ်းနိုင်ဖြင့် ပရှိဝီကို ဖျစ်ညှစ်ဆုပ်နယ်ကာ မေးလိုက်သည်။

သို့ပေမင့်လည်း ပရှိဝီက မောင်ညိမ်၏ အမေးကို အဖြေမပေးလေသေး။

'ဟော့ကောင် သွားကြစို့ကွာ'

နောက်တစ်ပြန် ပြန်ကျော့လာကာ ကိုမောင်ညွန့်၏ အသံကြားတော့မှ မောင်ညိမ်၏ ရင်ခွင်ထဲ အခွံသား ရောက်နေသော ပရှိဝီက လူးလွန့်လာသည်။

'လွှတ် လွှတ်၊ ငါ ပြန်မယ်···'

ပရှိဝီသည် ယခုမှ ရှက်ရမှန်း သတိရလာသည်။

'မလွှတ်ဘူး၊ နင် ငါမေးတာပြော၊ ငါ့ကို ချစ်တယ်ဆိုတာပြော···'

'အေး··· ချစ်တယ်၊ ကိုင်း လွှတ်'

ပရှိဝီ၏ အဖြေစကားကို ကြားလိုက်ရသောအခါ မောင်ညိမ်သည် ပရှိဝီကို ရုတ်တရက် မလွှတ်သေးဘဲ ပရှိဝီ၏ပါးပြင်ကို ဘယ်ပြန်ညာပြန် မွှေးလိုက်သည်။

'ကိုင်း… တို့နှစ်ယောက် ချစ်ကြတဲ့ကိစ္စ ဟောဒီဖျောက်ဆိပ်ပင်ကြီးကို တိုင်တည်ထားရအောင်'

မောင်ညိမ်သည် ပရိုဝီကို နမ်းရှုပ်အားရတော့မှ တစ်နှစ်လျှင် တစ်ကြိမ်သာ ကြွတ္တိကာနက္ခတ် မွန်းတည့်ချိန်မှ ချက်ချင်း ပွင့်၊ ချက်ချင်း သီး၊ ချက်ချင်း ကြွေကျသော ထူးခြားသည့် ဖျောက်ဆိပ်ပင်ကို သတိရလာ၍ ပြောလိုက်သည်။

'အေး…'

ပရိုဝီသည် မောင်ညိမ် အဖော်ညှိလိုက်သော စကားကို အားပါးတရနှင့် သဘောတူလိုက်သည်။

'ကိုင်း လာ၊ ဒီအပင်ရင်းက မြေကို တို့ ခြေစုံနင်းပြီး သစ္စာဆိုကြရအောင်'

မောင်ညိမ် ပြောလိုက်သည့်အတိုင်း ပရိုဝီကလည်း လိုက်လိုက်လျောလျောပင် လုပ်သည်။

'ငါဆိုတာ လိုက်ဆို'

'အေးလေ၊ ဆိုပါမယ်'

'ကျွန်တော် ကျွန်မတို့နှစ်ယောက်သည် ယနေ့မှစ၍ ချစ်သစ္စာပြုကြပါသည်။ အကယ်၍ တစ်ယောက်ယောက်က တစ်ယောက်ယောက်အပေါ် သစ္စာဖောက်ခဲ့သော် ဤဖျောက်ဆိပ်ပင်မှ အသီးအပွင့်များ ကြွေကျသကဲ့သို့ ချက်ချင်း ကြွေကျပါစေသား …'

မောင်ညိမ် တိုင်ပေးသည့်အတိုင်းလည်း ပရိုဝီက လိုက်လံရွတ်ဆိုသည်။ သူတို့နှစ်ဦး ရွတ်ဆိုပြီးသည်နှင့် တစ်ပြိုင်နက် ကိုမောင်ညွန့်၏ အသံက ထွက်ပေါ်လာပြန်သည်။

'ဟေ့ကောင်၊ သွားစို့ကွာ'

'လာပါပြီဗျာ'

မောင်ညိမ်သည် ပရိုဝီ၏ ပါးပြင်ကို တစ်ချက် နမ်းလိုက်ပြီးမှ ကိုမောင်ညွန့် ကျွဲရိုင်းချည်ထားရာ နေရာသို့ ထွက်သွားသည်။

ပရိုဝီကမူ မောင်ညိမ် နောက်ဆုံးနမ်းသွားသော သူ့ပါးပြင်ကို လက်ဖဝါးလေးနှင့် ပွတ်ကာ၊ ဖျောက်ဆိပ်ပင်အောက်တွင် မတ်တတ်ရပ်ကာ ကျန်ရစ်လေသည်။

စောင် ခေါင်းမြီးခြုံထားသော မောင်ညိမ်သည် သူ၏ဖြစ်စဉ်များကို တရေးရေး ပြန်လည်တွေးတောကာ သက်ပြင်းရှည်ကြီးတစ်ချက် မှုတ်ထုတ်လိုက်လေသည်။

## အခန်း ၆

မောင်ညိမ်သည် ကိုမောင်ညွန့်၏ အိပ်ရာထဲ ကွေးရင်း တွေးရင်းနှင့် သူ့နောက်ကြောင်းများကိုသာ ပြန်လည်တွေးတောနေလေသည်။

'ဟဲ့၊ နင် လယ်ထဲ မဆင်းဘူးလား'

လယ်တဲအရောက် ထမင်းလိုက်ပို့ရသော အစ်မဖြစ်သူ မနန်းမူက လယ်တဲအပေါက်ဝနားတွင် ထမင်းအုပ် လက်တစ်ဖက်တွင်ဆွဲကာ ကိုမောင်ညွန့် အိပ်ရာထဲ လဲလျောင်းနေသော သူ့မောင်ကို လှမ်းမေးလိုက်သည်။

'ဟုတ်ကဲ့အစ်မ၊ ကျွန်တော် နည်းနည်း နေမကောင်းလို့'

မောင်ညိမ်သည် အိပ်ရာထဲမှ လူးလဲထကာ တဲအဝသို့ ထွက်လာခဲ့သည်။

'နင် ဘာဖြစ်တာလဲ မောင်ညိမ်၊ နင့်မျက်နှာ ကြည့်ရတာလဲ တစ်မျိုးချည်းပဲ။ ပြီးတော့ ပရိုဝီတို့အိမ်ကို ရောက်ပြန်တော့လဲ ထမင်းချက်ရင်း မျက်ရည်တရွဲရွဲနဲ့။ နင်တို့နှစ်ယောက် ဘယ်လိုများ ဖြစ်ကြသလဲဟယ်'

မနန်းမူသည် မောင်ညိမ်၏ အမူအရာ ထူးခြားပုံကို ကြည့်ရှု အကဲခတ်ရင်း မေးလိုက်သည်။

'ဘာမှ မဖြစ်ပါဘူး အစ်မရာ'

မောင်ညိမ်သည် ကိုမောင်ညွန့် အိပ်ရာထဲမှ လူးလဲ ထ ကာ ထမင်းလိုက်ပို့သော သူ့အစ်မ မနန်းမူကို ပြောလိုက်လေသည်။

'မင်းတို့ မဟုတ်သေးပါဘူး။ မင်းနဲ့ ပရိုဝီတို့ တစ်ခုခုတော့ဖြစ်ပြီထင်တယ်။ ပြီးတော့ ကိုမောင်ညွန့်ကော'

'ကိုမောင်ညွန့် လယ်ထဲဆင်းသွားပြီး အစ်မ'

မနန်းမူသည် ကိုမောင်ညွန့် လယ်တဲထဲ မရှိသည်မှာ လယ်ထဲဆင်း၍ အလုပ်လုပ်နေပြီဖြစ်ကြောင်း သိလျက်နှင့် မေးလိုက်သည်။

'နင်ကတော့ဟယ်၊ အဲသလိုသာ လယ်ထဲမဆင်းချင်ရင် အိမ်မှာပဲ နေပါလား။ ဘာပြုလို့ ဒီမှာ လာအိပ်နေသေးတာတုံး။ တော်နေ တို့များ ထမင်းစားပြီးရင် လယ်ထဲ ဆင်းလာကြတော့မယ်။ နင် မရှက်ဘူးလား မောင်ညိမ်'

မနန်းမူသည် သူ့မောင်ကို စေ့စေ့ကြည့်၍ပြောလိုက်သည်။ မနန်းမူ ပြောလိုက်သည့် "နင်မရှက်ဘူးလား" ဆိုသော စကားအဓိပ္ပာယ်မှာ အလွန်ပင် ကျယ်ဝန်းလှသည်။

ချင်းတွင်းမြစ်ဝှမ်းရှိ ရှမ်းလူမျိုးများသည် အလုပ်အကိုင်ကို ဂရုမစိုက်ဟုဆိုလျှင် အလွန်ပင် မျက်နှာငယ်လှသည်။ ရပ်ထဲရွာထဲမှ လူများကလည်း ထိုလိုလူများကို ဆေးဖော်ကြောဖက် မလုပ်ကြ။

ချင်းတွင်းရှမ်းတို့၏ အလေ့အထ တစ်ခုကလည်း ရှိသည်။ သတို့သမီးနှင့် သတို့သားတို့ လက်ထပ်ရန် စေ့စပ်ကြောင်းလမ်းတော့မည် ဆိုလျှင် သတို့သား၏ ဖခင်ကသော်လည်းကောင်း၊ မိခင်လောင်းကသော်လည်းကောင်း မိမိတို့သား အိမ်ထောင်ဘက်အဖြစ် လျာထားသည့်အမျိုးသမီးအိမ်သို့ ဧည့်သည်အဖြစ်ဖြင့် တစ်ရက်တန်သည်၊ နှစ်ရက်တန်သည် သွားရောက်လည်ပတ်ကာ ချွေးမလောင်း၏ လုပ်ရည်ကိုင်ရည်ကို အကဲခတ်တတ်ကြသည်။

ချွေးမလောင်း အမျိုးသမီးသည် ငရုတ်သီးထောင်းရာတွင် ငရုတ်စေ့ညက် မညက်၊ သူ၏အိမ်အောက်တွင် ထင်းအပြည့်အစုံ ရှိ မရှိ၊ သူတို့၏ သောက်သုံးရေအိုးထဲ ရေအပြည့် ရှိ မရှိ။ ပြီးတော့လည်း လူကြီးသူမရှေ့ သွားလာရာတွင် ဦးညွတ်၍ သွား မသွား။ နှုတ်လျှာကြမ်းထော်နှင့် စကားပြောတတ် မတတ်။ ဒါတွေကို အားလုံး အကဲခတ်ပြီး ကျေနပ်မှ မိမိတို့၏ ချွေးမလောင်းအဖြစ် ခေလွှထုံးတမ်းအရ တောင်းရမ်းသည်။

တစ်ဖန် အမျိုးသမီးရှင်ကလည်း မိမိတို့၏ သမက်လောင်းသည် နံနက်စောစော ထ မထ၊ လယ်ယာလုပ်ငန်းခွင်သို့ အချိန်မီ ဝင်ရောက်လုပ်ကိုင်မှု ရှိ မရှိ၊ သူရသတ္တိ ရှိ မရှိ။ ဒါတွေကို ကြည့်ရှုအကဲခတ်ပြီးမှ မိမိတို့၏ သမီးနှင့် လာရောက်စေ့စပ် ကြောင်းလမ်းသူကို လက်ခံသည်။

ရပ်ထဲရွာထဲတွင် "သည်လူငယ်ဟာ လယ်လဲမလုပ်ချင်ဘူး၊ အလုပ်လဲပျင်းတယ်" ဟူ၍ တစ်ယောက်စကား တစ်ယောက်နား ကြားသွားလျှင် ထိုလူငယ်အနေနှင့် အိမ်ထောင်ဖက်ရှာရေး မလွယ်ကူတော့သည်သာမက ချောင်းမကောင်းလျှင် မြစ်ဖျားခံရာဒေသကို အပြစ်ဆိုကြဘိသကဲ့သို့ သားပျင်း၊ သမီးပျင်းများကို မွေးထုတ်ထားကြသော မိဘမျိုးရိုးကိုပါ ထိခိုက်ပြီး စကားဆိုတတ်ကြသည်။

ချင်းတွင်းရှမ်းများသည် ဝေသာလီမှဆင်းသက်လာကြသော အဟုန်ရှမ်းများပီပီ အလွန်စည်းကမ်းကြီးကြသည်။ မျိုးရိုး၏ဂုဏ်သိက္ခာ၊ မိဘဆွေမျိုး၏ ဂုဏ်သိက္ခာကို အသက်နှင့်လဲ၍ ကာကွယ်တတ်ကြသည်။

သို့မို့ကြောင့်လည်း မနန်းမူသည် ထမင်းစားပြီး အမျိုးသမီးတစ်သိုက်နှင့် ကောက်ရိတ်ရန် လယ်ထဲဆင်းလာလျှင် ယခုချိန်ထိ အိပ်ရာထဲ လူးလှိမ့်လျက်ရှိသေးသည့် မိမိမောင်ကို လုံမပျို့တို့ ကဲ့ရဲ့မည့်ဘေးအတွက် စိုးရိမ်တကြီးနှင့် ပြောလိုက်ခြင်း ဖြစ်သည်။

'အစ်မရာ၊ အစ်မ မသိပါဘူး။ အသာ နေစမ်းပါ'

မောင်ညိမ်သည် သူ့ကို ငယ်စဉ်ကာလကတည်းက မနိုင့်တနိုင်နှင့် ပွေ့ချီ ထိန်းကျောင်းခဲ့သော သူ့အစ်မကို မပြောစဖူး ပြန်ပြောလိုက်သည်။

အမှန်ဆိုလျှင် ချင်းတွင်းရှမ်းများသည် မိမိတို့ထက် အသက်ကြီးသော အစ်ကို၊ အစ်မများကို ပြန်၍စည်ပြောဆိုသည့် အလေ့အထ မရှိလေချေ။

အစ်ကိုကြီးကို ဖခင်၏ကိုယ်စား သဘောထားသကဲ့သို့ အစ်မကိုလည်း အမေ၏ကိုယ်စား သဘောထားရလေသည်။

'ဟဲ့ … ငါက နင် ဒီနေ့ ထူးဆန်းလွန်းလို့ ပြောနေတာ။ နင် ဘယ်တုန်းက ဒီလို ဒီအချိန်ထိ အိပ်ရာထဲ အိပ်နေဘူးလို့လဲ။ ပြီးတော့ ပရိုဝိကလဲ တို့များရွာ ရောက်လာကတည်းက မျက်ရည်တစ်ပေါက် မကျခဲ့ဘူး။ ခု ငါ နင်တို့အတွက် ထမင်းလာပို့ရင်း ပရိုဝိတို့အိမ် ဝင်လာတော့ ဝက်စာကျိုရင်း တရှုပ်ရှုပ်နဲ့ ငိုနေတာတွေ့တယ်။ ငါမေးတော့ ဘာမှ မပြောဘူး'

အစ်မဖြစ်သူက မောင်ညိမ်ကို သည်ကဲ့သို့ အပ်ကျမပ်ကျ ပြောလိုက်ပြန်တော့လည်း မောင်ညိမ်မှာ မနေသာတော့ဘဲ သူ့အစ်မကို ပြောလိုက်ရသည်။

'အစ်မ မသိသေးဘူးလား'

'ဟဲ့ … နင်နဲ့ပရီဝီ သမီးရည်းစား ဖြစ်နေမှန်းတော့ ငါသိတာပေါ့ ကွယ်။ ဒီ့ထက်လွဲပြီး ငါက ဘာသိရဦးမှာလဲ။ ပြီးတော့ ဒီကိစ္စ ငါသိစရာ အရာလား ဟဲ့'

မနန်းမူ ပြောသည်မှာ အချက်ကျလှသည်။ ချင်းတွင်းရှမ်းတို့သည် ချစ်ရေးချစ်ရာကိစ္စနှင့် ပတ်သက်၍ လွန်စွာ လျှို့ဝှက်သိပ်သည်းကြရသည်။ သားသမီးနှင့် မိဘ၊ မောင်နှင့် နှမတို့သည် အလွန်ရှိသေလေးစားကြရသည်။

အမျိုးသမီးတစ်ယောက်သည် မိမိ၏ မိဘရှေ့၌သော်လည်းကောင်း၊ မောင်ကြီး မောင်ငယ်တို့၏ရှေ့၌ သော်လည်းကောင်း သူစိမ်းတစ်ရံဆံ သက်တူ ရွယ်တူ ယောက်ျားပျိုတစ်ဦးနှင့် မျက်နှာချင်းဆိုင်၍ စကားပြောသူ ဟူ၍ မရှိလေချေ။

'မဟုတ်ဘူး အစ်မ၊ ပရီဝီနဲ့ကျွန်တော်နဲ့ ချစ်ကြတာ အစ်မသိတာက နောက်မှပါ၊ တစ်ရွာလုံးက သိပြီးသားပါ။ အခုကိစ္စက ပရီဝီတို့ ဒီရွာက နေပြီး တောင်ပေါ်ကို ပြန်တက်ကြတော့မယ်'

မောင်ညိမ်သည် သူ့အစ်မကို ခေါင်းငုံ့ထားရင်း ရှင်းပြသည်။

'ဟယ်… အဲဒါ ငါ မသိသေးဘူး'

နန်းမူသည် မောင်ညိမ် ပြောပြလိုက်တော့မှ အထိတ်တလန့်နှင့် ပြန် ပြောသည်။

'အဲဒါကို…'

'အဲဒါကိုဆိုတာ ဘာဖြစ်လို့လဲ'

မောင်ညိမ်၏ နောက်ဆက်တွဲ ဆက်လာသည့် စကားကို မနန်းမူက မေးလိုက်သည်။

'အဲဒါကို ကျွန်တော်က သူ့ကို နေရစ်ခဲ့ဖို့ပြောတော့ သူက ဘာမှ မပြော ဘူးလေ။ ဒါကြောင့်မို့ ကျွန်တော် ပရီဝီကို နေရစ်အောင် ဘယ်လိုများ လုပ်ရ မလဲဆိုပြီး စဉ်းစားနေတာနဲ့ လယ်ထဲ မဆင်းဖြစ်သေးတာ'

'အေး အေး… နင် အဲဒါသာ စိတ်ဝင်စားနေ၊ ကိုယ့်လယ် ကိုယ့်ယာ ကျတော့ ဂရုမစိုက်နဲ့၊ ငါ အဖေ့ကို ပြောလိုက်ရဦးမယ်'

နန်းမူသည် ထမင်းထည့်လာသည့် ချိုင့်ကို တဲထောင့်စွန်းနား သွားချ ထားလျက် စူစူအောင့်အောင့်နှင့် ပြောဆိုရင်း အိမ်သို့ပြန်ရန် တဲပြင်ဘက်သို့ ထွက်လာလေသည်။

'မောင်နုမချင်း ဘာဖြစ်ကြပြန်ပြီလဲ ဟေ့'

လယ်ထဲမှ လယ်တဲဆီသို့ ပြန်လာသော ကိုမောင်ညွှန့်သည် မကွဲမပြား ကြားလိုက်ရသော မောင်နုမနုစ်ယောက် စကားသံကြောင့် လယ်တဲပေါက်ဝမှ ထွက်လာသော မနန်းမူကို လှမ်း၍မေးလိုက်သည်။

'ဘာမှ မဟုတ်ပါဘူး၊ လယ်ထဲ ဆင်းချိန်တန်လို့ လယ်ထဲ မဆင်းတာ ပြောတာပါ'

မနန်းမူသည် ကိုမောင်ညွှန့်၏အမေးကို တုံးတိတိလေသံနှင့်ပြောရင်း ရွာဘက်ဆီသို့ ခပ်ဆောင့်ဆောင့်ဟန်ပန်နှင့် ထွက်သွားသည်။

မောင်ညိမ်သည် သူ့အစ်မ၏ နောက်ကျောပြင်ကို တဲပေါက်ဝဆီမှ ခါးထောက်ငေးကြည့်ရင်း ကျန်ရစ်လေသည်။

ကိုမောင်ညွှန့်ကမူ နေရာတကာတွင် စိတ်တိုတတ်လှသော မနန်းမူ၏ အပြုအမူကို သဘောခွေ့သွားဘိသကဲ့သို့ မနန်းမူ၏ နောက်ကျောကို ငေးကြည့်ရင်း ပြုံးနေလေသည်။

'ကိုင်း မောင်ညိမ်၊ နင် ဒီကနေ့ လယ်ထဲ ဆင်းနိုင်ဦးမှာလား၊ တို့လယ် အောက်ကွက်ထဲမှာ တောဝက်တွေ ဝင်စားလို့ လယ်နှစ်ကွက်လောက်တော့ ကုန်သလောက်ပဲဟေ့၊ တို့များ စပါးမြန်မြန်ရိတ်နိုင်မှ တော်ကာကျမယ်'

ကိုမောင်ညွှန့်သည် လယ်တဲပေါက်ဝ၌ ခါးထောက်ကာ မတ်မတ် ရပ်ရင်း တွေနေသော မောင်ညိမ်ကို လှမ်းပြောလိုက်သည်။

'ဝက်စားစား ဘာစားစားဗျာ၊ ကျွန်တော် အလုပ်လုပ်ချင်တဲ့စိတ်ကို မရှိဘူး၊ ခင်ဗျားဘာသာ ခင်ဗျားပဲ ကြည့်လုပ်ပေတော့၊ ကျွန်တော်တော့ ကျွန်တော်တို့အရေး ဘာဆက်လုပ်ရမယ်ဆိုတာ စဉ်းစားရဦးမယ်။ ဒါပြီးမှ ကျွန်တော်တို့ရဲ့အရေး ဆုံးဖြတ်ချက် ချနိုင်မယ်'

မောင်ညိမ်သည် ခါးတွင် ထောက်ထားသော သူ့လက်အစုံကို လျှော့ရဲရဲ ဖြုတ်ချလိုက်ပြီး ကိုမောင်ညွှန့် အိပ်ရာဆီသို့ ပြန်တက်လာသည်။

'အေး အေး… မောင့်သဘော မောင့်သဘောပေါ့လကွာ'

'အစ်မ လာတာမြင်လို့ တဲကို ပြန်လာတာလား'

မောင်ညိမ်သည် ကိုမောင်ညွှန့် အိပ်ရာထဲသို့ သူ့ကိုယ်ကို ပစ်လှဲလိုက်ရင်း မေးလိုက်သည်။

'ရှိုးမှပဲ၊ ငါဝါးဖို့ရာ ဆေးဘူး ပါမသွားလို့ လာပြန်ယူတာကွ'

'ကိုမောင်ညွန့်ကဗျာ၊ ကျွန်တော်က အကောင်းမေးတာပါ'

မောင်ညိမ်က ကိုမောင်ညွန့်၏ စောင်ကို ဆွဲယူပြီး သူ့ကိုယ်ကို ရစ်ပတ်ရင်း ပြောလိုက်သည်။

'မင်း ထမင်းချိုင့်ဆွဲပြီး လယ်ထဲ လိုက်ခဲ့မှာလား'

ကိုမောင်ညွန့်သည် သူ အမြဲတမ်း ဝါးနေကျ လက်သုံးတော် ဝါးဆေးဘူးကို ယူပြီး ဆေးတစ်ငုံ ငုံရင်း သူ့အိပ်ရာထဲ အိပ်နေသော မောင်ညိမ်ကို မေးလိုက်သည်။

'လယ်ထဲလဲ မလိုက်ခဲ့ဘူး၊ ထမင်းချိုင့်လဲ ခင်ဗျားဘာသာ ခင်ဗျားယူသွား၊ ကျွန်တော် ထမင်းစားချင်တဲ့ စိတ်လဲ မရှိဘူး'

မောင်ညိမ်သည် သူ့ကိုယ်တွင် ရစ်ပတ်ထားသော စောင်ကို ခေါင်းမြီးဆွဲခြုံရင်း ကိုမောင်ညွန့်ကို ပြန်ပြောလိုက်သည်။

ကိုမောင်ညွန့်ကလည်း ဘာမှ ဆက်မပြောတော့ဘဲ ထမင်းချိုင့်ကို ဆွဲကာ လယ်ကွက်ဆီ ထွက်လာခဲ့လေသည်။

ထမင်းချိုင့်လက်ဆွဲ၍ လယ်ကွင်းထဲထွက်လာသော ကိုမောင်ညွန့်သည် လယ်ကန်သင်းရိုးပေါ် လျှောက်လာရင်း၊ မောင်ညိမ်၏ ဖြစ်အင်ကို တရေးရေး တွေးတောရင်း ကိုယ်ချင်းစာလာမိသည်။

တကယ်ဆိုတော့လည်း ကိုမောင်ညွန့်အနေဖြင့် ပုထုဇဉ်ပီပီ အချစ်နှင့် ကင်းသူ မဟုတ်ခဲ့။ ဦးအိုက်မွန်၏အိမ်သို့ စတင်ရောက်လာသည့် အချိန်မှ စပြီး သူ့တွင်လည်း အချစ်မီး လောင်မြိုက်ခြင်း ခံခဲ့ရသူ ဖြစ်သည်။

ဦးအိုက်မွန်အိမ်သို့ ပြောင်းရွှေ့လာပြီးသည့်နောက် ဘုန်းကြီးကျောင်းတွင် နေစဉ်ကစပြီး ဆွမ်းပို့လာတိုင်း စိတ်ဝင်စားခဲ့သော နန်းမူနှင့် တစ်အိုးထဲ၊ တစ်အိမ်ထဲ နီးနီးစပ်စပ် လာရောက်နေထိုင်ရသောအခါ အနှစ်နှစ်အလလက သူ့ရင်ထဲ တိတ်တိတ်ပုန်း ကိန်းအောင်းနေခဲ့သော အချစ်စိတ်များ ထိန်းမနိုင်သိမ်းမရ ဖြစ်ခဲ့သည်။

တစ်ဖက်က ပြန်လည်တွေးတောပြန်တော့လည်း ဦးအိုက်မွန်အနေနှင့် မိမိကို သားရင်းသဖွယ် အမွေဆက်ခံရေးပါ အခွင့်အရေး ပေးထားသဖြင့် နန်းမူကို ချစ်ရေးဆိုရန် ခက်သည်။ နန်းမူသည် သူနှင့် ညီတူညီမျှ အမွေစား

အမွေခံ ဖြစ်လာပြန်တော့လည်း မိမိနှင့် မောင်နှမသဖွယ် သဘောထားလာရပြန်သည်။

ဟိုစဉ်ကမူ ကားသော တင်၊ ကျဉ်သော ခါး၊ ထွားသော ရင်နှင့် ရှည်လျားလှသော ဆံထုံးကြီးပေါ်တွင် ဆွမ်းအုပ်တင်ကာ ကျောင်းသို့ ဆွမ်းလာပို့တိုင်း နန်းမူ၏အချစ်ကို ရရှိရေးအတွက် လူကိုယ်တိုင် ပြောရသည်ကတစ်မျိုး၊ ချစ်သဝဏ်လွှာရေး၍ တိတ်တခိုး ဆွမ်းဗန်းထဲ ထည့်ပေးရသည်က တစ်ဖုံနှင့် နန်းမူ၏အချစ်ကို ရခံအောင် ကြိုးစားခဲ့ရသည်မှာ နေ့စဉ်ဝတ္တရား ဖြစ်ခဲ့သည်။

ချင်းတွင်းမြစ်ကမ်း ဝဲယာရှိ ရှမ်းအမျိုးသားများသည် နံနက်အရုဏ်တက်ပြီဆိုလျှင် အရုဏ်ဆွမ်းကို အမျိုးသမီးလေးများက ချက်ပြုတ်ပြီး ကျောင်းသို့ အရောက် သွားပို့ကြသည်။

ကျောင်းတွင် ရှိသော ကိုရင်ကြီး၊ ကျောင်းသားကြီးများက ထိုဆွမ်းအုပ်ကို လက်ခံလဲလှယ်ကြရသည်။

ဖာပုတ်ရွာတစ်ရွာလုံး လာရောက်ဆွမ်းပို့ကြသော လုံမချောတို့၏ ဆွမ်းအုပ်များကို ကိုမောင်ညွန့်က ဦးစီးလဲလှယ်ရသည်။

သည်အထဲတွင် မနန်းမူ၏ ဆွမ်းအုပ်ဆိုလျှင် အခြားကျောင်းသား၊ ကိုရင်များကို လဲလှယ်ခွင့်၊ လက်ကမ်းယူခွင့်ကို ကိုမောင်ညွန့်က ခွင့်မပြုလေချေ။

သူကိုယ်တိုင် လက်လှမ်းယူ လဲလှယ်ပြီး မနန်းမူ၏ ခေါင်းပေါ်သို့ ပြန်တင်ပေးသည်။ သည်ကဲ့သို့ ဆွမ်းအုပ်ပြန်တင်ပေးတိုင်းလည်း မနန်းမူကို တစ်ခွန်းစ၊ နှစ်ခွန်းစ ချစ်ရေးဆိုခဲ့သည်။

ကိုမောင်ညွန့် ချစ်ရေးဆိုသည်ကို မနန်းမူအနေနှင့် ချစ်ရေးဆိုချက်ကို လက်ခံသည်ဟူ၍ ကတိလည်းမပေး၊ ချစ်ရေးဆိုမှုကို လက်မခံပါဟူ၍လည်း မငြင်းပယ်ခဲ့လေချေ။

သည်ကြားထဲ စာဝါကလည်း အမြဲတမ်း လိုက်နေရသဖြင့် ချစ်ရေးကို အချိန်လျှော့ထားကာ စာဝါဘက်ကိုသာ အားသွန်ခွန်စိုက် ကြိုးစားခဲ့သည်။ မကြာခင်ပင် ဆရာတော်ဘုရား ပျံလွန်သွားသဖြင့် ဦးအိုက်မွန်၏ အိမ်သို့ မွေးစားသားအဖြစ် ရောက်လာခဲ့ရပြန်သည်။

ဘဝအခြေအနေ တစ်မျိုးတစ်မည် ပြောင်းလဲလာသော အခါတွင်

သူ့ရင်တွင်းထဲ ကိန်းအောင်းနေသော မနန်းမူအပေါ် ထားရှိသည့် အချစ်စိတ်ဓာတ်ကို တစ်ဖန် မျှိုသိပ်ထားလိုက်ရပြန်သည်။

သည်တုန်းကများဆိုလျှင် ကိုမောင်ညွန့်သည် ညစဉ်လိုလိုပင် အိပ်၍မပျော်ခဲ့။ မနန်းမူ၏အချစ် ရယူရေးအတွက်လည်း မတွေးဘဲ မနေနိုင်။ တွေးလိုက်ပြန်တော့လည်း မိမိဖခင်၏ သမီးကို ပြန်လည် ချစ်ရေးဆိုရန် မသင့်လျော်ဟူသော အသိက သူ့စိတ်ကို လွှမ်းမိုးထားပြန်သည်။

ဖူးစာ ဆိုသည်မှာလည်း ဆန်းကျယ်လှသည်ဟု ဆိုရပေမည်။ တစ်ယောက်၏ ရင်ထဲတွင် သိုဝှက်ထားသော မေတ္တာကို တစ်ယောက်က ဖော်ထုတ်ယူတတ်သည်မှာ ဓမ္မတာပင် ဖြစ်သည်။

ကိုမောင်ညွန့်အနေနှင့် သူ့ရင်ထဲတွင် မရမက ပိတ်ဆို့သိုဝှက်ထားသော အချစ်စို့အညှောက်ကို မနန်းမူက မရမက ထုတ်ယူခဲ့သည်။

ဖာဖုတ်ရွာကလေး၏ တဖက်ကမ်းတွင်ရှိသော ထွက်ဝရွာအလှူပွဲသို့ သွားကြစဉ်က ဖြစ်သည်။ ချင်းတွင်းမြစ်ဘေးတွင် တည်ထောင်ထားသော ကျေးရွာများဖြစ်သဖြင့် တစ်ဖက်ကမ်းမှ တစ်ဖက်ကမ်းသို့ လုံးထွင်းလှေငယ်ကလေးများဖြင့် ကူးသန်း ဆက်သွယ်ကြရသောဒေသ ဖြစ်သည်။

ထွက်ဝရွာ အလှူပွဲတွင် ဖာဖုတ်ရွာသူ လှပျိုဖြူတို့က နန်းမူကို မစောင့်ဘဲ လှေတစ်စင်းဖြင့် ကူးသွားကြသည်။

အလှူပွဲသွားရန် ပြင်ဆင်ပြီးသော နန်းမူသည် လှပျိုဖြူတစ်သိုက်တို့၏ လှေကို မမီလိုက်သဖြင့် ဆူဆူဆောင့်ဆောင့် အောင့်အောင့်နှင့် အိမ်သို့ပြန်လာသည်။

ထိုအချိန်၌ အိမ်တွင် ဦးအိုက်မွန်ရော မောင်ညိမ်ပါ မရှိကြ။ မနန်းမူနှင့် ကိုမောင်ညွန့်သာ ရှိကြသဖြင့် လွတ်လွတ်လပ်လပ်ကြီး ဖြစ်နေသည်။

'ဘာဖြစ်လာတာလဲ နန်းမူ'

ကိုမောင်ညွန့်သည် နှုတ်ခမ်းစူလာသော မနန်းမူကို မရဲတရဲနှင့် မေးလိုက်သည်။

'ဘာဖြစ်ရမှာလဲ၊ ကောင်မတွေက ငါ့တောင် မစောင့်ကြဘူး။ ဟိုဘက်ကမ်း ကူးသွားကြပြီ'

မနန်းမူသည် ကိုမောင်ညွန့်၏အမေးကို ဖြေလိုက်ပြီး အိမ်ခန်းထဲသို့

ဝင်ကာ ဝတ်စား ဆင်ယင်ထားသည့် အဝတ်အစားများကို လဲလှယ်ဟန် ပြင်နေသည်။

'အဲလေ… သူတို့ မင်းကိုမစောင့်ဘဲ သွားကြတော့လဲ ငါလိုက်ပို့မှာပေါ့၊ ကိုင်း ကိုင်း အိမ်တံခါးပိတ်ပြီး ကမ်းနားကို လိုက်လာခဲ့၊ ငါ လိုက်ပို့ပေးမယ်'

ကိုမောင်ညွှန့်သည် မနန်းမူအားပြောပြီး လှော်တက်တစ်ခုဆွဲကာ မြစ်ဆိပ်ဆီသို့ ဆင်းသွားသည်။

သည်တော့လည်း မနန်းမူသည် ဟန်ဆောင်မနေနိုင်တော့ဘဲ အိမ်တံခါး ပိတ်ကာ ကိုမောင်ညွှန့်နောက်သို့ လိုက်သွားသည်။

မြစ်ဆိပ်တွင် လုံးထွင်းလှေငယ်လေးတစ်စင်းကို ကြိုးဖြုတ်ပြီး စောင့်ဆိုင်း နေသော ကိုမောင်ညွှန့်၏ လှေဦးပေါ်သို့ မနန်းမူ လှမ်းတက်လိုက်သည်။

မနန်းမူသည် လှေဦးတွင် ကိုမောင်ညွှန့်နှင့် မျက်နှာချင်းဆိုင်၍ ထိုင်လိုက် သည်။ လှေ ကမ်းမှ ခွာလာသောအခါ ကိုမောင်ညွှန့်က ထွက်ဝရွာဘက်သို့ ဦးတည်လှော်ခတ်လာရင်း ဝင်းပသော မနန်းမူ၏ မျက်နှာကို မဝနိုင် မအီနိုင် လှမ်းကြည့်နေသည်။

'ဟဲ့ ဒါလောက်တောင် ကြည့်ရသလား'

လျှပ်စစ်ဓာတ်ထက် ပြင်းထန်လှသော ကိုမောင်ညွှန့်၏ မျက်လုံးဒဏ် ကို မခံနိုင်လောက်အောင် ရင်ထဲတွင် အေးခနဲ ဖြစ်သွားသော မနန်းမူက မျက်လုံး မစောင်းတစောင်း အကြည့်မျိုးနှင့် လှမ်းပြောလိုက်သည်။

လှမ်းပြောခြင်းခံလိုက်ရသော ကိုမောင်ညွှန့်သည် မနန်းမူကို ဘာမှ ပြန်မပြောနိုင်ဘဲ လှေကိုသာ တအားလှော်နေသည်။ သို့ပေမင့်လည်း သူ၏ မျက်လုံး အစုံတို့ကမူ လှေဦးတွင် ထိုင်နေသော မနန်းမူ၏ တစ်ကိုယ်လုံးကို သိမ်းရုံး လွှမ်းခြုံထားသည်။

'ဘာပြုလို့ ဒါလောက်တောင် ကြည့်ရတာလဲ'

မနန်းမူက ဒုတိယအကြိမ် လှမ်းအော်လိုက်ပြန်သည်။

ကိုမောင်ညွှန့်ကမူ မနန်းမူ၏စကားကို မကြားသလိုနှင့် လှေ ဆက် လှော်ရင်း မနန်းမူကို ကြည့်မြဲ ကြည့်နေလေသည်။

'ငါ စိတ်ညစ်လိုက်တာနော်၊ ဒါလောက်ကြီး ကြည့်တာ'

မနန်းမူက စိတ်ညစ်သလို ဟန်ပန်မျိုးနှင့် ညည်းညူလိုက်သည်။

'ကြည့်ရုံလောက်နဲ့ပဲ ကျေနပ်နေရမယ့် ဘဝမို့ ကြည့်တာပါ'

'ဘာပြောတယ်၊ ဘာပြောတယ်။ ရှင်က နန်းမူကို ရည်းစားရှိနေပြီ ဆိုပြီး ပြောချင်တာလား။ ဘာလဲ၊ နန်းမူတို့က တစ်ယောက်ဆို တစ်ယောက်ပဲ'

မနန်းမူသည် ကိုမောင်ညွန့်ကို သည်တစ်ချီတော့ တကယ်ပင် မျက်စောင်းခဲ၍ ပြောလိုက်သည်။

'နင်ပြောတာ ငါနားမလည်ဘူး နန်းမူ။ ငါကတော့ နင်တို့အိမ်မှာ လာပြီး မှီခိုနေရတဲ့ဘဝ ဆိုတော့ ငါ ဒီလိုပဲ သဘောထားရတော့မှာပေါ့'

'တော်နော် ကိုမောင်ညွန့်၊ ရှင် ကျွန်မကို စကားနာမထိုးနဲ့။ ရှင် တခြားမိန်းမကို ချစ်နေပြီဆိုရင်လဲ ကျွန်မကိုပြော၊ အားမနာနဲ့'

မနန်းမူသည် ငိုသံပါနှင့် လှမ်း၍ ပြောလိုက်ပြန်သည်။ သည်တော့မှလည်း ကိုမောင်ညွန့်သည် ဘုန်းကြီးကျောင်းတွင် နေစဉ်က မနန်းမူကို ချစ်ရေးဆိုခဲ့ရာ "ချစ်ပါသည်" ဟူသော စကားကတိ မရခဲ့ပေမင့်လည်း သူ့ကို မနန်းမူက ချစ်သူတစ်ဦး အနေနှင့် သဘောထားနေကြောင်း သိရတော့သည်။

'ဟယ်··· ငါ ဘယ်မိန်းမမှ ချစ်စရာမရှိပါဘူး နန်းမူရယ်'

'အဲသလို ရှိခဲ့ရင်လဲ နန်းမူရဲ့ကံနဲ့ နန်းမူ ထားလိုက်မှာပဲ။ ဒါပေမဲ့ နန်းမူ မသိအောင်တော့ မလုပ်နဲ့။ ဘာလဲ၊ သူ့ အိမ်ကို ရောက်လာတော့ သူများကတော့ဖြင့် ပျော်လို့'

ကိုမောင်ညွန့်သည် မနန်းမူ၏ သဘောထားကို သိရပြီဖြစ်သဖြင့် ရင်ထဲတွင် ရေနွေးပူ လောင်းချလိုက်သကဲ့သို့ တစ်ကိုယ်လုံး နွေးသွားပြီး ဝမ်းသာမှုက အထွတ်အထိပ် ရောက်သွားသည်။

ထမင်းချိုင့်ဆွဲရင်း လယ်ကန်သင်းပေါ် လျှောက်နေသော ကိုမောင်ညွန့်သည် သူ၏ နောက်ကြောင်းများကို တွေးမိပြန်တော့လည်း ချစ်သူနှင့် ကင်းကွာရတော့မည့် စိတ်ဆင်းရဲခြင်းဒဏ် ပြင်းထန်လှပုံကို လည်းကောင်း၊ ချစ်သူနှင့် နီးစပ်ရမည့်အရေး သိလာသောအခါ မည်သို့မည်ပုံ ဝမ်းသာပုံကို ကိုယ်တိုင် သိရှိခံစားလာရသူ ဖြစ်သဖြင့် မောင်ညိမ်၏ အဖြစ်ကို ကိုယ်ချင်းစာမိလေတော့သည်။

# အခန်း ၇

ကိုမောင်ညွန့်သည် သူ့အဖြစ်ဟောင်းများကို တွေးကာ မောင်ညိမ်ကို သနား လာမိသည်။ မောင်ညိမ်ကို ဘယ်နည်းဘယ်ပုံ ကူညီရမည် ဟူ၍လည်း နည်းလမ်းရှာမိသည်။

တကယ်ဆိုတော့လည်း ကိုမောင်ညွန့်သည် သူ့ရင်ထဲ သိုသိပ်ချိုးနှိမ် ထားသော အချစ်စိတ်ကို မနန်းမူက မရအရ ထုတ်ယူသွားပြီးသည့်နောက်ပိုင်း တွင် သူနှင့်မနန်းမူ တရားဝင် လက်မထပ်ရသေးသည့်ကြား၌ ဦးအိုက်မွန်၏ လယ်ယာလုပ်ငန်းကို သူ ဦးစီးဦးကိုင် လုပ်ပြမည် ဟူသော မာန်စိတ်ဖြင့် လယ်တဲထဲ ပြောင်းရွှေ့နေထိုင်ကာ လယ်ယာလုပ်ငန်းကို အားသွန်ခွန်စိုက် လုပ်ကိုင်လာရာ မနာလို မရှုဆိတ်ကြသူများက သူ့အား သံသရာကျွန် ဟူ၍ လည်းကောင်း၊ ဦးအိုက်မွန်၏ ရာသက်ပန်သူရင်းငှား ဟူ၍လည်းကောင်း ကဲ့ရဲ့ခြင်း ခံရသော ဘဝသို့ပင် ရောက်ခဲ့သည်။

သို့ပေမင့်လည်း တစ်ပါးသူ၏ စကားတင်းဆိုမှုကို ကိုမောင်ညွန့် အနေနှင့် ဂရုမစိုက်ခဲ့။ နောင်သောတစ်နေ့တွင် သူ့အတွက် အမွေအနှစ်ရော မနန်းမူ၏ အမွေအနှစ်ပါ နှစ်ခုစုပေါင်းလိုက်လျှင် ဟူသောအသိ၏ လှုံ့ဆော်မှု ကြောင့်လည်း ဦးအိုက်မွန်၏ လယ်ယာလုပ်ငန်းကို အားသွန်ကြိုးပမ်းခဲ့ခြင်း ဖြစ်သည် မဟုတ်ပါလော။

ဒါတင် မကသေး။ ကိုမောင်ညွန့်သည် အိမ်တွင်နေလျှင် မနန်းမူနှင့် လွတ်လွတ်လပ်လပ် တွေ့ဆုံနိုင်ကြရန် ခဲယဉ်းသည်။ လယ်တဲထဲ နေပြီး

အလုပ်လုပ်လျှင် မနန်းမူ လာရောက် ထမင်းပို့တိုင်း လွတ်လပ်စွာ စကားပြော ဆိုနိုင်ပြီး မိမိတို့ဘဝရေ့ရေးကို တိုင်ပင်ဆွေးနွေးနိုင်ကြသည် မဟုတ်ပါလော။

လယ်တဲထဲ၌ ချစ်သူနှစ်ဦး လွတ်လွတ်လပ်လပ် တွေ့ဆုံကြရပေမင့် လည်း ကိုမောင်ညွှန့်သည် မနန်းမူကို ကိုယ်ထိလက်ရောက် ကျူးလွန်ခဲ့ဖူး သည် ဟူ၍ မရှိခဲ့။

ကျေးဖူးရှင်၏ သမီးတစ်ဦး အနေနှင့် လည်းကောင်း၊ မိမိနှင့် ကျောင်း နေဖက် ညီငယ်လည်းဖြစ်သော မောင်ညိမ်အပေါ် ထောက်ထား၍ လည်းကောင်း သူ့စိတ်ထဲ တစ်ခါတစ်ရံ သောင်းကျန်းလာသော စိတ်မိုက် စိတ်ရိုင်း မာန်စွယ် ကို ချိုးနှိမ်မျိုသိပ် ထားနိုင်ခဲ့ခြင်း ဖြစ်သည်။

ကိုမောင်ညွှန့်သည် မောင်ညိမ်အကြောင်းတွေးရာမှ သူ့အကြောင်းကို တသီတတန်းကြီး တွေးရင်းတွေးရင်းနှင့် သူအလုပ်လုပ်နေသော လယ်ကွက်ထဲ ရောက်လာသည်။

ကိုမောင်ညွှန့်သည် သူ၏ထမင်းချိုင့်ကို နေခိုတဲကလေးထဲတွင် ချိတ် ထားလိုက်ပြီး လယ်ထဲသို့ ဆင်းလာကာ လုပ်စရာရှိသမျှကို အားသွန်ခွန်စိုက် နှင့် လုပ်နေသည်။

လယ်တဲအိပ်ရာထဲတွင် လူးလိမ့်နေသော မောင်ညိမ်သည် အိပ်၍လည်း သူ့ချစ်ရေးချစ်ရာ ရေ့ရေးကို တွေးတော၍မရ။ ကြက်ဥ အစရှာမရဘဲ သကဲ့သို့ လုံးလည်ချာလည် ဖြစ်နေသဖြင့် နဖူးမှ ချွေးစီးများပင် ပြန်လာသည်။

မောင်ညိမ်သည် သူ့ ချစ်ရေးချစ်ရာကို တွေးတောနေရာမှ ကိုမောင်ညွှန့် အား သူ ပြစ်မှားလိုက်မိသော အပြစ်များကိုပါ သတိရလာပြန်သည်။

တကယ်ဆိုတော့လည်း ကိုမောင်ညွှန့်သည် ဘုန်းကြီးကျောင်းတွင် နေကြစဉ်က စာပေရော ရိုးရာလူမျိုးစု၏ ကိုယ်ခံသိုင်းပညာပါ သူ့ကို သင်ကြား ခဲ့သူ မဟုတ်ပါလော။

ပြီးတော့လဲ ယခု သူ့ကို လယ်ယာလုပ်ငန်း၌ ဦးဆောင်ဦးရွက် ပြုလုပ်ကာ သူ တွေ့ရှိသမျှ လယ်ယာ ဗဟုသုတတို့ကို မောင်ညိမ်အား သင်ကြားပေးခဲ့သူ ဖြစ်သည်။

သည်နေ့မနက် သူ့ချစ်ရေးချစ်ရာနှင့် ပတ်သက်၍ ကိုမောင်ညွှန့်ကို ရန်မူရန် သူ ကြံစည်မိပြီး တဲထောင့်တွင် ထောင်ထားသော ကောက်လှိုင်း ထမ်းပိုးများကို မျက်စောင်းထိုးခဲ့သည်။

မောင်ညိမ်သည် သူ့အဖြစ်ကို သူပြန်တွေးမိသဖြင့် ကိုမောင်ညွှန့်ကို ရှက်ကြောက်အားနာကြီး ဖြစ်နေလေသည်။

ကိုမောင်ညွှန့်အပေါ် အားနာစိတ်၊ ရှက်ကြောက်စိတ် ဝင်လာသော မောင်ညိမ်သည် အိပ်ရာမှ ဖြုန်းခနဲ ထ ကာ ကိုမောင်ညွှန့် ရှိရာသို့ လိုက်လာခဲ့သည်။

'ကိုမောင်ညွှန့်… ကိုမောင်ညွှန့်'

မောင်ညိမ်သည် အလုပ်တွင်မဲနေသော ကိုမောင်ညွှန့်၏ နောက်ကျောနား ကပ်၍ ခေါ်လိုက်သည်။

'ဘာလဲကွ'

'ကျွန်တော် မနက်က မှားသွားတယ်ဗျာ၊ ကျွန်တော် တောင်းပန်ပါတယ်။ မနက်က ကျွန်တော့်စိတ်ထဲ ဘယ်လိုဖြစ်သွားမှန်း မသိဘူး'

'ငါသိပါတယ်ကွာ။ ငါ မင်းကို ဘယ်လိုမှ သဘောမထားပါဘူး။ ငါလဲ မင်းခံစားရသလို ခံစားခဲ့ရဖူးတာပဲ၊ ငါ ကိုယ်ချင်းစာတတ်ပါတယ်ကွ'

ကိုမောင်ညွှန့်သည် မောင်ညိမ်ကို လှည့်မကြည့်ဘဲ ပြောလိုက်သည်။

'ကိုမောင်ညွှန့်ရယ် ကျွန်တော့်ကို ဘယ်လိုမှ သဘောမထားပါနဲ့ဗျာ။ ကျွန်တော် ခင်ဗျားကို အစ်ကိုလိုသဘောထားပါတယ်၊ ပြီးတော့ ကျွန်တော့်ကိုလဲ အတတ်နိုင်ဆုံး ကူညီစမ်းပါဦး၊ ပရိုဝီတို့ ရွာပြောင်းကြတော့မယ်။ ကျွန်တော် သူ့ကို မရ အရ ခေါ်ထားချင်တယ်။ သူကလဲ သူတို့အမျိုးနဲ့ ခွဲနေရစ်ခဲ့ရမှာကို သူ မဆုံးဖြတ်ရဲဘူး၊ ဒီတော့ ကျွန်တော် ဘာလုပ်ရမလဲ'

'ဟင်း…'

ကိုမောင်ညွှန့်သည် သက်ပြင်းရှည်တစ်ချက် မှုတ်ထုတ်လိုက်ပြီး သူ့အလုပ်ကို ရပ်ထားကာ၊ မောင်ညိမ်ဘက်ဆီသို့ မျက်နှာမူလာကာ ထိုင်ချလိုက်သည်။

'ငါ ဘယ်လို အကြံဉာဏ်ပေးရမလဲ မောင်ညိမ်။ ငါလဲ တွေးမရဖြစ်နေတယ်။ ပြီးတော့လဲ ငါ့မှာလဲ ပြဿနာတစ်ခုကွ။ မင်းကို ပြောမယ်၊ ပြောမယ်နဲ့ ငါ့ပါးစပ်က မထွက်နိုင်တဲ့ကိစ္စ ရှိသေးတယ်'

ကိုမောင်ညွှန့်သည် သူ့ရှေ့တွင် မတ်တတ်ရပ်နေသော မောင်ညိမ်၏ မျက်နှာကို မော့ကြည့်ကာ ပြောလိုက်သည်။

'ခင်ဗျားကိစ္စရှိတာ ကျွန်တော့်ကို ဘာပြုလို့ ပြောမဖြစ်ရတာလဲ။ ပြောပါ၊ ကျွန်တော် တတ်နိုင်ရင် တတ်နိုင်သလို လုပ်ပေးပါ့မယ်'

'ငါ့ကိစ္စကတော့ ဘာမှမဟုတ်ပါဘူးကွာ။ ငါနဲ့နန်းမူနဲ့ ချစ်နေကြတဲ့ ကိစ္စပါပဲ၊ တခြားကိစ္စတော့ မဟုတ်ပါဘူး။ ဒီတော့ ငါတို့ရဲ့ ချစ်ရေးချစ်ရာမှာ မင်း သဘောတူ မတူဆိုတာ ငါမေးချင်တာ ကြာလှပြီ။ ဒီကိစ္စ မင်းကို ပြောမလို့ စိတ်ကူးတိုင်း စကားပြောလို့ မထွက်ဖူးကွ။ အေးလေ··· ချစ်ကြ တယ် ဆိုပေမဲ့ တို့နှစ်ယောက်ထဲ ချိန်းတွေ့တာတို့ ဘာတို့ဆိုတာ မရှိဖူးသေး ပါဘူး။ ငါ အခုလို မင်းကို ပွင့်ပွင့်လင်းလင်း ပြောလိုက်တာကလဲ မနက်က လယ်တဲထဲ ငါ ဆေးဘူးပြန်ယူတော့ မင်းက အစ်မလာတာ မြင်လို့ ခင်ဗျား ပြန်လာတာ မဟုတ်လားလို့မေးလို့ ခုလို ငါရဲရဲတင်းတင်း ပြောရဲတာ။ နန်းမူနဲ့ ငါ တို့ရွာအရှေ့ဘက်ကမ်းက ထွက်ဝရွာ အလှူကိုသွားဖို့ လှေနဲ့ သွားပို့ပေးတုန်း က စပြီး သူ ငါ့ကို ချစ်တဲ့အကြောင်း ဖွင့်ပြောခဲ့တယ်'

ကိုမောင်ညွှန့်သည် သူနှင့် မနန်းမူတို့၏ ချစ်ရေးကြိုက်ရေးကို မခြွင်း မချန် ပြောလိုက်သည်။

'ကျွန်တော် သိပြီးသားပါဗျာ၊ အစ်မဟာ ခင်ဗျားအပေါ် တော်တော် သံယောဇဉ်ကြီးပါတယ်ဆိုတာ ဘုန်းကြီးကျောင်းမှာ နေကြစဉ်ကတည်းက ကျွန်တော်သိပါတယ်။ ဆွမ်းအုပ်ထဲ ခင်ဗျား စာထည့်ထည့်ပေးတာလဲ ကျွန်တော် သိတယ်။ အဲဒါ ကျွန်တော်··· ဘာလုပ်ပေးစေချင်သလဲ'

မောင်ညိမ်သည် ကိုမောင်ညွှန့်နှင့် မျက်နှာချင်းဆိုင် ထိုင်ချလိုက်ပြီး ပြောလိုက်သည်။

'ဘာရယ်လို့တော့ မဟုတ်ပါဘူး။ နောင်တစ်နေ့ ငါ့အပေါ် မင်းတို့အနေ နဲ့ သားရေပေါ်အိပ် သားရေနားစား ဆိုပြီးများ ပြောနေမလားလို့ ငါ စိတ် မဖြောင့်တာပါ။ အဲဒါ မင်းကို ငါ ဖွင့်ပြောမလို့ ကြိုးစားနေတာ ကြာပြီ၊ မင်းကို ပြောမထွက်လို့'

ကိုမောင်ညွှန့်သည် မောင်ညိမ်ကို မျက်နှာလွှဲပြီး ပြောလိုက်သည်။

'ဒါကတော့ ကျွန်တော့်အစ်မကို ကျွန်တော်ပိုင်သေးတာမှ မဟုတ်ပဲ။ အဖေရှိသေးတာပဲ၊ အဖေက သဘောတူပါတယ်ဆိုရင် ကျွန်တော် ဘာလုပ်လို့ ရမှာမို့လဲဗျ။ အစ်မနဲ့ ခင်ဗျားတို့ရဲ့ ကိစ္စလဲ အဖေသိသင့်သလောက် သိမှာပေါ့၊

သူကလဲ ငယ်ရာက ကြီးလာတာပဲ၊ တစ်ခုတော့ ရှိတယ်ဗျာ၊ အဖေကလဲ ခင်ဗျားကို သားရင်း သမီးရင်းလို သဘောထားလို့ အိမ်မှာ ခေါ်ထားမှပဲ။ တစ်နေ့ကျ သူ့သမက်ဖြစ်လာရင် သူ ဘာမှ သဘောမတူစရာ မရှိပါဘူး။ ဒီကိစ္စကြီးတွေ ပူမနေစမ်းပါနဲ့။ ကျွန်တော့်ကိစ္စသာ ဝိုင်းစဉ်းစားပေးပြီး အကြံဉာဏ်လေး ဘာလေး ပေးစမ်းပါ'

မောင်ညိမ်သည် သူများကိစ္စထက် သူ့ကိစ္စကိုသာ ရှေ့တန်းတင်ကာ ကိုမောင်ညွှန့်ကို ပြောနေလေသည်။

'အေးလကွာ… ငါက ဘာကူညီရမှာလဲ။ မင်းရဲ့ချစ်သူ ပရှိဝီ ကလဲ မပြတ်မသားနဲ့'

'ခက်ပါတယ်ဗျာ… ခက်ပါတယ်။ သူကလဲ သူတို့လူမျိုးစုတွေ တောင်ပေါ် ပြန်တက်သွားရင် သူတစ်ယောက်တည်း ဒီမှာနေခဲ့ရမှာကို အတော်ပဲ စိုးရိမ်ဟန်တူတယ်'

မောင်ညိမ်သည် ညည်းညည်းညူညူနှင့် ကိုမောင်ညွှန့်ကို ပြောပြနေလေသည်။

'အဲ့ဒါ မင်း ဘယ်လို စီစဉ်ချင်လို့လဲ'

'ကျွန်တော် ဘာမှ မလုပ်တတ်လို့ ခင်ဗျားကို တိုင်ပင်တာပေါ့ဗျ။ ကျွန်တော်ကတော့ ပရှိဝီကို မရ ရအောင် ခေါ်ထားချင်တာပဲ'

'သူတို့က ဘယ်တော့လောက် ပြောင်းကြမှာလဲ။ မင်း ဒီနေ့မနက် ပရှိဝီနဲ့ တွေ့တော့ ဘယ်လို ပြောလိုက်သလဲ'

'ကျွန်တော်မေးတာ သူ နေခဲ့မယ်၊ မနေခဲ့ဘူးဆိုတာ ရေရေရာရာ ဘာမှ မပြောဘူးဗျ။ အဲ… သူတို့ ရွာပြောင်းခါနီးကျရင် ကျွန်တော်တို့ ရွာသားတွေကို ဧည့်ခံပွဲ လုပ်လိမ့်မယ်။ မကြာခင် တစ်ပတ်ကျော်ကျော်အတွင်း ပေါ့ဗျာ။ အဲဒါပဲ သိရတယ်။ သူက ကျွန်တော့်ကို မချစ်လို့တော့ မဟုတ်ပါဘူး။ သူ အပြောရ ခက်လွန်းလို့၊ သူ မပြောတတ်လွန်းလို့ပါလို့သာ အဖြေပေးတယ်'

မောင်ညိမ်သည် ကသစ်ပင်ရင်းအောက်တွင် ပရှိဝီနှင့် သွားရောက် တွေ့ဆုံကြစဉ်က ပရှိဝီ ပြောခဲ့သောစကားကို အကျဉ်းချုံး၍ ပြောပြလိုက်သည်။

'အေးဟာ… ဒီလူတွေကိုလဲ ဟိမဝန္တာတောင်စွယ်ကနေပြီး တို့နိုင်ငံထဲကို ပြောင်းလာကြတဲ့ သူတို့လူမျိုးတူတွေနဲ့ တစ်ရွာသတ်သတ် ထူထောင်

နေထိုင်ကြဖို့ နေရာထိုင်ခင်း ရွေးပြီးပြီလို့ ကြားတယ်။ အဲလေ၊ ဘာပဲဖြစ်ဖြစ် မင်းချစ်သူ မင်းနဲ့မကွဲကြဖို့ အရေးကြီးတာ။ ခိုးပြီးထွက်ပြေးဖို့ ပရိုဝီကို ပြောကွာ'

'ဒီလိုတော့လဲ ကျွန်တော် မလုပ်ချင်ဘူး။ အဖေ့မျက်နှာ ရှိသေးတယ်။ ပြီးတော့ ဒီကိစ္စ အဖေ့ကို ပြောရသေးတာလဲ မဟုတ်သေးဘူး'

မောင်ညိမ်သည် ချင်းတွင်းရှမ်းတို့၏ ဓလေ့ထုံးစံအရ မိန်းမတစ်ယောက်ကို မည်သို့ပင် သေမလောက် ချစ်နေစေခါမူ မိဘ သဘောမတူလျှင် ထိမ်းမြားပေးမည့်သူ မရှိ။

အကယ်၍ တစ်ဖွတ်ထိုး ခိုးယူပေါင်းသင်းခဲ့လျှင်လည်း ဆွေမျိုးသားချင်းအားလုံးက ထိုဇနီးကို တရားဝင်ဇနီး ဟူ၍ အသိအမှတ် မပြုလေချေ။

ချင်းတွင်းရှမ်းတို့၏ ဓလေ့ထုံးစံမှာလည်း ကောင်းသည်များ ရှိသလို မကောင်းသည်လည်း ရှိသည်။

အမျိုးသမီးတစ်ယောက်ကို မိမိ၏သားနှင့် ထိမ်းမြားမည်ဆိုလျှင် ပထမဆုံး မိဘ သဘောတူညီချက် ရယူရသည်။

ထိုမိန်းကလေး၏ မျိုးရိုးသည် ကျွန်မျိုး၊ စုန်းမျိုး၊ မတရားသက်သေလိုက်သည့်အမျိုး၊ လူလိမ်မျိုး၊ သူခိုးမျိုး ဖြစ်နေပါက သည်အမျိုးထဲမှ ပေါက်ဖွားလာသော အမျိုးသမီးသည် မည်မျှပင် သိမ်မွေ့လိမ္မာ၍ မည်သို့ပင် ချောမွေ့နေစေခါမူ မိမိတို့၏သားနှင့် လက်ထပ်ခွင့် မပြုလေချေ။

မိဘက လက်ထပ်ခွင့်မပြုဘဲ မိမိတို့သဘောအလျောက် လက်ထပ်လာလျှင်လည်း သားကိုရော ချွေးမကိုပါ အိမ်ရိပ်ထဲသို့ အဝင်မခံကြတော့ဘဲ စွန့်ပစ်ထားလေသည်။

ချင်းတွင်းရှမ်းတို့၏ ထုံးတမ်းဓလေ့မှာလည်း ဝေသာလီအာဟုန် အဆက်အနွယ်မှ ချင်းတွင်းသို့ ဆင်းသက်လာကြသူများပီပီ စည်းကမ်း ကလနားတင်းကျပ်လွန်းလှသည်။

တကယ်၍ လုလင်ပျိုတစ်ဦးသည် အမျိုးသမီးတစ်ဦးအား ချစ်ကြိုက်နေပါက မိမိဘာသာ မိမိ ချစ်ရေးဆိုရသည်။

အမျိုးသမီး၏ သဘောတူညီချက်ကို ရရှိပြီးပြီဆိုလျှင် သွေးသားတော်စပ်သူ တစ်ဦးဦးအား မိဘကို အကြောင်းကြားခိုင်းပေးရသည်။

မိဘက သဘောတူပြီဆိုလျှင် ''ပေါ့ပစောင့်'' ခေါ် ရပ်ရွာလူကြီး

များကို မိန်းကလေး မိဘရပ်ထံ နေ့ကောင်းရက်သာ ရွေးချယ်၍စေလွှတ်ပြီး နားဖောက်ခိုင်းရသည်။

မိန်းကလေး၏မိဘများကလည်း မိမိတို့သမီးနှင့် ထိမ်းမြားရမည့်အကြောင်း လာရောက်နားဖောက်ကြသော ရပ်ရွာလူကြီးများအား "စဉ်းစားပါဦးမည်" ဟူသော စကားဖြေသာ ပေးလိုက်ကြသည်။

ထို့နောက်ပိုင်းတွင် မိမိတို့သမက်လောင်း အခြေအနေကို လေ့လာ အကဲခတ်လေတော့သည်။

နောက်တစ်ကြိမ် ထိုရပ်ရွာလူကြီးများကလာ၍ အကြောင်းမေးဆိုကာ သတို့သမီးလောင်းအိမ်သို့ လာကြပြန်သည်။ ဤအကြိမ်တွင်မူ မိန်းကလေးရှင် မိဘများက သဘောတူသည်၊ မတူသည်ကို အဖြေပေးသည်။

အကယ်၍ သဘောတူညီသည်ဟုဆိုပါက "လက်ဖက်ပိုင်း" လာတင် နိုင်သည်ဟု ရပ်ရွာလူကြီးများအား မိန်းကလေးမိဘရှင်က ပြောကြားလိုက်သည်။

သဘောမတူလျှင် 'ငါ့သမီးနဲ့ သူ့နဲ့ ကြိုက်လို့ ဗိုက်ထဲတင်မက ခြေသလုံး ထဲမှာပဲ ကလေးရှိခဲ့ ရှိခဲ့ ငတို့ မပေးစားနိုင်ဘူး' ဟု ယတိပြတ် ငြင်းဆိုတတ် ကြသည်။

ငြင်းပယ်ခြင်း မပြုလို၍ လက်ဖက်ပိုင်း လာတင်သော အခါတွင်မူ သတို့သား၏ ကိုယ်စားလှယ်၊ သတို့သမီး မိဘများက သည်နေရာ၌ အကြိတ် အနယ် နယ်လုကြတော့သည်။

မိန်းကလေး မိဘရှင်များကလည်း သမက်လောင်းကို သမက်တက် ဟူ၍ ဆွဲသည်။

သမက်တက် ဆိုသည်မှာ ကာလအပိုင်းအခြားနှင့် ရှိသည်။ ဥပမာ- သုံးနှစ်သမက်တက်ဆိုလျှင်လည်း သုံးနှစ်လုံးလုံး မိန်းမဘက်မှ မိဘအိမ်သို့ သွားရောက်နေထိုင်ပြီး ယောက္ခမကို ကျွန်သဖွယ် လုပ်ကိုင်ကျွေးမွေးရသည်။

ထိုသို့ သမက်တက်နေစဉ် ကာလအတွင်း မိမိ၏ ကိုယ်စွမ်းကိုယ်စ နှင့် လုပ်ကိုင်ရရှိသော ငွေကြေးဥစ္စာကိုလည်း ယောက္ခမထံ အပ်ရသည်။

ဤကဲ့သို့ သမက်တက်ရန် ပိုင်းခြားထားသောကာလ ပြည့်သွားပြီ ဆိုလျှင် တတ်အားနိုင်သမျှသော မင်္ဂလာအခမ်းအနား မင်္ဂလာပွဲ ကျင်းပကြသည်။

မင်္ဂလာပွဲ ကျင်းပစဉ် ရပ်ရွာလူကြီးများ ရှေ့မှောက်၌ စကားအပြီး အပြတ် မေးမြန်းကြသည်။

ယောကျ်ားရှင်မိဘများက မိမိတို့၏ ချွေးမကို စုန်းပြတ် နတ်ပြတ် အပြီးအပိုင် နတ်တိုင်ရေစွန့် ပေးမည်ဟူသော ပြဿနာကို တင်လာတော့သည်။

မိန်းကလေးရှင် မိဘများက မိမိ၏ သမီးကို နတ်တိုင်ရေစွန့် စုန်းပြတ် နတ်ပြတ် မပေးဟူ၍ မငြင်းသာတော့လေချေ။

အဘယ့်ကြောင့်ဆိုသော် မိမိ၏သားသမက်ကို သုံးနှစ်သုံးမိုးခိုင်းလိုရာ ခိုင်းစေခဲ့ပြီး ထိုမှရရှိသော အကျိုးအမြတ်ကိုလည်း ယောက္ခမမိဘ ဆိုသူများက သူတို့လက်ဝယ် အအပ်ခံခဲ့သည် မဟုတ်ပါလား။

သည်တော့လည်း မိန်းကလေးမိဘများက သူတို့၏ သမီးရင်းကို မိမိတို့၏ ရိုးရာကိုးကွယ်မှုကို စွန့်လွှတ်ရန် မိမိ၏ရိုးရာနတ်ကို ကန်တော့ပွဲပေး၍ 'ယခုအချိန်မှစပြီး ကျွန်တော်မျိုး၊ ကျွန်မမျိုးတို့၏သမီးသည် အရှင်သခင်တို့နှင့် မသက်ဆိုင်တော့ပါ။ ယနေ့မှစပြီး မည်သူမည်ဝါ၏ ရိုးရာစုန်းနတ် ဖြစ်သွားပါပြီ' ဟူ၍ တိုင်တည်ပေးရသည်။

အကယ်၍သာ သည်ကဲ့သို့ သမက်တက်ရန် မိန်းကလေးများ၏ မိဘများက မလိုလားခဲ့ပါလျှင် ကွမ်းဖိုးငွေ မည်မျှပေးရမည်၊ မင်္ဂလာအခမ်းအနား မည်သို့ အကုန်အကျ ခံရမည်၊ မင်္ဂလာကြေးအဖြစ် ကျွဲဘယ်နှကောင် ပေးရမည်ဟု မိန့်မှာ၍ ယောကျ်ားရှင်ဘက်မှ မပေးနိုင်ပါဟု ဆိုလျှင် မင်္ဂလာ ချက်ချင်းဆောင်ပြီး မိမိ၏သမီးကို ယောကျ်ားလေးနောက်သို့ ထည့်လိုက်ရသည်။

ဤသို့ စုန်းပြတ် နတ်ပြတ်သဘောဖြင့် မင်္ဂလာဆောင်သွားသော မိမိသမီး ကိုယ်ဝန်ရှိလာသောအခါ ကိုယ်ဝန်ရှိပြီဟု သိသည်နှင့် တစ်ပြိုင်နက် မိန်းကလေးသမီးရှင်က အိမ်တွင် ညအိပ်ညနေ နေထိုင်ခွင့် မပြုတော့လေချေ။

အိမ်ထဲသို့ ဝင်ရောက်လာသည့်အခါ တံစက်မြိတ်နှင့်ခေါင်း တိုက်မိခြင်း၊ ရေသောက်လျှင် သောက်ရေ အကြွင်းအကျန်၏ အစက်အပေါက်များကို အိမ်ထဲသို့ ကျစေခြင်းများ မပြုလုပ်ရပေ။

ထိုကဲ့သို့ စုန်းပြတ်နတ်ပြတ် နတ်တိုင်ရေစွန့် မင်္ဂလာဆောင်ယူသွားသော သမီးရှင်သည် ထိုသမီး၏လင် ကွယ်လွန်သွားသော်လည်း နောက် အိမ်ထောင်ပြုရေးအတွက် မိမိတို့ မိရင်းဖရင်းအနေနှင့် သမီး၏ အိမ်ထောင်ရေး ကို ဝင်ရောက်ခြယ်လှယ်ခွင့် မရှိတော့။ ကုန်ကုန်ပြောရလျှင် ထိုသူနှင့် သဘော

မတူ၊ ထိုသူနှင့်သာ သဘောတူသည်ဟူသော စကားပင် ပြောပိုင်ခွင့် မရှိတော့လေချေ။

လင်၏ ဖခင်မျိုးရိုးများကသာ မိမိတို့သမီး၏ အိမ်ထောင်ရေးကို ပိုင်ဆိုင်သွားလေတော့သည်။

သည်ကဲ့သို့ အိမ်ထောင်ရေးစနစ် တင်းကျပ်လှသော ချင်းတွင်း ရှမ်းလူမျိုးများ ဖြစ်သဖြင့် မောင်ညိမ်သည် ပရှိဝိကို နိုးယူထားရန်ဟူသော ကိုမောင်ညွန့်၏ အကြံကို လက်မခံရဲလေချေ။

"အဖေ့မျက်နှာ ရှိသေးတယ်ဗျ"

မောင်ညိမ် ပြောလိုက်သော စကားသည် ကိုမောင်ညွန့်၏ နားထဲတွင် သံမှိုနှင့် နှက်လိုက်ဘိသကဲ့သို့ စွဲသွားသည်။

"အင်း… အဖေ့ရဲ့ ဂုဏ်သိက္ခာ၊ တို့မျိုးရိုးရဲ့ ဂုဏ်သိက္ခာ…" သည်အတွေး တွေးမိသော ကိုမောင်ညွန့်သည် မနန်းမူနှင့် သူ၏ အချစ်ရေးကိစ္စကို ထင့်ခနဲ သတိရလာလေသည်။

"ငါနဲ့ နန်းမူနဲ့ ချစ်နေကြတဲ့အကြောင်း ရပ်ထဲ ရွာထဲက လူတွေသိသွားရင် ငါ့ ကျေးအဖေရဲ့ ဂုဏ်သိက္ခာကိုများ ထိခိုက်သွားမလား"

ကိုမောင်ညွန့်သည် မောင်ညိမ် လာရောက် အကူအညီတောင်းပါမှ မောင်ညိမ်၏ ချစ်ရေးချစ်ရာနှင့် ရောထွေးပြီး သူ့ချစ်ရေးချစ်ရာကိုပါ တွေးလာမိပြန်သည်။

'အဲဒါ… ဘယ်လိုလုပ်ရင် ကောင်းမလဲ ကိုမောင်ညွန့်'

မောင်ညိမ်သည် တွေနေသော ကိုမောင်ညွန့်ကို အားမလိုအားမရနှင့် မေးလိုက်သည်။ မောင်ညိမ် သည်ကဲ့သို့ပြောလိုက်တော့မှလည်း ကိုမောင်ညွန့်က သူ၏ ချစ်ရေးချစ်ရာကို ခဏ မေ့ပျောက်ထားပြီး မောင်ညိမ်၏အရေးကို ပြန်လည်စိတ်ဝင်စားလာသည်။

'မင်းအခုလို နိုးယူမထားချင်ရင်လဲ အဘိုးကြီးကို ငါပြောလိုက်မယ်လေ။ ဒီတော့ လူကြီးတွေ သဘောတူရင် သွားရောက်တောင်းရမ်းပြီး မင်္ဂလာဆောင်ယူထားလိုက်ပေါ့ကွာ'

'ဒါလဲ … ဖြစ်နိုင်မယ် မထင်ဘူး။ ကျွန်တော်တို့ အဘိုးကြီးကို ပြောမှာနဲ့ အဘိုးကြီးက သူ့ရပ်ဝေးနေ ဆွေတော်ရှစ်သောင်း မျိုးတော်ပေါင်းတွေ

ကို ခေါ်ယူဆွေးနွေးတိုင်ပင်မှာနဲ့၊ တကယ်လို့ ကျွန်တော်တို့ဘက်က ဆွေမျိုးသားချင်းတွေ သဘောတူတယ် ထားဦး၊ ပရိုဝီရဲ့ ဆွေမျိုးမိဘတွေကို တိုင်ပင်ကြဦးမှာနဲ့၊ သူတို့ရဲ့ ဓလေ့ထုံးတမ်းအရ လုပ်ရဦးမှာနဲ့၊ ပြီးတော့ သူတို့ကလဲ စုပေါင်းပြီး ရွာသစ်သွားတည်မယ့်အရေး၊ တောင်ယာတော ရွေးရမယ့်အရေး၊ အချိန်မီ တောင်ယာခုတ်ရမယ့် အရေးနဲ့ ကျွန်တော်တို့ ကိစ္စကို ခေါင်းထဲထည့်နိုင်ကြမှာ မဟုတ်ဘူး။ ခက်ပါတယ်ဗျာ'

မောင်ညိမ်သည် ညည်းညူပြီး သူ့ခေါင်းကို တဗျစ်ဗျစ် ကုတ်လိုက်သည်။

'နေပါဦးကွာ၊ ဒီလောက်ထိအောင်လဲ အတွေးမခေါင်ပါနဲ့။ ငါလဲ စဉ်းစားပါဦးမယ်။ မင်းလဲ သေသေချာချာ စဉ်းစားဦးပေါ့ကွာ။ ပြီးတော့ ဒီကြားထဲ ပရိုဝီနဲ့ တွေ့ရင်လဲ ပြန်ဆွေးနွေးကြည့်ကြဦးပေါ့။ သူ့သဘောထား ဘယ်လိုများ ပြောင်းလဲလာဦးမယ်မှ မသိသေးတာပဲ။ ကိုင်းကွာ... ထမင်း စားကြမလား ဟေ့'

ကိုမောင်ညွန့်သည် အချစ်ရေးနှင့် ရတက်မအေးနေသည့် မောင်ညိမ်ကို ကြင်နာသောလေသံနှင့် ပြောလိုက်သည်။

'မစားပါဘူးဗျာ၊ ကျွန်တော် တဲထဲပဲ ပြန်အိပ်နေမယ်။ ကိုမောင်ညွန့်သာ စားဗျာ'

မောင်ညိမ်သည် ထိုင်ရာမှ ထ ကာ လယ်တဲဘက်ဆီသို့ ခေါင်းငိုက်စိုက်နှင့် ပြန်သွားလေသည်။

ကိုမောင်ညွန့်သည် မောင်ညိမ်၏ နောက်ကျောကို ငေးကြည့်ရင်း သက်ပြင်းရှည်ချကာ သူ့လုပ်လက်စ အလုပ်ကိုသာ စိတ်မပါ့တပါနှင့် ဆက်၍ လုပ်ကိုင်နေလေသည်။

## အခန်း ၈

'နင် လာမှ လာပါ့မလားလို့ မောင်ညိမ်ရယ်…'

ဖျောက်ဆိပ်ပင်ရင်းအောက်တွင် မတ်တတ်ရပ်၍ စောင့်နေသော ပရှိဝီသည် နောက်ကျ၍ရောက်လာသော မောင်ညိမ်ကို အပြစ်တင်လိုက်သည်။

ပရှိဝီသည် မောင်ညိမ် တွေ့ပါရစေ ဟူ၍ ချိန်းထားချက်အရ ဖျောက်ဆိပ်ပင်အောက်၌ လာစောင့်နေခြင်း ဖြစ်သည်။

မောင်ညိမ်သည် ကိုမောင်ညွှန့်နှင့် ဆွေးနွေးပြီးသည့်နောက် နှစ်ရက်အကြာတွင် တွေ့ဆုံကြခြင်း ဖြစ်သည်။

ပရှိဝီသည် မောင်ညိမ်၏အစ်မဖြစ်သူ မနန်းမူ၏ သူငယ်ချင်းဖြစ်သူ မနန်းနော် တိတ်တဆိတ် လာရောက် ပြောကြားထားချက်အရ သည်ဖျောက်ဆိပ်ပင်ရင်း အောက်၌ လာရောက်စောင့်ဆိုင်းနေခြင်း ဖြစ်သည်။

'နင် ငါ့ကို တွေ့ချင်တယ် ဆို'

ပရှိဝီသည် ဖျောက်ဆိပ်ပင်အောက်သို့ ဝင်လာသော မောင်ညိမ်ကို မကြည့်ဘဲ မေးလိုက်သည်။

'အေး၊ ငါ့အစ်မကတစ်ဆင့် မနန်းနော်ကို လာပြောခိုင်းတာပဲ'

မောင်ညိမ်သည် ပရှိဝီအနားသို့ မျက်နှာချင်း ထိလုမတတ်သွား၍ မတ်မတ်ရပ်လိုက်သည်။ မောင်ညိမ်သည် သူ၏မျက်လုံးကြီးနှစ်လုံး ပြူးထွက်လာသည်အထိ ပရှိဝီ၏မျက်နှာကို စေ့စေ့ကြည့်နေသည်။

'နင်က စကားပြောစရာ ရှိလို့ တွေ့ချင်တယ်ဆို၊ ဒါကြောင့် ငါ လာတာ။

တွေ့ပြီ မဟုတ်လား။ နင် ပြောစရာရှိတာ ပြောပါတော့လား။ ငါ့မျက်နှာကို ဘာပြုလို့ ဒါလောက်တောင် ကြည့်နေရတာလဲ'

စကားမပြောနိုင်သေးသော မောင်ညိမ်သည် ပရှိဝီ၏ မျက်နှာကို လွတ်ထွက်သွားမည့်အရေး စိုးရိမ်ဘိသကဲ့သို့ မမိုတ်မသုန်ကြည့်ရင်း တံတွေးတစ်ချက် မျိုချလိုက်သည်။

'အေး… ငါ စကားပြောချင်လို့ ချိန်းတာပဲ။ ဒါပေမဲ့ မင်းနဲ့ တွေ့ပြန်တော့လဲ မင်းကို ပြောချင်တဲ့စကားထက် မင်းမျက်နှာကို တဝကြီး ကြည့်ချင်တယ် ပရှိဝီရယ်'

မောင်ညိမ်သည် ပရှိဝီကို စေ့စေ့ကြည့်နေရာမှ သံတုန်ကြီးနှင့် ပြောလိုက်သည်။

'နင် ဘာတွေ ပြောနေတာလဲ မောင်ညိမ်။ ပြောစရာရှိတာ ပြော။ ငါတို့ စုပြီး ခေါင်းရည်တည်ကြရဦးမယ်'

'ခေါင်းရည်တည်ဖို့ရာများ ကြာတာ မှတ်လို့ကွာ'

မောင်ညိမ်သည် ပရှိဝီ ရှေ့ဆီသို့ ထပ်တိုးသွားပြီး ဖြူလွသော ပရှိဝီ၏ လက်နှစ်ဖက်ကို စုံဆွဲကိုင်လိုက်သည်။

ပရှိဝီသည် မောင်ညိမ့်လက်ထဲသို့ ရောက်သွားသော သူ့လက်နှစ်ဖက်ကို ဆွဲယူရုန်းကန်ခြင်း မပြုဘဲ အလိုက်သင့်ထားရင်း မောင်ညိမ့်မျက်နှာကို မကြည့်ဘဲ ပြောလိုက်သည်။

'ခေါင်းရည်တည်တာ တို့အိမ်သား သောက်ဖို့တင် မဟုတ်ဘူး။ မင်းတို့တစ်ရွာလုံးက လူတွေရော၊ ပြောင်းရွှေ့ကြမယ့် တို့အိမ်ထောင်စုသား တို့အမျိုးသားတွေပါ သောက်ဖို့ဆိုတော့ ဆန်တွေ အများကြီး ပေါင်းရမှာ။ ဒီနေ့တစ်နေ့လုံး ဆန်ပေါင်းပြီး ညကျရင် ခေါင်ဖတ်ထည့်ရမှာ'

ပရှိဝီ၏စကားအဆုံးတွင် မောင်ညိမ်သည် သူကိုင်ထားသော ပရှိဝီ၏ လက်နှစ်ဖက်ကို ဆွဲကားကာ ဆောင့်ဆွဲလိုက်သဖြင့် ပရှိဝီ၏ကိုယ်လုံးသည် သူနှင့် ရင်ချင်းအပ်မိလျက်သား ဖြစ်သွားသည်။

ပရှိဝီသည် မောင်ညိမ်နှင့် ရင်ချင်းအပ်မိသွားသည့်တိုင် မရုန်းမကန်ဘဲ သူ့ခေါင်းကို မောင်ညိမ်၏ ပခုံးပေါ် မေးတင်ထားမိလျက်သား ဖြစ်သွားပြီး မောင်ညိမ်၏ လက်နှစ်ဖက်က သူ့ကိုယ်လုံးကို လက်နှင့် ဖက်သိုင်းပြီးသား

ဖြစ်သွားသကဲ့သို့ မောင်ညိမ့်လက်မှ လွတ်ထွက်လာသော ပရှိဝီ၏ လက်နှစ်ဖက်သည်လည်း မောင်ညိမ့် ကိုယ်လုံးကို သိမ်းရုံး တွယ်ဖက်ထားမိလျက်သား ဖြစ်သွားသည်။

'နင် ငါနဲ့ နေခဲ့ပါလား။ ငါ ဒီနေ့ည မင်းနဲ့ငါ ချစ်ကြတဲ့အကြောင်း အဖေ သိအောင် ကိုမောင်ညွန့်ကို ပြောခိုင်းမယ်'

'အို မပြောရဘူး၊ မပြောရဘူး'

ပရှိဝီသည် လွတ်ထွက်သွားမည်ကို စိုးရိမ်ဟန်နှင့် တွယ်ဖက်ထားသော မောင်ညိမ်၏ ရင်ခွင်ထဲမှ ရုန်းထွက်ရင်း ပြောလိုက်သည်။

ပရှိဝီ၏ အပြုအမူကြောင့်လည်း မောင်ညိမ်မှာ ကြောင်အမ်းအမ်း ဖြစ်သွားသည်။ အတန်ငယ်ကြာမှ မောင်ညိမ်သည် ပရှိဝီ၏ လက်ကို ဆွဲကိုင်လိုက်ပြီး လှုပ်ခါ၍ မေးမြန်းလိုက်သည်။

'ဘာဖြစ်တာလဲ ပရှိဝီ၊ ဘာဖြစ်လို့ မပြောစေချင် ရတာလဲ'

'ပြောလို့လဲ အလကားပေါ့။ တို့များလဲ မကြာခင်အတွင်း ပြောင်းတော့မှာပဲ။ ခေါင်ရည်တည်ပြီး ခေါင်ရည်ကောင်းလာတော့ နွားနောက်ကြီးတစ်ကောင်၊ ဝက်သင်းကြီးတစ်ကောင် သတ်ပြီး မင်းတို့ရွာသားတွေကို တို့များက ဧည့်ခံကျွေးမွေးမယ်လေ။ ပြီးတော့ ဒီညမှာ မီးပုံပွဲကြီးလုပ်လို့ တို့များ မိန်းကလေးတွေကို တစ်ဝိုင်း၊ ယောက်ျားတွေကလဲ တစ်ဝိုင်း က မယ်။ ဒါကြောင့်မို့ ဒီနေ့ တို့များ အားလုံးစုပြီး ခေါင်ရည်တည်ကြမယ်လို့ ပြောတာ'

'နင်တို့ ဘယ်မှာ ရွာ သွားတည်မှာလဲ ပရှိဝီရယ်။ တို့ရွာအနားမှာ နေရတာ မင်းတို့ရွာသားတွေ မပျော်ကြဘူးလား ဟင်'

မောင်ညိမ်သည် ပရှိဝီ၏ လက်နှစ်ဖက် အရိုးအဆစ် ပြုတ်လုမတတ် ဆွဲယမ်းလှုပ်ခါ၍ မေးလိုက်ပြန်သည်။

'ဒီလိုမဟုတ်ဘူး မောင်ညိမ်။ တို့လူမျိုးစု၊ တို့ရဲ့ အဖြစ်အပျက်တွေကို နင် စေ့စေ့ငငမသိဘူး'

ပရှိဝီသည် ငိုမဲ့မဲ့အသံနှင့် မောင်ညိမ်ကို ပြောလိုက်သည်။

'နင် ငါ့ကို ချစ်တယ်ဆိုပြီး ငါနဲ့ ဘာပြုလို့ ခွဲသွားမှာလဲဟင်၊ နင့်စိတ်ကို ငါ နားမလည်ပါဘူး ပရှိဝီရယ်'

'မောင်ညိမ်၊ ပရှိဝီဟာ အဖေနဲ့သမီး နှစ်ယောက်ထဲ နေရတဲ့ အိမ်ထောင်စု

ပါ။ ငါမရှိရင် အဖေ့ကို ဘယ်သူပြုစုမလဲ။ ဒါကိုလဲ နင် စဉ်းစားစမ်း။ ကောင်းပြီ၊ ငါ မင်းကို မေးဦးမယ်။ မင်း တို့လူမျိုးတွေနဲ့ လိုက်ပြီး နေနိုင်မလား'

'မတ်တတ်ရပ်ပြီး စကားပြောရတာ မကောင်းပါဘူး ပရီဝီရယ်။ အေးအေး ဆေးဆေး ထိုင်ပြီး ပြောကြရအောင်ပါကွာ'

မောင်ညိမ်သည် ပရီဝီ၏ လက်ကို ဝ အား ဆုပ်ကိုင်ထားသော သူ့လက်များ ပြန်ရုပ်လိုက်ကာ တွေသွားသည်။

'ငါမေးတာ ပြောလေ··· မောင်ညိမ်'

ပရီဝီသည် တွေသွားသော မောင်ညိမ်ကို မေးလိုက်သည်။

'ငါ့ကို နေခဲ့ဖို့တော့ ပြောတတ်တယ်။ မင်း တို့များ လူမျိုးစုနဲ့ လိုက်နေဖို့ရာကျတော့ ရုတ်တရက် မပြောနိုင်တော့ဘူး မဟုတ်လား မောင်ညိမ်။ ကိုင်း လာပါလေ၊ ငါ ခေါင်ရည်တည်ဖို့ကိစ္စ နောက်ကျချင်နောက်ကျ၊ ငါ ပြောစရာတွေကို ခုတစ်ခါတည်း မင်းကို ရှင်းပြထားပါမယ်။ ဒါမှ တို့ဖွည့်ခံပွဲကျရင် တို့လူမျိုးစု ဘာ့ကြောင့် ခုလို ပြောင်းရွှေ့ကြရတယ်ဆိုတာ မင်းကို တမင်တကာ ရှင်းနေစရာ မလိုတော့ဘဲနဲ့ တို့ရဲ့ကပွဲထဲ မင်း ဝင်ကနိုင်တော့ မပေါ့'

ပရီဝီသည် မောင်ညိမ်၏လက်ကို ဆွဲကာ သစ်တုံးတိုတစ်ခု ရှိရာသို့ ခေါ်သွားပြီး ထိုင်ခိုင်းသည်။ ပရီဝီ၏ ဘယ်ဘက်ဘေးတွင် ဝင်ရောက်ထိုင်မိပြီးသော မောင်ညိမ်သည် သူ့ရှေ့မှ မြေပြင်ကို ပထဝီကသိုဏ်း ရှုဘိသို့ စိုက်ကြည့်နေလေသည်။

'ငါမေးတာ ပြောပါ မောင်ညိမ်ရာ။ နင် တို့လူမျိုးစုတွေနဲ့အတူ လိုက်နေနိုင်မလား ဆိုတာ။ ပြောလေ'

မောင်ညိမ်သည် သူ့ဦးခေါင်းကို တရွေ့ရွေ့ ယမ်းကာ သက်ပြင်း တစ်ချက် မှုတ်ထုတ်လိုက်သည်။

'ပြောပါ ဆိုမှ···'

သည်တချိတွင် ပရီဝီ၏လက်များသည် မောင်ညိမ်၏ လက်များကို ဆွဲယမ်းလှုပ်ခါကာ မေးမြန်းနေလေတော့သည်။

'ငါ နင်တို့ လူမျိုးစုတွေနဲ့တော့ လိုက်ပြီး မနေနိုင်ဘူး ပရီဝီ'

မောင်ညိမ်သည် တံတွေးကို ဖွပ်ခနဲမျိုချလိုက်ပြီး ပြောလိုက်သည်။

'နင် ငါ့ကို ချစ်တယ်ဆို မောင်ညိမ်။ ငါ့ကိုချစ်ရင် နင် ငါ့နောက် လိုက်နေနိုင်ရမှာပေါ့။ ဘာပြုလို့ မလိုက်နိုင်တာလဲဟင် …'

မောင်ညိမ်သည် ပရှိဝီ၏ အမေးကို မဖြေနိုင်ဘဲ ဖြစ်နေလေသည်။

'ပြောလေ မောင်ညိမ်'

ပရှိဝီက ထပ်၍မေးလိုက်တိုင်း မောင်ညိမ်က သက်ပြင်းရှည်ကြီး ချ၍သာ နေလေသည်။

'အဲသလိုပဲ မောင်ညိမ်၊ ငါမေးတဲ့စကားကို နင်အဖြေရခက်နေသလို နင်မေးတဲ့ကိစ္စလဲ ငါ မဖြေတတ်ဘူး။ နင် ငါ့ကို ချစ်သလို ငါနင့်ကိုချစ်တယ် ဆိုတာ မောင်ညိမ် နားလည်စမ်းပါ'

'မဟုတ်ဘူး… မဟုတ်ဘူး၊ အိမ်ထောင်ရေးတစ်ခုဆိုတာ လင်က မယားကိုချစ်၊ မယားက လင်ကိုချစ်ဆိုရင် တို့ ဘာများ လိုသေးသလဲဟင်'

မောင်ညိမ်သည် ခေါင်းငိုက်စိုက်ချထားရာမှ တအားမော့ပြီး ပရှိဝီ၏ မျက်နှာကို စေ့စေ့ကြည့်၍ မေးလိုက်သည်။

ပရှိဝီသည် မောင်ညိမ်၏ စကားအဆုံးတွင် သက်ပြင်းမသိမသာ ချလိုက်ကာ မောင်ညိမ့်လည်တိုင်ကို သူ့လက်နှင့်ဖက်သိုင်းကာ ပြောလိုက်သည်။

'မောင်ညိမ် နင်ပြောတာ သိပ်လွယ်တယ်။ ထားပါတော့လေ၊ တို့နှစ်ယောက် တွေ့ကြတာ ဒီကိစ္စပဲလား။ ဒီကိစ္စ တစ်ခုတည်းဆိုရင် မောင်ညိမ်ရဲ့ အမေးကို ငါ မဖြေတတ်သလို ငါ့ရဲ့အမေးကိုလဲ မောင်ညိမ် မဖြေတတ်ဘူး မဟုတ်လား။ အဲသလိုပဲ သဘောထား ကိုယ်ချင်းစာပြီး ပြန်ကြရုံပေါ့'

ပရှိဝီသည် မောင်ညိမ်၏ လည်တိုင်ကို ဖက်တွယ်ထားသော သူ့လက်များကို ပြန်ရုပ်သိမ်းလိုက်ပြီး သူ့လက်ဝါးနှစ်ဖက် မျက်နှာချင်းဆိုင်ကာ ပွတ်နေလေသည်။

'ဟင်၊ မင်းက ခုတင်ကတော့ မင်းတို့ခေါင်ရည်တည်တာ နောက်ကျချင်ကျ၊ တို့လူမျိုးတွေရဲ့အကြောင်း ပြောပြမယ်ဆိုပြီး ငါ့ကို ထိုင်ခိုင်းတာ မဟုတ်လား။ အခုတော့ ပြန်ကြရုံပေါ့ဆိုတော့ မင်းရဲ့ဝမ်းထဲက အနက်အဓိပ္ပာယ်ကို ငါဘယ်လိုများ နားလည်ရမှာလဲ ပရှိဝီရယ်၊ ကြာရင် ငါ ရူးရလိမ့်မယ် ထင်တယ်ကွာ'

မောင်ညိမ်သည် ပရှိဝီကို မျက်နှာလွှဲ၍ ရှမ်းခေါင်းပေါင်းကြီး ပေါင်း

ထားသော သူ့ခေါင်းကြီးကို ဘယ်ပြန်ညာပြန် မသိမသာ ငှေ့ယမ်းရင်း ပြော လိုက်သည်။

'ထားပါလေ၊ ငါပြောတာက လူတစ်ယောက် လူတစ်မျိုးဟာ သူ့ အကြောင်း ကိုယ့်အကြောင်းဆိုတာ ရှိကြစမြဲပဲ။ လူဆိုတာ ချစ်တယ်ဆိုရုံနဲ့ မပြီးသေးဘူး မောင်ညိမ်။ ဒါတွေကို နင်တွေးမိပြီး နင် နားလည်လာတဲ့တစ်ချိန် မှာ ငါ့ကို နင် ခွင့်လွှတ်နိုင်လိမ့်မယ်။ ငါကတော့ နင် ငါတို့လူမျိုးစုနဲ့လိုက်ပြီး ဘာ့ကြောင့်မို့ လိုက်မနေနိုင်တယ်ဆိုတာ ငါ နားလည်ပြီးသား၊ ငါ့စိတ်ထဲ ခံစားနေရသလို မင်းစိတ်ထဲလဲ ခံစားရမယ်ဆိုတာ ငါနားလည်ပြီးသားမို့ ငါ ဆက်မမေးချင်ပါဘူး မောင်ညိမ်'

ပရှိဝီသည် သူ့စကားကို ရပ်ထားလိုက်ပြီး သူ့ရှေ့တွင်ကျနေသော သစ်ကိုင်းချောက်တစ်ခုကို ကောက်ယူ၍ တဖျပ်ဖျပ်ချိုးနေသည်။

မောင်ညိမ်သည် မြေကသိုဏ်းရှသည့် ရသေ့ကြီးအလား ခေါင်းငုံ့ကာ မြေပြင်ကို တွေပြီး ကြည့်နေရာမှ မေးလိုက်သည်။

'နေစမ်းပါဦး၊ မင်းတို့ တန်ကွန်နာဂတွေက ဘာပြုလို့ ခဏခဏ ရွာပြောင်းကြတာလဲဟင်။ ဒီလိုသာ ရွာမပြောင်းကြဘူးဆိုရင် တို့များရဲ့ကိစ္စ အခုလို စိတ်မကောင်း မဖြစ်ကြရဘူးပေါ့။ တို့များရဲ့ရွာနားမှာနေရလို့ တို့များ လူမျိုးစုက မင်းတို့ရဲ့ လူမျိုးစုကို စော်ကားမော်ကား လုပ်ခဲ့လို့ စိတ်နာပြီး ပြောင်းချင်တာလား'

'မဟုတ်ဘူး မောင်ညိမ်'

ပရှိဝီသည် မောင်ညိမ်၏အမေးကို လေသံအေးနှင့် ဖြေလိုက်သည်။

'နို့ ဒါဖြင့် ဘာပြုလို့ နင်တို့ ပြောင်းချင်ကြရတာလဲ'

မောင်ညိမ်က ပရှိဝီ၏အဖြေကို မကျေမချမ်းသံနှော၍ ပြန်မေး လိုက်သည်။

'တို့ရွာ ပြောင်းမှာက အကြောင်းနှစ်ကြောင်းရှိတယ် မောင်ညိမ်'

ပရှိဝီသည် မောင်ညိမ်၏ မျက်နှာကို ခွေကြည့်ပြီး ပြောလိုက်သည်။

'အဲဒီ အကြောင်းနှစ်ကြောင်းရှိတာ ငါ့ကို ပြောမပြနိုင်ဘူးလား ပရှိဝီရယ်'

မောင်ညိမ်၏ အသံများသည် ပြောရင်းပြောရင်း အက်ကွဲသံပါလာသည်။

'ပြောပြပါမယ်လေ၊ ဒါကြောင့်မို့ ဒီနေ့ ခေါင်ရည်တည် နောက်ကျ ချင်ကျ ဆိုပြီး ငါစိတ်ထဲ ဆုံးဖြတ်ထားတာပေါ့ကွယ်'

ပရိုဝီသည် သစ်ကိုင်းခြောက်ချိုးနေရာမှ လွှတ်ချလိုက်ကာ သူ့လက် တွင် ပေနေသော မြေမှုန်များကို လက်နှစ်ဖက်ဖြင့် ပွတ်သပ်ခါချလိုက်ပြီး မောင်ညိမ်၏လည်တိုင်ကို လက်တစ်ဖက်က ဖက်သိုင်းကာ ကျန်လက်တစ်ဖက် ဖြင့် မောင်ညိမ့်ပါးပြင်ကို အသာအယာ ပွတ်သပ်မိလျက်သား ဖြစ်သွားသည်။

မောင်ညိမ်က သူ့ပါးပြင်ဆီသို့ ပွတ်သပ်လာသော ပရိုဝီ၏ လက်ကို သူ့လက်ကြီးဖြင့် ခပ်ဖွဖွကိုင်ထားရင်း ညိမ်နေလေသည်။ ပရိုဝီ သူ့ပါးပြင်ကို ပွတ်သပ်လိုက်သော ခံစားချက်ကလေးသည် မောင်ညိမ့်အဖို့ လောကကြီးတစ်ခု လုံးကို မေ့သွားပြီး သူ့ရင်ထဲ၌လည်း လူတစ်ဖက်သားကို ပြန်လည်ပြောပြရန် မတတ်စွမ်းနိုင်သည့် အရသာတစ်မျိုးကို ခံစားနေရလေသည်။

'နင်တို့လူမျိုးစုတွေ အကြောင်းနှစ်ကြောင်းကြောင့် တောင်ပေါ် ပြန်ပြောင်းမယ်ဆိုတာ အဲ့ဒီအကြောင်းတွေ ငါ့ကို ပြောပြပါတော့လား ပရိုဝီရယ်'

မောင်ညိမ်သည် တစ်ဆို့ဆို့သံကြီးနှင့်ပြောရင်း သူ့ပါးပြင်ကို ပွတ်သပ် နေသည့် ပရိုဝီ၏လက်ကို ဖျစ်ညှစ်ကာ သူ့ရင်ဝနှင့် ကပ်ထားလိုက်သည်။

'ပြောပါမယ် မောင်ညိမ်ရယ်'

'ဒါဖြင့် အခု ပြောလေ'

မောင်ညိမ်သည် ပရိုဝီ၏လက်ကို ပို၍တင်းကျပ်စွာ ဖျစ်ညှစ်ဆုပ်ကိုင် ကာ ပြောလိုက်ပြန်သည်။

'ဟယ်… ငါ့လက်က အရိုးတွေတော့ ကြေကုန်တော့မှာပါပဲ'

ပရိုဝီက မောင်ညိမ်ဖျစ်ညှစ်ထားသော သူ့လက်ကို အသာဆွဲရုန်းကာ ပြောလိုက်သည်။ တကယ်ဆိုတော့လည်း ပရိုဝီ၏စိတ်ထဲတွင်မူ မောင်ညိမ် ဆုပ်ကိုင်ထားသော သူ့လက်များ မောင်ညိမ့်လက်ထဲက လွတ်ထွက်အောင် တော့ သူ မရည်ရွယ်လေချေ။

ပရိုဝီက အသာလေးရုန်းလိုက်၊ မောင်ညိမ်က ပို၍တင်းကျပ်အောင် ဖျစ်ညှစ်ကိုင်ထားလိုက် ဖြစ်နေကြရာ ပရိုဝီ၏လက်တွင် ဝတ်ထားသော ကြေး လက်ကောက်များ တချွင်ချွင် မြည်နေသည်။

'ကိုင်း… ပြောမယ်ဆိုတာ ပြောလေ'

'ပြောပါမယ် ဆိုမှ ဟယ်'

ပရှိဝီသည် ညည်းသံလေးနှင့်ပြောရင်း မောင်ညိမ်၏ရင်ခွင်ထဲသို့ သူ့ခေါင်း ထိုးထည့်လိုက်ကာ တရှုပ်ရှုပ်နှင့် ငိုလိုက်လေသည်။

'ဘာဖြုလို့ငိုရတာလဲ ပရှိဝီရယ်။ မင်း ငါ့ကို စိတ်ဆိုးလို့လား။ ငါ မင်းလက် ဖျစ်ထားတာ နာသွားလို့လား ဟင်'

သည်တစ်ချီတော့မှ မောင်ညိမ်သည် ပရှိဝီ၏လက်ကို ဖျစ်ညှစ်ထားသော သူ့လက်ကြီးဖြင့် ပရှိဝီ၏ ကိုယ်လုံးကို သိမ်းရုန်းဖက်လိုက်သည်။

'ငါမေးတာ ပြောဦးလေ'

မောင်ညိမ်သည် ပရှိဝီ၏ကိုယ်လုံးကို လှုပ်ကာ မေးမြန်းလိုက်သည်။ ပရှိဝီကမူ ငို၍ အားမရသေးသဖြင့် မောင်ညိမ်၏အမေးကို မဖြေနိုင်လေသေး။

'ပြောပါ့မယ် မောင်ညိမ်ရယ်၊ ငါငိုတာက မင်းနဲ့ ဒီတစ်သက်မှာ ညားကြရတော့မှာ မဟုတ်ဘူးဆိုတာကို ငါ့ရင်ထဲကသိနေလို့ ငါငိုတာပါဟယ်။ ငါ ဝအောင် ငိုပါရစေဦး'

ပရှိဝီသည် ငိုရှိုက်နေရာမှ မောင်ညိမ်ကိုပြောလိုက်ပြီး မောင်ညိမ်ကို ဖက်ထားသော သူ့လက်ဖြင့် နှာခေါင်းမှ ယိုစီးထွက်ကျလာသော နှာရည်များကို ညှစ်ထုတ်၍ အဝေးသို့ ခါလွှင့်လိုက်သည်။

'ဟင်း'

မောင်ညိမ်သည် သူ့ရင်ခွင်တွင်း ခေါင်းထိုးထားသော ချစ်သူ၏ ကျောပြင်ကို စေ့စေ့ကြည့်ရင်း သက်ပြင်းတစ်ချက် ချလိုက်သည်။

'မောင်ညိမ်'

ငို၍ အားရသွားဟန်ရှိသော ပရှိဝီသည် မောင်ညိမ်၏ ရင်ခွင်ထဲမှ သူ့ခေါင်းကို နှုတ်ယူလိုက်ပြီး မတ်မတ်ပြန်ထိုင်ကာ ခေါ်လိုက်သည်။

'ဘာလဲ ပရှိဝီရယ်၊ နင် ပြောမှာ ပြောပါတော့လား'

မောင်ညိမ်က ပရှိဝီ၏ ကျောပြင်ကို အသာအယာ ပွတ်သပ်ရင်း မေးလိုက်သည်။

'နင်မေးတာတွေ ငါမပြောခင် ငါမေးတာ နင် အရင်ပြောဦး။ ငါတို့ ဒီရွာက ခွဲသွားပြီးတဲ့နောက် နင် နောက်အိမ်ထောင်ဘက် ရှာမှာလား ဟင်။ နင် ဒီတစ်သက် အိမ်ထောင်ပြုဦးမှာလား ဟင်။ အဲဒါ ငါသိချင်တယ်'

'ဒီမှာ ပရီဝီ၊ ငါဟာ သူကြီးသားတစ်ယောက်၊ ဒီနယ်ထဲမှာ ငါ ဘယ်မိန်းမပဲ လိုချင်လိုချင် ရနိုင်တယ်။ ဒါပေမဲ့ ငါ့ရဲ့ မေတ္တာတရားဟာ မင့်းကို အကုန်ပုံအပ်လိုက်ပြီးပြီ။ ငါ နောက်ထပ် ချစ်စရာမိန်းမ၊ ငါ့မေတ္တာ ပေးရမယ့်မိန်းမဆိုလို့ ရှိတော့မှာ မဟုတ်ဘူး။ ငါလေ မင်းမရှိတဲ့နောက်မှာ မိဘက အတင်းအကျပ်ပေးစားလို့ မိဘစိတ်ချမ်းသာအောင် မလွဲသာမရှောင်သာ အိမ်ထောင်ပြုကောင်း ပြုရလိမ့်မယ်။ ဒါပေမဲ့လို့ ငါ့အချစ်၊ ငါ့မေတ္တာဟာ မင်းဆီ တစ်ခါတည်း ပါသွားပြီဆိုတာ ငါပြောချင်တယ်'

မောင်ညိမ်သည် ပရီဝီ၏ အမေးကို တစ်ခွန်းချင်း တစ်ခွန်းချင်း လေးလေးဆေးဆေးနှင့် ဖြေလိုက်သည်။

'နင် ဒီလိုမပြောနဲ့လေ မောင်ညိမ်။ ငါမေးတာက ငါကလွဲပြီး နင် အိမ်ထောင်ပြုဦးမလားလို့ မေးတာ'

'အဲဒါ ငါ ပြောတာပဲ။ တို့ချင်းတွင်းရှမ်းလူမျိုးတွေက ခက်တယ်။ သားသမီး သဘောတူတူ မတူတူ အတင်းပေးစားတတ်ကြတယ်။ သား အရွယ်ရောက်လာပြီ ဆိုရင် ချွေးမလောင်း ရှာတတ်ကြတယ်။ သားသမီးချင်း ကြိုက်နှစ်သက်ကြပေမဲ့ သူတို့လူကြီးမိဘတွေက လေ့လာအကဲခတ်ပြီးမှ အိမ်ထောင်ပြုပေးကြတဲ့ အလေ့ရှိနေလို့ ငါ နင့်အမေးကို ခုလိုပြောတာ'

မောင်ညိမ်သည် ပရီဝီကို စိတ်ရှည်လက်ရှည်နှင့် ချင်းတွင်းရှမ်းလူမျိုး စရိုက်ကို ရှင်းပြလိုက်သည်။

'ငါကတော့ ဒီလိုမဟုတ်ဘူး'

'ဘယ်လိုလဲ'

မောင်ညိမ်က အံ့အားတကြီးနှင့် ပြန်မေးလိုက်ပြီး ပရီဝီ၏မျက်နှာကို စူးစူးစိုက်စိုက် ကြည့်လိုက်လေသည်။

'ငါကတော့ ငါတို့အဖေ အိမ်ထောင်ပြုဖို့ ပြောလဲ ငြင်းမှာပဲ။ ဘယ်ယောကျ်ားကလာပြီး ချစ်ပါရစေဆိုလဲ ငြင်းမှာပဲ၊ ငါတို့ တောင်ပေါ်ကို ပြန်တက်သွားပေမဲ့ ငါ့အချစ်ဟာ ငါ့ရင်ထဲ ပါမသွားပါဘူး။ နင့်ဆီမှာပဲ ထားပစ်ခဲ့ပြီးသားပါ။ အဲ မေတ္တာတရားနဲ့ ချစ်တဲ့အချစ်မပါဘဲ လင်မယားချင်း ညားကြရမယ်၊ တစ်ဘဝလုံး အတူတူ လုပ်ကိုင်စားသောက် သွားကြရမယ်၊ ပြီးတော့ ကလေးမွေးကြရမယ် ဆိုတာတွေဟာ အဓိပ္ပာယ်မရှိပါဘူး မောင်ညိမ်။

နှင့်အနေနဲ့က မိဘရဲ့ဆန္ဒအတိုင်း အိမ်ထောင်ပြုချင်ပြု၊ အဲလေ··· မင်းတို့ရဲ့ ဓလေ့ထုံးစံက တစ်မျိုး၊ တို့များရဲ့ ဓလေ့ထုံးစံက တစ်မျိုးကို'

ပရီဝီ၏ စကားဆုံးသည်နှင့် တစ်ပြိုင်နက် မောင်ညိမ်၏ အသည်းနှလုံးများ ပုရွက်တွင်းသို့ ကျသွားသကဲ့သို့ ခံစားလိုက်ရသည်။

'မဟုတ်ဘူး ပရီဝီ။ ငါပြောတာက ငါ့အချစ် ပြောင်းလွဲသွားပြီး တခြားတစ်ယောက်ကို ချစ်လိုက်ဖို့ ပြောတာမဟုတ်ဘူး။ မင်း အထင်မမှားနဲ့။ တို့များရဲ့ ချင်းတွင်းရှမ်းလူမျိုးစရိုက်ကြောင့် မိဘရဲ့သြဇာကို မလွန်ဆန်ရဲလို့ ပြောတာ။ မင်း ငါ့ကို အထင်လွဲသွားပြီထင်တယ် ပရီဝီ၊ ငါ စိတ်မကောင်းဘူး'

'အို အို ငါ ဒီလိုပြောတာ မဟုတ်ဘူး မောင်ညိမ်။ ငါ့စိတ်ထဲ ရှိတာ ငါပြောတာ။ ငါတို့လူမျိုးတွေကျတော့ အိမ်ထောင်ပြုဖို့ မိဘမောင်ဖွားက စပြီး ဘယ်သူမှ မတိုက်တွန်းကြပါဘူး။ ကိုယ် အိမ်ထောင်ပြုချင်မှ ကိုယ် ဖြစ်တာ။ ဒါကြောင့်မို့ ငါ့စိတ်ထဲရှိသမျှ ငါပြောတာ'

ပရီဝီသည် မောင်ညိမ်၏ကိုယ်ကို သူ့ကိုယ်လုံးလေး ယိမ်းမှီကာ ပါးချင်းထိပြီး တောင်းပန်သံနှင့် ပြောရှာသည်။

'ကိုင်းလေ အဲဒါထားပါတော့၊ ငါလဲ အတတ်နိုင်ဆုံး အိမ်ထောင် မပြုဘဲ နေရအောင် ကြိုးစားပါ့မယ်။ မင်းတို့လူမျိုးစုတွေ ရွာပြောင်းချင်ကြတဲ့ အကြောင်းနှစ်ချက်ကို ပြောပြပါဦး။ ငါ သိချင်လွန်းလို့ပါ'

မောင်ညိမ်သည် သူ့ပါးပြင်ကို ထိကပ်လာသည့် ပရီဝီ၏ပါးပြင်ကို နှာခေါင်းနှင့် တို့လိုက်ပြီး မေးလိုက်ပြန်သည်။

'တို့များလူမျိုးများတွေ ရွာပြောင်းချင်တဲ့ ပထမအချက်ကတော့ တို့များရဲ့ လူမျိုးစုတွေဟာ တောင်ယာခုတ်၊ မီးရှို့ ရှုးထိုးပြီး စိုက်ပျိုးလုပ်ကိုင် စားသောက်ကြတဲ့လူမျိုး။ မင်းတို့က လယ်လုပ်ပြီး သစ်တောတွေကို ချစ်မြတ်နိုးတဲ့လူမျိုး။ တို့များလူမျိုးစု တောင်ယာခုတ်တယ် ဆိုတာကလဲ တစ်နှစ်တည်း မဟုတ်ဘူး။ မသေမချင်း တောင်ယာခုတ်ပြီး တို့ရဲ့အသက်ရှင်ရေး၊ တို့ရဲ့ စားဝတ်နေရေးကို ဖန်တီးသွားကြရမှာဆိုတော့ မင်းတို့ရဲ့ နယ်ထဲမှာ တို့များ လူမျိုးစုတွေ ကြာရှည်နေလို့ မဖြစ်ဘူး'

ဟုတ်လည်း ဟုတ်သည်။ ချင်းတွင်းရှမ်းများသည် ဝေသာလီနိုင်ငံ၊ ကောသမ္ဗီနိုင်ငံတို့မှ ခွဲထွက်ဆင်းသက်လာကြပြီး ချင်းတွင်းမြစ်ဝှမ်းတွင်

သူ့နယ်ကိုယ့်နယ် သတ်မှတ်ကာ ပြောက်တိပြောက်ကျား ရပ်ရွာတည်ထောင် နေထိုင်ခဲ့ကြသည်။

ကူဗလေခန် တိုက်ဖျက်၍ နန်ကျောက်ပျက်သောအခါ အစုအဝေး အများဆုံးနှင့် အထက်ဗမာပြည်တစ်ခုလုံး ပျံ့နှံ့ဝင်ရောက်လာကြသည်။

အချို့သော သူများကလည်း ဆွေနီးမျိုးစပ်ရှိရာ ကမ္ဘောဒီးယားနိုင်ငံသို့ လည်းကောင်း၊ အချို့သော လူမျိုးအုပ်စုများသည် လာအိုခေါ် လောနိုင်ငံသို့ လည်းကောင်း၊ အချို့သောသူများသည် ထိုင်းနိုင်ငံသို့ လည်းကောင်း မိမိတို့နှင့် သဟဇာတ တည့်ရာများသို့ နန်ကျောက်ကို စွန့်ခွာ၍ သွားရောက်ပူးပေါင်း နေထိုင်ကြသည်။

ရှမ်းလူမျိုးစုပေါင်းစုံ အများအပြားကမူ မြန်မာနိုင်ငံ၏ မြောက်ပိုင်း ဒေသ တစ်ဝန်းလုံးတွင် ဝင်ရောက်လာကာ၊ ကျေးရွာအဖွဲ့အစည်း တစ်ခုလျှင် မိမိတို့ပိုင်နယ် ဟူ၍ သတ်မှတ်ကာ ကျေးရွာတည်ထောင်ကာ အခြေချကြလေသည်။

ထိုစဉ်အခါကမူ မြန်မာနိုင်ငံအတွင်းသို့ တန်ကွန်နာဂများ ဝင်ရောက်မလာသေး။ တိုင်းပြည် ပျက်လာသော ရှမ်းအမျိုးသားများကား ယခု ကယားပြည်နယ် တောင်တန်းတစ်လျှောက်အထိ အရှေ့ပိုင်းအတွင်း ပျံ့နှံ့ဆင်းသက်လာသည်။ သို့မို့ကြောင့်လည်း ကယားပြည်နယ် ဖားအံမြို့ကို ရှမ်းဘာသာအားဖြင့် ဖာအံ့* ဟူ၍ မှည့်ခေါ်တည်ထောင်ခဲ့ကြသည်။

တစ်ဖန် ချင်းတွင်းမြစ်ကမ်း တစ်လျှောက်တွင်လည်း ရှမ်းလူမျိုးစု အသီးသီးတို့က ကျေးရွာ မြို့ပြတည်ထောင်ကာ တလီမြို့ (ယခုအခေါ် ကလေးမြို့)၊ ခ္ခိုင်းပတ်ခေါ် (သန္တာစေ့ ထွက်သောတောင်)တို့တွင် မြို့ပြတည်ထောင်ကာ နေထိုင်ခဲ့ကြသည်။

ဗုဒ္ဓမပွင့်တော်မူမီကပင် တရားဥပဒေဆိုင်ရာ၊ အုပ်ချုပ်ရေးဆိုင်ရာ၊ ဂီတဆိုင်ရာ၊ စစ်ရေးစစ်ရာ ပညာများကို တတ်ကျွမ်းပြီးသော ရှမ်းလူမျိုးများသည် မိမိတို့ ရောက်ရာ ဒေသအရပ်၌ နယ်သတ်မှတ်ခြင်း၊ လယ်ယာ

---

* ဖာ = ကျောက်ထပ်လွှာ။
အံ့ = ထပ်၍ညပ်၍ နေခြင်း။
ဖာအံ့ = ကျောက်ထပ်လွှာများ ပေါ်များသောနေရာ။

လုပ်ငန်းကို စနစ်တကျ လုပ်ကိုင်တတ်ခြင်း၊ တောတိရစ္ဆာန်ကို ဆင်မှအစ ဖမ်းဆီး၍ အိမ်မွေးတိရစ္ဆာန်ဘဝသို့ ယဉ်ပါးအောင် သင်ကြားခြင်းများကို တတ်မြောက်ခဲ့ပြီးသူများဖြစ်၍ ကျေးရွာတစ်ရွာ တည်ထောင်ရာ၌ စနစ်တကျ တည်ထောင်တတ်သူများ ဖြစ်သည်။

တစ်ဖန် သစ်တောထွက်ပစ္စည်းများ ဖြစ်ကြသော ကြိမ်၊ သစ်၊ ဝါး တို့ကိုလည်း စနစ်တကျ ထိန်းသိမ်းသုံးစွဲကြလေသည်။

နာဂတို့ကမူ ထိုကဲ့သို့ မဟုတ်။ ၎င်းတို့ကျေးရွာ နတ်ဆရာ ဟောရာ အရပ်ဒေသကို တောင်ယာခုတ်၊ မီးရှို့၊ စူးထိုး စိုက်ပျိုးစားသောက် နေထိုင်သူများ ဖြစ်သဖြင့် ချင်းတွင်းရှမ်းလူမျိုးစုနှင့် တန်ကွန်နာဂလူမျိုးစုတို့ ကြာရှည် ပူးတွဲနေထိုင်လျှင် ပြဿနာ ပေါ်လာသည်ချည်း ဖြစ်လေသည်။

'နင်တို့ ရွာပြောင်းကြတဲ့ ပထမ အချက်ကတော့ ဟုတ်ပြီလေ။ ဒုတိယ အချက်ကို ပြောပါဦးလား ပရှိဝီရယ်'

'အရှည်ကြီး ပြောရမှာနော်။ တို့များ လူမျိုးစု ဆင်းလာကြပုံ၊ ချင်းတွင်း မြစ်ကမ်းမှာ ရွာတည်စည်ကားလာပုံ၊ ခေါင်းဆောင်ကြီး ဦးလဆာ ပေါ်ပေါက် ခဲ့ပုံ၊ နောက်ဆုံး ရွာပျက်ပုံ အထိပေါ့ ကွယ်။ ဒါပေမဲ့ မင်း ဒီနေ့ အလုပ် ရှိသေးလား'

'ရှိ ရှိ၊ မလုပ်ဘူး။ မင်းတို့ ရွာပြောင်းမယ်ဆိုကတည်းက ငါ ဘာမှ မလုပ်ဘူး၊ လုပ်ချင်စိတ်လဲ မရှိဘူး။ ငါ့ကိုယ်စား ကိုမောင်ညွန့်ပဲ လုပ်နေ တယ်လေ။ ငါကတော့ အိပ်ရာထဲမှာပဲ မင်းနဲ့ ငါ့အကြောင်း တွေးနေတယ်။ ပြောပါ ပြောပါ၊ မင်း ပြောနိုင်သမျှ ငါ နားထောင်မယ်'

မောင်ညိမ်သည် ပရှိဝီ၏ ကိုယ်လုံးကို ပြန်လည် သိုင်းဖက်လိုက်ရင်း ပြောလိုက်သည်။

'အေး၊ ငါလဲ ခေါင်းရည်တည်ဖို့ မမီဘဲ နေပါစေတော့၊ တို့နှစ်ယောက် သား ဝအောင် စကားပြောမယ်လေ။ ဒုတိယအချက်ကတော့ တို့များ နန်းမောင်ခမ်းရွာ ပျက်ပြီးတဲ့နောက် တို့လူမျိုးစုတွေ ဟိုတကွဲ ဒီတကွဲ ဖြစ်နေ တယ်။ အဲဒါ အခု ဟိုအဝေးကြီး ဟိမဝန္တာတောင်စွယ်က တို့နဲ့မျိုးတူ လူမျိုးစု တွေနဲ့ တို့များ နန်းမောင်ခမ်းရွာပျက်ကြီး တကွဲတပြား ဖြစ်နေကြတဲ့ လူမျိုးစုတွေ ပေါင်းပြီး ရွာသစ်တည်ထောင်ကြတော့မယ်။ တို့ရဲ့ နန်းမောင်ခမ်းရွာ ပျက်လာ ရတာ တို့လူမျိုးတွေ သတိရသွားကြပြီလေ'

မောင်ညိမ်သည် ရွာပျက်သည်ဆိုသောကိစ္စ စိတ်ဝင်စားလာသဖြင့် သူ့ရင်ခွင်ထဲ မှေးရင်း ပြောနေသော ပရှိဝိ၏ပါးပြင်ကို တစ်ချက်မွှေးရင်း မေးလိုက်ပြန်သည်။

'အဲဒီ နင်တို့ နန်းမောင်ခမ်းရွာကြီး ဘာကြောင့် ပျက်ပြီး နင်တို့ လူမျိုးစုတွေ ဘာ့ကြောင့် ကစဥ့်ကလျား ဖြစ်ရတာလဲ ဟင်'

'အို… ပြောပါမယ် ဆိုမှ'

ပရှိဝိသည် မျက်စောင်းလေးချိတ်ကာ ပြောလိုက်ပြီး မောင်ညိမ်၏ ရင်ခွင်ထဲ သူ့ကိုယ်လုံးပါ ထိုးသွင်းလိုက်ကာ ပက်လက်ကလေး မော့၍ မောင်ညိမ့်မျက်နှာကို မမှိတ်မသုန်ကြည့်ရင်း သူ သိသမျှသော သူတို့လူမျိုးစု၏ ဘဝဖြစ်စဉ်ကို ကရားရေလွှတ်သကဲ့သို့ တတွတ်တွတ် ပြောပြလိုက်လေသတည်း။

'တို့ လူမျိုးစုတွေဟာ မောင်ညိမ်ရယ်…'

ပရှိဝိသည် ဤကဲ့သို့ အစချီပြီး ပြောပြသမျှကို ဖော်ပြရမည်ဆိုလျှင်…။

## အခန်း ၉

ဟိမဝန္တာတောင်စွယ်တစ်ခုတွင် ရွာတည်ထောင်နေထိုင်ကြသော အိမ်ခြေငါးရာခန့်ရှိ တန်ကွန်နာဂလူမျိုးစု တစ်စုသည် မိုးခေါင်သော နှစ်တစ်နှစ်တွင် စားဝတ်နေရေး အခက်အခဲနှင့် ရင်ဆိုင်ကြရလေသည်။

ထိုနှစ်က ဆိုလျှင် သူတို့၏ တောင်ယာပဲခင်းများမှာ သီးနှံဟူ၍ မထွက်တော့။

စင်စစ်တော့လည်း နာဂလူမျိုးစုတို့သည် ချင်းတွင်းရှမ်းများ ကျေးရွာတည်ထောင်ရာတွင် နယ်ပယ်သတ်မှတ်သကဲ့သို့ သူတို့သည်လည်း တောင်ယာခုတ်ရန် ရွာပိုင်နယ်မြေကို သတ်မှတ်၍ ကျေးရွာတည်ထောင်ကြသည်။

တစ်တောပြီးတစ်တော၊ တစ်တောင်ပြီးတစ်တောင် နှစ်ပေါင်းများစွာ တောင်ယာခုတ် မီးရှို့သဖြင့် သူတို့ပိုင်နက်သစ်တောများ ပြုန်းတီးနေပြီဖြစ်သဖြင့် လောင်စာအား မကောင်းတော့။ လောင်စာအား မရှိတော့လည်း မြေဩဇာက မထက်သန်နိုင်တော့လေချေ။

သည်တော့လည်း အိမ်ခြေကလည်းများ၊ စားနပ်ရိက္ခာ ဖြစ်သော တောင်ယာစပါးကလည်း တစ်နှစ်ထက်တစ်နှစ် အထွက်လျော့နည်းလာကာ တောင်ယာတစ်ခင်းသည် အိမ်ထောင်စုတစ်စု၏ တစ်နှစ်စာဝမ်းရေးပင် မဖူလုံချင်တော့ချေ။

ဟော… သည်နှစ် မိုးခေါင်၍ တောင်ယာခင်း ပျက်စီးသွားသောအခါ တစ်ရွာလုံး အငတ်ဘေးနှင့် ရင်ဆိုင်ကြရလေတော့သည်။

ထိုအခါ သူတို့ကျေးရွာ ခေါင်းဆောင်များသည် ရွာသားများနှင့်

တိုင်ပင်ညှိနှိုင်းကာ အုပ်စုခွဲ၍ တောသစ် တောင်သစ် ရှာဖွေကာ ရပ်သစ် ရွာသစ် တည်ထောင်နေထိုင်ကြရန် စီစဉ်ကြရလေတော့သည်။

အိမ်ခြေတစ်ရာ တစ်အုပ်စုစီခွဲပြီး ကျေးရွာသစ်ထူထောင်ကြရန် သဘောတူညီချက် ရကြသောအခါ တစ်အုပ်စုကို ခေါင်းဆောင်တစ်ဦးထားကာ မိမိတို့ မွေးမြူသတ္တဝါများဖြစ်သော ကြက်၊ ဝက်၊ ကျွဲ၊ နွား၊ နွားနောက်တို့နှင့် တကွ ငါးအုပ်စုခွဲကာ ဟိမဝန္တာ တောင်စွယ်ရွာမှ ဦးတည်ရာ ထွက်ခွာလာကြသည်။

ဦးလဆာ ခေါင်းဆောင်သော အိမ်ခြေတစ်ရာခန့် အုပ်စုကမူ အရှေ့တောင်ယွန်းယွန်းသို့ ထွက်ခွာလာသဖြင့် မြန်မာနိုင်ငံထဲသို့ ဝင်ရောက်လာမိလျက်သားဖြစ်ပြီး (ယခု ဟုန်းမလင်းမြို့နှင့် ရှစ်မိုင်ကျွာ) နန့်မောင်ခန်းချောင်းနှင့် ချင်းတွင်းမြစ်ဆုံရာနေရာသို့ ကျေးရွာတည်ထောင်ရန် ရွေးချယ်လိုက်ကြသည်။ ထိုနေရာသည် ချင်းတွင်းမြစ်ဝှမ်းဒေသသို့ ဦးစွာရောက်နှင့်ပြီဖြစ်သော ချင်းတွင်းရှမ်းတို့၏ ပိုင်နက်အဖြစ် သတ်မှတ်ထားသော ရွှေတစ်ဆယ့်ကိုးရွာ နယ်မြေဖြစ်သဖြင့် သက်ဆိုင်ရာ ရွှေမှူးထံသို့ ဝယ်ယူကာ ရွာတည်ထောင်ကြရသည်။

ထိုအုပ်စုကို ဦးဆောင်လာသူ ဦးလဆာသည် ကာယအင်အားလည်း သူမတူအောင် ကြီးမားသည်။ ဉာဏအင်အား အရာ၌လည်း ကောင်းမွန်သူ တစ်ဦးဖြစ်သည်။

ရွာတည်ထောင်ပြီး နှစ်အနည်းငယ်အတွင်းတွင် ဦးလဆာသည် ရှမ်းတို့၏ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အတုယူကာ လယ်ယာများကို သူ့တစ်ရွာလုံး တီထွင်စေသည်။ သို့တစ်မူလည်း တစ်ဖက်က သူတို့၏ တောင်ယာလုပ်ငန်းကို မစွန့်လွှတ်သေးချေ။

ချင်းတွင်းရှမ်းများ မြစ်ကြောင်းခရီး သွားလာရေးအတွက် အသုံးပြုသော လုံးထွင်းလှေများ ပြုလုပ်သည့် အတတ်ပညာကိုလည်း ဦးလဆာက သင်ယူ အသုံးပြုတတ်လာသည်။

တစ်စတစ်စနှင့် ရှမ်းဘာသာစကား၊ ရှမ်းတို့ ငါးဖမ်းသော ကွန်ထိုးနည်းမှအစ ဦးလဆာက သင်ယူပြီး သူ့ရွာသားများကို သင်ကြားတတ်မြောက်စေသည်။

ဦးလဆာ၏ဦးဆောင်မှုကြောင့် နန့်မောင်ခန်းရွာလေးသည် နှစ်များမကြာမီအတွင်း စည်ပင်သာယာဝပြောသော ရွာတစ်ရွာ ဖြစ်လာချေတော့သည်။

ဒါတင် မကသေး၊ အာသံနယ်မှ ရွှေ့ပြောင်းလာကြသော အခြားနာဂလူမျိုးများ၏ ဆိပ်ခံသဖွယ် ဖြစ်လာသည်။

တောင်ပေါ်နေ နာဂလူမျိုးများသည် သူတို့ အဓိကထားသော ပစ္စည်းလေးမျိုး ရှိသည်။ သန္တာစေ့၊ ပုတီးစေ့များကို ကန်ဖိုးရှိသော တန်ဆာအဖြစ် အဓိကထားကြသည်။ ချည်ကိုလည်း သူတို့စိတ်ကြိုက် ဆိုးဆေးအမျိုးမျိုးနှင့် ဂျုပ်ခုတ်ရက်၍ ဝတ်ဆင်မှုအတွက် ချည်ကို အဓိကထားသည်။ တောင်ယာလုပ်ငန်းတွင် မရှိမဖြစ်သော ဓားရိုက်သံကိုလည်း အဓိကထားသည်။ စားရေးသောက်ရေးအတွက် မရှိမဖြစ်သော ဆားကိုကား ပြောဖွယ် မရှိတော့လေချေ။

ထိုကြောင့်လည်း တောင်ပေါ်နာဂများသည် ထိုပစ္စည်းများရရှိနိုင်ရေးအတွက် ရှမ်းအမျိုးသားကုန်သည်များနှင့် ဆက်ဆံရေး စသည်တို့ကို ဦးလဆာ၏ နန့်မောင်ခန်းရွာရှိ တန်ကွန်နာဂများထံမှတစ်ဆင့် ဆက်သွယ်ရယူရသည်။

ဦးလဆာသည် ရှမ်းတို့ထံမှ အချိန်အတွယ် ရောင်းဝယ်ရေးပညာတို့ကို သင်ယူ ရယူသည်။

ဦးလဆာအနေနှင့် သူ့ကျေးရွာ၏ တိုးတက်ဖွံ့ဖြိုးမှုကို ဆောင်ရွက်၍ အောင်မြင်မှု ရရှိလာသဖြင့် သူ့ရင်ထဲ၌ အရည်ရွှမ်းသော ပီတိများက လှိုင်းအိလေးများလို ထ နေသည်။

အာသံနယ်ထဲမှ ဝင်ရောက်လာကြကုန်သော နာဂအမျိုးသားများသည် ဆက်ဆံရဖန်များလာသော ဦးလဆာ ဦးဆောင်သည့် နန့်မောင်ခန်း ကျေးရွာကို တစ်စတစ်စ မျက်စိကျလာကြသည်။

အာသံနယ်မှ မြန်မာနယ်တွင်းသို့ ဝင်ရောက်၍ တောင်ပေါ်ဒေသတွင် နေထိုင်ကြသော နာဂများသည် ဦးလဆာ၏ နန့်မောင်ခန်း ကျေးရွာကို မောင်ပိုင်စီးလိုသောဆန္ဒ ထိန်းမနိုင် သိမ်းမရအောင် ဆန္ဒပြင်းပြလာကြပြီး တောင်ပေါ်ရွာသုံးရွာပေါင်းပြီး နန့်မောင်ခန်းကျေးရွာ အပိုင်ရရေးအတွက် ဆွေးနွေးတိုင်ပင်ကြသည်။

နောက်ဆုံး သူတို့အဖြေမှာ ဦးလဆာ၏ ကျေးရွာကို ဝင်ရောက် တိုက်ခိုက်ခေါင်းဖြတ်ရန် ဖြစ်သည်။

ဤသို့ တိုက်ခိုက်၍ ခေါင်းဖြတ်ခြင်းအားဖြင့် တိုက်ခိုက်ကြမည့် ကျေးရွာခေါင်းဆောင်များအနေနှင့် သူမတူအောင် အားအင်ဗလပြည့်စုံသော ဦးလဆာ၏ရွာနှင့် ဦးလဆာ၏ခေါင်းကို ဖြတ်ယူနိုင်သော် သူတို့လူမျိုးစုအနေနှင့် နာဂတောင်တန်းတစ်ခုလုံး ဟိုးလေးတကျော် ဖြစ်သွားမည်။ သူတို့သည်သာလျှင် နာဂတောင်တန်းတစ်ခွင် လွှမ်းမိုးသွားနိုင်မည်ဟု တွက်ဆကြသည်။

သို့မို့ကြောင့်လည်း တောင်ပေါ်နေ နာဂများသည် စစ်အင်အား အလုံးအရင်းနှင့် ဦးလဆာ၏ရွာကို လာရောက်တိုက်ခိုက်ရန် စီစဉ်ကြသည်။ ထိုစဉ်အခါကမူ မြန်မာဘုရင် အုပ်စိုးသောခေတ် ဖြစ်သဖြင့် ယခု ဟုန်းမလင်းတွင် ရုံး၊ ဂါတ် ဟူ၍လည်း မရှိလေသေး။

'နင်တို့ရွာကကော နင်တို့ရွာကို တောင်ပေါ်နာဂတွေ လာတိုက်မယ့်သတင်း မကြားဘူးလား'

ပရှိဝီ ပြောပြသည်ကို စိတ်ဝင်စားစွာ နားထောင်နေသော မောင်ညိမ်က ဖောက်၍မေးလိုက်သည်။

'သတင်းကြားတာပေါ့'

'သတင်းကြားတော့ နင်တို့ ပြန်တိုက်ဖို့ ခိုက်ဖို့ မစီစဉ်ဘူးလား'

မောင်ညိမ်က လက်သီးကို ကျစ်ကျစ်ဆုပ်ကာ မေးလိုက်ပြန်သည်။

'စီစဉ်တာပေါ့ မောင်ညိမ်၊ မစီစဉ်ဘဲ နေပါ့မလား။ တို့များ နာဂစစ်တိုက်တယ်ဆိုတာလဲ နင်သိတဲ့အတိုင်းပဲ။ စစ်တိုက်လို့ နိုင်သွားပြီဆိုရင် ပစ္စည်းတွေသိမ်းယူရုံတင် မကဘူး၊ ကလေး လူကြီးမကျန် တွေ့ရာခေါင်းဖြတ်တဲ့ ထုံးစံရှိနေတယ် မဟုတ်လား။ ဒီတော့ ဦးလဆာကလဲ သူ့ရပ်ရွာ သူကာကွယ်ဖို့လူတွေကို ညှိရတာပေါ့'

ပရှိဝီသည် မောင်ညိမ်၏ ကြားဖြတ်အမေးကို ဖြေကြားလိုက်သည်။

'ဒီတော့ နင်တို့ တိုက်ကြရောလား'

'နေပါဦးလေ၊ ဒီကိစ္စတွေ ငါ ဆက်ပြောပါမယ်။ နင်ကလဲ လောလိုက်တာ ဟယ်'

ပရှိဝီက စိတ်မရှည်သလိုနှင့် မောင်ညိမ်ကို ပြောလိုက်ပြီး သူတို့မျိုးရိုး ဘဝဖြစ်စဉ်ကို တစ်ဖန် ဆက်လက်၍ ပြောပြပြန်သည်။

"ဟာဟဲဟာ... ဟာဟဲဟာ" ဟူသော စစ်ကြွေးသံသည် တောင်ကမ်းပါးယံမှ ဟည်းပြီး ထွက်ပေါ်လာသည်။

ထိုညသည် ဆောင်းလယ်ညဖြစ်သဖြင့် တစ်ရွာလုံးကို နှင်းမြူများ ဖုံးနေလေသည်။ တောင်မြောက်လေးပါးကို ကြည့်၍ မမြင်သေး။

ရွာခေါင်းဆောင်ကြီး ဦးလဆာသည် ဓား၊ လှံ၊ လေး၊ မြား၊ ကာ စသည့် စစ်ကိရိယာများကို ကိုင်စွဲကာ သူ့ရွာသားများကို တပ်လှန့်လိုက်သည်။

ရွာတွင်းရှိ လူရွယ် လူငယ် လူလတ်အားလုံးတို့သည် မိမိတို့ ကြိုတင်ပြုလုပ်ထားသော ဝါးချွန်ငြောင့်စည်းများကိုယူကာ ရွာပြင်ထွက်၍ ရန်သူလာမည်ဟုထင်ရသော လမ်းများနှင့် ရွာဝင်လမ်းများတွင် ချက်ချင်း စိုက်ထောင်လိုက်ကြသည်။

ဝါးငြောင့်ချွန်များကို အသွားအပြန် ထောင်ပြီးသော ရွာသားများ ချက်ချင်းပင် ရွာတွင်းသို့ ပြန်ဝင်လာကြပြီး၊ ဦးလဆာ၏ အမိန့်ကို နာခံရန် ဦးလဆာ ဘေးပတ်လည် ဝိုင်းရံနေကြသည်။

'မင်းတို့ရဲ့ ဓား လှံ လေးမြားတွေ သွားယူကြ။ မင်းတို့ရဲ့ ကာကိုလဲ မမေ့မလာကြနဲ့ဦး။ သက်ကြီးရွယ်အိုတွေကတော့ ရွာထဲမှာရှိတဲ့ ကလေးမြေးငယ်တွေ၊ လူအိုတွေ၊ မိန်းမတွေကို စောင့်ရှောက်။ တို့က ရွာပြင်ဘက်ကနေ သူတို့ရဲ့ထိုးစစ်ကို ထိုးစစ်နဲ့ပဲ ပြန်ခံရအောင်'

ဦးလဆာ၏အစီအစဉ်ကို ကြားသိလိုက်ရပြီဖြစ်သော ရွာသူရွာသားများသည် မိမိတို့အိမ်သို့ အသီးသီးပြေးသွားကြပြီး၊ သူတို့၏စစ်လက်နက်များကို ဆွဲငင်ပြင်ဆင်ကာ ဦးလဆာ ရပ်နေသော ရွာလယ်ဆီသို့ ပြေးလာကြပြီး လာရောက်စုရုံးကြသည်။

'ကိုင်း… တို့က သူတို့လာမယ့်လမ်း လမ်းကျဉ်းမှာ သွားစောင့်ကြရအောင်၊ ထွက်ကြဟေ့'

ဦးလဆာသည် စစ်လက်နက် အပြည့်အစုံ ကိုင်စွဲထားကြပြီး ဖြစ်သော သူ့ရွာသားများကို ဦးဆောင်၍ ရွာပြင်ဘက်သို့ ထွက်လာခဲ့သည်။

ဟိုး တောင်ကုန်းမြင့်ခရီး ၄ မိုင်အကွာခန့်မှလည်း ထင်းရှူးတိုင်မီးများ အစီအရီ ပေါ်လာသည်။

စစ်ကြွေးလာသူတို့၏ ညာသံသည်လည်း တောင်ကမ်းပါးကို ရိုက်ခတ်ကာ ဟည်း၍ ဟည်း၍ ထွက်ပေါ်လာသည်။

ဦးလဆာတို့လူစုသည် ရွာနှင့် တစ်မိုင်ခန့်အကွာရှိသော လမ်းကျဉ်း

တစ်ခုတွင် သစ်တောများ၏ အကာအကွယ်နှင့် ကိုယ်ယောင်ဖျောက်ကာ နေလိုက်ကြသည်။

ရွာနှင့် ခရီးတစ်မိုင်အကွာ ဦးလဆာတို့ တပ်ဖျောက်နေရာအနီးသို့ ရောက်ခါနီးတွင် စစ်ကြွေးသံပေးလာသော ရန်သူများသည် သူတို့ကိုင်ဆောင်လာသော ထင်းရှူးမီးတုတ်များကို မြေပြွတွင်ထိုးပြီး ငြိမ်းသတ်လိုက်ကြလေသည်။

'ငါ ဦးဆုံး ထွက်ခုတ်မယ်။ ငါ့ဘေးက ကျွံလာသမျှ လူတွေကို မင်းတို့ ဝိုင်းခုတ်ကြ။ စစ်တိုက်တယ် ဆိုတာ ခေါင်းဆောင်လုပ်သူကို အရင်ဆုံး အနိုင်တိုက်နိုင်ရင် သူတို့ တပ်ပျက်ပြီ။ ဒီလိုသာ သူတို့ခေါင်းဆောင်ကို အရင်ဆုံး အနိုင်တိုက်နိုင်ရင် တို့များ နိုင်ပြီဟေ့'

ဦးလဆာသည် သူ့လူများကို လေသံတိုးတိုးနှင့်ပြောပြီး ဘယ်လက်တွင် ကာကို တင်းကျပ်စွာ ကိုင်ထားဘိသကဲ့သို့ သူ၏ ညာဘက်လက်တွင်လည်း ဦးကားဓားမကြီးကိုကိုင်ကာ၊ အောက်နှုတ်ခမ်းကို အပေါ်သွားနှင့်ဖိကာ ရန်သူ ရောက်လာမည့် အချိန်ကိုသာ စိတ်စောနေလေသည်။

ရန်သူများသည် ဦးလဆာတို့ စောင့်ဆိုင်းနေသော နေရာသို့ တစ်စတစ်စ နီးကပ်လာသောအခါ ဦးလဆာက သူ့လူများကို သတိပေးလိုက်သည်။

'ဟေ့… သတိထားကြနော်၊ နီးလာပြီ'

ဦးလဆာ၏ နောက်လိုက်များဖြစ်ကြသော နန့်မောင်ခန်းရွာသားများကလည်း အချို့က ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်၍ လည်းကောင်း၊ အချို့သောသူများက ထိုးလွှတ်ရန် လှံတံကို ကိုင်ဆ၍ လည်းကောင်း သတိဝီရိယကြီးစွာနှင့် အဆင်သင့် ပြင်ဆင်ထားကြသည်။

သူတို့စောင့်ဆိုင်းနေသော အနားသို့ နီးလာလေ ရန်သူတို့၏ ခြေသံများက ပို၍ညင်သာလာလေ ဖြစ်သဖြင့် ရန်သူ၏ အခြေအနေကို အတော်ပင် ဝီရိယစိုက်၍ နားစွင့်နေရသည်။

ရန်သူများသည်လည်း ရွာနား နီးလာပြီဖြစ်သဖြင့် မိမိတို့ခြေသံကို တိတ်ဆိတ်နိုင်သမျှ တိတ်ဆိတ်အောင် ညင်သာစွာ ချဉ်းကပ်လာကြသည်။

ဦးလဆာသည် သူ့လက်ထဲမှ ဓားကြီးကို ပိုမိုတင်းကျပ်သည်ထက် တင်းကျပ်အောင် ကိုင်ကာ စောင့်နေသည်။ ဦးလဆာ၏ စိတ်ထဲတွင်လည်း ပုစွန်ဆိတ် ဝင်ခုန်နေဘိသို့ တဒိတ်ဒိတ် ဖြစ်နေသည်။

'ဟေး… ဝါး…'

ဦးလဆာသည် သူတို့အနီးသို့ လုံတစ်ပစ်စာ နီးကပ်လာပြီဖြစ်သော ရန်သူများကို ညာသံပေး၍ ထွက်ခုတ်လေတော့သည်။ သူ၏ နောက်လိုက်များကလည်း ဦးလဆာ နောက်သို့ တစ်ဟုန်ထိုး ပြေးလိုက်သွားကြသည်။ ဦးလဆာသည် ရန်သူ၏စစ်ခေါင်းဆောင်နှင့် ရင်ဆိုင်လိုက်သည်နှင့် တစ်ပြိုင်နက် ရန်သူခေါင်းဆောင်၏ ဓားက သူ့ဇက်ကို ဝဲလာသည်။ ဦးလဆာလည်း သူ့ဘယ်ဘက်လက်ထဲတွင် ကိုင်ထားသော ကာနှင့် ခံလိုက်ကာ ပြန်လည် ခုတ်ထစ်သည်။

ရန်သူခေါင်းဆောင်၏ နောက်လိုက်များသည်လည်း သူတို့ခေါင်းဆောင်နှင့် ဦးလဆာကို ရွေးချယ်ရန် မတတ်စွမ်းနိုင်အောင် နှင်းမြူများက ပိတ်ဖုံးထားသဖြင့် ဘာမျှ မတတ်နိုင်ဘဲ ငေးနေကြသည်။

'ဟော့ကောင်တွေ တို့နှစ်ယောက်ကို ကြည့်မနေနဲ့။ မင်းတို့အလုပ် မင်းတို့ လုပ်'

နှစ်ယောက်သား ခုတ်ထစ်နေကြသောကြားမှ ဦးလဆာက သူ့လူများကို အော်ပြောလိုက်သည်။ ဦးလဆာ၏လူများသည် စောစီးစွာကပင် ဆံပင်နောက်တွဲ၌ တောင်ထန်းရွက်နုများကို ချည်နှောင်ကာ အမှတ်အသား ပြုလုပ်ထားသူများ ဖြစ်သဖြင့် ဦးလဆာ၏ သတိပေးသံ ကြားသည်နှင့် တစ်ပြိုင်နက် ရန်သူများကို အတင်းဝင်ရောက် ထိုးခုတ်လေတော့သည်။

နှစ်ဖက်သော တိုက်ခိုက်သူတို့၏ စစ်ပွဲသည် တစ်နာရီခန့်အကြာတွင် အရှုံးအနိုင် ပေါ်သွားတော့သည်။ ဦးလဆာတို့ဘက်မှ ငါးဦးခန့်ဒဏ်ရာရပြီး ရန်သူဆယ်ဦးခန့် ကျဆုံးသဖြင့် ရန်သူ့ဦးခေါင်းဆယ်လုံး ဦးလဆာတို့ဘက်မှ ရလိုက်လေသည်။

ထိုတိုက်ပွဲ ပြီးဆုံးသွားပြီးသည့် နောက်ပိုင်းတွင် ဦးလဆာ၏ တိုက်ရည်ခိုက်ရည်သတင်းသည် နာဂတစ်တောင်လုံး ပျံ့နှံ့သွားသဖြင့် ထိုသို့ အစုအဝေးနှင့် လာရောက်တိုက်ခိုက်ရန် မည်သူမျှ မဝံ့ရဲကြလေတော့ချေ။

'အဲဒီတုန်းကများဆိုရင် တို့ရွာသူရွာသားတွေ ခုနစ်ရက်လုံးလုံး နေ့မအိပ် ညမအိပ်နဲ့ ရန်သူခေါင်းရပွဲ ကျင်းပခဲ့ကြသတဲ့'

ပရိုဝီသည် သူတို့လူမျိုးစု အောင်ပွဲခံလာနိုင်ပုံကို မောင်ညိမ်အား ပြောပြရင်း အာသြောင်းလာသဖြင့် တစ်ထောက်နားလိုက်သည်။

'နို့ နင်တို့လူမျိုးတွေက ရန်သူကို ဒီလို ခုခံနိုင်ပါလျက်နဲ့ ဘာပြုလို့ ရှာပျက်ရသေးတာလဲ'

ဇာတ်ရည်လည်းဟန် မရှိသေးသော မောင်ညိမ်သည် ပရိုဝီ၏စကားကို ထောက်ကွက်ပြု၍ မေးလိုက်သည်။

'အို... ဆုံးအောင်တောင် မပြောရသေးဘူး၊ နားမထောင်ချင်တော့ဘူးလား မောင်ညိမ်။ နားမထောင်ချင်တော့ဘူးဆိုရင် ငါ ခေါင်ဖတ်ထည့်ဖို့ ပြန်တော့မယ်လေ'

ပရိုဝီသည် ပြောပြောဆိုဆိုနှင့် ထိုင်ရာမှထရန် ဟန်ပြင်လိုက်သည်။

'ဟဲ့ ဟဲ့ ငါက နားမထောင်ချင်ဘူးလို့ ပြောတာမှ မဟုတ်ဘဲ။ ငါသိချင်လွန်းတဲ့ကိစ္စကို မေးတဲ့ဥစ္စာပဲ၊ နင်ကလဲ စိတ်တိုစရာမရှိ စိတ်တိုတာ မကောင်းပါဘူး'

'သိဘူးလေ၊ နင်က ငါ ပြောတာကို မြန်မြန် စကားပြတ်ပါစေတော့ ဆိုပြီး ဖြတ်မေးသလား လို့ပါ'

'မဟုတ်ပါဘူး ပရိုဝီရယ်၊ မင်း ငါ့ကို အထင်မလွဲပါနဲ့'

မောင်ညိမ်သည် ပရိုဝီ၏မျက်နှာကို လှမ်းကြည့်ရင်း တောင်းပန်သံနှင့် ပြောလိုက်သည်။

'ငါ ပြောတာတွေများ နားငြီးနေသလားလို့ပါ'

ပရိုဝီသည် မောင်ညိမ်၏လည်တိုင်ကို သူ့လက်နှစ်ဖက်နှင့် သိုင်းဖက်ပြီး ပြောလိုက်သည်။

'ပရိုဝီ...'

'ဘာပြောချင်သေးလို့လဲ မောင်ညိမ်'

'နင်တို့ လူမျိုးစုခေါင်းဆောင်ကြီး ဦးလဆာ ဆိုတာ အခု ရှိသေးသလား ဟင်'

မောင်ညိမ်သည် ပရိုဝီ၏ ကိုယ်လုံးကို ပြန်လည်ဖက်သိုင်းပြီး မေးလိုက်သည်။

'အဲ့ဒီ ဦးလဆာ ဆိုတာက တို့ရဲ့ဘိုးအေ မောင်ညိမ်ရဲ့'

'ဟော...'

'အဲသလို စစ်ပွဲအောင်လိုက်လို့ တို့အဘိုးအေဟာလေ နွားနောက်ဆယ်ကောင်၊ ကျွဲဆယ်ကောင်၊ နွားဆယ်ကောင်၊ ဝက်ဆယ်ကောင် သတ်ပြီး

ပွဲကြီးလုပ်သတဲ့။ တို့ရဲ့အမေနဲ့ ရွာထဲက အမျိုးသမီးတွေကလဲ အပျိုတွေစုပြီး က လိုက်ကြရတာ ခုနစ်ရက်လုံး နေ့မအိပ် ညမအိပ်ပဲတဲ့ မောင်ညိမ်ရယ်'

ပရှီဝီသည် သူတို့လူမျိုးစုများ အောင်မြင်ခဲ့ပုံကို တတမ်းတတနှင့် ပြန်ပြောနေသည်။

'အဲဒီနှစ်တုန်းကဆိုရင် တို့များရဲ့ တစ်ရွာလုံး လယ်ရော၊ တောင်ယာရော အောင်အောင်မြင်မြင် ရှိလိုက်တာ ဆန်စပါးတောင် ရောင်းချရသတဲ့ မောင်ညိမ်ရယ်'

ပရှီဝီသည် သူတို့လူမျိုးစုများ အစစအရာရာ အောင်မြင်ခဲ့ပုံတို့ကို မောင်ညိမ်အား ပြောပြရာမှ မျက်ရည်များ လည်လာသည်။

'ပရှီဝီရယ်၊ နင်တို့ရဲ့အဘိုးကို ငါ အခုနေချိန် တွေ့ရရင် ဘယ်လောက် ကောင်းမလဲ။ ခုလို တိုက်ရည်ခိုက်ရည်လဲ ရှိ၊ ကျေးရွာတစ်ရွာ၊ လူမျိုးတစ်မျိုးကို ခေါင်းဆောင်နိုင်တယ် ဆိုတာ နည်းတဲ့သတ္တိ မဟုတ်ဘူး။ ငါလဲ အဲသလိုလူမျိုး ဖြစ်ချင်တယ်၊ ဖြစ်အောင်လဲ ကြိုးစားမယ်'

မောင်ညိမ်သည် ပရှီဝီ၏ပါးနှင့် သူ့ပါး ကပ်ထားလိုက်ရင်း ပြော လိုက်သည်။

'ပရှီဝီ၊ နင် ငါ့ကို တကယ်ချစ်တယ်နော်'

မောင်ညိမ်သည် ပရှီဝီ၏ ပါးပြင်တစ်ဖက်ကို သူ့လက်နှင့်ပွတ်ရင်း မေးလိုက်သည်။

'မေးနေရသေးသလား မောင်ညိမ်ရယ်'

'မေးရမှာပေါ့ပရှီဝီရယ်၊ မင်း ငါ့ကို တကယ်ချစ်တယ်ဆိုရင် မင်းတို့ရွာ ပြောင်းသွားတော့ မင်း နေရစ်ခဲ့ပါလား ဟင်'

'ဒီကိစ္စ အသာထားစမ်းပါ မောင်ညိမ်ရာ။ ငါတို့ရွာ ပျက်လာရတဲ့ အကြောင်း ငါဆက်ပြောမယ်၊ နားထောင်ဦးမလား'

ပရှီဝီက မောင်ညိမ်၏ပါးပြင်ကို သူ့ပါးပြင်နှင့် ပွတ်သပ်ရင်း မေးလိုက် သည်။

'နားထောင်မှာပေါ့ ပရှီဝီရယ်။ ဟောဒီနေ့ တစ်နေ့လုံး မင်းပြောသမျှ နားထောင်မယ်။ နင်လဲ ခေါင်ဖတ်ထည့်ဖို့ မသွားနဲ့။ ငါလဲ လယ်ထဲ မဆင်း တော့ဘူး၊ ကိုင်း ဆက်ပြော'

မောင်ညိုမိသည် ပရိုဝီကို သည်ကဲ့သို့ ပြောလိုက်ပြီးနောက် ပရိုဝီ၏ ကိုယ်လုံးကို ဖက်ထားသော သူ့လက်ကို ပြန်ရုပ်လိုက်ပြီး သူ့ကိုယ်ကို ပြန်မတ်လိုက်လေသည်။

'ပြောလေ…'

'ပြောပါမယ်၊ အဲဒီနောက် နှစ်နှစ်ကြာတဲ့ အခါမှာ…'

## အခန်း ၁၀

ဦးလဆာ၏ ဦးဆောင်တိုက်ခိုက်မှုစွမ်းရည်ကို သိသွားကြသော တောင်ပေါ်နာဂများသည် စစ်ရှုံးလာသူများပီပီ နေမထိ ထိုင်မထိ ဖြစ်နေကြသည်။

ထိုကဲ့သို့ လက်နက်အင်အားဖြင့် ယှဉ်ပြိုင်တိုက်ခိုက်ရန် မကြိုးစားကြတော့ဘဲ ဦးလဆာကို ချောင်းမြောင်းလုပ်ကြံရန် ကြံစည်လာကြသည်။ တောင်ပေါ်နာဂများသည် ဦးလဆာကို လုပ်ကြံသတ်ဖြတ်ရန် လူသုံးယောက်တစ်တွဲ စေလွှတ်ကာ ဦးလဆာ၏ သွားလာလှုပ်ရှားမှုကို တောတွင်း ပုန်းအောင်းပြီး အကဲခတ် လေ့လာစေသည်။

အကဲခတ်လေ့လာသည် ဆိုရာ၌လည်း လစ်လျှင်လစ်သလို လုပ်ကြံသတ်ဖြတ်ရန်ပင် ဖြစ်သည်။

တစ်နေ့တွင် ဦးလဆာသည် သူ၏လုံးထွင်းလှေငယ် ဆွေးမြည့်လာပြီဖြစ်သဖြင့် လုံးထွင်းလှေသစ်တစ်စင်း ရရေးအတွက် ရွာနှင့်ငါးမိုင်ခန့်ဝေးသော တောနက်ထဲမှ အော်လဲကျွန်းပင်တစ်ပင်ကို လုံးထွင်းလှေ ခုတ်ထွင်းနေသည်။

ဤသို့ ဦးလဆာ လုံးထွင်းလှေခုတ်နေသည်ကို ချုံတောထဲမှနေ၍ လုပ်ကြံမည့် တောင်ပေါ်နာဂများက ချောင်းမြောင်းစောင့်ကြည့်နေကြသည်။ ဒါကို ဦးလဆာ အနေနှင့် ဂရုမထားမိ။ သူ့လုံးထွင်းလှေ အချောသပ်ပြီးသောအခါ ချောင်းကမ်းပါးသို့ချရန် တောင်ကြိမ်ကြိုးကြီးနှင့် လုံးထွင်းလှေဦးကို ချည်နှောင်ပြီး ကျန်ကြိုးစကို သူ့ခါးတွင်ချည်နှောင်၍ ဆွဲသွားမည်အပြုတွင် လှံသုံးချောင်းသည် သူ့ထံသို့ တစ်ပြိုင်တည်း ဦးတည်လာသည်။

သို့တစေ ကံကောင်းထောက်မသဖြင့် ရန်သူတို့ ပစ်လွှတ်လိုက်သော လှံသုံးချောင်းသည် သူ့ခန္ဓာကိုယ်ဘေးမှ ပွတ်ကာသီကာနှင့် မြေပြင်သို့ စိုက်ကျသွားသည်။

ဦးလဆာသည် သူ့ခါးတွင် ချည်ထားသော တောင်ကြိမ်ကြိုးစကို ရုတ်ခြည်းဖြေချလိုက်ပြီး သူ့ဘေးမြေပြင်တွင် စိုက်ကျနေသော လှံတံသုံးချောင်းကို ဆွဲယူကာ၊ ထွက်ပြေးသွားသော ရန်သူတို့၏ နောက်သို့လိုက်၍ ရန်သူတစ်ယောက် လှံတစ်ချောင်းစီဖြင့် သုတ်သင်လိုက်သည်။

ရန်သူတို့၏ ဦးခေါင်းသုံးလုံးကို ဖြတ်ယူ၍ သူ၏ လုံးထွင်းလှေကို ချောင်းထဲသို့ တစ်ယောက်ထီးတည်း ဆွဲချကာ ရွာအရောက် ပြန်လာခဲ့လေသည်။

ဦးလဆာ၏စွမ်းရည်ကို မြင်ကြရကုန်သော ရွာသူရွာသားများသည် ဦးလဆာအား အလွန်ပင် ချီးကျူး အားထားကြကုန်သည်။ သို့သော် ထိုချီးကျူးချက်ကား မကြာလှပါချေ။

'ရှဲလ …'

'ဗျို့ ဘယ်သူတုံး'

ထိုနန့်မောင်ခန်းရွာတွင် လူတွင်ကျယ်လုပ်နေသော ရှဲလ တောင်ယာပေါင်းသင်နေရာသို့ အသံတစ်သံ ပေါ်လာသည်။

ရှဲလသည် အသံလာရာဘက်သို့ မျက်လုံး ကစားလိုက်ရာ အသံရှင်မှာ ချုံထဲမှနေ၍ ခေါ်နေခြင်းဖြစ်ကြောင်း ချုံလှုပ်ရှားမှုကိုကြည့်၍ သိလိုက်သည်။

'ရှဲလ လာပါဦး၊ ငါ ပြောစရာရှိလို့'

ရှဲလက ထိုအသံကို ကျက်မိသွားပြီဖြစ်သဖြင့် အသံရှင်ရှိရာ ချုံနားသို့ သွားလိုက်လေသည်။

ချုံနား ရောက်သွားသည်နှင့် တစ်ပြိုင်နက် အသံရှင်က ရှဲလ မြင်သာအောင် သန္တာပုတီးများကို ထုတ်ကိုင်ရင်း ပြောလိုက်သည်။

'ရှဲလ၊ ငါ မင်းကိုတွေ့ချင်လွန်းလို့ လာချောင်းနေတာ သုံးရက်တောင်ရှိသွားပြီ'

'ဘာကိစ္စလဲ ခါမဆန် …'

ရှဲလသည် ချုံအနီးသို့ ရောက်သွားပြီး သူနှင့် ကုန်ပစ္စည်း ရောင်းဝယ်

ဖောက်ကားမှုနှင့် ပတ်သက်၍ အမြဲတစေ အဆက်အသွယ်ရှိသူ ခါဆမန်မှန်း သိသွားသဖြင့် တိုးတိုးတိတ်တိတ် မေးလိုက်သည်။

ရှဲလနှင့် ခါဆမန်တို့သည် မိတ်ဆွေရင်းချာများသဖွယ် ဖြစ်ကြသည်။ အာသံနယ်မှ ဝင်ရောက်လာကြသော နာဂရွာသို့ သွားရောက်လျှင်လည်း ရှဲလက ခါဆမန့်အိမ်တွင် တည်းသည်။

ခါဆမန် ချင်းတွင်းမြစ်ဝှမ်းဘေးသို့ ဆင်းလာလျှင်လည်း ရှဲလအိမ်တွင် တည်းခိုပြီး လိုသော ပစ္စည်းများ မရမချင်း ရှာဖွေသည်။ သို့မို့ကြောင့်လည်း ရှဲလနှင့် ခါဆမန်သည် အလွန်ရင်းနှီးသူများ ဖြစ်သည်။

'ရှဲလ …'

'ပြောစရာရှိရင် ပြောလေ ခါဆမန်။ နင်တို့ အမျိုးတွေက တို့နန့်မောင်ခန်းရွာကို လာတိုက်ကြတာ မကောင်းပါဘူးကွာ။ တကယ်ဆိုရင် မင်းတို့နဲ့ ငါတို့ဟာ တိုက်ကြ ခိုက်ကြဖို့ မကောင်းပါဘူး။ ခုတော့ မင်းတို့က တို့များရွာကို လာတိုက်တာ…'

ရှဲလသည် သူ့မိတ်ဆွေရင်းဖြစ်သော ခါဆမန်ကို အပြစ်တင်သော လေသံနှင့် ပြောလိုက်သည်။

'ဟဲ့ ရှဲလရဲ့၊ နင်တို့ရွာသားတွေကို တို့များ လာတိုက်တာ မဟုတ်ဘူးကွ။ တို့များ တိုက်ချင်တာက ဦးလဆာကိုကွ။ မင်းတို့ရွာသားတွေက အထင်မှားပြီး တို့များကို ပြန်ချတာ။ တို့ လိုချင်တာက လဆာရဲ့ခေါင်းကွ။ လဆာသာ မရှိရင် မင်းတို့ရွာနဲ့ တို့ရွာဟာ နှစ်ရွာတစ်ရွာအဖြစ်နဲ့ အမြဲတမ်း ဆက်ဆံနိုင်တယ်။ အခုတော့ကွာ ဦးလဆာဟာ တို့များကို အဘက်ဘက်က နှိမ်သကွဲ့။ ဒါကြောင့် တို့ရွာသားတွေ ဦးလဆာအပေါ် မကျေမနပ် ဖြစ်နေတာ'

'တို့ ဦးလဆာက မင်းတို့ရွာသားတွေကို ဘာများနှိမ်လို့လဲ'

ရှဲလသည် ဦးလဆာ၏ ပျော့ညံ့ကွက် ဘာရှိသည် ဆိုသည်ကို သိလိုသဖြင့် မျက်နှာချိုသွေးကာ မေးလိုက်သည်။

'ဟိုတစ်နှစ်ကပေါ့ကွာ၊ တို့များရွာက ပျားဖယောင်းတွေ သယ်ယူလာပြီး ရှမ်းကုန်သည်တွေကို ရောင်းတော့ သူက အဲ့ဒီ တို့ရဲ့ပျားဖယောင်းတွေဟာ ရွှေဖရုံသီးနဲ့ ရောထားတဲ့ ပျားဖယောင်းတွေ၊ မဝယ်နဲ့လို့ ပြောလိုက်တော့ ရှမ်းကုန်သည်တွေက မဝယ်တော့ဘူးပေါ့'

ရှဲလသည် ဦးလဆာ၏ ခေါင်းဆောင်နေရာကို မျက်စိကျနေသူပီပီ ခေါင်းတညိတ်ညိတ်နှင့် လုပ်နေသည်။

ဒါမှသာ မဟုတ်သေး။ ခါဆမန့်လက်ထဲတွင် ရှိနေသော သန္တာစေ့များကိုလည်း မျက်စိကျကာ အာသာငမ်းငမ်း ဖြစ်နေချေသေးသည်။

ရှဲလသည် ရပ်ရေးရွာရေး မှန်သမျှကို ဦးလဆာနှင့်အတူ လက်တွဲဆောင်ရွက်နေသူလည်း ဖြစ်သည်။

'မင်းလက်ထဲက သန္တာကုံးတွေက ဘာလုပ်ဖို့လဲ'

မအောင့်အည်းနိုင်သော ရှဲလသည် ခါဆမန်ကို မျက်နှာချို သွေးကာ မေးလိုက်သည်။

'မင်းကို ပေးမလို့ပေါ့ကွ'

ခါဆမန်သည် သူ့ထောင်ချောက်ထဲ ဝင်လာပြီဖြစ်သော ရှဲလကို သူ့လက်ထဲမှ သန္တာပုတီးကုံးများ လှူပ်ခါ ယမ်းခါနှင့် ပြောလိုက်သည်။

'ဒါဖြင့် ပေးလေကွာ'

ရှဲလသည် ခါဆမန်၏ လက်ထဲမှ သန္တာကုံးများကို လိုချင်တပ်မက်လွန်းသဖြင့် အငမ်းမရ တောင်းလိုက်သည်။

'ဒီလိုနဲ့တော့ ဘယ်ပေးမှာလဲကွ။ ငါပြောသလို မင်းလုပ်နိုင်မယ် ဆိုရင် ငါ ပေးမယ်လေ'

ခါဆမန်သည် နန့်မောင်ခန်းရွာကို လာရောက်တိုက်ခိုက်သော တောင်ပေါ်နာဂတို့၏ ဒုတိယခေါင်းဆောင် ဖြစ်သည်။ ပထမခေါင်းဆောင် ကျဆုံးသွားသောအခါ ကျန်သော တပ်သားများကို သူပင် ဦးဆောင်ကွပ်ကဲ၍ ရွာအရောက်ပုန်းလျှိုးကွယ်လျှိုး ပြန်သွားသူ ဖြစ်သည်။

'ငါ… ဘာလုပ်ပေးရမှာလဲ။ မင်း သန္တာပုတီး ငါ့ကို ပေးဖို့ရာ လာတယ် ဆို'

'အေး… ဟုတ်တယ်။ ဒါပေမဲ့ မင်းက ဦးလဆာကို မသေသေအောင် သတ်ပေးပါမယ် ဆိုမှ ငါ့သန္တာပုတီးတွေ မင်းကိုပေးနိုင်မယ် ရှဲလ'

ရှဲလသည် ခါဆမန်၏ စကားကို ကြားသည်နှင့် တစ်ပြိုင်နက် တွေသွားပြီးမှ တစ်ခွန်းချင်း ပြောလေသည်။

'မလွယ်ဘူးကွဲ့ ခါဆမန်။ နင်သိတဲ့အတိုင်းပဲ ဦးလဆာဟာ တို့ရဲ့

အားထက်လဲ နှစ်ဆလောက် ကြီးတယ်။ ကြံရည် ဖန်ရည် ဉာဏ်စွမ်း ဉာဏ်စကလဲ တို့ထက် သာတယ်။ မလွယ်ဘူး ထင်ပါတယ်ကွာ ခါဆမန်ရယ်'

ရှဲလ စကားဆုံးသည်နှင့် တစ်ပြိုင်နက် ခါဆမန်က ဟက်ဟက်ပက်ပက် ရယ်လိုက်လေသည်။

'ဟဲ ဟဲ ဒါလောက်တောင် အ ရင်လဲ မင်း ဦးလဆာရဲ့ ခေါင်းဆောင်နေရာကို မလိုချင်နဲ့တော့။ လွယ်လွယ်လေးပါ ငါ့လူရာ။ ငါပြောသလိုနင်လုပ်နိုင် မလုပ်နိုင်သာ ဆုံးဖြတ်ပါ။ ငါ အကြံပေးထားပါ့မယ်'

'လုပ်မယ်ကွာ… လုပ်မယ်၊ မင်း အကြံပေးစမ်းပါဦး'

ရှဲလသည် ခါဆမန့်လက်ထဲ၌ ရှိနေသော သန္တာလည်ဆွဲ ပုတီးကိုသာ စိုက်ကြည့်ရင်း ပြောလိုက်သည်။

သူ့အာရုံထဲတွင်လည်း အကယ်၍ ဦးလဆာ မရှိခဲ့သော် သူသည်သာလျှင် နန့်မောင်ခန်း ကျေးရွာခေါင်းဆောင် ဖြစ်ရမည်ဟု ယုံကြည်ထားသည်။

တစ်ဖန်တုံလည်း အခြားသော နာဂမယ်များသည် သူတို့၏လည်တိုင်၌ သန္တာလည်ဆွဲကို ကိုယ်စီကိုယ်င ဆွဲထားနိုင်ကြသော်လည်း သူ့ဇနီးသည်ကမူ သန္တာလည်ဆွဲကို ယခုတိုင် မဆွဲဝတ်နိုင်လေချေ။

စင်စစ်တော့လည်း နာဂလူမျိုးစုတိုင်းသည် ရွှေ၊ ငွေ၊ ကျောက်သံ ပတ္တမြားစသော ပစ္စည်းများကို တန်ဖိုးထားတတ်ကြသူများ မဟုတ်ကြ။

ကြေးဝါလက်ကောက်နှင့် သန္တာပုတီး လည်ဆွဲကိုသာ တန်ဖိုးထားကြသူများ ဖြစ်သည်။

သန္တာစေ့ပုတီးတစ်ကုံးဆိုလျှင် သုံးရာမှ ငါးရာကျပ်ထိ ပေးဝယ် ဆင်မြန်းကြရသည်။ သို့မို့ကြောင့်လည်း မိမိ၏ချစ်ဇနီးကို သန္တာလည်ဆွဲ မဆင်မြန်းနိုင်သေးသော ရှဲလသည် ခါဆမန်၏လက်ထဲတွင် ကိုင်ထားသော သန္တာလည်ဆွဲကို မျက်စိတဝဲဝဲဖြစ်ကာ ခါဆမန့် ခိုင်းစေချက်အတိုင်း လုပ်ကိုင်ရန် ကတိပေးလိုက်ခြင်း ဖြစ်သည်။

'လွယ်ပါတယ်ကွာ'

'ဘာလွယ်တာတုံး၊ ကျုပ်က ဦးလဆာကို ဘာလုပ်ရမှာတုံး။ အဲ… ဓားချင်းယှဉ်ဖို့ဆိုတာတော့ မလွယ်တဲ့ကိစ္စကြီး၊ မဖြစ်နိုင်တဲ့ ကိစ္စကြီးပဲ။ ဒါတော့ မနိုင်းနဲ့ဗျာ''

ရှုလသည် ဦးလဆာကို လုပ်ကြံသတ်ဖြတ်ဖို့ အရေး၏ အခက်အခဲကို တွေးမိသဖြင့် မျက်စိပျက် မျက်နှာပျက်နှင့် ပြောလိုက်သည်။

'ရှိး မင်းကလဲ ဒါလောက် အ ရသလားကွ။ ဦးလဆာကို တစ်ယောက်နဲ့ ဆယ်ယောက်သတ်လို့ မနိုင်ဘူးဆိုတာ ငါလဲ သိသားပဲကွ။ သတ်လို့ရနိုင်တဲ့ နည်းလမ်း ငါပြောပြမှာပေါ့ကွ။ ငါပြောသလိုသာ မင်းလုပ်ပါ'

ခါဆမန်က ဤသို့ ပြောလိုက်သောအခါ ရှုလ၏ ရင်ထဲတွင် အတိုင်းမသိ ဝမ်းသာသွားသည်။

'ကိုင်း မြန်မြန်ပြောစမ်းကွာ၊ ဖြစ်နိုင်တာဆိုရင် ငါလုပ်မယ်ကွာ'

ရှုလသည် ခါဆမန့် လက်ထဲမှ သန္တာပုတီးကို ကြည့်ကာ ပြောလိုက်လေသည်။

'မင်း လုပ်ရမှာက လွယ်ပါတယ်ကွာ'

ခါဆမန်သည် သူ့လက်ထဲတွင် ကိုင်ထားသော သန္တာလည်ဆွဲကို အငမ်းမရသော မျက်လုံးကြီးနှင့် ကြည့်နေသည့် ရှုလ၏ မျက်နှာရိပ်မျက်နှာကဲကို အကဲခတ်ရင်း ပြောလိုက်သည်။

'ရှိး… မင်းက ပြောမှာ ပြောတာမဟုတ်ဘူး။ စောင့် နားထောင်ရတဲ့ လူက တမောပဲ'

'မမောနဲ့လေ၊ ငါပြောသလိုလုပ်မှ မင်းအကြံရော ငါတို့အကြံရော အောင်မြင်မှာ။ ဦးလဆာ သေသွားပြီဆိုရင် မင်းလဲ ဒီရွာမှာ ခေါင်းဆောင်ဖြစ်ရော။ ဒီတော့မှလဲ တို့ တောင်ပေါ်နာဂတွေက ဝင်ထွက်သွားလာ ရောင်းဝယ်ဖောက်ကားလို့ကောင်းမှာ၊ ခုဆိုရင် ဦးလဆာ ဘယ်လောက်ချမ်းသာနေပြီလဲ။ ရှမ်းကုန်သည်တွေဆီက ဆားတစ်ပိဿာ တစ်မူးနဲ့ဝယ်၊ တို့ကို တစ်မတ်နဲ့ ပြန်ရောင်း၊ ချည်ရော သံရော ပုတီးတွေရော သူ ဒီလိုပဲလုပ်နေတာ။ ခုဆို သူ တော်တော်ချမ်းသာနေပြီပဲကွ။ မင်းလဲ သူ့လို ချမ်းသာရမှာပေါ့။ ဒီတော့ တို့လိုချင်တဲ့ ဦးလဆာရဲ့ခေါင်းလဲ ရအောင်၊ မင်းလဲ ဦးလဆာနေရာမှာ အကြီးအကဲ ဖြစ်အောင် နှစ်ဖက်နှစ်လမ်းအတွက် ပြောတာပါ ရှုလရယ်'

'အဲဒါပဲ ပြောနေတာပဲကွာ၊ ငါ ဘာလုပ်ရမယ် ဆိုတာ ပြောပါဆိုနေမှပဲ'

ခါဆမန်သည် ရှုလ၏ မျက်နှာရိပ် မျက်နှာကဲကို ကြည့်ပြီးမှ ဈေးဆစ်သလို အချိန်ဆွဲနေသည်။

'လွယ်ပါတယ်ကွာ'

'ဘာလွယ်တာလဲ၊ ဦးလဆာကို လက်ရုံးချင်းယှဉ်လို့ လွယ်မယ်များ ထင်နေသလား။ အံမယ်လေး ဆယ်ယောက်နဲ့ တစ်ယောက်လဲ ဦးလဆာက ဂရုစိုက်တာမဟုတ်ဘူး။ တောင်ယာတစ်ခင်းလဲ သူတစ်ယောက်တည်း ခုတ်တာပဲ။ တစ်ယောက်ချင်း သတ်ဖြတ်ဖို့ရာတော့ အကြံမပေးပါနဲ့ သူငယ်ချင်း'

ရှဲလသည် ခါဆမန်ကို အားမလို အားမရ ဖြစ်လာသည့်အထဲ သူ့အား မနိုင်သည့်ဝန်ကြီး လမ်းညွှန်လာမည့် အရေးကို ပိတ်ပင်၍ ပြောလိုက်လေသည်။

'မင်း အတော် အ တဲ့ အကောင်'

'ဟော့ မြန်မြန်ပြောကွာ၊ တို့ရွာသားတွေ တောင်ယာခင်းလာတာနဲ့ တွေ့သွားရင် ငါ့ခေါင်းနဲ့ကိုယ် အိုးစားကွဲသွားလိမ့်မယ်'

ရှဲလသည် ခါဆမန်နှင့် ဆွေးနွေးနေရပေမင့်လည်း သူ့နောက်ကြောင်းကို သူ မလုံလေချေ။ တကယ်ဆိုတော့လည်း ရှဲလသည် ဦးလဆာ၏ နေရာကို လိုချင်နေသူ မဟုတ်ပါလား။

'အေးလေ၊ မင်းပေးမဲ့ အကြံဉာဏ် မြန်မြန်ပြောစမ်းပါကွာ'

'မင်းတို့ တောင်ယာဟောင်း သိမ်းပြီးလုနီးပြီ။ တောင်ယာသစ် ခုတ်ကြတော့မယ် မဟုတ်လား'

'အေးလေ'

'မင်းတို့ တောင်ယာသစ် ခုတ်တဲ့အခါကျတော့ မင်းတို့တစ်ရွာလုံးရဲ့ တောင်ယာအလယ်ကောင်မှာ ဦးလဆာရဲ့တောင်ယာ ခုတ်ခိုင်းကွာ။ တောင်ယာ မီးရှို့တဲ့အချိန်ကျတော့ ဦးလဆာကို ဦးဆုံး တောင်ယာမီးရှို့ဖို့ မင်းတို့ ဝိုင်းပြော ကြပေါ့ကွ။ ဦးလဆာလဲ တောင်ယာအလယ်ကောင် ဝင်သွားရော မင်းတို့က ဘေးကဝိုင်းပြီး မင်းတို့တောင်ယာတွေကို မီးရှို့လိုက်တော့ သူ့ကို မီးဝိုင်းသွားပြီး သေသွားမှာပေါ့ကွ'

'ဟုတ်ပြီကွ ဟုတ်ပြီ'

ရှဲလသည် ခါဆမန်၏ အကြံဉာဏ်ကို သဘောကျသွားသဖြင့် ခေါင်း တညိတ်ညိတ်နှင့် ဖြစ်သွားသည်။

'ဒီအစီအစဉ်ကို မင်း တကယ်ဖြစ်အောင် လုပ်မလား'

ခါဆမန်သည် ရှဲလ၏ မျက်နှာရိပ် မျက်နှာကဲကို ကြည့်ရင်း မေး လိုက်သည်။

'လုပ်မယ်'

ရှဲလက မဆိုင်းမတွပင် ဖြေလိုက်သည်။

'တကယ်နော်'

'တကယ်ပါကွာ'

'ဒါဖြင့် ရော့၊ ဟောဒီမှာ သန္တာကုံးတစ်ကုံး ယူထား။ ဒီအကြံ ဖြစ်မြောက်ရင်တော့ မင်းအတွက် ဆားငါးပိသဿဖိုးရယ်၊ သန္တာပုတီး သုံးကုံး ရယ် ထပ်ပေးမယ်။ မင်းအကြံသာ အောင်မြင်အောင် လုပ်ကွာ'

ခါဆမန်သည် ရှဲလ၏ လက်ထဲသို့ သန္တာပုတီးတစ်ကုံး ပစ်ထည့် လိုက်သည်။

'နင် သွားတော့ကွာ၊ တို့ရွာကလူတွေ လာလို့ မင်းနဲ့ငါ စကား ပြော တာ တွေ့သွားရင် မကောင်းဘူး'

သန္တာပုတီး လက်ထဲ ရောက်ရှိလာပြီဖြစ်သော ရှဲလသည် ခါဆမန် ကို နှင်လိုသော လေသံနှင့် ပြောလိုက်သည်။

'ငါ သွားပါမယ်ကွာ၊ မင်း သိပ်နှင်မနေပါနဲ့'

'မဟုတ်ပါဘူးလေကွာ၊ ငါ စိုးရိမ်တာက တို့ရွာသားတွေ တောင်ယာ လာရင်း မင်းနဲ့ငါ ဆွေးနွေးကြတာ တွေ့သွားရင် တို့အကြံမအောင်ဘဲ ဖြစ်သွား မယ်။ တို့ရဲ့ ဦးလဆာဆိုတာလဲ မင်းတို့သိတဲ့အတိုင်းပဲ၊ သူ့ကိုယ်သူလဲ သူ့ အသက်သူ မနှမြောဘူး။ သူ့ရဲ့ရန်သူ၊ ရွာရဲ့ရန်သူဆိုပြီး သတ်မှတ်ထားတဲ့ လူတွေရဲ့ခေါင်းကို ဖြတ်ယူဖို့ရာလဲ သူဝန်မလေးဘူး၊ ပြီးတော့ မင်း ခရီးတစ်တိုင် သွားနိုင်ရင် သူက နှစ်တိုင်လောက် သွားနိုင်တယ်။ အဲဒီတော့ တို့ရွာက ရွာသားတွေ တောင်ယာခင်း လာပြီး မင်းနဲ့ငါနဲ့ စကားပြောနေတာ တွေ့လို့ ဦးလဆာကို သွားပြောရင် ဦးလဆာက မင်းနောက်ကို လိုက်မှာ စိုးရိမ်လို့ ပြောတာပါ'

ရှဲလ၏ ခြိမ်းခြောက်သံပါပါ ပြောလိုက်သောစကားကြောင့် ခါဆမန်မှာ အတော်ပင် တုန်လှုပ်သွားသည်။

'ဒါဖြင့် ငါ သွားမယ်ကွာ၊ ငါ ပြောသလိုသာ လုပ်ပေါ့၊ အဲဒါ မဖြစ်ရင် မင်း ငါ့သန္တာပုတီးကို ပြန်ပေးရမယ်နော်၊ အဲလေ ဒါမှ ပြန်မပေးရင်လဲ မင်းရဲ့ခေါင်း ဖြတ်ယူရုံပဲကွာ'

ခါဆမန်သည် ပြောပြောဆိုဆိုနှင့် ထိုင်ရာမှထကာ တောထဲသို့ တိုးဝင်သွားသည်။

စင်စစ်တော့လည်း ခါဆမန်သည် ရှဲလ၏အကြောင်းကို သိပြီး ဖြစ်သည်။ ရှဲလသည် ထင်ပေါ်ချင်သူ ဖြစ်သည်။ ပြီးတော့လည်း သူသည် တိုးတက်နေသော နန့်မောင်ခန်းရွာ၏ ဦးစီးဦးကိုင် ဖြစ်လိုလှသူတစ်ဦးလည်း ဖြစ်သည်။

သူ့အကြော သူ့အထာကို သိထားသော ခါဆမန်သည် ရှဲလနှင့် နှစ်ကိုယ်ချင်း တွေ့ရန် တောထဲတောင်ထဲ၌ ပုန်းအောင်းရင်း စောင့်မျှော်ခဲ့ရသည်။

ယခု တွေ့ပြန်တော့လည်း ခါဆမန်၏ အကြံအစည်ကို လိုက်လျောရန် ရှဲလက ရှောရှောရှူရှူနှင့် လက်ခံလိုက်လေတော့သည်။

'ကိုင်း… ငါ သွားမယ်ကွာ'

ခါဆမန်သည် ရှဲလကို နှုတ်ဆက်ပြီး တောထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားလေသည်။

ရှဲလကမူ သူ့လက်ထဲတွင် ရောက်ရှိနေသော သန္တာလည်ဆွဲကို ပွတ်ကာသပ်ကာ စူးစိုက်ကြည့်ရှုပြီး ပြုံးလိုက်သည်။

ထို့နောက်တွင်မူ သူ၏ တောင်ယာခင်းတွင် လုပ်ရန်ရှိသော လုပ်ငန်းများကို မလုပ်တော့ဘဲ ရွာသို့ အပြေး ပြန်သွားလေတော့သည်။

ရှဲလသည် အိမ်နှင့် နီးကပ်လာလေမှ မိုးမမြင် လေမမြင်နှင့် ပြေးသွားသည်။ အိမ်သို့ရောက်သည်နှင့် တစ်ပြိုင်နက် သူ့ဇနီးကို အငမ်းမရနှင့် ခေါ်လိုက်သည်။

'ဟေ့… မိန်းမရေ၊ မိန်းမ… မိန်းမ…'

ရှဲလ၏ မိန်းမသည် မီးဖိုချောင်ထဲတွင် ဟင်းချက်ရန် ပြင်ဆင်နေရင်း လှမ်း၍ ထူးလိုက်သည်။

'ဘာလဲဟယ်၊ နင်ကလဲ ခေါ်လိုက်မှဖြင့် အလန့်တကြားပဲ'

'ရှော့လဟာ၊ နင့်အတွက် သန္တာလည်ဆွဲပုတီး ရလာလို့ပါ'

ရှဲလ၏မိန်းမသည် ရှဲလ လှမ်းပေးသော သန္တာပုတီးကို မကိုင်သေးဘဲ သူ့လင်၏မျက်နှာကို စေ့စေ့ကြည့်ကာ မေးလိုက်သည်။

'နင် ဘယ်က ရလာတာလဲ ဟင်'

'ငါ့ဟာငါ ဘယ်ကပဲရရ နင်နဲ့ မဆိုင်ပါဘူး။ နင် ဝတ်ရဖို့သာ အရေးကြီးတာ'

ရှဲလ ဤသို့ပြောလိုက်သဖြင့် သူ့ဇနီးခမျာ ဘာမျှ ဆက်မမေးရဲတော့ပဲ ရှဲလ၏လက်ထဲမှ သန္တာပုတီးကို ယူထားလိုက်လေသည်။

မယားလက်ထဲသို့ သန္တာကုံး ရောက်သွားပြီဖြစ်သော ရှဲလသည် အိမ်တွင်း ထောင့်တစ်နေရာရှိ ကွပ်ပျစ်ပေါ်တွင် သွားရောက်လဲလျောင်းကာ ခါဆမန်၏ အကြံဉာဏ် ဘယ်သို့ အောင်မြင်ပါမည်နည်း ဟုသာ တွေးနေလေသည်။

ပရှိဝီသည် သူတို့၏ ဇာတ်ကြောင်းကို စိတ်ရှည်လက်ရှည် ပြောပြနေလေသည်။

'အဲဒါကို ဦးလဆာ မသိဘူးလား'

မောင်ညိမ်သည် ပရှိဝီ၏စကားကို ဖြတ်၍ မေးလိုက်သည်။

'ဘယ်သိမလဲဟဲ့၊ ဒီကိစ္စတွေသာ အဘိုးသိရင် ရှဲလရဲ့ခေါင်းကို ချက်ချင်း ဖြတ်လိုက်မှာပေါ့'

ပရှိဝီသည် မောင်ညိမ်၏အမေးကို ခပ်ဆတ်ဆတ် ဖြေလိုက်သည်။

'ကိုင်း… အဲဒီနောက်တော့ ဦးလဆာ ဘာဖြစ်သလဲ၊ ရှဲလက ဘယ်လို ကြံစည်သလဲ ဟင်'

မောင်ညိမ်သည် ပရှိဝီ၏ လည်တိုင်ကို ဆွဲဖက်လိုက်ကာ ပါးချင်းကပ်၍ တီးတိုးလေသံနှင့် မေးလိုက်လေသည်။

## အခန်း ၁၁

ရှဲလသည် သူ၏လက်ထဲတွင် ပါလာသော သန္တာကုံးကိုကိုင်ကာ အိမ်သို့ ပြန်လာသည်။ ရှဲလ၏ဇနီးကမူ ဝါးကျည်ထောက်များ ပလိုင်းထဲထည့်လွယ်ကာ ရေခတ်ရာမှ ပြန်လာသည်။

'နင့် ရေပလိုင်းကြီး ချထားပြီး ငါ့ဆီ လာစမ်းဟေ့'

ရေခတ်ရာမှ ပြန်လာသော ဇနီးသည်ကို ရှဲလက မချိုမချဉ် မျက်နှာထားနှင့် အိမ်ဦးခန်းမှနေ၍ လှမ်းခေါ်လိုက်သည်။

'တော်ကလဲတော်၊ ဒီမှာ ထမင်းချက်ဖို့ရာ အိုးတောင်မှ မတည်ရသေးဘူး'

ရှဲလ၏ဇနီးသည် မီးဖိုချောင်ထဲတွင် ရေကျည်ထောက်များ ထည့်၍ ခေါင်းတွင် လွယ်လာသော ပလိုင်းကို ဖြုတ်ချရင်း ပြောလိုက်သည်။

'လာဆို လာစမ်းပါဦး မိန်းမရာ'

ရှဲလ မိန်းမသည် လင်တော်မောင်ရှိရာ အိမ်ဦးခန်းဆီသို့ ဆောင့်ကြီး အောင့်ကြီးနှင့် လာခဲ့သည်။

'ကိုင်း… လာပါပြီတော်၊ ဘာပြောမလို့တုံး'

'ငါ့ရှေ့ ထိုင်စမ်း'

ရှဲလက သူ့မိန်းမကို ခပ်တင်းတင်းလေသံနှင့် ပြောလိုက်လေသည်။

'ဟောတော့၊ တော် ဒီနေ့ ဘယ်လိုများ ဖြစ်လာပါလိမ့်'

တစ်မူထူးခြားလှသော လင်တော်မောင်၏ အမူအရာကြောင့် ရှဲလ၏ ဇနီးသည်က အံ့အားသင့်စွာနှင့် ပြောလိုက်သည်။

'ငါ ထိုင်ဆို ထိုင်စမ်းကွာ'

ရှဲလ၏ အမိန့်သံဆန်သော စကားကြောင့် ရှဲလ၏ ဇနီးသည်က သူ့လင် တောနတ်ဖမ်းစား၍ ရူးလာလေသလားဟု တွေးမိရင်း လင်တော်မောင်၏ မျက်နှာကို စေ့စေ့ကြည့်နေလေသည်။

အကယ်စင်စစ် တောနတ်ဖမ်းစားထားသည်ဆိုလျှင် မျက်ထောင့်နီပြီး နေရမည်ဟူသော ထိုဒေသသားတို့၏ သင်္ကေတအရ သူ့မိန်းမက လင်တော်မောင်ကို အကဲခတ်လိုက်သည်။ သို့တစေ ရှဲလ၏ မျက်ထောင့်သည်လည်း နီရဲ၍ မနေလေချေ။

'တော် ဘာဖြစ်လာတာလဲ'

မျက်ထောင့်နီမလာပေမင့်လည်း ထူးဆန်းလာသော လင်တော်မောင်၏ အပြုအမူကြောင့် သူ့မိန်းမက သံသယမကင်းသော လေသံနှင့်မေးလိုက်သည်။

'ငါ့ရှေ့ လာထိုင်ပါ ဆိုမှပဲကွာ'

ရှဲလက သူ့ရှေ့တွင် မတ်တတ်ရပ်၍နေသော ဇနီးသည်ကို ခပ်တည်တည်နှင့် ပြောလိုက်ပြန်သည်။

'ကိုင်း… ထိုင်ပါသတော်၊ ဘာလဲ… ဘာကိစ္စလဲ'

ဇနီးသည်ဖြစ်သူက သူ၏ဆန္ဒကို လိုက်လျောလာပြီဖြစ်သဖြင့် ရှဲလ၏ ရင်ထဲတွင် ပီတိဖုံးသွားသည်။

'ရော့၊ အဲဒီ သန္တာပုတီး နင့်လည်ပင်းမှာ တစ်သက်လုံး ဆွဲထားပေတော့'

ပြောပြောဆိုဆိုနှင့် ရှဲလသည် သူ့လက်ထဲတွင်ပါလာသော သန္တာကုံးကို သူ့ဇနီး၏လည်တိုင်မှာ စွပ်ချလိုက်သည်။

'ဟင်… နင် ဒီဥစ္စာ ဘယ်က ရလာတာလဲဟယ်'

ဇနီးသည်ဖြစ်သူက သူ တစ်သက်လုံး မဝတ်ဆင်ခဲ့ရဖူးသော သန္တာကုံးကို လက်နှင့်ပွတ်ကာ မေးလိုက်လေသည်။

'စကားမရှည်နဲ့ဟာ၊ ငါဝတ်ခိုင်းတာ ဝတ်စမ်း။ နင်နဲ့ ထိုက်လို့ နင် ဝတ်ရတာ'

ရှဲလက သူ့ဇနီး၏ အားရဝမ်းသာ အမေးကို ဝေ့လည်ကြောင်ပတ် ဖြေလိုက်သည်။

'သူများ ပစ္စည်းများလား ရှဲလရယ်…'

'နင် စကားကိုများတယ်။ ဒီပစ္စည်းဟာ ဘာမှ ရှုပ်ထွေးတဲ့ပစ္စည်း မဟုတ်ဘူး။ နင် ဝတ်သင့်လို့ နင်ရတာ။ ကိုင်း ငါလဲ မောလာတယ်၊ ယမင်း ချက်တော့'

ရှဲလသည် သူ့ဇနီးကို သံပြတ်နှင့်ပြောရင်း အိမ်အောက်သို့ ဆင်းကာ ဦးလဆာ အိမ်သို့ ဦးတည်ကာ လာခဲ့ပေတော့သည်။

ဦးလဆာ၏အိမ်တွင်မူ ရပ်ရွာလူကြီးအချို့နှင့် ဖက်ထုံးနိမိတ်ဟော ဆရာတို့ ရောက်ရှိနေကြသည်။

'အတော်ပဲဟေ့ ရှဲလရဲ့၊ မင်းကို အခေါ်လွှတ်မလို့'

အိမ်ပေါ်သို့ တက်လာသော ရှဲလကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ဦးလဆာက ဆီးကြိုနှုတ်ဆက်လိုက်သည်။

'ဘာကိစ္စများ ရှိလို့လဲဗျ'

ရှဲလသည် ရပ်ရွာလူကြီးများ၏ဝိုင်းထဲ ဝင်ထိုင်ရင်း ဦးလဆာကို မေးလိုက်သည်။

'တခြား မဟုတ်ပါဘူးကွာ။ တို့များ တောင်ယာသစ်ခုတ်ရင် ဘယ်ဘက် ခုတ်ရင် ကောင်းမလဲလို့ ဒီမှာ ဖက်ထုံးဗေဒင် ကြည့်နေကြတာ။ အဲဒါ မင်းပါ လာခေါ်မလို့'

ရှဲလသည် ဦးလဆာ၏ စကားကို ကြားလိုက်ရသဖြင့် သူ့ဝမ်းထဲ ပူခနဲ နွေးခနဲ ဖြစ်လာသည့်အထိ ဝမ်းသာသွားသည်။

'ဟာဗျာ… ဒီကိစ္စက ဦးလဆာပြီးရင် ပြီးနေတဲ့ ဥစ္စာပဲဟာ'

ရှဲလသည် ဦးလဆာ ဘေးနားတွင် ထိုင်၍ ဖက်ထုံးဗေဒင် တွက်ချက်နေသော သူများကို ချွေကြည့်ရင်း ပြောလိုက်သည်။

'ဒီလိုလဲ ဘယ်ဟုတ်မလဲ ရှဲလရယ်။ တကယ်လို့ တို့ တောင်ယာခုတ် ပြီးသားနေရာကို ကောင်းပါတယ်လို့ ဖက်ထုံးဗေဒင်က ထွက်လာရင် တို့ ဘယ်လိုမှလုပ်လို့ မဖြစ်ဘူးမဟုတ်လား။ အဲဒီတော့ တို့ရွာလူကြီးတွေအားလုံး တိုင်ပင်ပြီး တောင်ယာသစ်ခုတ်ဖို့နေရာ ရွေးကြရမှာပေါ့ကွ။ ဒီတော့ မင်းတို့ မပါရင် ဘယ်ပြီးမှာလဲကွာ'

ဦးလဆာသည် ရိုးရာဓလေ့အရသာ ဗေဒင်တွက်ချက်ရပေမင့်လည်း စင်စစ်တော့ လက်တွေ့သမား ဖြစ်သည်။

ဗေဒင်ဆရာဆိုသူများကလည်း သူတို့ ထင်ရာမြင်ရာ ဟောပြောကြ

သူချည်းသာ ဖြစ်သည်။ အကယ်၍ ယမန်နှစ်က ခုတ်ထားသော တောင်ယာ တောခြောက်နေရာတွင် ယခုနှစ် တောင်ယာခုတ်ရန် ကောင်းပါသည်။ သို့မှ သီးနှံစိုက်ပျိုးခင်း ကောင်းမည်ဟုဆိုပါလျှင် ရပ်သူရွာသားများ လုပ်အား ဆုံးရှုံးကြမည် မဟုတ်ပါလော။

သို့ပေမင့်လည်း အစွဲအလမ်း ကြီးမားသော ရပ်သူရွာသားများ စိတ်ကျေနပ်မှုရအောင်တော့ သည်ကဲ့သို့ တောင်ယာတောသစ် ရွေးချယ်ရေး ဗေဒင်များကို တွက်ချက်ခိုင်းရခြင်း ဖြစ်သည်။

'ကိုင်း… ဆရာတို့၊ ဘယ်တောင် ကောင်းသလဲ'

ရှဲလသည် ဖက်ထုံးနိမိတ် ကြည့်နေသော ဗေဒင်ဆရာများကို အလော တကြီး မေးလိုက်သည်။

'နေစမ်းပါဦးကွ၊ ဒါပြီးရင် ဝါးမီးပေါက် ကြည့်ရဦးမယ်'

ဝါးမီးပေါက်ဗေဒင်ဆိုသည်မှာ အဆစ်နှစ်ဖက် ပိတ်သောဝါးလုံးကို မီးဖုတ်လိုက်ရသည်။ အပူရှိန်ကြောင့် ဝါးဆစ်ထဲတွင်ရှိသော လေ၏ ရှန်းကန် အားကြောင့် ဝါးလုံးကွဲသွားသည်။ ထိုသို့ ဝါးမီးဖုတ်၍ ဝါးလုံးကွဲသောအခါ သေနတ်သံတမျှ မြည်လေသည်။

တောင်ယာသစ်ခုတ်ရေးအတွက် ဗေဒင်တွက်နေကြသူများသည် သူတို့၏ ဖက်ထုံးဗေဒင်ကို စိတ်မချသေးသဖြင့် ဦးလဆာ၏ အိမ်ရှေ့တွင် မီးဖိုကာ ဝါးလုံးဗေဒင်တွက်ရန် လုပ်ကြပြန်သည်။

ရှဲလကမူ ဗေဒင်ဆရာများ လုပ်ကိုင်သမျှကို တစေ့တစောင်း ကြည့်ရင်း သူ့အကြံအစည်၊ သူ့အကွက်ထဲ ဝင်လာစေမည့် အရေးကိုသာ တွေးနေလေ သည်။

'ဒီနှစ် တောင်ယာခုတ်ကြရင်တော့ ဦးဆလာကို ကျွန်တော်က အကြံ ပေးချင်တယ်'

ရှဲလသည် သူ ကြံစည်ထားသော အကြံအစည်ကို ရပ်လုံးစဖော် လိုက်သည်။

'ပြောလေကွာ'

ဦးဆလာသည် ရိုးသားသူပီပီ ရှဲလ၏ အကြံဉာဏ်ကို မရိပ်စားမိ သဖြင့် အေးအေးဆေးဆေးပင် ပြောလိုက်သည်။

'ဒီနှစ် တောင်ယာသစ် ခုတ်တဲ့ အခါကျတော့ ဦးလဆာက ကျေးရွာ ခေါင်းဆောင်ပီပီ အလယ်ကောင်က နေရာယူဗျာ'

ရှဲလ စကားအဆုံးတွင် ဝါးမီးပေါက်ဖေဒင် ကြည့်နေကြသောသူများ သည် ရွာ၏ အနောက်မြောက်ဘက်တွင် တောင်ယာခုတ်လျှင် ကောင်းမည်ဟု ဟောပြောကြသည်။

ဦးလဆာသည် ရှဲလ အကြံပေးချက်ကို သဘောကျသလို ဖြစ်သွား သည်။

အဘယ့်ကြောင့်ဆိုသော် မိမိ၏ တောင်ယာပဲခင်းကို အလယ်ဗဟို တည့်တည့်ထားလျှင် တောဝက်တို့၏ ဘေးရန်မှလည်းကောင်း၊ တောကြွက် တို့၏ ဘေးရန်မှလည်းကောင်း၊ တောမျောက်တို့၏ ဘေးရန်မှလည်းကောင်း ကင်းဝေးချေမည်။

သည်အတွေးကို တွေးမိသော ဦးလဆာက လွယ်လွယ်ကူကူနှင့် သဘော တူလိုက်သည်။

'အေးပါဟာ၊ ငါကတော့ ဘယ်နေရာမှာပဲ တောင်ယာခုတ်ခုတ် အကြောင်းမထူးပါဘူး ရှဲလရယ်။ လောင်စာကောင်းရင် ပြီးတာပါပဲကွာ'

ဦးလဆာသည် ရှဲလကို ရိုးသားသောစိတ်နှင့် ပြောလိုက်သောအခါ ရှဲလအနေနှင့် အထူးပင် ဝမ်းသာသွားသည်။

'ကိုင်း ဒါဖြင့် ကျွန်တော်တို့ ဘယ်အချိန်လောက် တောင်ယာ စ ခုတ်ကြ မလဲ'

ရှဲလက သူ့အကြံအစည် အောင်မြင်ရေးကို မဆိုင်းနိုင်တော့သလို ဖက်ထုံးနိမိတ် ဆရာများအား မေးလိုက်သည်။

'ဟဲ့ တို့တောင်ယာ သိမ်းပြီးမှ ခုတ်မှာပေါ့ကွ'

ဖက်ထုံးနိမိတ် ဆရာတစ်ဦးက ရှဲလ၏အမေးကို ကြားဖြတ်ဖြေလိုက် သည်။

'ဒါဖြင့် တောင်ယာခုတ်မယ့် တောကို ဘယ်တော့လောက် သွားကြည့် ကြမလဲ'

ရှဲလသည် သူ့ဆန္ဒ အမြန်ပြီးမြောက်ရေးအတွက် စိတ်စောနေသူပီပီ မေးလိုက်သည်။

'နက်ဖြန်လောက် သွားကြည့်ကြတာပေါ့'

စင်စစ်တော့လည်း နာဂတို့၏ ဓလေ့ထုံးစံသည် တောင်ယာတောသစ်ခုတ်တော့မည်ဆိုလျှင် ရပ်ရွာခေါင်းဆောင်နှင့်တကွ ရပ်ရွာလူကြီးများအားလုံး သွားရောက်ကြည့်ရှုပြီး ရွာသားများအတွက်လည်း နေရာအကျယ်အဝန်းကို အိမ်ထောင်ဦးရေ အနည်းအများကိုလိုက်၍ သတ်မှတ်ပေးရသည်။

ဤသို့ သတ်မှတ်ပေးနိုင်ရန်အတွက်လည်း တောင်ယာမခုတ်မီကပင် ဗေဒင်ကိန်းခန်းအရ တောင်ယာခုတ်ရမည့် တောထဲသို့ ရပ်ရွာလူကြီးများက သွားရောက်လေ့လာရသည်။

ရှဲလသည် သည်အဖြေကို ရသည်နှင့် တစ်ပြိုင်နက် သူ့အိမ်သို့ ပြန်လာခဲ့သည်။

အိမ်တွင် စပါးထောင်းနေသော ရှဲလ၏ ဇနီးသည်ကမူ သူတစ်ခါမှ မဝတ်ဖူးသေးသော သင္ကာလည်ဆွဲကို ဝတ်ဆင်ရပြီဖြစ်သဖြင့် လည်တိုင်ကို ကြော့ကြော့ထောင်ကာ စပါးထောင်းနေလေသည်။

သမင်မ၏ လည်တိုင်ကဲ့သို့ ကြော့ကြော့မော့မော့ ထောင်နေသော ဇနီးသည်ကို တွေ့ရသော ရှဲလသည် ကျိတ်၍ပြုံးကာ အိမ်အဖီဆီသို့ လှမ်းဝင်လာသည်။

အိမ်အဖီတွင် စပါးထောင်းနေသော ဇနီးသည်၏ တင်ပါးမို့မို့ကို လက်ဝါးနှင့် တအားပုတ်ကာ အိမ်ပေါ်သို့ တက်လာသည်။

'ဟင်းနော်… နင် ဒီနေ့ ဘယ်လို ဖြစ်နေတာလဲ'

စပါးထောင်းနေသော ရှဲလ၏ ဇနီးသည်က လင်တော်မောင်ရှဲလကို လှည့်မကြည့်ဘဲ ပြောလိုက်သည်။

'နင်ကကော ဒီနေ့ ဝမ်းမသာဘူးလား'

ရှဲလက သူ့ဇနီးသည်ကို အိမ်ပေါ်မှ လှမ်း၍ပြောလိုက်သည်။

'ဘာ…'

'နင်ကလဲကွယ် ငါပြောတာ နင် နားမလည်ဘူးလား။ နင် သင္ကာပုတီးကြီးဆွဲထားတော့ နဂိုကထက် ပိုလှလာတယ်။ ပြီးတော့ မင်းရဲ့လည်တိုင်က ခုပဲ ပြေးတော့မယ့် ဆတ်မလေးလိုပဲ။ ဒါကြောင့်မို့ မင်းကို ငါကြည့်ရတာ တစ်မျိုးကြီး လှလာသလို ထင်လို့ပါ'

ရှဲလသည် သူ့ဇနီးသည်ကို မမိုတ်မသုန်ကြည့်ပြီးမှ ပြောလိုက်သည်။

'ဟင်းနော်… ငါ ပြောလိုက်ရလို့'

'အဲဒါ အရေးမကြီးဘူး မိန်းမရေ့၊ နက်ဖြန် တို့တောင်ယာတောသစ် သွားကြည့်ကြမယ်။ ထမင်းထုပ်ရယ်၊ ခေါင်ရည်ဘူးရယ်၊ အမဲခြောက်ထောင်းရယ်၊ ဒါလေးတွေ မနက်စောစောစီးစီး အဆင်သင့်အောင် လုပ်ထားကွာ'

'ရှင်တို့ဟာကလဲ မစောလွန်းကြဘူးလား၊ တောင်ယာဟောင်းတောင် သိမ်းလို့ မပြီးသေးဘူး၊ တောင်ယာသစ်နေရာ သွားကြည့်ကြတော့မယ်'

'အေးပေါ့ကွ'

ရှဲလက သူ့ဇနီးသည်၏အမေးကို ခပ်တိုတိုပြောရင်း ခေါင်ရည်ဘူးကို လှမ်းဆွဲ၍ စုပ်လိုက်လေသည်။ ချိုမြမြနှင့် ပြင်သစ်ရှန်ပိန်အနံ့ သင်းနေသော ခေါင်ရည်ဘူးနှင့် ပီတိဖွဲ့နေသော ရှဲလသည် ခါဆမန်ခေါ် တောင်ပေါ်နာဂထံမှ သူ ကတိခံထားပြီးဖြစ်သော ဦးလဆာ လုပ်ကြံရေး အစီအစဉ်ကို စိတ်ကူးကာ အကွက်ဆင်နေလေသည်။

တောင်ယာခုတ်ရန် ရွေးချယ်သောအခါ ဦးလဆာ၏ တောင်ယာခင်းကို တစ်ရွာလုံး၏ တောင်ယာခင်းအလယ် ဗဟိုတွင်ထားရမည်။ တောင်ယာခုတ်ပြီး မီးရှို့သောအခါ ဦးလဆာကို တောင်ယာခင်းများ၏ အလယ်ဗဟိုရှိ သူ့တောင်ယာခင်းကို ဦးစွာသွားရောက်မီးရှို့ရန် တိုက်တွန်းမည်။ ဦးလဆာ တောင်ယာခင်း အလယ်ဗဟိုသို့ ရောက်သောအခါ သူ ဩဇာညောင်းသော တောင်ယာခင်းရှင်များအား တောင်ယာခင်း ပတ်ပတ်လည်ကို မီးရှို့စေမည်။ သည်အချိန်တွင် ဦးလဆာသည် မီးဝိုင်းခံရပြီး မထွက်နိုင်ဘဲ မီးလောင်၍ သေချေမည်။

သည်ကဲ့သို့ဆိုလျှင် တောင်ပေါ်နာဂခေါင်းဆောင် ခါဆမန်ထံမှ သူ ရရှိမည့် ဆုလာဘ်များသည် နည်းမည်မဟုတ်ချေ။ ဒါတင်မကသေး၊ အကယ်၍ ဦးလဆာသာ သည်နန့်မောင်ခန်းရွာတွင် မရှိခဲ့ဘိမူ သူသည်သာ ရပ်ရွာခေါင်းဆောင် ဖြစ်လာရမည်။ သူ ကျေးရွာခေါင်းဆောင် ဖြစ်လာသောအခါ တောင်ပေါ်နာဂတို့နှင့် ချင်းတွင်း ရှမ်းကုန်သည်တို့၏ အရောင်းအဝယ်ကြားထဲ၌ ပွဲစားလုပ်ကိုင်ရပါလျှင် နှစ်ဖက်သော ပွဲခနှင့် သူသည်သာ နန့်မောင်ခန်းရွာ၏ အကြွယ်ဝဆုံးသောသူ ဖြစ်ရချေတော့မည်ဟူသော အတွေးနှင့် သူ့ဝမ်းထဲ ပီတိရေတွေ ဖြာနေသည်။

'ခေါင်ရည်ပဲ သောက်နေ၊ ထမင်းတော့ မစားနဲ့'

ရှဲလ၏ မိန်းမသည် ခေါင်ရည် အားပါးတရ သောက်နေသော သူ့လင်တော်မောင်ကို စပါးထောင်းနေရာမှ လှမ်း၍ပြောလိုက်သည်။

'မိန်းမကလဲကွာ စကားရှုပ်လိုက်တာ၊ ဒီမှာ စိတ်ကူးကိုပျက်လို့'

ရှဲလသည် သူ့ပီတိကြားထဲ ဝင်ရောက်လာသော ဇနီးသည်၏စကားကြောင့် သူ့ပီတိများ လျော့နည်းသွားသဖြင့် စိတ်ဆိုးမာန်ဆိုးဖြစ်သွားသည်။

ပရှီဝီသည် သူသိသမျှသော ဦးလဆာ၏အကြောင်း တစ်ပိုင်းတစ်စကို ပြောပြနေရာမှ အာညောင်းလာသဖြင့် သူ့စကားများကို ခဏ ရပ်ထားလိုက်သည်။

'ပြောလေ ပရှီဝီ၊ ရှဲလရဲ့ အကြံအစည်အတိုင်း အောင်မြင်သွားသလားဟင်'

မောင်ညိမ်သည် အဆုံးမသတ်သေးသော ဦးလဆာ၏ ဇာတ်လမ်းကို စိတ်ဝင်စားလာသဖြင့် အငမ်းမရ မေးမြန်းလိုက်လေသည်။

ထိုအချိန်တွင် ဖျောက်ဆိပ်ပင်မှ ရွက်ခြောက်တို့သည် စိုရွှဲသော နှင်းပေါက်ရည်တို့ဖြင့် အပင်ဆီမှ ခုန်ဆင်းလာသည်။

'ကိုင်း ဆက်ပြောလေ'

မောင်ညိမ်က ပရှီဝီ၏ ကျောပြင်ကို ပွတ်ကာ ဆက်၍ ပြောရန် လောလိုက်ပြန်သည်။

'ပြောပါမယ် မောင်ညိမ်ရယ်၊ တို့များ လူမျိုးစုတွေ မိုက်ကန်းခဲ့ကြပုံကို ငါ ပြောပြပါမယ်၊ မင်းသာ နားမငြီးတမ်း နားထောင်စမ်းပါ'

ပရှီဝီသည် မောင်ညိမ်၏ပခုံးကို ဆွဲခါရင်း ပြောလိုက်လေသည်။

'ပြောပါဗျာ ပြောပါ၊ နားမငြီးပါဘူးတဲ့ ဗျာ'

မောင်ညိမ်က ခပ်ငေါ့ငေါ့ ပြောလိုက်သဖြင့် ပရှီဝီက မောင်ညိမ်ကို မျက်စောင်းတစ်ချက်ထိုးကာ ဒဏ်ခတ်လိုက်လေသည်။ သို့တစေ ပရှီဝီ၏ မျက်စောင်းကား မနာလိုဝန်တိုသော မျက်စောင်းမဟုတ်ဘဲ ချစ်စရာမျက်စောင်းသာတည်း။

# အခန်း ၁၂

တောင်ယာပေါင်းသိမ်းပြီး တောင်ယာသစ်ခုတ်သည့် တပို့တွဲလတွင် ဖြစ်သည်။ ရှဲလသည် သူ၏အကြံအစည် အောင်မြင်လုပြီဖြစ်သဖြင့် ကျိတ်ပြီးဝမ်းသာနေသည်။ ဦးလဆာအနေနှင့်လည်း ရှဲလ၏အကြံအစည်ကို ဂရုမထားမိလေချေ။

ဦးလဆာ၏ စိတ်ထဲတွင် ဘာပဲဖြစ်ဖြစ် သူ့ရပ်ရွာကောင်းကျိုးအတွက်ဆိုလျှင် သူ့အသက်ပဲ ပေးရပေးရ လုပ်မည်ဟူသော စေတနာရှိသူ ဖြစ်သည်။

ထို့ကြောင့်လည်း ဦးလဆာသည် ရှဲလ၏ အကြံပေးချက်ကို လိုက်နာခြင်း ဖြစ်သည်။

တောင်ယာခုတ်ပြီးချိန်တွင် ရှဲလသည် ခါဆမန်ကို သူနှင့် လျှို့ဝှက်ပြီး လာရောက်တွေ့ဆုံရန် မှာလိုက်သည်။

တောင်ယာခုတ်သည် ဆိုရာ၌လည်း အလွန်လက်စိပ်သောအလုပ်ဖြစ်သည်။

ပထမဦးဆုံး မိမိတောင်ယာခုတ်မည်ဟု သတ်မှတ်ထားသော သစ်တောတွင် အပင်ငယ်ကလေးများကို တစ်ပင်မကျန် အောက်ခြေသိမ်း ခုတ်ထွင်ရသည်။

ထိုအပင်ကလေးများကို ခုတ်ထွင်၍ပြီးပါမှ သစ်ပင်ကြီးများကို တစ်ပင်ချင်း ခုတ်လှဲရသည်။ ဤသို့ သစ်ပင်ကြီးများကို လှဲပြီးသောအခါ သစ်ပင်ကြီး၏ အကိုင်းအခက်များ ထိုးထိုးထောင်ထောင် မနေလေအောင် အကိုင်းအခက်များကို ခုတ်ချ၍ မြေသို့ ဝပ်စေလေသည်။ သို့မှသာလည်း တောင်ယာမီးရှို့သောအခါ မြေကပ်လောင်စာ ဖြစ်ချေမည်။

မြေကပ်လောင်စာ ပေါများသည်နှင့်အမျှ မြေဩဇာ ထက်သန်လာမည်။ သည်တော့မှလည်း မိမိစိုက်ပျိုးသော စပါး၊ လူး၊ ဆတ်၊ ပိန်းဥ၊ မျောက်ဥများ ရှင်သန်ကြီးထွားမည်။

ဥတ္တရယဉ်စွန်းတန်း၏ မြောက်ဘက်ကျသော ဒေသဖြစ်သဖြင့်လည်း အအေးဓာတ်ပိုမိုလွန်ကဲသော ဒေသပီပီ တောင်ယာတောများကို တပို့တွဲလတွင် အပြီးအစီး ခုတ်ထားပြီး တန်ခူးလပြည့်ကျော် နယုန်လဆန်းလောက်ကျမှ တောင်ယာတောကို မီးရှို့ကြလေသည်။

တောင်ယာတောခုတ်၍ ပြီးစီးသွားသောအခါ ရှဲလ မှာကြားလိုက်သည့် အတိုင်း ခါဆမန်က နန့်မောင်ခန်းရွာသို့ ဆားဝယ်ရန်ဟူသော အကြောင်းပြချက်နှင့် ရောက်လာသည်။

ဦးလဆာကမူ ခါဆမန်အပေါ်၌ လည်းကောင်း၊ ရှဲလအပေါ်၌ လည်းကောင်း သံသယမရှိဘဲ သူ့ရွာ၏ တောင်ယာချောင်းမြောင်း ကိစ္စကိုသာ မည်သို့လုပ်လျှင် မည်မျှ ဆန်စပါး ပိုထွက်မည် ဟူသော စိတ်ကူးဖြင့်သာ လုပ်ကိုင်နေလေသည်။

'ငါတစ်ယောက်တည်း လုပ်လို့တော့ ဖြစ်မှာမဟုတ်ဘူး ထင်တယ် ခါဆမန်'

ရှဲလ၏ စကားကြောင့် ခါဆမန်မှာ အတော်ပင် စိတ်ပျက်သွားလေသည်။

'ဘာ အခက်အခဲ ရှိလို့လဲ ရှဲလရယ်'

ခါဆမန်သည် ရှဲလ၏ ညည်းညူသံကို မကျေမချမ်းနှင့် မေးလိုက်သည်။

'ဒီလိုဗျ၊ ခု ကျွန်တော်တို့ ယောင်ခုတ်ထားတာက ဦးလဆာရဲ့ တောင်ယာခင်းက အလယ်ဗဟိုတည့်တည့်ပဲ။ ဒီတော့ တောင်ယာမီးရှို့တဲ့ အချိန်မှာ ဦးလဆာကို တောင်ယာအလယ်ထဲ ဝင်ခိုင်းပြီး သူ့တောင်ယာခင်းကို သူ အရင် မီးရှို့ဖို့ ပြောမယ်။ သူ တောင်ယာခင်းအလယ် ရောက်တာနဲ့ သူ မီးမရှို့သေးခင် ကျုပ်တို့ ဘေးက တောင်ယာတွေ မီးရှို့ရမယ်လေ'

'အဲဒါ ဘာဖြစ်သလဲ'

ခါဆမန်က ရှဲလကို လေသံအေးနှင့် မေးလိုက်သည်။

'ဘာဖြစ်ရမှာလဲဗျ၊ အဲဒီကိစ္စ ခင်ဗျားတို့ လာကူမှ ဖြစ်မှာ'

'ဟေ… ဒီကိစ္စလေးများ တို့ လာကူရဦးမယ်'

ခါဆမန်က ရှဲလကို မကျေမချမ်းသံနှင့် ပြောလိုက်သည်။

'တိုးတိုးဗျ၊ သူ့လူတွေ ကြားသွားမယ်'

ရှဲလသည် ခါဆမန်နှင့် သူပြောနေသောစကားကို အပြင်လူများ ကြားသွားမည်ကို စိုးရိမ်သံဖြင့် ပြောလိုက်သည်။

'ဒီလိုဗျ၊ ကျွန်တော်စီစဉ်ထားတာက ကျွန်တော်တို့ တောင်ယာမီးရှို့မယ့် ရက်ကို ခင်ဗျားတို့ ရွာသားတွေ လာစေချင်တယ်။ အားလုံး တောထဲ ပုန်းနေကြပေါ့။ ဦးလဆာရဲ့ အရိပ်အခြည်ကို ကြည့်နေပေါ့။ ဦးလဆာ တောင်ယာခင်းအလယ်လဲရောက်ရော ခင်ဗျားတို့ရွာသားတွေက တောင်ယာ ပတ်လည်က တောင်ယာခင်းတွေကို တစ်ပြိုင်တည်းထွက်ပြီး မီးဝိုင်းရှို့ပေး ပေါ့ဗျာ။ ဒါဆိုရင် ကိစ္စပြတ်တာပဲ'

ရှဲလ ပြောလိုက်သော အကြံဉာဏ်ကြောင့် ခါဆမန်က တွေပြီး စဉ်းစား နေသည်။

'နို့ နင်တို့ရွာက တောင်ယာသမားတွေ အရှို့ခိုင်းလို့ မဖြစ်ဘူးလား ရှဲလ'

'ဒီအကြံအစည်တွေ ကျုပ်တို့ရွာသားတွေ အသိခံလို့ ဘယ်ဖြစ်မှာလဲ ဗျ။ တစ်ယောက်ယောက်က ဦးလဆာကို ပြန်ပြောလိုက်ရင် ကျုပ်တို့အကြံ မအောင်ခင် ခေါင်းဖြတ်ခံရမှာဗျ။ ပြီးတော့ ခင်ဗျားတို့လဲ ဒီရွာနဲ့ အဆက်အသွယ် လုပ်လို့ လွယ်တော့မှာ မဟုတ်ဘူး'

ရှဲလ၏ ပြောစကားကြောင့် ခါဆမန်မှာ အတော်ပင် သဘောပေါက် သွားသည်။

'အေး ကောင်းပြီလေ၊ မင်းတို့ တောင်ယာမီးရှို့မယ့် ရက်ကိုသာ ကြိုတင်ပြီး ငါ့ကို အကြောင်းကြား'

ခါဆမန်က ရှဲလကို ပြောလိုက်ပြီးနောက် ဆက်၍မေးလိုက်သည်။

'နေစမ်းပါဦးကွ၊ မင်းဘက်က လူတွေကကော ဘယ်လောက်လောက် ရှိမလဲ'

'အို ရွာရဲ့ သုံးပုံနှစ်ပုံဟာ ကျုပ်ဘက်ကချည်းပဲ။ ဒါပေမဲ့ ဦးလဆာကို ပြောင်ထင်းထင်း မဆန့်ကျင်ရဲကြလို့သာ ငြိမ်နေတာ'

ရှဲလသည် ခါဆမန်၏အမေးကို အားပါးတရ ဖြေလိုက်လေသည်။

'မင်းတို့ ဦးလဆာက ဒါလောက်တောင် သတ္တိကောင်းလို့လားကွ'

ခါဆမန်သည် မကျေမချမ်းသံနှင့် ရှဲလကို မေးလိုက်သည်။

'ဟာ သုံးယောက်၊ လေးယောက်နဲ့တော့ သူ့ကို သွားမစမ်းနဲ့ဗျို့။ သူ့ကို လက်ဖျံရိုး တစ်ချောင်းထဲရှိပြီး အင်မတန် အားသန်တဲ့လူရယ်လို့ ကျွန်တော်တို့တစ်ရွာလုံးက သတ်မှတ်ထားတာ၊ ဟုတ်လဲ ဟုတ်တယ်ထင်တယ်။ ကျွန်တော်တို့များ လေးတောင်ပတ် သစ်ပင်တစ်ပင်ကို တစ်မွန်းတည့်လောက် ခုတ်လှဲရပေမဲ့ ဦးလဆာကျတော့ တစ်မနက်တည်းနဲ့ ခုတ်လှဲနိုင်တယ်။ ပြီးတော့ သူကိုင်တဲ့ခွန်ကြီးက သုံးပိဿာလောက်အလေးချိန်ရှိမှ ကိုင်တယ်။ သူကိုင်တဲ့ လှံမကြီးကလဲ ငါးဆယ်သားလောက် ရှိတာဗျ။ သူကိုင်တဲ့ ဓားကြီးလဲ ကြည့်ပါဦး၊ ဦးကားကြီးက တစ်ထွာလောက်ရှိပြီး အရှည်က တစ်တောင့်ထွာလောက် ရှိတယ်။ အဲဒါမှ သူက ကိုင်လို့တွယ်လို့ အသုံးပြုလို့ အားရတယ်ဆိုပဲဗျာ'

'ဒါဖြင့်ရင် တို့ကြံတဲ့ အကြံအစည် လွယ်ပါ့မလားဟေ့'

ခါဆမန်သည် ဦးလဆာ၏ ခွန်အားကြီးမားပုံကို ရှဲလထံမှလည်းကောင်း၊ ရှေးမဆွက လူပြောသူပြောများနှင့် သိရှိရသဖြင့် လည်းကောင်း သူတို့ ကြံစည်ကြမည့် အကြံအစည်ကို သံသယ ဖြစ်လာသဖြင့် ရှဲလကို မေးလိုက်သည်။

'ဒါတော့ မပူပါနဲ့ဗျာ။ ကျွန်တော် ပြောသလိုသာ ခင်ဗျားတို့က လာကူကြပါ'

'အေးပါကွာ၊ ဒါပေမယ်လို့ မင်းတို့ တောင်ယာ မီးရှို့မယ့်ရက် တိတိကျကျမှ မသိရသေးဘဲ'

ခါဆမန်သည် ရှဲလကို စေ့စေ့ကြည့်ကာ ပြောလိုက်လေသည်။

'ခင်ဗျားကလဲဗျာ ခင်ဗျားတို့လူ ဆယ်ယောက်လောက် ဒီရွာမှာ နှစ်ရက်တန်သည်၊ သုံးရက်တန်သည် လာမနေနိုင်ဘူးလားဗျ။ ဒီမှာ နေတဲ့ ရှမ်းတွေ သင်္ကြန်ပွဲတော်အတွင်းမှာ ကျွန်တော်တို့တစ်တွေ တောင်ယာမီးရှို့စမြဲပဲဟာ...'

ရှဲလက သူ့ကို စေ့စေ့ကြည့်နေသော ခါဆမန်ကို အားပါးတရ ပြောပြလိုက်သည်။

'ကောင်းပြီလေ။ တို့ ကျွဲဝယ်ချင်တယ်၊ ဆားဝယ်ချင်တယ် ဆိုပြီး မင်းအိမ်မှာ လာတည်းနေရုံပေါ့ကွ'

ခါဆမန်ကလည်း ရှဲလ၏ အကြံဉာဏ်ကို သဘောတူစွာဖြင့် ကတိပြုလိုက်သည်။

'နို့ပြီး ငါ့ကိုကူညီမယ့် လူတွေအတွက်လဲ မင်း ကြည့်မနေနဲ့ဦး ခါဆမန်။ သူတို့ကိုလဲ နည်းနည်းပါးပါး ပေးဦးမှ'

ရှဲလသည် ခါဆမန်၏ ခါးတွင် ရစ်ပတ်ထားသော အိတ်ကို ကြည့်ပြီး ပြောလိုက်သည်။

တန်ကွန်နာဂများသည် ငွေစက္ကူကို သုံးလေ့သုံးထ မရှိကြ။ ငွေဒင်္ဂါးကိုသာ သုံးတတ်သူများဖြစ်သဖြင့် ခရီးသွားလာရာတွင် ခါးပတ်ကြိုးအိတ်ထဲ၌ ငွေဒင်္ဂါးများကို စီ၍ထည့်ကာ ဆောင်ယူတတ်ကြသည်။

၎င်းတို့၏ ခါးပတ်ကြိုးဆိုသည်မှာလည်း ကျပ်ပြားဒင်္ဂါး ဝင်ဆံ့ရုံ ချုပ်ထားသည့် ဂျပ်ခုတ်ရက်ကန်းဖြင့် ရက်လုပ်ထားသော အထည်ပင် ဖြစ်သည်။ ထိုခါးပတ်ကြိုးသည် ခရီးသွားလာ၍ ငွေကြေးယူဆောင်သွားတော့မည်ဆိုလျှင် ဒင်္ဂါးပြားများကို ထိုခါးပတ်ကြိုးထဲထည့်၍ ယူဆောင်သွားလေ့ရှိသဖြင့် အကြောင်းသိပြီးဖြစ်သော ရှဲလက ခါဆမန်၏ ခါးပတ်ကြိုးကို ကြည့်၍ ပြောလိုက်ခြင်း ဖြစ်သည်။

'အေးလကွာ၊ ငါ ပေးထားခဲ့ပါ့မယ်။ မင်းသာ ဒီကိစ္စ အောင်မြင်အောင် လုပ်ကွာ။ ငါတို့လဲ လာခဲ့မယ်'

ခါဆမန်က ပြောပြောဆိုဆိုနှင့် သူ့ခါးတွင် ချည်နှောင်ထားသော ကြိုးအိတ်ကိုဖြုတ်ကာ ကြိုးအိတ်တွင်းမှ ငွေဒင်္ဂါးများကို သွန်ချလိုက်သည်။

အိတ်ထဲမှ ထွက်ကျလာသော ဒင်္ဂါးများကို ခါဆမန်က ဆယ်ချပ်လျှင် တစ်ပုံကျ ဆယ်ပုံ ပုံလိုက်သည်။

'ကိုင်း ဒီငွေတစ်ရာကိုယူထား။ ပြီးတော့ တို့လာမှပဲ ထပ်ပေးမယ်'

ရှဲလသည် ခါဆမန်ပုံပေးသော ဒင်္ဂါးများကို တစ်ပုံလျှင် ၄က်ပျောရွက်ခြောက် တစ်ရွက်စီနှင့် ထုပ်လိုက်သည်။

ရှဲလသည် သူထုပ်ထားသော ငွေထုပ်များကို သိမ်းယူပြီး သူ့ဇနီးသည်ကို လှမ်းခေါ်၍ ပေးလိုက်သည်။

'ကိုင်း ရှုလ၊ ငါပြန်မယ်ကွနော်။ နောက် တန်ခူးလ ရှမ်းတွေ ရေပက်ကြမယ့် လကျမှ ငါတို့လူစုနဲ့ ငါ ဆင်းလာခဲ့မယ်၊ ဟုတ်လား'

ခါဆမန်သည် ရှုလကို မှာကြားပြီး ပြန်ရန် ဟန်ပြင်လိုက်စဉ် ရှုလ၏ ဇနီးက မေးလိုက်သည်။

'ဒီငွေတွေက ဘာလုပ်ဖို့တုံး'

'ကျွဲဝယ်ဖို့ဟေ့…'

ရှုလက သူ့ဇနီး၏အမေးကို အဆောတလျင် ဖြေကြားလိုက်သည်။ နာဂလူမျိုးတို့မည်သည် တစ်နှစ်လျှင် တစ်ကြိမ်ကျ ပွဲတော်ကျင်းပလေ့ ရှိသည်။ သူတို့၏ပွဲတော်တွင် ကျွဲများကို အထွတ်အမြတ်ထား၍ သတ်ဖြတ်ကာ ယဇ်ပူဇော်လေ့ရှိသည်။

သို့မို့ကြောင့်လည်း တစ်နှစ်တစ်ကြိမ် ယဇ်ကောင် ကျွဲရရှိရေးအတွက် မြေပြန့်ဒေသသို့ ဆင်းကာ ဝယ်ယူကြရသည်။

ဖြတ်ထိုးဉာဏ် ကောင်းလှသော ရှုလသည် သူ့ဇနီး၏ အမေးကို ဖြေလိုက်သည်။

'ကိုင်း ငါပြန်မယ်ဟေ့'

'ကောင်းပြီလေ'

ရှုလသည် အောင်နိုင်သော စစ်သူကြီး ဟန်ပန်မျိုးဖြင့် ပြောလိုက်သည်။ ခါဆမန်ကလည်း သူ့အလို ပြည့်ရေးအတွက် ထက်ဝက်လောက် စိတ်ချသွားရပြီ ဖြစ်သဖြင့် ပြန်ရန် ဟန်ပြင်လိုက်စဉ် ရှုလ၏အိမ်သို့ ဦးလဆာ ရောက်လာသည်။

'ဟေး… ရှုလ၊ မင်း တောင်ယာခုတ်ထားတာက မသေမသပ်နဲ့ကွယ်'

ဦးလဆာသည် ရှုလ၏ အိမ်ရှေ့တွင် မတ်တတ်ရပ်နေရာမှ အိမ်ပေါ်တွင် ထိုင်နေသော ရှုလကို လှမ်းပြောလိုက်သည်။

'ဟုတ်ကဲ့၊ ကျွန်တော် တောင်ယာခင်းကို မသွားနိုင်သေးလို့ပါ'

ရှုလသည် ဦးလဆာ၏ ပြောဆိုချက်ကို မငြင်းသာသဖြင့် လေပြေထိုးလိုက်သည်။ စင်စစ်တော့လည်း ရှုလသည် အလုပ်ကို လက်ကြောတင်းအောင် လုပ်ချင်သူ မဟုတ်ပေ။

တောင်ယာခုတ်သည်ဆိုရာ၌လည်း တောင်ယာ လောင်စာကောင်း

အောင် မပြုလုပ်နိုင်ပါက သီးနှံမကောင်းနိုင်လေချေ။ တောင်ယာတစ်ခင်းကို ဘာကယ်တမ်း လောင်စာကောင်းအောင် ပြုလုပ်တော့မည်ဆိုလျှင် မိမိတို့ ခုတ်သည့် တောင်ယာခင်း၌ ခုတ်လှဲထားသော သစ်ပင်ကြီးများကို အခက် အလက် သိပ်သည်းသွားအောင် ခုတ်ချထားရသည်။

သို့မှသာလည်း မီးရှို့သောအခါ လောင်စာကောင်း၍ ပြာများ လွင့်စဉ် မသွားဘဲ ထိုတောင်ယာခင်းတွင်ပင် ကျရောက်နေပေမည်။ သို့မှသာလည်း တောင်ယာခင်း၏ မြေဩဇာ ထက်သန်ချေမည်။

ဦးလဆာသည် ဝိရိယရှိသူပီပီ နံနက်ရောင်ဖြူသမ်းလာကတည်းကပင် သူတို့တစ်ရွာလုံး ခုတ်ထားသော တောင်ယာခင်းကို လှည့်လည်ကြည့်ရှုခဲ့ပြီး ဖြစ်သည်။

သည်အထဲတွင် ရှဲလ၏တောင်ယာခင်းသည် သစ်ပင်ခုတ်လှဲထားပြီး အကိုင်းအခက်များကို ခုတ်ချမထားသေး၍ ကိုးရိုးကားရား မြင်လာရသဖြင့် ရှဲလကို လာပြောခြင်း ဖြစ်သည်။

ရှဲလသည် ဦးလဆာ ပြောလည်း ပြောလောက်စရာ ကောင်းသည်။ သူ၏ တောင်ယာခင်းကို ခုတ်ထားရာ၌ သေသေသပ်သပ် မရှိမှန်း ရှဲလ သိသည်။ စင်စစ်တော့လည်း ရှဲလသည် သည်တောင်ယာပဲခင်းကို ဝါသနာပါသူ မဟုတ် လေချေ။

ကုန်သည်ပွဲစား ဘဝနှင့်သာ ကြွယ်ဝချမ်းသာသူတစ်ဦး ဖြစ်လိုသူ ဖြစ်သည်။ အမှန်ဆိုရပါမူ ဦးလဆာ၏ ဖောက်ကားရောင်းဝယ်မှု ဆက်သွယ် ရေးလုပ်ငန်းကို အားကျသူဖြစ်သည်။ ဒါတင်မကသေး၊ သူ၏ ဩဇာအာဏာ များကို ဦးလဆာကဲ့သို့ နန့်မောင်ခန်း တစ်ရွာလုံးကို လွှမ်းမိုးရန် အာသာ ငမ်းနေသူ သာတည်း။

'ဟ ခါဆမန် ဘယ်တုန်းက ရောက်နေသလဲ'

ဦးလဆာသည် ပြန်ရန်ဟန်ပြင်နေသော ခါဆမန်ကို မြင်လိုက်သဖြင့် နှုတ်ဆက်လိုက်သည်။

'မနေ့ကရောက်တာ ဦးလဆာ။ ဈေးတော်တဲ့ ကျွဲလေးများ ရရင် ဝယ် ပေးပါဆိုပြီး ရှဲလကို လာမှာတာ။ ကျွန်တော်တို့ ခုတ်ပွဲလဲ နီးပြီ မဟုတ်လား'

'အေးပေါ့ကွာ၊ ဈေးသင့်တင့်တဲ့ကျွဲတွေ့ရင် မင်းသူငယ်ချင်းကို ငါ

အကြောင်းကြားပါ့မယ်။ ပြီးတော့ပေါ့ မင်း နောက်တစ်ခါ ဆင်းလာရင် ကဲ့ကူဆံ တစ်ပိသာလောက် ယူခဲ့ဦးပေါ့'

ကဲ့ကူဆံသည် ဘုန်းတော်ကြီး ကျောင်းသားများ မသုံးမဖြစ်သော ပစ္စည်းဖြစ်သည်။

ထိုစဉ်အခါက အထက်ချင်းတွင်း ဒေသ၌ ကျောက်သင်ပုန်း၊ ကျောက်တံ ဟူ၍ မရှိသေး။ ပျဉ်ပြားကို ထမင်းရည်နှင့် မီးသွေးမှုန့်ရော၍ သုတ်လိမ်းထားသော အနံ့တစ်ထွာ၊ အလျားတစ်တောင့်ထွာခန့်ရှိသော သင်ပုန်းပေါ်၌ ကဲ့ကူဆံနှင့် ရေးသား၍ စာပေလေ့ကျက်ကြရသည်။ ကျောင်းသားများသာ မဟုတ်သေး။ ဆရာတော်၊ သံဃာတော်တို့ပင်လျှင် ကဲ့ကူဆံကို အမြဲတမ်း ဆောင်ထားလျက် ဗေဒင်တွက်ချက်ခြင်း၊ ကျက်စာ ရေးကူးခြင်းများ ပြုလုပ်ကြရာတွင် သည်ကဲ့ကူဆံ မပါလျှင် မပြီးလေချေ။

'ယူခဲ့ပါမယ်ဗျာ၊ စိတ်ချပါ'

ခါဆမန်သည် ဦးလဆာကို ပြန်ပြောရင်း ရှဲလ၏ အိမ်ပေါ်မှ ဆင်းလာသည်။

'သွားဦးမယ်ဗျို့ ဦးလဆာ'

'အေး… အေး၊ မင်းတစ်ယောက်တည်းလား'

ဦးလဆာကမူ ခါဆမန်ကို မိတ်ဆွေတို့ ဝတ္တရားအတိုင်း မေးမြန်းလိုက်သည်။

'ဟုတ်တယ်၊ ကျွန်တော် တစ်ယောက်တည်းပဲ ဗျာ။ ရွာမှာလဲ တောင်ယာလုပ်ငန်း မပြီးသေးတော့ ရွာသားတွေ လိုက်မလာနိုင်ကြဘူး'

'ဒီလိုပေါ့ကွာ၊ ဝမ်းစာအလုပ် မပြီးပြတ်သမျှ ဘယ်မှ မသွားမလာတာပဲ ကောင်းတယ်'

ဦးလဆာက စိတ်ရိုး သဘောရိုးနှင့် ခါဆမန်ကို ပြောလိုက်သည်။ လူရိုးကြီး ဦးလဆာကား သူ့ကို လုပ်ကြံသတ်ဖြတ်ရန် ကြံစည်ကြသော ရှဲလနှင့် ခါဆမန်တို့၏ အကြံကို လုံးဝ မရိပ်မိလေချေ။

'အိမ်ပေါ် တက်ပါဦးလား ဦးလဆာ'

ရှဲလသည် ဦးလဆာကို ဝတ်ကျေတမ်းကျေ ဖိတ်ကြားလိုက်သည်။

'နေပါတော့ကွာ၊ ငါ အိမ်ပြန် ထမင်းစားတော့မယ်ပေါ့။ အေး မင်း

အားရင်လဲ မင့်တောင်ယာ သိပ်သိပ်သည်းသည်း လောင်စာရအောင် သွားလုပ်လိုက်ဦးကွာ'

ဦးလဆာသည် ပြောပြောဆိုဆိုနှင့် ရှဲလ၏အိမ်ရှေ့မှ ထွက်ခွာလာကာ သူ့အိမ်ဘက်သို့ ပြန်လာသည်။

ရှဲလကမူ ဦးလဆာ၏ကျောပြင်ကို လှမ်းကြည့်ရင်း သက်ပြင်းတစ်ချက် ချလိုက်သည်။ အကယ်၍သာ ဦးလဆာကို လုပ်ကြံအောင်မြင်ခဲ့ပါက သူသည်သာ နန့်မောင်ခန်းကျေးရွာ၏ အကြီးအကဲ ဖြစ်တော့မည့်အရေးကို တွေးရင်း သူ့စိတ်ထဲ အားရဝမ်းသာ ဖြစ်နေလေတော့သည်။

"လဆာရယ်၊ မင့်ခွန်အား ဘယ်လောက်ပဲကြီးကြီး ငါ ကြံရင် မခံနိုင်ပါဘူး"

ရှဲလက ဦးလဆာ သူ့ရှေ့မှောက်မှ ကွယ်ပျောက်သွားပြီ ဖြစ်သော်လည်း သူ့စိတ်ထဲ ကျိတ်၍ ကြိမ်းဝါးလိုက်သေးသည်။

ရှဲလသည် ဦးလဆာကို လုပ်ကြံမည့်အရေးကို တစိမ့်စိမ့်တွေးနေရာမှ သူ့ဘက်သားများ ရောက်လာကြပြန်သည်။

'ကိုင်းဟေ့ မင်းတို့ကို ငါပြောစရာ ရှိသေးတယ်ကွ'

သူ့အိမ်သို့ ရောက်လာကြသော လူဆယ်ယောက်ခန့်ကို ရှဲလက ပြောလိုက်သည်။

'ဘာပြောမှာလဲဗျ'

ရှဲလ အိမ်သို့ ရောက်လာကြသော သူများထဲမှ တစ်ယောက်က မေးလိုက်သည်။

'ရော့ကွာ… မင်းတို့ တစ်ယောက် ငါးကျပ်စီ ယူသွားကြ၊ ပြီးတော့ လီပူနွယ်နဲ့ ကိုးမ ကိုးတောင် ကွန်တစ်လက်စီ ထိုးကြ။ ခဲတပ်တော့လဲ ကိုးပိဿာ တပ်ပေး၊ မင်းတို့ကွန် ပြီးရင် ငါ တစ်ခါထပ်ပြီး ငွေပေးဦးမယ်'

ရှဲလသည် သူ၏အိတ်ထဲမှ ငွေများကို ထုတ်၍ ပေးလိုက်သည်။ ငှက်ပျောရွက်ခြောက်နှင့် ထုပ်၍ သိမ်းထားသော ခါးဆမန်ထဲမှ ယူထားသည့်ငွေကိုမူ သူ့လူများ ရိပ်မိမည်စိုးသဖြင့် ထုတ်၍ မပေးလေချေ။

'ဒီကွန်က ဘာလုပ်မှာလဲဗျ'

'ဘာပဲ လုပ်လုပ်ကွာ'

ရှဲလသည် သူ့ဘက်တော်သား တစ်ဦး၏ အမေးကို ခပ်တိုတိုပင် ဖြေလိုက်သည်။

'အေးဗျာ၊ ခင်ဗျား ထိုးဆိုလဲ ထိုးတာပေါ့'

အလည်လာသူများက ရှဲလထံမှ ငွေငါးကျပ်စီရသဖြင့် အားရဝမ်းသာနှင့် ပြန်သွားကြသည်။ လီပူနွယ်ဆိုသည်မှာ ပိတ်ချင်းပင်ရိုးကဲ့သို့ နွယ်ပင်တစ်မျိုးဖြစ်သည်။ ထိုနွယ်ပင်များကို အဆက်ဖြတ်၍ အခွံခွာရသည်။ တစ်ဆစ်ဆိုလျှင် တစ်ထွာခန့်ရှည်သည်။

ထိုအဆစ်မှ အခွံများကို ရေတွင် နှစ်ရက် သုံးရက်လောက် စိမ်လိုက်ပြီး ထောင်းထုလိုက်သောအခါ အကြောအမျှင်များ ချည်သဖွယ် ထွက်လာသည်။ ထိုအကြောအမျှင်များကို စု၍ ကျစ်ယူပါက အလွန်ခိုင်ခံ့သော ကြိုးဖြစ်လာလေသည်။ ထိုကြိုးမျိုး လက်မလုံးလောက် ကျစ်ထားပါက ကျွဲပင်ထောင်နိုင်လေသည်။

ရှဲလသည် သူ့အကြံအစည်ကို တစ်ခုမဟုတ်တစ်ခု အောင်မြင်ရမည်ဟု တရားသေ တွက်ထားလိုက်ပြီး သူ့ဝမ်းထဲ အူမြူးနေလေသည်။

သည်လိုနှင့် ရှဲလသည် သူ့တောင်ယာခင်းကို မကြာခဏသွားသော်လည်း ဘာမျှ သွားရောက်ပြုပြင်ခြင်း မရှိဘဲ ဦးလဆာ လုပ်ကြံရေးအတွက်သာ နေရာအမှတ်အသားများ ပြုလုပ်ခြင်းဖြင့် အချိန်ကုန်နေလေသည်။

ရှဲလသည် သူ့အစီအစဉ် အမှတ်အသားများ စိတ်ချသွားရသောအခါတွင် တောင်ယာမီးရှို့မည့်ရက် ရွေးပါမည့်အကြောင်း ဦးလဆာကို သွားရောက်ပူဆာသည်။

ဦးလဆာကလည်း ရှဲလ၏အကြံအစည်ကို မရိပ်မိသဖြင့် ဗေဒင်ဆရာ၊ နတ်ဆရာ၊ ဖက်ထုံးနိမိတ်ဟော ဆရာတို့ကို ပင့်ဖိတ်ကာ တောင်ယာမီးရှို့ကြမည့် ရက်ကို တွက်ချက်ရွေးချယ်စေလေသည်။

'တန်ခူး လပြည့်'

ဖက်ထုံး နိမိတ်ဆရာများကလည်း ရိုးရိုးသားသားပင် တွက်ချက်၍ တောင်ယာမီးရှို့မည့် ရက်ကို သတ်မှတ်လိုက်ကြသည်။

တောင်ယာ မီးရှို့မည့်ရက် သတ်မှတ်ချက်ကို သိသွားပြီဖြစ်သော ရှဲလ၏ ဝမ်းထဲ၌မူ အူမြူး၍သာ နေလေချေတော့သည်။

ရှဲလသည် သူ၏ကြံစည်မှု၊ ပိရိမှုနှင့် နိုက်နိုက်ချွတ်ချွတ်လုပ်တတ်မှုတို့ကို သူ့ကိုယ်သူ သဘောကျမဆုံးဖြစ်ကာ အိမ်သို့ပြန်လာပြီး နာဂတို့ဓလေ့အတိုင်း မည်သည့်ရက်တွင် တောင်ယာမီးရှို့မည့်ရက်ဖြစ်သည်၊ မည်သို့သော အထိမ်းအမှတ်နေရာတွင် မည်သို့လာစောင့်ကြပါဟူသော အထိမ်းအမှတ်နှီးထုံးပြုလုပ်ကာ ခါဆမန်တို့နေထိုင်ရာ တောင်ပေါ်နာဂများထံသို့ လူလွှတ်၍ ပေးပို့လိုက်လေသည်။

'နင်တို့ ဦးလဆာကလဲ ဒီအထိတောင် မရိပ်မိဘူးလား'

မောင်ညိမ်သည် ပရှီဝီ ဇာတ်ကြောင်းပြန်နေသည်ကို မကျေမချမ်းနှင့်ဖြတ်၍ မေးလိုက်သည်။

'မသိလို့ပေါ့ မောင်ညိမ်ရယ်၊ သိရင်တော့လား၊ ဒီ ရှဲလကို ဦးလဆာက ခေါင်းဖြတ် သတ်လိုက်တော့မှာပေါ့ ဟ'

'ဆက်ပြောလေ ပရှီဝီ၊ နောက် ဘယ်လို ဆက်ဖြစ်ကြသေးသလဲ'

'ပြောမှာပေါ့ မောင်ညိမ်ရယ်၊ ဒါ ပြောချင်လို့လဲပဲ တို့များစုပြီး ခေါင်းဖတ်လုပ်မှာ နောက်ကျခဲ့နေတာ၊ မောင်ညိမ်ကို ပြောပြထားချင်တယ်၊ မှာထားချင်တယ်၊ ဒါတွေဟာ ငါ့ရင်ထဲ ပြည့်လို့'

မောင်ညိမ်သည် ပရှီဝီ၏ မေးစေ့လေးကို လက်နှစ်ချောင်းနှင့် မ ယူလိုက်ရင်း မော့လာသော ပါးပြင်လေးကို တအား မွှေးလိုက်ပြန်သည်။

## အခန်း ၁၃

ရှုလ၏ရက်ချိန်းကို ရရှိသွားသော ခါဆမန်တို့လူစုသည် တန်ခူးလဆန်း ဆယ့်လေးရက်နေ့တွင် နန့်မောင်ခန်းရွာသားများ တောင်ယာခင်းရှိ တောအုပ် ထဲတွင် လာရောက်ပုန်းအောင်းနေကြသည်။

ခါဆမန်သည် တောထဲတွင် ပုန်းအောင်းနေရာမှ ရှုလကို လှမ်းဝှက် ၍ လာတွေ့ပြီး အခြေအနေကို မေးမြန်းလေသည်။

'ဘယ့်နှယ့်လဲဟေ့ ရှုလ၊ အခြေအနေ ဟန်မလား'

'ကျွန်တော်တို့ ပထမက စီစဉ်ထားတဲ့ အစီအစဉ်အတိုင်းပေါ့ဗျာ'

ရှုလသည် သူ့အစီအစဉ်ကို စိတ်ချရဘိအလား ပြောလိုက်လေသည်။

'ဒါဖြင့် နက်ဖြန်နေ့လယ်ပေါ့ ဟုတ်လား'

'ဟုတ်တယ်လေ၊ အဲဒီအချိန်မှာ ကျွန်တော်တို့ ရွာသားတွေ တောင်ယာ မီးရှို့ဖို့ တောင်ယာခင်းကိုလာကြမယ်။ ဒီအချိန်မှာ ခင်ဗျားတို့လူတွေက ထင်ရှူး မီးတိုင်တွေ ထွန်းဖို့ရာ အဆင်သင့်လုပ်ထားလေဗျာ၊ ကျွန်တော်က အချက်ပေး လိုက်လို့ရှိရင် ဘေးပတ်ပတ်လည်က ခင်ဗျားတို့လူတွေ တောင်ယာခင်းကို မီးတို့လိုက်ရုံပဲ၊ ကျွန်တော်က ဦးလဆာကို သူ့တောင်ယာခင်း မီးအရင်ရှို့ဖို့ စီစဉ်ထားတယ်လေ၊ ဒီတော့ သူ့တောင်ယာ မီးအရင်ရှို့ဖို့ တောင်ယာအလယ် ကောင်ထဲ ဝင်သွားတာနဲ့ တစ်ပြိုင်နက် ခင်ဗျားလူတွေက ပတ်ပတ်လည် တောင်ယာခင်းတွေကို မီးရှို့လိုက်ရင် သူ့မှာ မီးဝိုင်းပြီးသား ဖြစ်သွားရောပေါ့ဗျာ။ ဒီတော့ ကိစ္စချောသွားတာပေါ့၊ မပဟုတ်ဘူးလား'

ရှဲလသည် သူ့ ကြိုတင်ကြံစည်မှုများကို ခါဆမန်အား မျက်နှာချို သွေး၍ ပြောလိုက်လေသည်။

'ဒါဖြင့် တို့ကို ဆားလေး ငါးပိလေး ပေးဦးကွာ'

ခါဆမန်သည် သူတို့လူအုပ်အတွက် မပြည့်စုံခဲ့သော ရိက္ခာများကို တောင်းလိုက်သည်။

'ယူပါဗျာ… ယူပါ၊ စိတ်ကြိုက်ယူကြစမ်းပါ၊ မိန်းမရေ ဆားထုပ်၊ ငါးပိထုပ်၊ ထုပ်ပြီး ပေးလိုက်စမ်းပါကွာ'

ချင်းတွင်းမြစ်ဝှမ်းရှိ ရှမ်းများနှင့် နီးကပ်စွာနေထိုင်ရသဖြင့် ဆားငါးပိ ပြဿနာများမပေါ်ဘဲ ဖုံးပေါလအော သုံးနိုင်သူပီပီ ရှဲလက သူ့ဇနီးသည်ကို အမိန့်ပေးလိုက်သည်။

'ပေးမယ် အစ်ကိုရေ့'

ရှဲလ၏ ဇနီးသည်ကလည်း သူ့လည်တွင် ဆွဲထားရသော သန္တာပုတီး လေးကို ဝှေ့ယမ်းသွားအောင် လည်တိုင်လှုပ်ခါရင်း ပြောလိုက်သည်။

ခါဆမန်သည် ရှဲလ၏ဇနီး ထုပ်ပေးသော ဆားထုပ်၊ ငါးပိထုပ်များကို ယူကာ သူတို့လျှို့ဝှက်နေထိုင်ရာ တောစခန်းသို့ ပြန်သွားသည်။

တောင်ယာမီးရှို့မည့်နေ့တွင် ရှဲလက ဦးလဆာကို မျက်နှာချိုသွေး ကာ ပြောလေသည်။ တောင်ယာမီးရှို့သည် ဆိုရာ၌လည်း အလွန်နေပြင်း သော ဆယ်နာရီ၊ ဆယ့်တစ်နာရီကျမှ မီးရှို့မြဲ ဖြစ်သည်။ သို့မှသာလည်း နေ၏ အပူရှိန်နှင့် လောင်စာကို ကျွမ်းသွားစေနိုင်မည်။

'ဦးလဆာရေ့၊ လေကလဲ ငြိမ်တယ်၊ ဒီတော့ တောင်ယာမီးရှို့ရင် ခင်ဗျားတောင်ယာခင်းကနေ စ ရှို့ဗျာ၊ ဒါမှ အလယ်ကနေပြီး မီးပြန့်လာမှာ ဗျ နော'

ရှဲလ၏ အကြံအစည်ကို မသိသော ဦးလဆာသည် ရှဲလ၏ အကြံ ဉာဏ်ကို သဘောတူလိုက်သည်။

တန်ခူးလပြည့်၏နေသည် ခြေဖဝါးအရေခွံများ ကွပ်မတတ် ချစ်ချစ် တောက်အောင် ပူလောင်လျက်ရှိသည်။ ထိုစဉ်တွင် နန့်မောင်ခန်း ရွာသားများ သည် သူတို့ ခုတ်ထားသော တောင်ယာတောဆီသို့ ဝါးရောင်းမီးညှိရန် ဝါးရောင်းကိုယ်စီဖြင့် သွားကြသည်။

ဦးလဆာကလည်း အများနည်းတူပင် ဝါးရောင်းစည်း ထမ်းကာ တောင်ယာမီးရှို့ရန် ရွာသားများနှင့်အတူ လိုက်သွားသည်။

ထိုအချိန်တွင် တောင်လေ၊ မြောက်လေ အလွန် ငြိမ်ဆိမ်နေသည်။ ခါတိုင်းနှစ်ဆိုလျှင် တောင်လေ ဆော်နေချိန်ဖြစ်သည်။ တောင်ယာမီးရှို့ရာ၌လည်း လေညာမှစ၍ ရှို့လိုက်လျှင် ကျန်တောင်ယာတောများပါ မီးကူးပြီး ကျွမ်းသွားနိုင်သည်။

ယခုတော့မူ လေ အလွန်ငြိမ်သက်နေလေသည်။

'ကိုင်း ဟေ့၊ ငါအရင်ဝင်ပြီး အလယ်တောင်ယာခင်း ငါ့တောင်ယာကို ငါအရင် မီးရှို့မယ်၊ ငါထွက်ခဲ့မှ မင်းတို့အပြင်က ဝိုင်းရှို့ကြပေါ့ကွာ'

ဦးလဆာသည် သူ့ရွာသားများကို ပြောကြားပြီး ရွာလုံးကျွတ် တောင်ယာခင်း၏ အလယ်ဗဟိုသို့ ဝင်သွားသည်။

'ရှီး… ရှီး…'

ရှဲလသည် ဦးလဆာ တောင်ယာခင်း အလယ်ဗဟိုသို့ ရောက်ခါနီးတွင် လက်ခေါက်မှုတ်၍ အချက်ပေးလိုက်လေသည်။

အချက်ပေးသံ ကြားသည်နှင့် တစ်ပြိုင်နက် တောထဲတွင် လျှို့ဝှက် ပုန်းအောင်းနေကြသော ခါဆမန်၏ လူစုများသည် တောင်ယာခင်းကို ပတ်လည်ဝိုင်း၍ နေရာယူလိုက်ကြသည်။

ဦးလဆာကမူ သည်အဖြစ်အပျက်ကို လုံးဝ မရိပ်မိလေချေ။ သို့မို့ကြောင့်လည်း အလယ်ဗဟိုမှ သူ့တောင်ယာခင်းကို မီးရှို့ရန် ဝါးရောင်းမီးကို စိတ်ရှည်လက်ရှည် ထွန်းညှိနေသည်။

'ရှီး … ရှီး …'

နောက်တစ်ကြိမ် ရှဲလ၏ အချက်ပေးသံ ကြားသည်နှင့် တစ်ပြိုင်နက် တောင်ယာခင်း ပတ်ပတ်လည်၌ ပုန်းအောင်းနေကြသော တောင်ပေါ်နာဂများက သူတို့ တောင်ပေါ်တွင်သာရှိသော ထင်းရှူးမီးတိုင်များကို အလျင်အမြန် ထွန်းညှိကာ တောစပ်တောင်ယာခင်းများကို တစ်နေရာပြီး တစ်နေရာ အပြေးအလွှား ရှို့လိုက်ကြသည်။

တောစပ်မှ မီးလုံးကြီးများသည် တစ်မုဟုတ်ချင်းပင် ဦးလဆာကို ဝိုင်းဝန်းသွားစေသည်။

'ဟော့... ဘယ်လို လုပ်ကြတာတုံးကွ'

ဦးလဆာက သူ့ကို ပတ်လည်ဝိုင်းနေသော မီးများကိုကြည့်ရင်း အော်ပြောလိုက်သည်။

'ကျွန်တော်တို့ ရှို့တာ မဟုတ်ဘူး၊ ဘယ်သူ လာရှို့လိုက်မှန်းလဲ မသိဘူး ဦးလဆာ'

ရှဲလသည် မီးဝိုင်းနေသော ဦးလဆာကို သံကုန်ဟစ်၍ ပြောလိုက်သည်။

ရှဲလ၏ စိတ်ထဲတွင်မူ သည်တစ်ချီ ဦးလဆာ လူ့လောကမှ မီးသင်္ဂြိုဟ်ပြီးသား ဖြစ်သွားပြီဟု အူမြူးနေလေတော့သည်။

ဦးလဆာ ပတ်ဝန်းကျင်ရှိ တောင်ယာခင်း လောင်စာများမှ ထ လာသော မီးလုံးကြီးများသည် ဒေါသကြီးလှသော မြွေဟောက်ကြီးပမာ မီးလျှာကြီး တရဲရဲ၊ မီးခိုးကြီး တလူလူနှင့် တောင်ယာထဲမှ ဝါးခြောက် ပေါက်ကွဲသံများ ဆူညံလာတော့သည်။

'ဒါနဲ့ နင်တို့ ဦးလဆာက သေသွားရောလား'

မောင်ညိမ်သည် ဇာတ်ကြောင်းပြန်နေသော ပရှိဝီကို မေးလိုက်လေသည်။

'ငါပြောတာကို ဆုံးအောင် နားထောင်ဦး မောင်ညိမ်'

'အံ့မလေးဟဲ့၊ နင်တို့ လူမျိုးစု ရွာပျက်ရတဲ့ အကြောင်းကလဲ ရှည်လိုက်တာ ဟယ်'

မောင်ညိမ်က ပရှိဝီကို စိတ်မရှည်တော့သလို ပြောလိုက်လေသည်။

'နင် ဆက်နားမထောင်ချင်လဲ ပြန်ကြစို့လေ'

ပရှိဝီသည် မောင်ညိမ်ကို မျက်စောင်းတစ်ချက်ခဲကာ ပြောလိုက်ရာ၊ မောင်ညိမ်ခမျာ မနေသာ မထိုင်သာ ဖြစ်သွားသည်။

'ငါက မြန်မြန်သိချင်လွန်းလို့ပါ ပရှိဝီရာ။ နင်ကလဲ စိတ်တိုလိုက်တာ။ ကိုင်း ပြော၊ မင်း သဘောရှိ ပြောဟေ့။ ငါ ကြားဖြတ်ပြီး မမေးတော့ဘူး'

မောင်ညိမ် တောင်းပန်သံလေးနှင့် ပြောလိုက်မှ ပရှိဝီက သူ့ဝမ်းထဲ ကျိတ်ပြုံးပြီး ဦးလဆာ၏ အဖြစ်ပျက်ကို ဆက်ပြောပြန်သည်။

မီးဝိုင်းခံနေရသော ဦးလဆာသည် သူ့အသက် လွတ်ရာ လွတ်ကြောင်းကို ချက်ချင်းပင် ကြံဖန်ရသည်။

သူ့ခါးတွင် ချိတ်ဆွဲထားသော ဦးကားဓားမကြီးကို ကိုင်ပြီး သူ့ကို မီးဝိုင်းအောင် ရှို့ကြသော ရန်သူများကို အရင်လိုက်သတ်ရန် စိတ်ကူးမိသည်။ သို့တစေ တောင်ယာလောင်စာတို့မှ တဟုန်းဟုန်းတောက်နေသော ထိုမီးကို သူ ကျော်ထွက်၍ လုံးဝ မရနိုင်လေချေ။

သူ၏စိတ်ထဲ၌လည်း သူ့တောင်ယာအလယ်ဗဟို မီးတောက်မထသမျှ ဘေးတောင်ယာများ မီးမရှို့ရန် ရွာသားများကို မှာကြားထားပါလျက် ယခုကဲ့သို့ မီးဝိုင်းခံရသည်မှာ မခံချိမခံသာ ဖြစ်နေလေသည်။

သို့သော် အားမတန် မာန်လျှော့ရမည့် အခြေအနေမျိုး ရောက်နေသဖြင့် ရန်သူကို လက်စားချေဖို့အရေးထက် မိမိ၏အသက်ဘေး လွတ်မြောက်ရန် အရေးကို ထိပ်တန်းတင်လိုက်ရလေသည်။

ဦးလဆာသည် ချက်ချင်းပင် တောင်ယာလောင်စာ ပါးသော နေရာသို့ ပြေးသွားပြီး လောင်စာသစ်ခက်ခြောက်များကို ဖယ်ရှားလိုက်သည်။

ကိုက်တစ်ရာပတ်ဝန်းကျင်တွင် လောင်စာ သစ်ကိုင်းခြောက်များကို ဖယ်ရှားပြီးသောအခါ ဦးလဆာသည် သူ့ခါးတွင် ပါလာသော ဓားမဦးကား ကြီးဖြင့် မြေတွင်းကို ချက်ချင်းတူးလေသည်။

ဦးလဆာ မြေတွင်းတူး၍ လူတစ်ရပ်စာ မပြည့်ခင်ပင် အရပ်ရှစ်မျက်နှာ မှ လောင်လာသော မီးများသည် တစ်စ တစ်စနှင့် ဦးလဆာကို ဝိုင်းလာကြ ပြီ ဖြစ်သည်။ ဦးလဆာသည် သူ၏ ရှိသမျှအင်အားကို အသုံးပြုကာ မြေတွင်း ကို အတတ်နိုင်ဆုံး ဆက်တူးသည်။

မီးပူရှိန်သည် ဦးလဆာ၏ တစ်ကိုယ်လုံးကို ကြွပ်သွားစေမတတ် ပူးပြင်းလာသောအခါမှ မြေကျင်းထဲသို့ ဆင်းဝပ်နေလိုက်သည်။

ဦးလဆာ ကျင်းအောင်းနေသော ကိုက်တစ်ရာ ပတ်ဝန်းကျင်တွင် လောင်စာ သစ်ခက်ခြောက်များလည်း မရှိသဖြင့် မီးတောက်မီးလျှံတို့လည်း ဦးလဆာ၏ အသက်ခန္ဓာကို မဖြိုဖျက်နိုင်တော့လေချေ။ မပြောပလောက်သော မြေအပူရှိန်ကိုသာ ခံစားရသည်။

သည်တော့လည်း ဦးလဆာသည် သူ့ခါးတွင်ပတ်ထားသော ဓားအိမ် ခါးပတ်ကို ချွတ်ကာ ခြေနင်းခုံအဖြစ် ထားရှိပြီး မြေအပူရှိန်ကို သက်သာမှု ရယူလိုက်သည်။

ရှဲလကမူ ဦးလဆာ၏ လုပ်ပုံကိုင်ပုံကို မီးတောက်မီးလျှံများကြား မှ မမြင်ရသဖြင့် ဦးလဆာ သေပြီဟူသော အသိနှင့် ပီတိဖြာကာ ရွာဆီသို့ ပြန်လာသည်။

'ရှဲလတို့ကြံ့ရင် ခံနိုင်ရိုးလားကွ။ ဦးလဆာကြီးတော့ ကိစ္စချောပြီ'

ရှဲလသည် ရွာပြန်လာရင်းနှင့် သူနှင့် နီးနွယ်ရာ လူများကို မအောင့် နိုင် မအည်းနိုင် ကြုံးဝါးလိုက်သည်။

တောင်ယာတော မီးရှို့သည်ဆိုရာ၌လည်း တစ်နေ့လုံးလောင်ကျွမ်းမှ လောင်စာကုန်သည်။

ဦးလဆာသည် လောင်စာဖယ်ထားသော သူ့တောင်ယာခင်းအလယ် မှ ကျင်းထဲတွင် ဝင်ရောက်နေလေသည်။

ခါဆမန်တို့ လူစုသည်လည်း သည်တစ်ချီတော့ သူတို့အကြံအစည် အောင်မြင်ပြီဟုထင်ကာ ရှဲလကိုပင် နှုတ်မဆက်တော့ဘဲ တောင်ယာတော မီးလုံး ထ လာသည်နှင့် တစ်ပြိုင်နက် ပြန်သွားကြသည်။

တောင်ယာခင်းတွင် ရှို့ထားသော မီးများ၏အရှိန်ကြောင့် သေနတ် ပစ်ခတ်သံကဲ့သို့ ပြင်းထန်လှသော အသံများဖြင့် တောင်ယာခင်းတစ်ခင်းလုံး ဆူညံနေသည်။

ဦးလဆာသည် သူ ဝင်အောင်းနေသော ကျင်းထဲတွင် သူ၏ လက်သုံး တော် ဓားမဦးကားကြီးနှင့် ထပ်၍ထပ်၍တူးကာ မြေကျင်း နက်သည်ထက် နက်အောင် ကြိုးစား တူးဆွနေသည်။ သို့မှသာလည်း ပတ်ဝန်းကျင်တွင် လောင်ကျွမ်းနေသော မီး၏အပူရှိန်ကို ပိုမိုခံနိုင်ရည်ရှိမည် မဟုတ်ပါလော။

ရှဲလကမူ သူ့လူများကို ခေါ်ကာ ရွာသို့ ပြန်လာခဲ့သည်။

'ဒီနေ့ည ငါ့အိမ်က ဝက်တစ်ကောင်ပေါ်မယ်ကွာ။ လာကြဟေ့'

ရှဲလသည် သူ့ညစာကို နာခံကြသော ရွာသားများကို တစ်ယောက်ချင်း နား နား ကပ်၍ တိုးတိုးတိတ်တိတ် ပြောလိုက်သည်။

'ဒါဖြင့် ဒီနေ့ည ခင်ဗျားရဲ့အောင်ပွဲပေါ့။ ခေါင်ရည်ကော လုံလောက် ရဲ့လား'

ရှဲလကို သူ့ဘက်တော်သား တစ်ဦးက မေးလိုက်လေသည်။

'အံမာလေး… ငါလုပ်ထားတဲ့ နှစ်လည်ခေါင်ရည်တွေ လာစမ်း ကြည့် စမ်းပါကွ'

ရှဲလက ဝင့်ဝင့်ကြွားကြွားနှင့် ပြောလိုက်သည်။ နှစ်လည်ခေါင်ရည် ဆိုသည်မှာလည်း အရက်တမျှ ပြင်းလှသည်။ ခေါင်ရည်တည်ပြီး အိုးများဖြင့် တစ်နှစ်လည်၊ နှစ်နှစ်လည်၊ သုံးနှစ်လည် လှောင်ထားသောအခါ ထိုခေါင်ရည် သည် ရမ်အရက်ထက် တစ်ဆ ပြင်းလာသည်။ ထိုခေါင်ရည်ကို မီးဖြင့် တို့ကြည့် ပါကလည်း မီးတောက်သည်။

ထိုမီးတောက်သော ခေါင်ရည်နှင့် သူ့အိမ်တွင် မွေးထားသော ဝက်သင်း ကြီး တစ်ကောင်နှင့် ဧည့်ခံကျွေးမွေးရန် ပြောလိုက်ခြင်း ဖြစ်သည်။

ညနေ မှောင်ရီပျိုးစအချိန် ရှဲလ၏အိမ်တွင် ဝက်သတ်သူက သတ်၊ ချက်ပြုတ်ရန် အိုးအဆင်သင့် လုပ်သူကလုပ်နှင့် အလုပ်ရှုပ်နေသည်။

ရွာထဲတွင်လည်း ဦးလဆာ မီးဝိုင်းလောင်ကျွမ်း၍ သေပြီဖြစ်ကြောင်း တစ်ယောက်တစ်ပေါက် ပြောနေကြသည်။

'ဦးလဆာကောဟဲ့၊ နင်တို့ ဒီနေ့ တောင်ယာမီးရှို့တဲ့အထဲ မီးဝိုင်းခံရ လို့ သေသွားတယ် ဆို'

တောင်ယာ မီးရှို့သူများ ရွာလုံးကျွတ် ပြန်လာကြသော်လည်း ညမှောင်ရီသည်ထိ ပြန်မလာသေးသော လင်ယောကျ်ားကို စိတ်သောက ပူပင်စွာနှင့် ဦးလဆာ၏ဇနီးက ရှဲလ အိမ်သို့ လာ၍မေးသည်။

'ဟုတ်တယ်ဗျ၊ ကျွန်တော်တို့က ဦးလဆာကို သူ့တောင်ယာ အရင် မီးရှို့ဖို့ ပြောတော့ ဦးလဆာကလဲ တောင်ယာ မီးရှို့ဖို့ရာ ဝင်သွားရော၊ တောင်ယာခင်း ပတ်လည်ကလဲ မီးထတောက်လာတာပဲ၊ ကျွန်တော်တို့လဲ အဲဒီလူတွေကို လိုက်ရှာကြသေးတယ်။ တစ်ယောက်မှ မတွေ့ဘူး။ ကျွန်တော်တို့ အားလုံးက မီးထဲဝင်ပြီး ဦးလဆာကို သွားဆွဲထုတ်ဖို့ ကြိုးစားကြသေးတယ် ခင်ဗျ။ ဒါပေမဲ့ မီးတောက်ကြီးက အားကြီးလွန်းတော့ ဘယ်သူမှ အထဲကို မတိုးနိုင်ကြဘူး'

ရှဲလသည် ဦးလဆာ၏ ဇနီးကို ညှိုးငယ်သော မျက်နှာအသွင်အပြင် ဖြင့် ပြောလိုက်သည်။

'အေး… အဲဒီမီးက ဘယ်လိုများ တောက်လာတာလဲဟယ်'

ရိုးအလှသော ဦးလဆာ၏ ဇနီးက ရှဲလကို သံသယကင်းစွာနှင့် မေးလိုက်သည်။

'ကျွန်တော်ထင်တာကတော့ သူ လေ့ခုတ်တုန်းက တောင်ပေါ်နာဂတွေကို ခေါင်းဖြတ်လာတယ် မဟုတ်လား။ အဲဒါ မကျေနပ်လို့များ ကျွန်တော်တို့ ရွာသားတွေ တောင်ယာမီးရှို့မယ့်ရက်ကို လာစောင့်ဆိုင်းပြီး ခုလို မီးဝိုင်းအောင် ရှို့ကြတယ်လို့ပဲ ထင်တာပဲ။ ဘာပြုလို့လဲဆိုတော့ ဘေးပတ်ပတ်လည်ဝိုင်းနေတဲ့ ကျွန်တော်တို့ရွာသားတွေ ဘေးတောင်ယာခင်း မီးမရှို့ရသေးခင် ဘေးပတ်လည်က မီးတွေ ထ တောက်လာတော့ ကျွန်တော်တို့အားလုံးတောင် အတော်အံ့အားသင့်သွားကြတယ် ခင်ဗျ'

ဦးလဆာ၏ ဇနီးနှင့် ရှဲလတို့ အချီအချ ပြောနေစဉ်တွင် မမျှော်လင့်သော အသံတစ်သံက ခြံဝမှ ထွက်လာသည်။

'ဟေး ရှဲလ၊ ငါပြောတယ် မဟုတ်လား။ မင်းရဲ့တောင်ယာ သိပ်ပြီး မီးမလောင်ဘူးကွ'

တစ်ရွာလုံးက မီးဝိုင်း၍ သေပြီဆိုပြီး သတ်မှတ်ထားသော ဦးလဆာကို ရှဲလ၏အိမ်တွင် ဝက်သတ်နေကြသောသူများ အားလုံးက အံ့အားသင့်သွားကြသည်။ ဦးလဆာ၏ ဇနီးသည်ကမူ ပထမတွင် သူ့လင် တစ္ဆေဖြစ်၍ လာခြောက်လေသလောဟု ကြောင်တက်တက် ဖြစ်သွားသည်။

ရှဲလသည် ကြောင်တက်တက် ဖြစ်နေရာမှ ဦးလဆာထံသို့ ပြေးသွားပြီး ဖက်လှဲတကင်းနှင့် ပြောလိုက်သည်။

'ဦးလဆာ၊ အမယ်လေးဗျာ ကျွန်တော်တို့က ခင်ဗျားကြီး မီးဝိုင်းခံရလို့ စိတ်ပူလိုက်ရတာ'

'အံမယ်လေးကွာ၊ ဒါလောက်နဲ့များ ငါ့ကို ပူနေကြရသလားကွ ရှဲလရဲ့'

ဤကဲ့သို့ ထင်ထင်ရှားရှားကြီး စကားပြောနေသံ ကြားတော့မှ ဦးလဆာ၏ ဇနီးသည်က သူ့လင်တော်မောင်ထံ အပြေးသွား၍ ကပ်လိုက်သည်။

'ကိုလဆာ မသေဘူးနော်။ ရွာထဲမှာတော့ ကိုလဆာ တောင်ယာ မီးဝိုင်းပြီး သေပြီလို့ ပြောနေကြတာ'

'ဟဲ့… လူဆိုတာ သူများ သေစေချင်တိုင်း သေရမယ်ဆိုရင် ဘယ်ကောင်းတော့မှာလဲကွ မိန်းမရ'

ဦးလဆာသည် သူ့ဇနီးကို ဖျောင်းဖျသံနှင့် ပြောလိုက်ပြီး အိမ်သို့ ပြန်ရန် ဟန်ပြင်လိုက်သည်။

'ဦးလဆာ၊ ညကျရင် ကျွန်တော့်အိမ် ထမင်းစားကြွပါဗျနော်'

ရှဲလသည် ဦးလဆာကို ကြောက်ကြောက်ရွံ့ရွံ့နှင့် ဖိတ်ကြားလိုက်သည်။

'အေးပေါ့ကွာ၊ ငါ ရေမိုးချိုးပြီးရင် လာခဲ့ပါ့မယ်'

ဦးလဆာတို့ ဇနီးမောင်နှံသည် ရှဲလအိမ်မှထွက်ကာ သူတို့အိမ်ဘက်ဆီသို့ ထွက်ခွာသွားကြရင်း လမ်းတွင် သူ့ဇနီးက ဦးလဆာကို ပြောလိုက်သည်။

'ငါ ရှဲလကို ကြည့်ရတာ တစ်မျိုးချည်းပဲ'

'နင်ကလဲဟာ လူတစ်ဖက်သားကို မထင်ကောင်းတာတွေ ထင်မနေပါနဲ့ ဟာ'

ဦးလဆာသည် မီးသွေးမှုန့်၊ ပြာမှုန့် အလူးလူးဖြစ်နေသော သူ့လက်မောင်းကြီးကို ပွတ်သပ်ရင်း ပြောလိုက်သည်။

'မဟုတ်ဘူး၊ ရှင် တောင်ယာမီးဝိုင်း ခံရတာ ကျွန်မတော့ မသင်္ကာဘူး'

ဇနီးသည်ဖြစ်သူ ပြောလိုက်သော စကားကို ဦးလဆာ အနေနှင့် အရေးမထားဟန်ဖြင့် ပြန်ပြောလိုက်သည်။

'ဟဲ့ ငါကလဲ သူများခေါင်းဖြတ်ခဲ့တာ နည်းရော့လားဟဲ့၊ ဒီတော့လဲ တောင်ပေါ်ကအကောင်တွေ လာလုပ်ကြမှာပေါ့။ ဒါ ဘာဆန်းတာ မှတ်လို့။ ကိုင်း ဒါတွေ ပြောမနေနဲ့ကွာ။ ငါ ရေဆိပ်ဆင်းပြီး ရေချိုးလိုက်ဦးမယ်။ ထမင်းသာ ပြင်ထားကွာ'

'နို့ ရှဲလအိမ် သွားမစားဘူးလား'

ဦးလဆာ၏ ဇနီးသည်က သူ့လင်တော်မောင်၏ နောက်ကျောကို ကြည့်၍ မေးလိုက်သည်။

'အမယ်လေး မိန်းမရယ်၊ တောင်ယာ မီးရှို့တဲ့ အချိန်ကစပြီး မြေကျင်းထဲ တစ်နေ့လုံး အောင်းနေရတဲ့အထဲ သူများအိမ် လည်ပြီး ထမင်းသွားစားနိုင်ဦးမှာလားကွ'

'ဒီကိစ္စ ကျွန်မတော့ ရှဲလကို မသင်္ကာဘူး တော်ရေ့'

ဦးလဆာသည် သူ့ဇနီးသည် အထင်မှားနေသည် ထင်၍ ခပ်ဆတ်ဆတ် ပြန်ပြောလိုက်သည်။

'ဒီမှာ တစ်ရွာထဲနေ တစ်ရေထဲသောက်တဲ့ လူအချင်းချင်းတွေကို ခုလို ယုံထင်ကြောင်ထင် မထင်အပ်ဘူး မိန်းမရဲ့'

'တော်ကသာ အဲဒီစိတ်မျိုး မွေးနေ။ တကယ်ဆိုရင် ကိုယ့်ရပ်ကိုယ့်ရွာက လူကြီးတစ်ယောက် မီးပိုင်းခံရတယ် ဆိုရင် ဘာပြုလို့ ခုလို ဝက်သတ် ဘာသတ်နဲ့ ပျော်ပွဲဆင်နေကြရမှာလဲ'

ဇနီးသည်က စောဒကတက်လာသဖြင့် ဦးလဆာက စိတ်မရှည်နိုင်တော့ဘဲ အော်၍ ပြောလိုက်လေသည်။

'ဟဲ့ ဒါက သူတို့ တောင်ယာခင်း မီးရှို့ပြီးရင် စားကြသောက်ကြမယ်လို့ ကြိုတင်ပြင်ဆင်ထားတာ ဖြစ်မှာပေါ့ကွ။ မင်းကလဲ လျှာရှည်လိုက်တာ လွန်ရော။ ကိုင်း ငါ ရေသွားချိုးမယ်၊ ထမင်းပြင်ပော့'

ဦးလဆာသည် အိမ်သို့မဝင်သေးဘဲ မြစ်ဆိပ်ကမ်းဆီသို့ ရေချိုးရန် ဆင်းသွားသည်။ သူ့ဇနီးသည်ကမူ ဦးလဆာ၏ တွေးခေါ်ယူဆချက်အပေါ် မကျေမချမ်းနှင့် အိမ်ပေါ်သို့တက်လာပြီး ထမင်းပွဲ ပြင်နေလေသည်။

ရှဲလနှင့် သူ၏ အပေါင်းပါများကမူ ဦးလဆာကို လုပ်ကြံရာ၌ မအောင်မြင်သဖြင့် အတော်ပင် တုန်လှုပ်ချောက်ချားနေကြသည်။ ပြီးတော့လည်း ထိုနေ့ည ရှဲလ၏အိမ် စားသောက်ပွဲသို့ ဦးလဆာတစ်ယောက် လာရောက်ခြင်း မရှိသဖြင့် သူတို့ကြံစည်ချက် ဦးလဆာ သိသွားလေပြီလား ဟု တွေးမိကာ ပို၍ ထိတ်လန့်နေကြလေသည်။

"ဦးလဆာသာ ငါ့အကြံအစည် အကြောင်းစုံ သိရင်တော့ ငါ့ခေါင်း ပြတ်ရချည်ရဲ့"

ရှဲလသည် သည်အတွေးကိုတွေးမိရင်း ထမင်းစားပင် မဖြောင့်တော့။ သူ အင်မတန်မက်မောလှသော ဝက်သားတုံးကိုပင် တစ်တုံးမျှသာကိုက်၍ ပိုင်းမှထ လာပြီး ခေါင်းရည်ကိုသာ တွင်တွင်ကြီးစုပ်ကာ အကြံထုတ်နေလေသည်။

ရှဲလ၏ အပေါင်းအသင်းများကမူ သူတို့ချက်ထားသော ဝက်သားဟင်းကို ခေါင်းမဖော်တမ်း စားနေကြသည်။

ဦးလဆာ သူ့အိမ်သို့ မလာသဖြင့် ရှဲလက ဟင်းတစ်ခွက်ထည့်ကာ ဦးလဆာ၏အိမ်သို့ လိုက်သွားသည်။ စင်စစ်တော့လည်း ဦးလဆာ သူ့အပေါ် မည်သို့ သံသယရှိကြောင်းကို သိလို၍ ဖြစ်သည်။

မြစ်ဆိပ်တွင် ရေချိုးပြီးပြန်လာ၍ ဇနီးသည် ပြင်ပေးသော ထမင်းဝိုင်းတွင် အားပါးတရစားနေသော ဦးလဆာသည် အိမ်ပေါ်သို့ ဟင်းခွက်ကိုင်ကာ တက်လာသော ရှဲလကို လှမ်း၍ခေါ်လိုက်သည်။

'လာဟေ့ ရှုလ၊ မင်းတို့ အိမ်တော့ မလာနိုင်တော့ဘူးကွာ။ တစ်နေ့လုံး ဆိုသလိုပဲဟေ့၊ ကျင်းထဲအောင်းပြီး မီးအပူရှိန် လွတ်အောင်နေရတာ အတော့်ကို ပင်ပန်းသွားပြီကွ။ ဒါကြောင့် မင်းအိမ် မလာတာ'

'အေးဗျာ၊ ဒီကနေ့ အဖြစ်အပျက်ကတော့ ရုတ်တရက် မိုးမခြိမ်းဘဲ မိုးကြိုးပစ်ချလိုက်သလိုပါပဲဗျာ'

'အေးကွ၊ ငါထင်တာ မဟုတ်မှလွဲရော။ ငါ လေ့ခုတ်တုန်းက ငါ့ကို လာလုပ်ကြံတဲ့ကောင်တွေ ခေါင်းဖြတ်ခံရတော့ အခဲမကျေဖြစ်နေပြီး လာကြံစည်ကြတာနဲ့ တူတယ်ကွ။ ဒါပေမဲ့ကွ တို့ရပ်သူရွာသားတွေ ညီညွတ်နေရင်တော့ ဘယ်သူ့မှ ကြောက်စရာ မလိုပါဘူးကွာ။ လဆာဆိုတာ ဘယ်လိုလူစားလို့ သူတို့ သိပြီးသားပါ'

ဦးလဆာသည် စိတ်ထဲရှိသမျှကို ရိုးသားစွာပင် ပြောလိုက်လေသည်။ သူ၏ဇနီးသည်ကမူ ဦးလဆာ၏မျက်နှာကို တစ်လှည့်၊ ရှုလ၏မျက်နှာကို တစ်လှည့်ကြည့်ရင်း သက်ပြင်းကို မသိမသာ ချလိုက်လေသည်။

ရှုလသည် အကြံယုတ်သူပီပီ ဦးလဆာ၏ မျက်နှာကို ကြာရှည် မကြည့်ဝံ့တော့ဘဲ အိမ်ပြန်ရန် ဟန်ပြင်လိုက်သည်။

'ကျွန်တော် ပြန်လိုက်ဦးမယ်'

'အေးကွာ၊ ဒီညတော့ မင်းအိမ် ငါ မလာနိုင်တော့ဘူးဟေ့။ ငါ့ကို စိတ်တော့ မရှိနဲ့ကွာ'

သူ၏အကြံအစည်ကို ရိပ်မိဟန်မရှိကြောင်း သိရှိသွားသော ရှုလသည် ဦးလဆာကို နှုတ်ဆက်ပြီး သူ့အိမ်ဆီသို့ သုတ်ခြေတင်လာသည်။

'တော်နော်… ရှုလကို သတိမလစ်နဲ့၊ ကြားလား။ ကျွန်မတော့ နည်းနည်းမှ မသင်္ကာဘူး'

ဦးလဆာ၏ ဇနီးသည်က ရှုလ ပြန်သွားပြီးသည့်နောက် ဦးလဆာကို တိုးတိုးတိတ်တိတ် သတိပေးလိုက်သည်။

'မင်းတို့မိန်းမတွေဟာ ဒီလိုပဲကွ။ ဘာပဲဖြစ်ဖြစ် ဟိုလူ့ကို ထင်လိုက်ရတာနဲ့၊ ဒီလူ့ကို ထင်လိုက်ရတာနဲ့။ မကောင်းပါဘူးကွာ'

ဦးလဆာ ဤသို့ ဟန့်တား ပြောဆိုလိုက်ပြန်တော့လည်း သူ့ဇနီး အနေနှင့် နှုတ်မလှန်ရဲသဖြင့် ငြိမ်နေလိုက်ရသည်။

ရှဲလကမှ သူ့အိမ် ပြန်ရောက်သည်နှင့် တစ်ပြိုင်နက် မည်သူ့ကိုမျှ စကားမပြောနိုင်တော့ဘဲ သူ့အိမ်ရှေ့ခန်းတွင် ပက်လက်လှန်အိပ်ကာ လူးရင်းလွန့်ရင်းနှင့် စဉ်းစားခန်း ထုတ်နေလေသည်။

'မင်းတို့ ဦးလဆာကလဲ ဒါလောက်တောင် အ သလား ပရှိဝီရယ်'

ဇာတ်ကြောင်းပြန်နေသော ပရှိဝီ၏ စကားများကို နားစိုက်ထောင်နေရာမှ ဖြတ်၍ မေးလိုက်သည်။

'အို… မအပါဘူး မောင်ညီမိရယ်။ အ သာ အ ခဲ့ရင် တောင်ယာမီးဝိုင်းတုန်းက သေရောပေါ့ဟဲ့။ သူ့အသက်လွတ်အောင်တောင် ကြံဖန်လာတဲ့ လူတစ်ယောက်ဟာပဲ မောင်ညီမိ။ သူ့ရဲ့ ဉာဏ်စွမ်းရည်ကို တို့လူမျိုးတွေက လေးစားတယ် ဟဲ့'

'မင်းပြောတာ ပုံပြင်လေးလိုပဲ ပရှိဝီရယ်'

မောင်ညီမိသည် ပရှိဝီ၏ ကျောပြင်ကို သူ့လက်နှင့် ဖက်သိုင်းပြီး ပြောလိုက်သည်။

'ပုံပြင်မဟုတ်ဘူး မောင်ညီမိ၊ ဒါဟာ တို့ လူမျိုးစုတွေရဲ့ တကယ့် အဖြစ်အပျက်'

'ဦးလဆာ မသေပါဘဲနဲ့ မင်းတို့ရွာ ပျက်ရတာ ဘာ့ကြောင့်လဲဟင်' မောင်ညီမိက ပရှိဝီကို အငမ်းမရ မေးလိုက်ပြန်သည်။

'ပြောပါမယ် မောင်ညီမိရယ်၊ နင်နဲ့ငါနဲ့ ဒီနေ့ ဝ အောင်ကို စကားပြောမယ်'

ပရှိဝီက မောင်ညီမိကို စိတ်မရှည်သလို ပြောလိုက်သောအခါ မောင်ညီမိက ငြိမ်သွားသည်။

'ကိုင်း ဆက်ပြောပါ ပရှိဝီရယ်'

'ပြောရင်း ပြောရင်း ငါ့စိတ်ထဲ နာလှတယ် မောင်ညီမိရယ်'

ပရှိဝီသည် သူတို့လူမျိုးစု အဖြစ်အပျက်ကို ဆက်လက်၍ ပြောပြနေပြန်သည်။

## အခန်း ၁၄

ရှဲလသည် သူ့အကြံ မအောင်မြင်ဖြစ်သွားသဖြင့် အတော်လေး တုန်လှုပ်သွားသည်။ ဦးလဆာ သူ့ကို မည်သို့သံသယရှိသနည်း ဟူ၍လည်း ဦးလဆာ၏ အရိပ်အကဲကို စူးစမ်းကြည့်သည်။ သို့သော် ဦးလဆာကမူ သူ့အပေါ် မည်သို့မျှ သံသယရှိသည့် အရိပ်အခြည်ကို မပြလေချေ။

သို့နှင့် မီးရှို့ထားသော တောင်ယာဟောင်းများ ရှင်းလင်းပြီး တောင်ယာသစ် စူးထိုးရန်အချိန် နီးကပ်လာပြီ ဖြစ်သည်။

တောင်ယာစူးထိုးပွဲ ဆိုရာ၌ ရွာလုံးကျွတ် ခုတ်ထွင်ထားသော တောင်ယာခင်းများ၌ ရွာလုံးကျွတ် အိမ်ရှိလူကုန် လက်စားယူသည့် သဘောဖြင့် ဝိုင်းဝန်းကူညီကြသော အလေ့ဖြစ်သည်။

ဦးလဆာသည် သေဘေးနှင့် ရင်ဆိုင်ခဲ့ရသည် တိုင်အောင် သူ့ ရပ်ရွာကိစ္စကို မမေ့မလျော့နိုင်လေချေ။

သူ့ရပ်သူရွာသားများ တောင်ယာစပါး စူးထိုးရေးအတွက် သူ့အိမ်တွင် ခေါ်ယူဆွေးနွေးလေသည်။

'ကိုင်းဟေ့၊ တို့ ဘယ်သူ့တောင်ယာက စ စိုက်ကြမလဲ။ ဘယ်နေ့ စ စိုက်ကြမလဲဟေ့'

ဦးလဆာသည် သူ့အိမ်သို့ စုဝေးလာကြသော သူများကို မေးလိုက်သည်။

'သန်ဘက်ခါလောက် စ လုပ်ကြတာပေါ့ဗျာ'

ရှာသားများ မဖြေကြားခင် ဦးလဆာ၏အမေးကို ရှဲလက ဖြေလိုက်ပြီး သူ၏ ဒုတိယမွိ အကြံအစည် အောင်မြင်ရေးကို အစဖော်လိုက်သည်။

'အေးလေ၊ မင်းတို့ရှာသားတွေရဲ့ သဘောပေါ့ကွာ။ ခုဆို မိုးဦး လေဦး ကလဲ လာပြီ မဟုတ်လားကွ။ တို့စိုက်ခင်း ပျိုးခင်း နောက်ကျရင်လဲ မကောင်းဘူး။ ပြီးတော့ တို့က တောင်ယာတစ်ခုတည်းလဲ မဟုတ်ဘူး။ လယ်ဆင်းဖို့လဲ လုပ်ကြရဦးမယ်လေ'

တောင်ယာနှင့် လယ်လုပ်ငန်းကိုသာ စိတ်စောနေသော ဦးလဆာက ရိုးသားစွာပင် ပြောလိုက်သည်။

'ဒါဖြင့် မနက်ဖြန်ခါကို ကျွန်တော်တို့ တောင်ယာနတ်ရော လယ်နတ်ပါ တစ်ခါတည်းတင်နိုင်အောင် ကွန်ဝိုင်းဆင်းဦးမှ ထင်တယ် ဦးလဆာ'

'အေး··· ဟုတ်သားပဲ ဟ'

ရှဲလ၏ အကြံပေးချက်ကို ဦးလဆာက ထောက်ခံလိုက်သည်။ ဤကဲ့သို့ ထောက်ခံလိုက်ခြင်းမှာလည်း ဦးလဆာတို့၏ လူမျိုးစရိုက်အရ ဖြစ်သည်။ တောင်ယာခုတ်တော့မည် ဆိုလျှင်လည်း တောစောင့်နတ် တောင်စောင့်နတ်တို့ကို ပသပြီးမှ တောင်ယာခုတ်ကြရသည်။

တစ်ဖန် တောင်ယာခင်း စူးထိုးစိုက်ပျိုးတော့မည် ဆိုလျှင်လည်း တောင်ယာစောင့်နတ်၊ သီးနှံကိုစောင့်ရှောက်သော နတ်များအား ပူဇော်ပသပြီးမှ စိုက်ပျိုးကြသည်။ သို့မှသာလည်း သီးနှံကောင်းမွန်သည် ဟူသော အယူအဆကြီးက သူတို့လူမျိုးစုကို လွှမ်းမိုးထားသည်။

တောင်ယာနတ် ပူဇော်ပသရာ၌ ကြက်၊ ဝက်နှင့် မပသရဘဲ ငါးကင်များဖြင့်သာ ပ သ ကြရသည်။

'ကိုင်းဟေ့၊ ဒါဖြင့် နက်ဖြန်ကျရင် တို့များ ကွန်ဝိုင်းဆင်းကြရအောင်'

ဦးလဆာသည် ရှာသားများကို အစီအစဉ် ပြောပြလိုက်ရာ ရှာသားအားလုံးကလည်း မငြင်းမဆန် သဘောတူသွားကြသည်။ ကွန်ဝိုင်း ဆင်းသည်ဆိုသည်မှာ စုပေါင်း၍ နီးကပ်စွာ ကွန်ပစ်ကြခြင်း ဖြစ်သည်။ ထိုကဲ့သို့ ကွန်ဝိုင်းသမားများ ကွန်ဆယ်လက်၊ ဆယ့်ငါးလက်ဝိုင်းပြီး တစ်ချိန်တည်း ပစ်လိုက်လျှင် ထိုနေရာ၌ နေသောငါးများ ပြေးပေါက်မရှိတော့ဘဲ ဟိုကွန်နှင့် မတိုးမိဘဲ လွတ်လာစေဦး၊ ကျန်ကွန်တစ်ခုခုနှင့် တိုးမိလေသည်။

'ပြန်ဦးမယ်ဗျို့ ဦးလဆာ'

ဆွေးနွေးပွဲဝိုင်းထဲမှ ရှဲလသည် ဦးလဆာကို ဦးဆုံးနှုတ်ဆက်ကာ သူ့အိမ်သို့ပြန်လာပြီး သူတိတ်တခိုး လီပူနွယ်ကြိုးဖြင့် ကွန်ထိုးခိုင်းထားသူများကို ခေါ်၍ လျှို့ဝှက်စွာ ဆွေးနွေးသည်။

သူ၏ နောက်လိုက်များကလည်း ရှဲလ အကြံဉာဏ်ပေးသည့်အတိုင်း ခေါင်းတညိတ်ညိတ်နှင့် နာခံကာ ခဲသီးမတပ်ရသေးသော သူများကလည်း ညတွင်းချင်း ခဲသီးတပ်ဆွဲကြသည်။

နောက်တစ်နေ့တွင် နန့်မောင်ခန်းချောင်းထဲမှာ လှေဆယ်စင်းကို ကွန်ဝိုင်းတစ်ဝိုင်းအဖြစ် အုပ်စုဖွဲ့ကာ ကွန်ပစ်ဆင်းကြရာ၊ ရှဲလတို့သည် ဦးလဆာနှင့် တစ်ဝိုင်းဖွဲ့ကာ ကွန်ပစ်ကြသည်။

ရိုးသားလှသော ဦးလဆာကမူ ရှဲလ၏ အကြံအစည်ကို မရိပ်မိလေသေးသဖြင့် ငါးရရှိရေးအတွက်သာ တအားခဲ၍ ကွန်ကိုပစ်နေသည်။

ရှဲလသည် နန့်မောင်ခန်းချောင်းထဲတွင် အနက်ဆုံးဖြစ်သော နေရာသို့ အရောက် ဦးလဆာကို မျှားရင်း ခေါ်သွားသည်။

အနက်ဆုံးတစ်ဝိုက်တွင် ငါးကြီးများ စုရုံးနေကြသည်ဟူသော အသိဖြင့် ဦးလဆာက သတိမမူဘဲ ရှဲလ၏ ခေါ်ဆောင်ရာသို့ လိုက်ပါသွားပြီး ကွန်ဝိုင်းတစ်ဝိုင်း ချလိုက်သည်။

အခြားသော ကွန်သမားများ၏ ကွန်ကမူ ကွန်ကို ဆွဲ မ တင်၍ ရသော်လည်း ရှဲလ၏ကွန်သည် ဆွဲ၍မရသော အခြေသို့ ရောက်နေသည်။

'ဟေ့ကောင်တွေ ငုပ်ကြစမ်းပါကွ၊ ငါ့ကွန် ငြိနေပြီ'

ရှဲလ၏ အော်သံကြောင့် ရှဲလ၏ ဘက်တော်သားများသည် တစ်ယောက်တစ်လှည့်စီ ရေထဲငုပ်ကြသည်။ သို့သော် တစ်ဦးတစ်ယောက်မျှ ကွန်ခြေရောက်အောင် မငုပ်ကြလေချေ။

'မင်းတို့ကလဲကွာ ရေငုပ်တာတောင် ဒါလောက်ဖျင်းကြရသလားကွ။ ရေငုပ်တယ်ဆိုတာ ဟောသလို ငုပ်ရတယ်'

ဦးလဆာသည် ပြောပြောဆိုဆိုနှင့် လှေဦးမှနေ၍ ရေထဲခုန်ချကာ ငုပ်လိုက်သည်။

ဦးလဆာ ရေထဲငုပ်သွားသည်နှင့် တစ်ပြိုင်နက် ရှဲလတို့လူစုသည်

သူတို့ ဝှက်ယူထားသော လီပူနွယ် ကွန်များကို ပစ်ရန် အသင့်ပြင်ထား လိုက်သည်။

'ရှီးမှပဲ၊ မင့်ကွန် ဘာနဲ့မှ မငြိဘူးကွ'

ရေထဲတွင် လေးမိနစ်ကြာမျှ ငုပ်လျှိုးသွားသော ဦးလဆာသည် ရေပြင်ပေါ်သို့ ပြန်ပေါ်လာရင်း ပြောလိုက်စဉ် ရှဲလတို့လူစုက လီပူနွယ်ဖြင့် ရက်ထားသော ကွန်နှင့် ရှေ့ဆင့်နောက်ဆင့် ဦးလဆာ၏ ခေါင်းပေါ်သို့ အုပ်ချလိုက်သည်။

ကွန်ကိုးထပ် အုပ်မိသွားသော ဦးလဆာသည် ရေထဲသို့ တဖြည်းဖြည်း နစ်မြုပ်သွားလေသည်။

ဦးလဆာ နစ်မြုပ်သွားသော နေရာတွင် မကြာခင် ပလုံစီ ထ လာလေ သည်။

'ဒါလောက်ဆို သေနိုင်ပါပြီကွာ'

ရှဲလသည် သူ့လူများကို အားရဝမ်းသာသော မျက်နှာနှင့် ပြောလိုက် လေသည်။

ရှဲလတို့လူစုသည် သူတို့၏ ကွန်ကြိုးကိုလွှတ်ပြီး လှေကိုခွဲရန် ဟန်ပြင် လိုက်စဉ် မမျှော်လင့်ဘဲ ဦးလဆာ ရေပေါ်တွင် ဘွားခနဲ ပေါ်လာသည်။

ဦးလဆာ၏ ခေါင်းပေါ်တွင် အုပ်လိုက်သော ကွန်ကိုးထပ်အနက် ကွန် ရှစ်ထပ်မှာ ဦးလဆာ ဖြဲထွက်လာနိုင်သည်။ သူ၏ခေါင်းပေါ်တွင်မူ ကွန်တစ်ထပ် အုပ်လျက် ရေပေါ်သို့ ပေါ်လာသည်။

'ဟေ့ ရှဲလ၊ မင်းတို့တစ်သိုက်က ငါ့ကို သိပ်ပြီး သေစေချင်တယ် မဟုတ်လား။ ငါ့မိန်းမက ရှဲလဟာ မရိုးသားဘူးထင်တယ်လို့ ပြောတာတောင် မင့်အပေါ် ငါ ယုံတုန်းကွ။ လက်စသတ်တော့ တောင်ယာမီးဝိုင်းပြီး ငါ့ကို သေကြောင်းကြံစည်တာလဲ မင်းလက်ချက်ပဲ၊ ငါလှေခုတ်တုန်းက လှံနဲ့ဝိုင်းထိုးခံ ရတာလဲ မင်းပယောဂ မကင်းဘူးဆိုတာ ခု ကွန်ဝိုင်းမှာ ဘွားဘွားကြီး ပေါ်ပြီ'

ဦးလဆာ၏ စကားသံကို ကြားလိုက်ကြရသော ရှဲလ၏ အပေါင်း အဖော် ကွန်ဝိုင်းသမားများက ကြက်သေ သေနေကြသည်။

'ဒီလီပူနွယ်ကြိုးကွန်ကို မင်းတို့ တမင်ကြံတင်ပြီး ငါ့သတ်ဖို့ရာအတွက် လုပ်ထားကြတယ် မဟုတ်လား ဟင်'

ရေထဲတွင် ခေါင်းတစ်လုံးပေါ်မျှ အားယူနေရသော ဦးလဆာက ရှဲလကို စေ့စေ့ကြည့်ပြီး မေးလိုက်သည်။ ရှဲလကမူ ဦးလဆာကို ဘာမျှ မပြောနိုင်ဘဲ ကြောက်စိတ်မွှန်၍ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေသည်။

'မင်းတို့ ငါ့ကို လီပူနွယ်ကွန်နဲ့ ကိုးထပ် အုပ်တယ် ဟုတ်လား။ မင်းတို့ ကွန်ရှစ်ထပ်ကို ငါ ဆွဲဖြဲလာတယ်။ ခု ငါ့ခေါင်းပေါ် ကွန်တစ်ထပ်ပဲ ကျန်တယ်။ အဲဒီတစ်ထပ်လဲ ငါဆွဲဖြဲနိုင်သေးတယ်ကွ ရှဲလရ။ ငါ ဒီရွာသားတွေကို ဦးဆောင်ပြီး ကောင်းရာကောင်းကြောင်း လုပ်လာတာ ငါ နာမည်လိုချင်လို့လဲ မဟုတ်ဘူး။ ငါ ချမ်းသာချင်လို့လဲ မဟုတ်ဘူး။ တို့ ဟိမဝန္တာက ရွာပျက်လာတော့ တို့ရွာအုပ်စုတစ်ခုလုံးကို ဦးဆောင်လာတာ တို့လူမျိုးတွေအတွက် ဟေ့။ မင်းတို့က ဒါလောက် အကြံယုတ်ပြီး ငါ့ကို သေကြောင်း အကြိမ်ကြိမ် ကြံကြရင် မင်းတို့ ကြံစည်နေရတာ ပင်ပန်းလှပါတယ်ကွာ။ မင်းတို့ကို ငါ မှာထားမယ်ကွာ။ ငါသေပြီးတဲ့နောက် မင်းတို့ ဒီရွာမှာ မနေကြနဲ့၊ ကြားလား။ မကြာခင် တောင်ပေါ်နာဂတွေ မင်းတို့ခေါင်း လာဖြတ်ကြတော့မယ် ဆိုတာ နားလည်ထားဟေ့'

ဦးလဆာသည် ပြောရင်းပြောရင်း မောလာသည်။ သူ့ခေါင်းတွင် အုပ်လျက်ရှိသေးသော ကွန်ကို အားယူထိန်းကာ ရေထဲတွင် ခြေယက်၍ ပြောနေရသဖြင့်လည်း သူ့ကိုယ်သူ သိပ်မဟန်နိုင်တော့လေချေ။

'သူများသတ်လို့ သေရတယ်ဆိုတာ ရှက်စရာကောင်းတယ်ကွ။ အေး၊ မင်းတို့ ရပ်သူရွာသားတွေက ငါ့ကို သေစေချင်ကြပြီဆိုရင်တော့ ငါ သေပြပါမယ်ကွာ။ မင်းတို့ ဒီအထိ အပင်ပန်းခံပြီး လုပ်ကြံကြစရာ မလိုပါဘူး။ အေး၊ မင်းတို့ တစ်ခုတော့ မှတ်ထား။ တို့များ ဟိမဝန္တာတောင်စွယ်က ငါးအုပ်စု ခွဲပြီး ထွက်လာကြတဲ့ အုပ်စုထဲမှာ ငါ ခေါင်းဆောင်ခဲ့တဲ့ အုပ်စုလောက် ဘယ်အုပ်စုမှ ဖွံ့ဖွံ့ဖြိုးဖြိုး မရှိခဲ့ဘူးဟေ့။ ကိုင်းကွာ ပြောနေတာ ကြာတယ်၊ မင်းတို့ရှေ့ပဲ ငါ သေပြလိုက်ပါမယ်'

ဦးလဆာသည် သူ့စကား ဆုံးသည်နှင့် တစ်ပြိုင်နက် ရေထဲသို့ ပြန်ငုပ်သွားပြီး တွေ့ရာကျောက်စွယ်တစ်ခုကို အတင်းဆုပ်ကိုင်ကာ သူ့အသက်အောင့်နေလိုက်သည်။

ကျန် ကွန်တစ်ထပ်ကိုဖြဲဆုတ်ပြီး ဦးလဆာ ရေပေါ်သို့ ပေါ်လာလေ

မည်လား ဟူ၍ ရှဲလတို့လူစုက လှေပေါ်တွင် ပါလာသော တုတ်တို၊ မှိန်းတို့ဖြင့် စောင့်နေကြသည်။

တစ်နာရီကြာသည့်တိုင် ဦးလဆာ ပေါ်မလာတော့သဖြင့် ရှဲလက လှေပေါ်မှ ဆင်း၍ ရေထဲ ငုပ်သွားသည်။

ဦးလဆာသည် ရေထဲတွင် အသက် ပျောက်နေပြီတည်း။ ရေထဲသေသူများသည် ဖမ်းမိဖမ်းရာ၊ ဆွဲမိဆွဲရာကို ဆွဲထားတတ်ကြရကား ဦးလဆာသည်လည်း ကျောက်စွယ်ကို မြဲမြဲဖက်၍ သေနေလေတော့သည်။

ရှဲလသည် ရေပေါ် ပြန်တက်လာပြီးနောက် သူ့လူများကို အားပါး တရနှင့် ပြောလိုက်သည်။

'တကယ် သေသွားပြီကွ'

'ဟော့··· တို့ ရွာကျရင် ဘယ်လို ပြောမလဲကွ'

တစ်ယောက်သော ကွန်သမားက စိုးရိမ်မကင်းသော လေသံနှင့် မေးလိုက်သည်။

'အိုကွာ၊ သူ့ဘာသာသူ ရေနစ်သေတယ်လို့ ပြောလိုက်ရုံပေါ့'

ရှဲလသည် ပေါ့ပေါ့တွေးကာ သူ့ကို ဆုလာဘ်လာရောက်ပေးကြမည့် တောင်ပေါ်နာဂလူကြီး ခါဆမန်၏ မျက်နှာကိုသာ တရေးရေး မြင်ယောင်နေလေသည်။

ရွာသို့ ပြန်ရောက်လာသော အခါတွင် ဦးလဆာ ရေနစ်သေဆုံးသော သတင်း ချက်ချင်းပင် ပျံ့နှံ့သွားသည်။

ဦးလဆာ၏ ဇနီးသည်က ထိုသတင်းကို ကြားသည်နှင့် တစ်ပြိုင်နက် သူ၏ ဆွေသားမျိုးသားများကို စေလွှတ်ကာ ဦးလဆာ ရေနစ်သေသည် ဆိုသော အိုင်ထဲသို့ ဆင်းကြည့်ခိုင်းသည်။

ရေငုပ် ဆင်းကြည့်ကြသူများသည် ပြဲနေသော ကွန်ရှစ်ထည်နှင့် ဦးလဆာအလောင်းကို ဖုံးအုပ်ထားသော ကွန်တစ်ထည်ကိုပါ တွေ့ရှိခဲ့ကြသဖြင့် အဖြစ်မှန်အတိုင်း ပြန်လည်ပြောပြကြသည်။

'ကိုင်း တို့ ဒီရွာမှာ မနေတော့ဘူးဟေ့'

ဦးလဆာ၏ဇနီးသည်က စိတ်ထက်သူပီပီ ချက်ချင်းပင် ဆုံးဖြတ်ချက် ချလိုက်သည်။

'ကိုင်း ငါနဲ့ လိုက်မယ့်သူတွေ ဘယ်သူတွေလဲဟေ့၊ မြန်မြန် ပြောကြစမ်း။ ကနေ့ နက်ဖြန်ပဲ တို့ ရွာပြောင်းမယ်။ ငါ့လင် ဦးစီးတည်ထောင်ထားတဲ့ ရွာတော့ ရှဲလပဲ ကြီးစိုးနေရစ်ပလေစေ'

ဦးလဆာ၏ဇနီးသည်က ညတွင်းချင်းပင် သူ၏ပစ္စည်းပစ္စယများကို သိမ်းဆည်းပြီး သူ့ဆွေမျိုးသားများနှင့် ရွာပြောင်းရန် အစီအစဉ်ကို ဆွေးနွေးလျက် နောက်တစ်နေ့ နံနက်စောစောတွင် နန့်မောင်ခန်း ရွာလေးကို စွန့်ခွာသွားတော့သည်။

'အဲဒီတုန်းက အိမ်ခြေဘယ်လောက် ပါလာသလဲဟင်'

ပရှီဝီ ပြောသမျှကို ငြိမ်၍ နားထောင်နေသော မောင်ညိမ်က ကြားဖြတ်၍ မေးလိုက်သည်။

'အိမ်ခြေငါးဆယ်လောက် ပါလာတာပေါ့။ ကျန်တဲ့လူတွေက ရှဲလနဲ့ နေရစ်ကြတယ်လေ'

ပရှီဝီသည် မောင်ညိမ်၏ ကြားဖြတ်အမေးကို လေသံအေးနှင့် ဖြေလိုက်သည်။

'နန့်မောင်ခန်းရွာကနေပြီး နင်တို့ ဘယ်နေရာပြောင်းနေကြသလဲ'

'ပြောပါ့မယ် မောင်ညိမ်ရယ်၊ နင်ကလဲ သိချင်လိုက်တာ လွန်နေတာပဲ'

ပရှီဝီသည် အမေးအမြန်း ထူလှသော မောင်ညိမ်ကို မျက်စောင်းချိတ်ကာ ပြောလိုက်သည်။

'သိချင်တာပေါ့ ပရှီဝီရယ်၊ သိပ်သိချင်တာပေါ့'

မောင်ညိမ်က သည်ကဲ့သို့ ပြောလိုက်တော့လည်း ပရှီဝီမှာ သက်ပြင်းလေး မသိမသာချကာ ဆက်၍ပြောပြန်သည်။

'မင်းတို့ရွာရဲ့ တဖက်ကမ်းမှာရှိတဲ့ စကုစွယ်ဆိုတဲ့ရွာမှာ လာနေကြတယ်လေ။ အဲဒီအချိန်တုန်းက ငါ့မှာ နီတာရဲလေးပဲ ရှိသေးတယ်။ ဒီနောက်တော့ စကုစွယ်ရွာမှာ တောင်ယာပဲခင်း ခုတ်ဖို့ နေရာအကွက်အကွင်း ကျဉ်းတာနဲ့ မောင်းခန်းရွာနဲ့ ပတောင်ရွာကြားမှာ တစ်ခါ ပြောင်းနေကြပြန်တယ်။ အဲဒါလဲ မောင်းခန်းသူကြီးရဲ့ သဘောတူညီချက်နဲ့ပေါ့လေ။ ဒါပေမဲ့ ကြာလာတော့လဲ မင်းတို့ ရှမ်းတွေရဲ့ လက်ဖက်ခြံထဲ တို့တောင်ယာ ရှို့မီးတွေက ဝင်ကူးပြီး

လက်ဖက်ပင်တွေ မီးလောင်တယ်ဆိုတဲ့ ကိစ္စတွေ ပေါ်လာပြန်တော့ တို့များ မင်းတို့ရွာဘက်ကို ပြောင်းလာရပြန်ရော'

ပရှီဝီသည် သူတို့လူမျိုးစု၏ ဖြစ်အင်ကို ပြန်လည်ပြောပြရင်း မျက်ရည်များ ဝိုင်းလာသည်။

'ဒါဖြင့် ဒီရွာကို ရဲလတို့ ကြီးစိုးကျန်ရစ်တာပေါ့'

'ဘယ်ဟုတ်မလဲ မောင်ညီမ်ရယ်၊ တို့များ ပြောင်းပြီး ဆယ်ရက် မကြာခင်ပဲ တောင်ပေါ်နာဂတွေက တို့များရွာကို ဝင်တိုက်တော့တာပေါ့။ ကျန်ရစ်တဲ့ လူတွေအားလုံး ခေါင်းဖြတ်ခံရပြီး ရွာလဲ မီးရှို့ခံရတယ်။ ကျွဲ၊ နွား၊ ဝက်၊ ကြက် တိရစ္ဆာန်တွေလဲ တောင်ပေါ်နာဂတွေ အားလုံး သိမ်းသွားတယ်လေ။ ရွာလုံးကျွတ် မျိုးပြုတ်ပဲ။ ဒါကြောင့် တို့အဘိုးဦးလဆာ တည်ထောင်လာခဲ့တဲ့ နန့်မောင်ခန်းရွာလေးဟာ ရွာပျက်ကြီး ဖြစ်သွားရတာပေါ့ မောင်ညီမ်ရယ်'

'ခု နင်တို့တစ်တွေ တောင်ပေါ် ပြန်ကြမယ်ဆိုတာ ဘာကြောင့်လဲဟင်'

မောင်ညီမ်သည် ပရှီဝီ ဆက်လာမည့် စကားကို မစောင့်ဘဲ မေးလိုက်ပြန်သည်။

'ဘာပြုရမှာလဲ မောင်ညီမ်ရယ်၊ တို့များ ဟိမဝန္တာတောင်စွယ်ရွာက အကွဲကွဲအပြားပြား ဖြစ်ခဲ့ကြတဲ့ တို့ရဲ့ ဆွေမျိုးသားချင်းတွေနဲ့အတူ စုပေါင်းပြီး ရွာတည်ကြမှာပေါ့။ ဒါကြောင့်မို့ တို့ ပြန်တာပေါ့ဟယ်'

'ဟင်း…'

မောင်ညီမ်သည် ပရှီဝီ၏ စကားအဆုံးတွင် သက်ပြင်းတစ်လုံး ချလိုက်သည်။

'ဘာပြုလို့ ဒါလောက်တောင် သက်ပြင်းချရတာလဲ မောင်ညီမ်ရယ်'

'နင်တို့အဖြစ်အပျက်က စိတ်အိုက်စရာ ကောင်းလွန်းလို့ပါကွာ'

မောင်ညီမ်သည် ပရှီဝီ၏လည်တိုင်ကို တအားဖက်လိုက်ပြီး ပြောလိုက်လေသည်။

'မောင်ညီမ်…'

ပရှီဝီသည် သူ့လည်တိုင်ကို သိုင်းဖက်ထားသော သူ့ချစ်သူကို အသံတိမ်တိမ်နှင့် ခေါ်လိုက်သည်။

'ဘာလဲ ပရှီဝီရယ်၊ နင် ပြောစရာရှိရင် ပြောစမ်းပါ'

'ငါလေ ဒီတစ်သက်မှာ မင်းနဲ့မှ အိမ်ထောင်ပြုဖို့ အကြောင်းဖန်

မလာရင်တော့ ငါ အိမ်ထောင်မပြုတော့ဘူး။ အဲဒါ ဘာပြုလို့လဲ သိလားဟင်၊ သိရဲ့လား'

ပရှိဝီသည် လည်ချောင်းမှ အကြောစိမ်းများ ထောင်ထလာသည်အထိ ဒေါနှင့်မာန်နှင့် မေးလိုက်သည်။

'ငါ ဘာပြောရမှာလဲ ပရှိဝီရယ်'

'ကျွန်မက ရှင့်ကို သေလောက်အောင် ချစ်တယ်တော်ရေ့၊ ဒါကြောင့် ရှင့်အချစ်ကလွဲပြီး ဘယ်သူ့အချစ်ကိုမှ ကျွန်မ မယုံဘူး။ ဘယ်သူ့အချစ်ကိုမှ လက်မခံချင်ဘူး။ ကိုင်း ရှင်းပြီလား''

ပရှိဝီသည် သူ့လည်တိုင်ကို ဖက်ထားသည့် မောင်ညိမ်၏ လက်ကို ဆွဲဖြုတ်ကာ သူ့လက်များဖြင့် မောင်ညိမ်၏ လက်ကို ဖျစ်ညှစ်ရင်း ပြောလိုက်သည်။

'ပရှိဝီ'

မောင်ညိမ်က တစ်ဆို့ဆို့သံကြီးနှင့် ပရှိဝီကို ခေါ်လိုက်သည်။

'မောင်ညိမ်'

ပရှိဝီ၏ ထူးသံမှာ တိုးလွန်းလှသည်။

'ကိုင်း… မင်းကတောင် ဒါလောက် အသည်းမာနိုင်သေးရင် ငါကလဲ ဘယ်သူနဲ့မှ အိမ်ထောင်မပြုဘူးကွယ်'

'နင် တကယ်ပြောတာလား မောင်ညိမ်ရယ်'

ပရှိဝီသည် မောင်ညိမ်၏ ပခုံးပေါ်သို့ သူ့ပါးပြင်ကို မှီလိုက်ရင်း မေးလိုက်သည်။

'တကယ်ပြောတာပါ ပရှိဝီရယ်'

'မောင်ညိမ်၊ မင်း မိန်းမ ယူတာ မယူတာက အရေးမကြီးပါဘူး။ ငါ နင့်ကို စကားကတိ တစ်ခုတော့ တောင်းချင်တယ်'

ပရှိဝီသည် မောင်ညိမ်၏ပခုံးပေါ်တွင် တင်ထားသော သူ့ပါးပြင်ကို မလှုပ်မယှက်နှင့် မေးလိုက်သည်။

'ဘာကတိလဲ ပရှိဝီရယ်'

မောင်ညိမ်သည် သူ့ချစ်သူ၏ မျက်နှာကို ပျောက်ဆုံးခြင်း ခံရတော့မည့် ကျောက်မျက်ရတနာကဲ့သို့ စေ့စေ့ကြည့်ရင်း ပြောလိုက်သည်။

'ဘာမှမဟုတ်ပါဘူး မောင်ညီမိရယ်။ တို့များလူမျိုးတွေ ထူထောင်ခဲ့ကြတဲ့ နန်းမောင်ခန်းရွာပျက်ကို နင် သွားပြီး ရွာဖြစ်အောင် ပြန်ပြီး ထူထောင်ပါလားဟင်။ ငါလေ နင် သွားထူထောင်တဲ့ နန်းမောင်ခန်းရွာ စည်ပင်လာတဲ့အချိန် ငါ နင့်ရင်ခွင်ထဲလာပြီး သေမှာပါ။ ဒီလို နင်ထူထောင်လို့ တို့ရွာလေးအောင်မြင် စည်ကားသွားတယ်ဆိုရင် အို… ငါ့အဘိုး ဘိုးလဆာရဲ့ ကျေးဇူး ငါ ဆပ်ပြီးသားပဲ'

ပရှိဝီသည် မျက်လုံးအိမ်မှ လိမ့်ကျလာသော မျက်ရည်ပေါက်များကို သူ့လက်ဖမိုးနှင့် သုတ်ရင်း ပြောလိုက်လေသည်။

'ပရှိဝီ'

မောင်ညီမိသည် သူ့ပခုံးပေါ် ပါးတင်ထားသည့် ပရှိဝီကို မတ်မတ်ရပ်စေပြီး ခေါ်လိုက်သည်။

'မောင်ညီမိ၊ ဘာပြောမလို့လဲ ဟင်'

'အေး ငါလေ ဘယ်အမိ အဖကပဲ ပေးစား ပေးစား၊ ငါ ဘယ်မိန်းမမှ မယူဘူးဟေ့။ ပြီးတော့ မင့်အဘိုး ဦးလဆာ တည်ထောင်လာလို့ ပျက်သွားရတဲ့ နန်းမောင်ခန်းရွာကိုလဲ ငါ ပြန်ထူထောင်မယ်ဆိုတာ ဟောဒီ ဖျောက်ဆိပ်ပင်ကြီးကို သက်သေပြုပြီး ငါ ကတိပေးပါတယ်ကွာ'

မောင်ညီမိသည် ပရှိဝီကို တင်းတင်းကျပ်ကျပ် ဆွဲဖက်ရင်း ပြောလိုက်သည်။

'မောင်ညီမိ၊ တို့များ ပြန်ကြပါစို့လားဟယ်'

ပရှိဝီသည် မောင်ညီမိ၏ ရင်ခွင်ထဲ သူ့ခေါင်း ဝှေ့သွင်းလိုက်ရင်း ပြောလိုက်သည်။

'ပြန်ပါ ပရှိဝီရယ်၊ မင်းနဲ့ငါနဲ့ ခုလို တွေ့ဆုံကြတာ ဒီတစ်ခါ နောက်ဆုံးပဲလား ဟင်'

မောင်ညီမိသည် ပရှိဝီ၏ မျက်နှာကို မဝနိုင်၊ မအီနိုင် ကြည့်ကာ မေးမြန်းလိုက်သည်။

'ဒီလို ဘယ်ဟုတ်မလဲ မောင်ညီမိရယ်၊ တို့ နှုတ်ဆက် ကပွဲကြရင် မင်းနဲ့ငါနဲ့တွဲပြီး တဝကြီး တစ်ညလုံး ကကြရအောင်ပါ မောင်ညီမိရယ်… နော်'

မောင်ညီမိသည် ပရှိဝီ၏ကိုယ်လုံးကို ဖက်ထားသော သူ့လက်များကို လွှတ်ကာ ထိုင်ရာမှ ထ လိုက်သည်။

'ကပွဲကြရင် ငါလာရမယ်၊ မင်းနဲ့ တွဲကရမယ် ဟုတ်လား ပရိုဝီ။ နင့်ဆန္ဒအတိုင်း အားလုံးဖြစ်ရပါစေမယ်ကွယ်။ ကိုင်း တို့များ ပြန်ကြပါစို့လား'

ပရိုဝီသည် ထိုင်နေရာမှ မထချင် ထ ချင် ထ လိုက်သည်။

'မင်း အရင်သွားပါလား ပရိုဝီရယ်'

'နင်ကကော မောင်ညိမ်ရယ်၊ ဘာပြုလို့ အရင်မသွားချင်တာတုံး'

ပရိုဝီက သူ့ချစ်သူ မောင်ညိမ်ကို လည်တိုင်လေး မော့ကာ မေးလိုက်သည်။

'ကိုင်း နင် အရင်သွား၊ ငါ အရင်သွား မဖြစ်ရအောင် နင်က လမ်းမကြီး အတိုင်း သွား။ ငါကလဲ ဖြတ်လမ်းကနေ ငါ့လယ်တဲထဲ သွားမယ်။ ကျေနပ်ပြီလား'

'ကောင်းပြီ မောင်ညိမ်ရယ်'

ပရိုဝီသည် မောင်ညိမ်ကို တအားဖက်၍ လွှတ်လိုက်ကာ ရွာသွား လမ်းမဆီသို့ ခေါင်းငိုက်စိုက်နှင့် ထွက်သွားလေသည်။

မောင်ညိမ်ကလည်း ဖျောက်ဆိပ်ပင်အောက်မှ သူ့လယ်တဲကို မှန်းဆ၍ တောဖြတ်လမ်းမှ ထွက်သွားလေတော့သည်။

## အခန်း ၁၅

'ပျော်ပျော် က ပါစို့'

'တို့များ ပျော်ပျော် က ကြပါစို့'

'ညီညီ က ကြပါစို့'

'တို့များ ညီညီ က ကြပါစို့'

'ဝိုင်းကာပတ်ကာ က ကြပါစို့'

'တို့များ ဝိုင်းကာပတ်ကာ က ကြပါစို့'

'ချောင်းကောက်ထဲ လိပ်ပြာပျံသလို က ကြပါစို့'

'တို့များ က ကြပါစို့၊ တို့များ ပျော်ပျော် က ကြပါစို့'

နာဂမယ်လေးတို့၏ ကပွဲဝိုင်းသည် ဖာဖုတ်ရွာလေး၏ ညချမ်းချိန်ခါကို လွှမ်းမိုးနေလေသည်။

'ကကြပါစို့၊ တို့များ က ကြပါစို့'

'လက်ကောက်သံ ချွင်ချွင်မြည်အောင် က ကြပါစို့'

'တို့များ ညီညီ က ကြပါစို့'

'ဝိုင်းကာပတ်ကာ က ကြပါစို့'

'မီးပုံပတ်လည် ဝိုင်းကာ က ကြပါစို့'

ပရိုဝီသည် ကပွဲခေါင်းဆောင်အဖြစ်နှင့် လည်ဆွဲပုတီးကုံးများ လှုပ်ယမ်းသွားရန်နှင့်၊ သူ့ရင်သားဖြူနုနုတို့ လှုပ်ယမ်းသွားအောင်နှင့် ခုန်၍ က လေသည်။

သူ၏လက်ယာဘက်တွင် မောင်ညိမ်ကလည်း မမီမကမ်းနှင့် လိုက်၍ က နေသည်။

နာဂလုပျိုဖြူလေးများသည် မီးပုံကြီးကို ဝိုင်းကာပတ်ကာနှင့် လက်ချင်းတွဲ၍၊ တေးတိုင်၍၊ တေးလိုက်၍ က ခုန် နေကြလေသည်။

တန်ကွန်နာဂ အမျိုးသမီး နှစ်ဆယ်ကျော်ခန့်တို့၏ ကြားထဲတွင် ရှမ်းအမျိုးသား လူပျိုတစ်ယောက်စီ ကြားညှပ် ထည့်သွင်းထားသည်။

'မောင်ညိမ်ရယ်၊ ငါ က သလို က စမ်းပါဟယ်'

ပရှိဝီသည် သူ့ချစ်သူ၏ ကနည်းကဟန် အကွက်မကျမှုကို အကဲခတ်မိသဖြင့် ခပ်တိုးတိုးလေသံနှင့် ပြောလိုက်သည်။

'ဟဲ့ ငါ တစ်ခါမှ မကဖူးတဲ့ဥစ္စာ။ နင်တို့ ကပွဲကလဲ ဒူးညောင်းလိုက်တာဟယ်'

မောင်ညိမ်သည် ပရှိဝီကို လှမ်း၍ ပြောလိုက်သည်။ ဟုတ်လည်းဟုတ်သည်။ နာဂတို့၏ကပွဲသည် တစ်ယောက်နှင့်တစ်ယောက် လက်တွဲထားပြီး ဒူးကိုကွေးလိုက် ညွတ်လိုက်၊ ပြီးလျှင် ညာခြေကို လှမ်းလိုက်၊ ဘယ်ခြေကလိုက် လိုက်နှင့် ကကြရသဖြင့် ကျန်းမာရေး ချို့တဲ့သူများ ဆိုလျှင် ဆယ်မိနစ်ပင် မကနိုင်ကြလေချေ။

နာဂအမျိုးသမီးများမှာမူ ကျန်းမာရေး ပြည့်ဝတောင့်တင်းသူများဖြစ်သဖြင့် ၎င်းတို့၏ကပွဲကို ညခြောက်နာရီမှ နံနက်ခြောက်နာရီ မနားတမ်းက ခုန် နိုင်ကြလေသည်။

'မောင်ညိမ် နင် မောသလားဟယ်။ ငါ ခေါင်ရည်သွားယူလာခဲ့မယ်လေ'

ပရှိဝီသည် မကတတ် ကတတ်နှင့် က နေသော သူ့ချစ်သူကို ကရုဏာလျှမ်းသော အသံတိုးလေးနှင့် မေးလိုက်သည်။

'အေး ကောင်းသားပဲ။ တို့ ခဏ အပြင် ထွက်ကြရအောင်၊ ကျန်တဲ့လူတွေ က တာကို ဘေးနားက ထိုင်ကြည့်ရတာပေါ့'

မောင်ညိမ်ကလည်း ပရှိဝီ၏ အကြံပေးချက်ကို သဘောတူလိုက်သည်။ ပရှိဝီနှင့် မောင်ညိမ်တို့သည် ကပွဲဝိုင်းထဲမှ ထွက်သွားကြရာ ဟာနေသော သူတို့နှစ်ယောက်၏ နေရာကို ကျန်လူများက လက်ဆက်လိုက်ကာ၊ မီးပုံကြီးကို ဝိုင်းကာ လှည့်ပတ်ကာနှင့် တေးသံတညံညံဖြင့် က နေကြလေသည်။

ပရှိဝီသည် သူ့အိမ်ပေါ်သို့ အပြေးတက်သွားပြီး ခေါင်ရည်ဘူးနှင့် အမဲခြောက်ထောင်းကို ဆွဲကာ ဆင်းလာသည်။

'အင့် သောက်စမ်း မောင်ညိမ်၊ ဟောဒါက နင်စားဖို့ အမဲခြောက် ထောင်း'

မောင်ညိမ်သည် ပရှိဝီလက်ထဲမှ ခေါင်ရည်ဘူးကို လှမ်းယူလိုက်ပြီး တစုပ်၊ နှစ်စုပ် စုပ်ကာ စပါးထောင်းဆုံရှည်ကြီးပေါ်သို့ ထိုင်ချလိုက်သည်။

နာဂတို့၏ အိမ်တိုင်းတွင် အိမ်ရှေ့၌ အဖီချထားလေ့ရှိသည်။ ထိုအဖီ အောက်ကိုမူ မောင်းထောင်းရန် အသုံးပြုကြတတ်လေသည်။

'မောင်ညိမ်၊ ရော့လေ အမဲခြောက်ထောင်း၊ ငါ ထောင်းထားတာပါ ဟယ်။ နင် မစားချင်ဘူးလား ဟင်'

'စားပါ့မယ် ပရှိဝီရယ်၊ မင်းတိုက်တဲ့ ခေါင်ရည်လဲ တဝကြီး သောက် ထားမယ်။ မင်းကျွေးတဲ့ အစားအစာလဲ တဝကြီး စားထားမယ်'

မောင်ညိမ်နှင့် ပရှိဝီသည် ကပွဲနှင့် ကိုက်ငါးဆယ်အကွာ မှောင်ရိပ် ခပ်ကျကျနေရာတွင် နှစ်ယောက်သားယှဉ်၍ ထိုင်လိုက်ကြသည်။ သူတို့သည် ကပွဲဝိုင်းကို မျက်နှာမူထားကြသော်လည်း သူတို့နှစ်ဦးစလုံး၏ စက္ခုအာရုံကမူ ကပွဲဆီသို့ မရောက်ကြဘဲ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေကြသည်။

ခေါင်ရည်ကို အားပါးတရ စုပ်ပြီးသော မောင်ညိမ်သည် ပရှိဝီ့လက်ထဲ တွင် ကိုင်ထားသော အမဲခြောက်ထောင်းကို တစ်လုတ်စား၊ တစ်လုတ်စာ နှိုက်၍ စားလိုက်သည်။

'စားလို့ ကောင်းရဲ့လားဟင် မောင်ညိမ်'

ပရှိဝီသည် မောင်ညိမ်ကို စေ့စေ့ကြည့်ကာ မေးလိုက်သည်။

'ကောင်းပါတယ် ပရှိဝီရယ်'

ကပွဲသမားများကမူ မောင်ညိမ်နှင့် ပရှိဝီတို့၏ ဖြစ်နေပုံကို မည်သူမျှ ဂရုမစိုက်ကြ။ သူတို့၏ ကကြိုးကကွက်နှင့် သူတို့၏ တေးဆက်ကိုသာ မမှားအောင် ဂရုစိုက်ကာ က နေကြသည်။

'နင်တို့ ဘယ်တော့ပြောင်းကြမှာလဲ ဟင်'

မောင်ညိမ်သည် ကပွဲမီးပုံမှ အလင်းရောင်ဖြင့် မှုန်တဝါးသာ မြင်နေ ရသော သူ့ချစ်သူ၏ မျက်နှာကို လှမ်းကြည့်ရင်း မေးလိုက်သည်။

'ဒီတစ်ရက် နှစ်ရက်အတွင်းပဲ မောင်ညိမ်'

ပရှိဝီက မောင်ညိမ်၏အမေးကို မဆိုင်းမတွပင် ပြောလိုက်သည်။

'နင်တို့ရွာသစ်ကြီးဆီကို ရောက်သည်အထိ ငါ လိုက်ပို့ချင်တယ် ပရှိဝီရယ်'

မောင်ညိမ်၏စကားကြောင့် ပရှိဝီမှာ မျက်နှာညှိုးသွားလေသည်။

'တို့များ နေမယ့် ရွာထိအောင်တော့ လိုက်မပို့ပါနဲ့ မောင်ညိမ်ရယ်။ မင်း ပင်ပန်းပါတယ်။ ပြီးတော့ တို့လူမျိုးစုတွေရဲ့ ထုံးစံက ရွာသစ်တည်တဲ့အခါ သည့်ပြင်လူမျိုးတွေ တို့ရွာမှာ မရှိရဘူး မောင်ညိမ်'

ပရှိဝီသည် မောင်ညိမ်ကို တစ်ဆို့ဆို့အသံကြီးနှင့် ပြောလိုက်လေသည်။

'အို… မင်းတို့ရွာသစ်ကို ငါက အန္တရာယ်လုပ်ဖို့ လိုက်လာမှာမှ မဟုတ်ဘဲ'

'မင်း အန္တရာယ်လုပ်ဖို့ လိုက်ပို့တာ မဟုတ်ဘူးဆိုတာ ငါသိပါတယ် မောင်ညိမ်။ ဒါပေမဲ့…'

ပရှိဝီသည် သူ့စကားကို အဆုံးမသတ်ဘဲ ရပ်ထားလိုက်သည်။

'ဒါပေမဲ့ ဘာဖြစ်သလဲ ပရှိဝီ၊ မင်းစကား ဆက်စမ်းပါဦး'

'တို့များရဲ့ထုံးစံပဲ မောင်ညိမ်၊ ရွာသစ်တည်မယ့် အခါမှာ ဒို့ပြင် လူမျိုးကွဲတွေ မရှိရဘူး။ ဒါဟာ တို့ရဲ့ ဘိုးစဉ်ဘောင်ဆက်က စောင့်ထိန်းလာကြတဲ့ ဓလေ့ပဲ'

ပရှိဝီပြောလိုက်သော စကားကြောင့် မောင်ညိမ်မှာ တွေသွားလေသည်။ ချစ်သူ တွေသွားသည်ကို မြင်လိုက်ရသော ပရှိဝီသည် မောင်ညိမ်၏ ပါးပြင် နွေးနွေးကို သူ့လက်အေးနှင့် ပွတ်ပေးရင်း ပြောလိုက်သည်။

'နင် လိုက်ပို့ချင်သပဆိုရင် တို့ရွာသားတွေ ရွာပြောင်းတော့ ငါ နောက်ချန်ပြီးမှ လိုက်မယ်။ မောင်ညိမ်က ဖျောက်ဆိပ်ပင်အောက်ရောက်အောင် လိုက်ပို့ပေါ့။ ဟုတ်ဘူးလား'

ချစ်သူ၏ အယုအယနှင့် အကြံပေးချက်ကို ကြားလိုက်ရသည့် မောင်ညိမ်မှာ စိတ်သက်သာရာ ရသွားသည့်အလား ရွှင်ပြုံးလာသည်။

'ကောင်းပြီလေ'

မောင်ညိမ်နှင့် ပရှိဝီသည် ကပွဲ အပြင်ဘက်တွင် တွတ်ထိုး၍ ကောင်းနေဘိ သကဲ့သို့ ပရှိဝီတို့၏ အိမ်ပေါ်တွင်လည်း စကားဝိုင်း ကောင်းနေသည်။

ပရှိဝီ၏ဖခင်ကြီးနှင့် မောင်ညိမ်၏ဖခင် သူကြီးဦးအိုက်မွန်၊ ရပ်ရွာ လူကြီးတို့လည်း ခေါင်ရည်ဝိုင်းနှင့် စကားလက်ဆုံ ကျနေကြသည်။

ဦးအိုက်မွန်သည် ချင်းတွင်းရှမ်းများ ဆင်းသက်လာပုံ၊ နန်ကျောက်ပြည်ကို ကူဗလေခန် တိုက်ခိုက်၍ ပျက်စီးသွားရပုံ၊ ခွန်လို့ဖိုင်း လက်ထက်၌ ရှမ်းတို့၏ အင်ပါယာကြီး စည်ကားခဲ့ပုံ၊ ဝေသာလီနိုင်ငံ၊ ကောသမ္ဗီနိုင်ငံများ ထူထောင်ခဲ့ကြပုံ၊ အဘိရာဇာဟူသော ကုလားခေါင်းဆောင်များ မြန်မာနိုင်ငံမြောက်ဖျားသို့ ဝင်ရောက်လာသောအခါ ရှမ်းလူမျိုးများက ဝါးမျိုလိုက်ပြီး ၄င်းတို့ထံမှ ယဉ်ကျေးမှုများကို ဆက်ခံယူလာပုံတို့ကို တရင်းတနှီး ပြောပြနေလေသည်။

ပရှိဝီ၏ ဖခင်ကလည်း ပရှိဝီ မောင်ညိမ်ကို ပြောပြသကဲ့သို့ သူတို့၏ လူမျိုးစုဖြစ်ပျက်ပုံ ဇာတ်လမ်းစုံကို နောက်ကြောင်းပြန်ပြောပြနေလေသည်။

ပရှိဝီတို့ ရွာတည်နေထိုင်ကြသော ရွာ၏ အလယ်မြေကွက်လပ်တွင် နာဂအမျိုးသမီးများ ကခုန်ပွဲပြုလုပ်ကာ ရှမ်း အမျိုးသား အမျိုးသမီးများကို ဧည့်ခံနေသလို ပရှိဝီ၏ အိမ်ပေါ်တွင်လည်း ရှမ်းတယောဆရာ၊ ရှမ်းပလွေဆရာ၊ ရှမ်းသီချင်း သီကျူးနိုင်သည့် ဝဲလောင်းများလည်း ရှိနေပေသည်။

ဦးအိုက်မွန်တို့စကားဝိုင်း ခဏနားပြီး ခေါင်ရည်သောက်နေကြချိန်တွင် တယောသံ၊ ပလွေသံနှင့် ရှမ်းတေးသံတို့ ပြိုင်တူညံလာသည်။

ချင်းတွင်း ရှမ်းလူမျိုးတို့၏ တယောသည် အုန်းမှုတ်ခွက်ကို ရိုးတံတပ်ထားပြီး အုန်းမှုတ်ခွက်ကို သားရေနှင့် ကျစ်ထားသည်။ ကြိုးကိုမူ ဆံပင်ရှည်ဆယ်ပင်ခန့် တစ်လွန်း လွန်း၍ တပ်ထားသည်။ တယောကြိုးမှာ စုစုပေါင်း နှစ်ပင်သာရှိသည်။ ထိုကြိုးနှစ်ပင်နှင့်ပင်လျှင် လိုအပ်သမျှသော အသံထွက်အောင် ထိုးရသည်။

တယော၏ ဘိုးတံကလည်း လောက်လေးကိုင်းကဲ့သို့ ပြုလုပ်ထားသော ဝါးကိုင်းကို ဆံပင်ရှည် ဆယ်ပင်ကျော်မျှ ပူးထားသည့် ကြိုးနှင့်ပင် တပ်ဆင်ထားသည်။

သို့သော် ထိုဆံပင်ရှည်များကို တယောကြိုးကိုရော၊ ဘိုးတံကြိုးကိုပါ မလွန်းရချေ။ တယောနှင့်သော်လည်းကောင်း၊ ဘိုးတံနှင့်သော်လည်းကောင်း တပ်ဆင်မည့်ဆံပင်များကို ထိပ်နှစ်ဖက်တွင် ချည်ကြိုးလေးများနှင့် တွဲကာ တပ်ဆင်ရသည်။

တယောဆရာသည် တယောထိုးတော့မည်ဆိုလျှင် ဘိုးတံတွင် တပ်ဆင်ထားသော ဆံပင်မျှင်များကို တံတွေးစိုရွှဲအောင် ဆွတ်ပြီးမှ ထိုးရသည်။

ချင်းတွင်းရှမ်းတို့၏ ပလွေမှာလည်း လက်မခန့်ရှိသော ဝါးတံရှည်ကို အပေါက်ခုနစ်ပေါက် ဖောက်ကာ မြန်မာပလွေကဲ့သို့ပင် အခင်တပ်ထားသည်။ သို့ပေမင့်လည်း မှုတ်သည့်အခါ၌ မြန်မာပလွေမှုတ်သကဲ့သို့ မဟုတ်တော့ လေချေ။ ပလွေထိပ်ဝကို အဝတ်စအုပ်၍ မှုတ်ကြသည်။ သို့မှသာ အသံညင်းညင်း ထွက်ပေါ်လာသည်။ ပလွေမှုတ်သူ မည်မျှ မှုတ်အားသန်စေခါမူ အသံပြင်းပြ စွာ ပေါ်ထွက်မလာနိုင်တော့ပေ။

'တို့များ နန်ကျောက်ပြည်ကြီး စည်ကားခဲ့စဉ်က…'

ရှမ်းတေးဆရာ ဝဲလောင်းက တေး စ သည် ဆိုလျှင်ပင် တယော ဆရာရော၊ ပလွေဆရာပါ တေးသံကိုလိုက်၍ တီးမှုတ်ကြတော့သည်။

'ငါတို့ရဲ့ နန်ကျောက် မြို့တော်'

'ငါတို့ရဲ့ ကောသမ္ဗီ မြို့တော်'

'ငါတို့ရဲ့ ဝေသာလီ မြို့တော်'

'ငါတို့ရဲ့ ဦးဆောင် အရှင် ခွန်လို့ဖိုင်း'

'ငါတို့ရဲ့ သောင်သွတ်မြို့တော်'

'ငါတို့ရဲ့ ကလေးမြို့တော်'

တေးသီသူသည် ရှမ်းလူမျိုးစုတို့၏ သမိုင်းကို စတင်သီဆိုသဖြင့် တယော ဆရာနှင့် ပလွေဆရာတို့ကလည်း လိုက်၍ တီးမှုတ်ကြသည်။

ထိုကဲ့သို့ ဆိုနေ၊ တီးနေကြစဉ်တွင် ရှမ်းသူကြီး ဦးအိုက်မွန်သည် ပရိုဝီ ၏ ဖခင်နှင့်တကွ တန်ကွန်နာဂ အကြီးအကဲများကို အဓိပ္ပာယ် ပြန်ပြောပြ နေသည်။

တီးဝိုင်း သီချင်းတစ်ပုဒ် ပြီးဆုံးသွားသောအခါ ပရိုဝီ၏ ဖခင်က ဦးအိုက်မွန် ကို စကားကတိတစ်ခု တောင်းလေတော့သည်။

'ငါတို့ ရွာသွားပြန်တည်ပြီးတဲ့အခါ ဆားဝယ်၊ သံဝယ်၊ ချည်ဝယ်၊ ပုတီးဝယ် ဆင်းဖို့ရာ မင်းရွာပဲ တို့ဆိပ်ခံရွာ၊ ဆွေမျိုးရွာအဖြစ် သတ်မှတ်မယ် ဦးအိုက်မွန်။ ခင်ဗျားကော ကျုပ်တို့ရွာကို ဆွေမျိုးရွာလို့ သဘောထားနိုင်မလား'

'သဘောထားနိုင်ပါတယ်ကွာ၊ မင်းတို့ လူမျိုးစုကိုတောင်မှ တို့ရွာနယ် ထဲ နေခွင့်ပြုခဲ့သေးတာပဲ'

ဦးအိုက်မွန်သည် ပရိုဝီ၏ ဖခင်ကို လှိုက်လှိုက်လှဲလှဲပင် ပြောလိုက် သည်။

'ကျုပ်တို့ရွာကိုဖျက်လိုက်တဲ့ တောင်ပေါ်နာဂတွေရဲ့ စစ်ရေးသတင်းကြားရရင် ကျွန်တော်တို့ အကြောင်းကြားပါမယ်။ သူတို့ကိုတော့ သတိထားမှဗျ။ ကျုပ်တို့ နန့်မောင်ခန်းရွာ ပျက်ရတာလဲ သူတို့ကြောင့်ပဲ'

ပရိုဝီ၏ဖခင်က ဦးအိုက်မွန်ကို ရင်းနှီးသော ညီအစ်ကိုလို စိုးရိမ်သည့်နှယ် ပြောလိုက်သည်။

ဟုတ်လည်း ဟုတ်သည်။ နောက်ထပ် မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်လာကြသော နာဂများသည် ချင်းတွင်းမြစ်ဝှမ်းရှိ ရှမ်းတို့၏ကျေးရွာများကို ဝင်ရောက်တိုက်ခိုက် ခေါင်းဖြတ်ယူခြင်း၊ မွေးမြူထားသော ကျွဲအုပ်၊ နွားအုပ်များကို မ ယူသွားတတ်ခြင်းများ မကြာမကြာ ပြုလုပ်ကြလေသည်။

တောင်ပေါ်နာဂတို့ လာရောက်တိုက်ခိုက်နိုင်သော ရှမ်းကျေးရွာကို ပြပါဆိုလျှင် ဦးအိုက်မွန်၏ ဖာဖုတ်ကျေးရွာကို ပြရပေမည်။ ဦးအိုက်မွန်၏ ဖာဖုတ်ရွာကို တောင်ပေါ်နာဂများ လာရောက် မတိုက်ခိုက်ဝံ့သည်မှာလည်း အကြောင်းရှိသည်။

ဦးအိုက်မွန် သူကြီးအရာကို ဆက်ခံစနှစ်က ဖြစ်သည်။ တောင်ပေါ်နာဂများသည် ဦးအိုက်မွန်ကို သွေးတိုးစမ်းသည့်အနေနှင့် သူတို့စစ်ရေးကျွမ်းကျင်ပုံကို လာရောက် က ပြ ကြသည်။

ကြာတော့လည်း ဦးအိုက်မွန်က စိတ်မရှည်တော့သဖြင့် သူတို့၏ခေါင်းဆောင်ကို ခေါ်လိုက်သည်။

'ကိုင်း မင်းရဲ့ ဓားဦးကားကြီးကို ဓားရိုးကို ကြိုးချည်ပြီး ဟို ဆီးပင်မှာ သွားဆွဲထားစမ်း'

တောင်ပေါ်နာဂတို့ စစ်ရေးဦးဆောင်သူကလည်း ဦးအိုက်မွန် ဘာလုပ်မည်ကို မသိ။ ယောင်ချာချာနှင့် ဦးအိုက်မွန် ခိုင်းသလို လုပ်လိုက်သည်။

ထိုစဉ် ဦးအိုက်မွန်သည် သူ၏ သုံးချွေစွပ် သေနတ်ကြီးနှင့် သူကိုယ်တိုင်ပန်းပဲဖိုတွင် လုံးထားသော သံကျည်ဆန်လုံးကြီးဖြင့် တစ်မိုက်ခန့် ရှိသော ယမ်းမှုန့်၊ လက်လေးလုံးခန့်ရှိ ကာဖတ်တို့နှင့် သိပ်ကာ ဆီးပင်တွင် ဆွဲထားသော ဓားကြီးကို သေချာစွာ ချိန်ရွယ်ကာ ပစ်ထည့်လိုက်လေသည်။

ဦးအိုက်မွန်၏ သုံးချွေစွပ် တူမီးသေနတ်မှ ထွက်သွားသော သံကျည်ဆန်လုံးသည် ဆီးပင်တွင် ချိတ်ဆွဲထားသော ထိပ်ကား တစ်ထွာခန့်မျှရှိသည့် ဓားဦးကားကြီးကို ထိမှန် ပေါက်ထွက်သွားလေသည်။

စစ်ရေးပြ တောင်ပေါ်နာဂတို့မှာ ဦးအိုက်မွန်၏ တူမီးလက်ချက်နှင့် ပေါက်ထွက်သွားသော သူတို့၏ ဓားဦးကားကြီးကို ယူကာ၊ သူတို့နှင့်မျိုးတူ တောင်ပေါ်နာဂများကို လိုက်လံပြသကာ ဦးအိုက်မွန်သည် လူမက နတ်တမျှ ဖြစ်ကြောင်း ပြောပြကြလေသည်။ ထိုမှစ၍ ဦးအိုက်မွန်၏ ဖာဖုတ်ရွာကို မည်သည့် တောင်ပေါ်နာဂကမျှ လာရောက် မတိုက်ဝံ့ကြတော့လေချေ။

တောင်ပေါ်နာဂ မုန်သမျှတို့သည် သူတို့ မသုံးမဖြစ်သော ပစ္စည်းများ ရရှိနိုင်ရေးအတွက် ဟူနောင်ဟင်နောင်လမ်းခေါ် နန့်မောင်ခန်း ကျေးရွာလမ်းမှ လည်းကောင်း၊ ဖာဖုတ်လမ်းမှ လည်းကောင်း၊ မန်ဖာလမ်းမှ လည်းကောင်း၊ ထမံသီလမ်းမှ လည်းကောင်း နီးစပ်ရာဆင်းကာ ရှာဖွေဝယ်ယူကြရသည်။

ယခု ဖာဖုတ်ရွာသည် တောင်ပေါ်နာဂတို့ အဆက်အဆံအများဆုံး ရွာဖြစ်သဖြင့် လည်းကောင်း၊ ဦးအိုက်မွန်၏ ကြက်ကန်း ဆန်အိုးတိုးဆိုဘိသို့ နာဂတို့ လက်သုံးတော် ဓားမဦးကားကြီးကို တူမီးသေနတ်နှင့် ပေါက်အောင် ပစ်ဖောက်နိုင်သည်ဟူသည့် သတင်းကြောင့် လည်းကောင်း တောင်ပေါ်နာဂ ကျေးရွာများမှ ဦးအိုက်မွန်ကို လက်ဆောင်ပေးပို့ မိတ်ဖွဲ့ကြလေသည်။

"ဒါကတော့ ငါတို့ မကြောက်ပါဘူးကွာ။ သူတို့ ငါ့ရွာကို တိုက်ချင်တဲ့ အချိန် လာတိုက်စမ်းပါစေ"

ပရိုဝီ၏ဖခင်နှင့် ဦးအိုက်မွန်တို့ စကားလက်ဆုံ ကျနေချိန်ဝယ် မောင်ညိမ် သည်လည်း ခေါင်းရည်တစ်ဘူးခန့် ကုန်နေပြီ ဖြစ်သည်။

ပရိုဝီတို့ ရွာပြောင်းအဖွဲ့ကို ဧည့်ခံသောအနေနှင့် ကိုမောင်ညွန့် ဦးဆောင် သော သိုင်းအဖွဲ့ကလည်း နာဂမယ်လေးများ ကပွဲ ခေတ္တရပ်နားချိန်တွင် သိုင်းအလှရိုက်၍ ကပြသဖြင့် နာဂများက ဟာခနဲ ဟယ်ခနဲဖြင့် တအံ့တသြ ကြည့်ရှုကြသည်။

ရှမ်းသိုင်းအဖွဲ့ အလှက သိုင်းရိုက်ပွဲပြီးသွားသောအခါ နာဂလုလင် ပျိုများက သူတို့၏ကာအကကို ကပြပြန်သည်။ နာဂတို့၏ ကာအက ဆိုသည် မှာလည်း စစ်ပညာတစ်ရပ်ဖြစ်သည်။ ဘယ်ဘက်လက်တွင် ကိုင်ထားသော သားရေချပ်ကာဖြင့် ရန်သူတို့၏ ဓား၊ လှံ၊ လေး၊ မြား အန္တရာယ်တို့ကို ကာကွယ် ပြီး ညာဘက်လက်တွင် ကိုင်ဆွဲထားသော လက်နက်ဖြင့် တစ်ဖက်ရန်သူကို ချေမှုန်းသော ပညာရပ်ဖြစ်သည်။

နာဂလုလင်ပျိုတို့ ကာ အက ပြီးသွားသောအခါ မိန်းကလေးနှင့် ယောကျ်ားလေးတို့ စုပေါင်းကကြသော ကပွဲ ပြန်စ ကြလေသည်။

'ကိုင်း မောင်ညိမ်၊ တို့များ သွားကကြဦးစို့'

နှစ်ယောက်သား တွတ်ထိုးနေကြရာမှ ပရှိဝီက မောင်ညိမ်ကို လှမ်း၍ ပြောလိုက်သည်။

'သွားတာပေါ့ ပရှိဝီရယ်၊ ဒါပေမဲ့ မင်းကို ငါ တစ်ချက်မွေးရဦးမယ်'

ပြောပြောဆိုဆိုနှင့် မောင်ညိမ်က ပရှိဝီ၏ လည်တိုင်ကို သူ့လက်ကြမ်းကြီးနှင့် ဆွဲဖက်လိုက်သည်။ ပရှိဝီကလည်း မောင်ညိမ် ဖက်သိုင်းလိုက်သော သူ့လည်တိုင်ကို အသာကိုင်းညွတ်ပေးပြီး လေသံတိုးလေးနှင့် ပြောလိုက်သည်။

'မွေးပါ မောင်ညိမ်ရယ်၊ နင့်စိတ်ကြိုက် မွေး။ ပြီးတော့နော် ငါတို့နဲ့ တစ်ညလုံး က ရမယ်၊ ကြားလား'

'အေးပါ၊ ငါ မပြန်ပါဘူး။ တစ်ညလုံး က မှာပါ'

မောင်ညိမ်နှင့် ပရှိဝီတို့သည် လက်ချင်းတွဲကာ ကပွဲဝိုင်းထဲသို့ ဝင်သွားပြီး လက်ချင်းဆက်တွဲကာ က ကြလေသည်။

''တို့ က ကြပါစို့'' ဟူသော သီချင်းသံသည် မိုးယံကို ညံသွားပြန်တော့သတည်း။

## အခန်း ၁၆

ပရှိဝီတို့ တန်ကွန်နာဂလူမျိုးစုများ ဖာဖုတ်ရွာကို ကျောခိုင်းပြီး မှိုင်းညို့သော နာဂတောင်တန်းကြီးပေါ် မျက်နှာမူကာ ပလိုင်းကိုယ်စီလွယ်၍ တက်သွားကြသော နံနက်ခင်းတွင် မောင်ညိမ်ခမျာ နေမထိ ထိုင်မထိနှင့် ဖြစ်နေသည်။

ပရှိဝီကလည်း သူတို့လူ အုပ်စုများ အိုးအိမ်စွန့်ခွာကာ ထွက်ခွာသွားကြ ပေမင့်လည်း သူက မသွားသေး။ ဟိုပစ္စည်း ကျန်သလို၊ သည်ပစ္စည်း ကျန်သလိုနှင့် နောက်ချန်ကျန်ရစ်သည်။ အမှန်ဆိုရလျှင်မူ မောင်ညိမ် လာနိုးနိုးနှင့် စောင့်နေခြင်း ဖြစ်သည်။

နေမထိ ထိုင်မထိ ဖြစ်နေသော မောင်ညိမ်သည် ပရှိဝီ့ အိမ်သို့ သုတ်ခြေတင်သွားသည်။

'ပရှိဝီ'

'မောင်ညိမ်'

တစ်ယောက်နှင့် တစ်ယောက် တွေ့လိုက်သည်နှင့် တစ်ပြိုင်နက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ မျက်ရည်ပေါက်များ ကျလာကြသည်။

'တို့ရွာသားတွေ သွားကြပြီ မောင်ညိမ်။ ငါ နင့်ကို တမင်စောင့်ရင်း ချန်နေတာ။ မင်း ဖျောက်ဆိပ်ပင်ရင်း ရောက်အောင် လိုက်ပို့မယ် မဟုတ်လား ဟင်'

ပရှိဝီသည် အက်ကွဲသံကြီးနှင့် မောင်ညိမ်ကို မေးလိုက်သည်။

'လိုက်ပို့မှာပေါ့ ပရိုဝီရယ်၊ လိုက်ပို့ပါ့မယ်'

မောင်ညိမ်နှင့် ပရိုဝီသည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာ ရှိုက်ကြီးတငင် ငိုကြပြန်သည်။ ဟိုစဉ်ကလို တစ်ယောက်နှင့် တစ်ယောက် လည်ချင်းယှက်ရန်လည်း သတိမရကြတော့။ နှစ်ယောက်လုံး၏ နှလုံးသား တွင် ငါတို့ တကယ် ကွဲကွာကြပြီ ဟူသော အသိက လွှမ်းမိုးနေသည်။

'နင်တို့ ရွာသားတွေနဲ့ ခရီးသိပ်ပြီး အဆက်ပြတ်သွားမယ် ပရိုဝီရယ်၊ သွားကြပါစို့လား'

မောင်ညိမ် သတိပေးတော့ ပရိုဝီက သူ့ပလိုင်းကို လွယ်ကာ ရှေ့မှ ထွက်လာသည်။ မောင်ညိမ်ကလည်း ပရိုဝီ့နောက်သို့ ထက်ကြပ်မကွာ လိုက် လာသည်။

ဖျောက်ဆိပ်ပင်အောက်သို့ ရောက်သောအခါ ပရိုဝီက သူ့ပလိုင်း ကို ချပြီး မောင်ညိမ်၏ မျက်နှာကို မဝနိုင်၊ မအီနိုင် ကြည့်နေသည်။

'ပရိုဝီ'

'မောင်ညိမ်၊ နင် ဘာပြောဦးမလဲ ဟင်'

'ဘာမှတော့ထူးပြီး မပြောချင်ပါဘူး ပရိုဝီရယ်။ ငါလေ မကြာခင် အစ်မနဲ့ မောင်ညွန့်ကို လက်ထပ်ခိုင်းမယ်။ ပြီးတော့ ငါတို့ရွာက လူငယ် လူရွယ်တွေစုပြီး မင်းတို့ ပျက်လာတဲ့ နန့်မောင်ခန်းရွာကို ပြန်ထူထောင်မယ်။ ပြီးတော့ ငါ့တစ်သက်မှာ ဘယ်အိမ်ထောင်မှ မပြုဘူး၊ ဘယ်ချစ်သူမှ မရှာတော့ ဘူး။ ငါရဲ့ အချစ်မေတ္တာဟာ မင်းဆီ အကုန် ပုံပေးလိုက်ပြီ။ ငါ့ဆီ ဘာတစ်ခုမှ မကျန်တော့ဘူး။ ငါ့ဆီကျန်တာ တစ်ခုပဲ ရှိတယ်။ အဲဒါဘာလဲ သိလား'

မောင်ညိမ်က အသံတုန်နှင့် ပရိုဝီကို မေးလိုက်သည်။

'နင့်ဆီ ဘာကျန်လို့လဲ မောင်ညိမ်'

ပရိုဝီက နားမလည်နိုင်သော မောင်ညိမ်၏ စကားကို ကြောင်တက် တက်နှင့် ပြန်မေးလိုက်သည်။

'ငါ့ဆီ ကျန်တာက မင်းတို့ ပျက်လာတဲ့ နန့်မောင်ခန်းရွာကို ရွာ ဖြစ်အောင် ပြန်ထူထောင်မယ်ဆိုတဲ့ ကတိပဲပေါ့'

'ငါလဲလေ နင့်ဆီ တစ်နှစ် တစ်ကြိမ် လာတွေ့မယ်။ ပြီးတော့ တစ်သက် လုံးလဲ ငါ လင်မယူဘူးဆိုတာ ဟောဒီ ဖျောက်ဆိပ်ပင်ကြီးကို သက်သေ တည်ပြီး ငါ ကတိထားပါတယ်ကွယ်'

ပရိုဝီသည် ပြောရင်း ပြောရင်း မျက်ရည်မဆည်နိုင်တော့သဖြင့် တရှုံ့မှုံ့မှုံ့နှင့် ငိုလေသည်။

'ကိုင်း ပရိုဝီ၊ နင်တို့လူသိုက်တွေနဲ့ သိပ်ပြီး အဆက်ပြတ်သွားရင် မကောင်းတော့ဘူး။ နင် လိုက်သွားဖို့တော့ သင့်ပြီ'

မောင်ညိမ်သည် ချစ်သူကို စိုးရိမ်မကင်းသံနှင့် ပြောလိုက်သည်။

'နင် ငါ့ကို နင်တာလား မောင်ညိမ်'

'မနှင်ပါဘူး ပရိုဝီရယ်၊ မင်းကို တကယ့်စေတနာနဲ့ ပြောတာပါ'

သည်တော့မှလည်း ပရိုဝီသည် ချထားသော သူ့ပလိုင်းကို လွယ်ကာ မောင်ညိမ့်မျက်နှာကို စေ့စေ့ကြည့်ပြီး ပြောလိုက်ပြန်သည်။

'မောင်ညိမ်၊ ငါလဲ တစ်နှစ်တစ်ခါလောက် ဆင်းလာခဲ့မယ်နော်။ နင် နန့်မောင်ခန်းရွာ သွားတည်ထောင်ပြီးရင်ပေါ့လေ။ ငါ နင်နဲ့ လာတွေ့မယ်။ ငါ နင့်ရင်ခွင်ထဲ လာသေမယ်ဟယ်။ ဒါပဲ၊ ငါ သွားတော့မယ်နော်''

ပရိုဝီက ချစ်သူမောင်ညိမ်ကို လက်ဝှေ့ယမ်းပြီး နှုတ်ဆက်ကာ သူတို့ လူမျိုးစု သွားရာ တောင်ပေါ်လမ်းသို့ လိုက်သွားလေသည်။

'သွားတော့ ပရိုဝီရေ ... သွားတော့'

မောင်ညိမ်သည် ပရိုဝီကို အော်ဟစ်ပြောကြားရင်း ပရိုဝီ၏ကိုယ်လုံး ကွယ်ပျောက်သွားသည်အထိ ဖျောက်ဆိပ်ပင်ရင်းအောက်၌ ရပ်၍နေလေသည်။

မောင်ညိမ်သည် ရွာသို့ ပြန်လာပြီးသည့်နောက် သူ့ဖခင်ဖြစ်သူ ဦးအိုက်မွန် အား ကိုမောင်ညွှန့်နှင့် မနန်းမူတို့ကို လက်ထပ်ပေးပါမည့်အကြောင်း ပြောင် တင်းတင်းပင် ပြောလိုက်သည်။

ဦးအိုက်မွန် အနေနှင့်လည်း ကိုမောင်ညွှန့်၏ လုပ်ရည်ကိုင်ရည်ကို သိပြီးသူလည်း ဖြစ်၊ သူ ကိုးကွယ်ခဲ့သော ဆရာတော်၏ မွေးစားသားလည်း ဖြစ်၊ သူ ဆရာတော်အား ကိုမောင်ညွှန့်ကို စောင့်ရှောက်ပေးပါမည် ဟူသော ကတိစကား ရှိခဲ့သည်လည်း ဖြစ်သဖြင့် မင်္ဂလာဆောင်၍ ပေးစားလိုက်လေသည်။

ကိုမောင်ညွှန့်နှင့် မနန်းမူတို့ လက်ထပ်ပွဲပြီးသည်နှင့် မကြာမီပင် မောင်ညိမ်သည် ဖာဖုတ်ရွာသားအချို့ကို ခေါင်းဆောင်ကာ နန့်မောင်ခန်းရွာကို သွားရောက် တည်ထောင်လေသည်။

ဦးလဆာ သေဆုံးခဲ့ရသော အိုက်ကိုလည်း ''လဆာအိုက်''ဟု အမည် ကင်ပွန်းတပ်လိုက်သဖြင့် ယခုထက်တိုင် လဆာအိုက်ဟူ၍ ခေါ်တွင်လေသည်။

ပရှိဝီကလည်း တစ်နှစ်တစ်ကြိမ်ဆိုသလိုပင် ဖာဖုတ်ရွာသို့ ဆင်းလာပြီး မနန်းမူမှတစ်ဆင့် နန့်မောင်ခန်းရွာသို့သွား၍ မောင်ညိမ်ကို သွားတွေ့သည်။

မောင်ညိမ်က လူပျိုကြီးဘဝနှင့် နေသလို ပရှိဝီကလည်း သူ့ဖခင်ကွယ်လွန်ပြီးသည့်တိုင် အပျိုကြီးဘဝနှင့် နေထိုင်ခဲ့သည်။

သည်ကဲ့သို့ နေထိုင်ခဲ့ကြရာ ပရှိဝီ၏ အသက်အရွယ်သည် လည်းကောင်း၊ မောင်ညိမ်၏ အသက်အရွယ်သည် လည်းကောင်း ဇရာပိုင်းသို့ ကပ်လာသည့်တိုင် ဖြစ်သည်။

လယ်ယာသိမ်းပြီးစ ဆောင်းနှောင်းရာသီတွင် ဖြစ်သည်။ မောင်ညိမ်သည် သူ့စိတ်ထဲ ဂနာမငြိမ်နိုင်အောင် ဖြစ်နေသည်။

နန့်မောင်ခန်းရွာမှ ဖာဖုတ်ရွာ အစ်မရှိရာသို့ သွားချင်သောဆန္ဒက ချင်ခြင်းပြင်းပြလာသဖြင့် လက်လှော်လှေတစ်စင်းနှင့် ဖာဖုတ်ရွာသို့ ဆန်တက်သွားသည်။

ရွာသို့ ရောက်ရောက်ချင်းပင် တောင်ပေါ်မှ တောင်ဝှေးတစ်ချောင်းနှင့် ဆင်းလာကာ မနန်းမူအိမ်တွင် တည်းခိုနေသော ပရှိဝီကို တွေ့ရလေသည်။

ပရှိဝီသည် လည်းကောင်း၊ မောင်ညိမ်သည် လည်းကောင်း ဟိုစဉ်ကလို သန်သန်မာမာ မဟုတ်တော့။ ပါးရေများ တွဲကျနေသော အရွယ်သို့ ရောက်သွားကြပေပြီ။

သို့တစေ တစ်ဦးနှင့်တစ်ဦး ထားရှိကြသော မေတ္တာတရားကား လူသာအိုသွားကြပေမင့် ကိုယ်စီကိုယ်င ထားကြသော မေတ္တာတရားကား နုပျိုဆဲပင် ဖြစ်သည်။

'မောင်ညိမ်၊ ငါ နန့်မောင်ခန်းရွာကို လာမလို့ တောင်ပေါ်က ဆင်းအလာ မိုးမိလို့ ဖျားလာတယ်ဟယ်'

ပရှိဝီက မောင်ညိမ်ကို တွေ့တွေ့ချင်း ပြောလိုက်သည်။

'အေး… ငါလဲ ဘာပြုလို့လဲ မသိဘူး။ ဒီရွာကို လာချင်လိုက်တာ မနေနိုင် မထိုင်နိုင်ပဲ။ အဲဒါနဲ့ ထ လာခဲ့တာ'

မောင်ညိမ်သည် ပရှိဝီကို ပြောလိုက်ပြီး ပရှိဝီကို စေ့စေ့ကြည့်နေသည်။ ပရှိဝီသည် ဟိုစဉ်အခါကလို ပြည့်ပြည့်ဖြိုးဖြိုး တင်းတင်းရင်းရင်း မရှိတော့။ ပရှိဝီ၏ လက်မောင်းသားများသည်လည်း တွဲရရွဲ ကျနေချေပေပြီ။

'မောင်ညိမ်၊ တို့ ဖျောက်ဆိပ်ပင်အောက် သွားစကားပြောရအောင် လား ဟင်'

'သွားတာပေါ့ ပရှိဝိရယ်'

သူတို့နှစ်ဦး မနန်းမူ၏အိမ်မှ ထွက်ခွာသွားကြစဉ် မနန်းမူသည် သူတို့နှစ်ဦးကို ကြည့်ပြီး မျက်ရည်တွေတွေ ကျနေသည်။

ဖျောက်ဆိပ်ပင်အောက်သို့ ရောက်သောအခါ ပရှိဝိသည် မောင်ညိမ်၏ မျက်နှာကို စေ့စေ့ကြည့်နေသည်မှတစ်ပါး ဘာမျှ စကားမပြောတော့။

မနန်းကမူ မောင်ညိမ်နှင့် ပရှိဝိတို့ မျက်နှာချင်းဆိုင် စားရန် ညစာကို အားပါးတရ ချက်ပြုတ်နေသည်။

မနန်းမူ ချက်ပြုတ်ထားပေမင့်လည်း ပရှိဝိရော မောင်ညိမ်ပါ အိမ်ပြန် ရောက်မလာကြ။

မိုးလင်းလာသည်နှင့် တစ်ပြိုင်နက် ပရှိဝိနှင့် မောင်ညိမ်တို့ကို လိုက်ရှာရန် ရွာလုံးကျွတ် မောင်းထု လူစုပြီး လိုက်ရှာကြသည်။ ဦးအိုက်မွန် ကွယ်လွန်ပြီးနောက် ဖာဖုတ်ရွာသူကြီးအဖြစ် ကိုမောင်ညွန့်က ဆက်ခံသဖြင့်လည်း ပရှိဝိနှင့် မောင်ညိမ် ညက ပြန်မလာခြင်းကို ကိုမောင်ညွန့်က ဦးဆောင် လိုက်ရှာရသည်။

တွေ့မယ့်တွေ့တော့လည်း ဖျောက်ဆိပ်ပင်ရင်း၌ နှစ်ယောက်သား ဖက်ကာ အသက်ပျောက်နေကြသည်။

ပရှိဝိ၏အလောင်းနှင့် မောင်ညိမ်၏အလောင်းကို တွေ့လိုက်ရသော ကိုမောင်ညွန့်သည် အံကို တင်းတင်းစေ့၍ သူ့ရွာသူရွာသားများကို ပြောလိုက် သည်။

'သူတို့ဇာတ်လမ်း အစအဆုံး ငါသိတယ်ကွ။ ဒီအလောင်း နှစ်လောင်း စလုံးကို ဒီဖျောက်ဆိပ်ပင်အောက် မြှုပ်ထားပေးကွာ၊ သူတို့နှစ်ယောက်ရဲ့ အချစ်ဟာ ဘယ်သူနဲ့မှ မနှိုင်းသာပါဘူးကွာ၊ ငါ့ယောက်ဖမို့ ငါ ချီးကျူး ပြောတာ မဟုတ်ပါဘူး'

ကိုမောင်ညွန့်၏ အမိန့်အတိုင်းပင် ရွာသားများသည် ပရှိဝိ၏ အလောင်း နှင့် မောင်ညိမ်၏အလောင်းကို ဖျောက်ဆိပ်ပင်အောက်တွင် မြှုပ်နှံ လိုက်ကြ လေသည်။

ချစ်သူနှစ်ဦး သစ္စာပြု၍ ချစ်ကြိုက်ခဲ့ကြသော သည်ဖျောက်ဆိပ်ပင် အောက်ဝယ် မပေါင်းသင်းကြရသော ချစ်သူနှစ်ဦး၏ အလောင်းကို တစ်ကျင်း ထဲတွင် မြှုပ်နှံထားလိုက်လေသတည်း။ ။

နာဂတောင်တန်း မောင်ကြည်ဇင်
၁၃-၇-၇၀

ပုဂံခေတ် ပုသိမ်၊ ပင်းယနှင့် စစ်ကိုင်းခေတ် ပုသိမ်
ပထမနှင့် ဒုတိယ အင်းဝခေတ် ပုသိမ်
တောင်ငူနှင့် ဟံသာဝတီခေတ် ပုသိမ်
ကုန်းဘောင်ခေတ် ပုသိမ်၊ ဂျပန်ခေတ် ပုသိမ်
- တစ်ဖန် -
ရာမည တိုင်းနှင့် ရာမည တိုင်းသားများ
ပုသိမ် ၃၂ မြို့ ရှင်းတမ်း
ပုသိမ်မြို့ရှိ ဘုရားစေတီများ
ပုသိမ်နယ်မှ ထင်ရှားသော ရဟန်းတော်များနှင့် သမိုင်းဝင်ပုဂ္ဂိုလ်များ
ပုသိမ်ဆိပ်ကမ်းနှင့် ပုသိမ်စာနယ်ဇင်းများ
- ထို့ပြင် -
ပုသိမ်ခရိုင် အတွင်းရှိ
မြို့များ၏ သမိုင်းကိုပါ ပူးတွဲလျက်

**ဆရာမာယ**

ပြုစုသော

# ပုသိမ်ရာဇဝင်

[ဓာတ်ပုံပေါင်းများစွာဖြင့် ထူထူထဲထဲ စုံစုံညားညား]

မြန်မာမင်းများ လက်ထက်တော် ကာလက
ကျင့်ထုံးနှင့် လုပ်ထုံးလုပ်ရပ်များ
ရိုးရာဓလေ့နှင့် ယဉ်ကျေးမှုရေးရာများ
လွှတ်ရုံးတော်နှင့် အခွန်ကောက်ခံခြင်းများ
- စသည်တို့ကို -
သုတေသနပြုလျက် လိုတိုရှင်း ဖော်ထုတ်ပြထားသော

ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ)
၏

# မြန်မာမင်း လက်ထက်တော် စာတမ်းများ

[မူရင်း ၂၁ ပုဒ်တွင် အသစ်အပုဒ် ၂၀ ကျော် ဖြည့်စွက်၍]

---

- ကေ အက် (ဖ်) စီ ကြက်ကြော်၊ ငမန်းတောင်ဆွပ် စသော တိုင်းခြား အစားအစာများသည် အရသာ ရှိလှပါ၏။
- ဘုန်းကြီးကျောင်း ဟင်းပေါင်းချက်
ငါးပိရည်ချို ပူနွေးနွေးနှင့် ဒညင်းသီး ဆားရည်စိမ်
အိမ်ကြက် အရည်သောက်ချက်တို့ကလည်း
ဗမာ့ပါးစပ်တွင် ထမင်းမြိန်စေပါသည်။

တောင်သာမာဒင်
၏

# ပန်းခိုးမှု နှင့် ကျေးရွာ တရားရုံး စုံထောက်မှုခင်းများ

[ အညာကျေးလက်နောက်ခံ ဗမာဝတ္ထုတိုစစ်စစ်များ ]